


# လောကနှစ်ဆယ လူနှစ်ဆယ်

မောင်နေဝင်း

တတိယအကြိမ်

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၁၉၆၉၊ နိုဝင်ဘာ၊ နေရီရီ<br>ဒုတိယအကြိမ်၊ ၂၀၀၅၊ ဖေဖော်ဝါရီ၊ နေရီရီ။<br>တတိယအကြိမ်၊ ၂၀၁၇၊ ဇန်နဝါရီ၊ နေရီရီ။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ဒေါ်မြင့်မြင့်တင် (မြင့်သီရိပုံနှိပ်တိုက်)<br>၂၀၈၊ လမ်း (၃၀)၊ ရန်ကုန်။ |
| ပုံနှိပ်ခွင့်အမှတ် | ၀၀၂၆၅ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)<br>၂/ထ၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခွင့်အမှတ် | ၀၀၃၃၄ |
| မျက်နှာဖုံး ပန်းချီ | မောင်နိုး |
| မျက်နှာဖုံးနှင့်<br>အတွင်းဖလင် | **Sein Nagar** |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| တန်ဖိုး | ၂၇၀၀ |

၈၉၅.၈၃

မောင်နေဝင်း

လောကနှစ်ဆယ် လူနှစ်ဆယ်

နေရီရီစာအုပ်တိုက်၊ တတိယအကြိမ်၊ ၂၀၁၇

၂၁၈ စာ၊ ၁၃.၅ × ၂၀ စင်တီ။

လောကနှစ်ဆယ် လူနှစ်ဆယ်


# မာတိကာ


| | | |
|---|---|---|
| | စာရေးသူ အမှာ | |
| | ဒုတိယအကြိမ် ထုတ်ဝေသူ အမှာ | |
| | ကြာသော်လည်း မမေ့ပါ | |
| ၁။ | ဆင်းရဲခြင်းသည် တရားခံ | ၁ |
| ၂။ | မိုးမြေဆုံရာ | ၈ |
| ၃။ | တစ်လောကနှင့် နှစ်ဘဝ | ၁၉ |
| ၄။ | နှစ်လောကနှင့် နှစ်ဘဝ | ၃၀ |
| ၅။ | အရွယ်နုပေမဲ့ | ၄၀ |
| ၆။ | ဆရာ ပြည်တော်ပြန် | ၅၁ |
| ၇။ | နှင်းမှုန်တိုင်းလော မိုးရိုင်းလော | ၆၀ |
| ၈။ | ပါမောက္ခ ကြောဝဠာ | ၇၂ |
| ၉။ | ငါ့အမေနဲ့ ငါ့ပိုက်ဆံ | ၈၀ |
| ၁၀။ | အာရောဂျံ ပရမံ လာဘံ | ၉၃ |
| ၁၁။ | သစ်ရွက်လည်းဆွေး မြေလည်းဆွေးပေါ့ | ၁၀၁ |
| ၁၂။ | လူ့ရင်သွေးနှင့် ငွေရင်သွေး | ၁၁၀ |
| ၁၃။ | မန္တလေးက ဝိညာဉ် | ၁၂၁ |
| ၁၄။ | လာလော့မှတ်သုန် | ၁၂၉ |
| ၁၅။ | ခေတ်အဆက်ဆက် သော့ကိုင်ထားသူ | ၁၄၁ |
| ၁၆။ | သူ့ရဲကောင်းသုံးယောက် | ၁၅၂ |
| ၁၇။ | ကျွန်တော့် အမြိုက်တရား | ၁၆၂ |
| ၁၈။ | လောကကို အလှခြယ် | ၁၇၃ |
| ၁၉။ | ရျာပန တေးသံ | ၁၈၆ |
| ၂၀။ | ရွှေခဲ ငွေခဲ ပုလင်းကွဲ | ၁၉၅ |

# အမှာ

ယခုအခါတွင် လုပ်ငန်းသဘောအရပင် ထုတ်ဝေသူ နှစ်မျိုးနှစ်စားရှိလာပါသည်။ ပထမအမျိုးအစားမှာ ငွေကြေးကို အရင်းအနှီးပြုလုပ်ပြီး အကျိုးအမြတ်အတွက် လုပ်ဆောင်သော ထုတ်ဝေသူစစ်စစ်များဖြစ်ပြီး ဒုတိယအမျိုးအစားမှာ အကြောင်းအားလျော်စွာ ထုတ်ဝေရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်လာကြရသော စာရေးဆရာ ထုတ်ဝေသူများ ဖြစ်ပါသည်။

ပထမအမျိုးအစားအကြောင်းမှာ ရှင်းလင်းပြတ်သားပါသည်။ အထူးပြောဖွယ်ရာမရှိပါ။ ထုတ်ဝေမှုသည် သူတို့၏ အဓိကလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း ဖြစ်ပါသည်။ ငွေရင်းမြှုပ်နှံရပါသည်။ ထိုက်သင့်သော အမြတ်အစွန်းရှိနေမှသာလျှင် သူတို့လုပ်ငန်း လည်ပတ်နေမည်ဖြစ်ပါသည်။

ဒုတိယအမျိုးအစား ပြဿနာမှာ မရှင်းလင်းလှပါ။ စာရေးဆရာအလုပ်နှင့် ထုတ်ဝေသူအလုပ်သည် တခြားစီဖြစ်ပါသည်။ အခြေခံချင်း မတူညီပါ။ တွဲဖက်လုပ်ဆောင်၍ မရနိုင်ပါ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ယခုအခါ စာရေးဆရာ အများအပြားသည် ထုတ်ဝေရေးတစ်ပိုင်း ဖြစ်နေကြရသည်။ ဖားတစ်ပိုင်း ငါးတစ်ပိုင်းများဟု ပြောနိုင်ပါသည်။

သို့သော် စာရေးဆရာများ ထုတ်ဝေရေးလုပ်ခြင်းသည် အကျိုးအမြတ်ကို မျှော်ကိုး၍လည်း ဟုတ်မည်မထင်ပါ။ ထုတ်ဝေရေးလုပ်ငန်းကို ကျွမ်းကျင်တတ်မြောက်၍လည်း ဟုတ်မည်မထင်ပါ။ ထို့ပြင် ငွေပိုငွေလျှံ ငွေရင်းနှီးရှိ၍လားဟု ဆိုလျှင်လည်း မည်သည့်နည်းနှင့်မျှ မဟုတ်ပါ။

စာရေးဆရာများ မရှိမဲ့ရှိမဲ့ မလုပ်တတ်လုပ်တတ်နှင့် ထုတ်ဝေရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေကြရခြင်းသည် လက်ရှိထုတ်ဝေရေးပုံစံကို မကြိုက်မနှစ်သက်သောကြောင့်သာ ဖြစ်ပါလိမ့်မည်။ မိမိထုတ်ချင်သောစာအုပ်ကို မထုတ်ရသောအခါ၊ မိမိလုပ်ပိုင်ခွင့်အားအတွက် ရသင့်ရထိုက်သည်များကို မှန်မှန်ကန်ကန် မရသောအခါ အခြားအားကိုးရာလည်း မမြင်သေးသည့်အချိန်ဖြစ်၍ ကိုယ့်ဘာကိုယ် ထုတ်ဝေကြရခြင်းဖြစ်ပါလိမ့်မည်။ အကယ်၍သာ နိုင်ငံအစိုးရက ကြီးကြပ်လုပ်ဆောင်သော ပြည်သူ့ထုတ်ဝေရေးဌာနများ ရှိခဲ့လျှင် စာပေအဖွဲ့အစည်းက ကြီးကြပ်လုပ်ဆောင်သော စာရေးဆရာများ၏ သမဝါယမ ထုတ်ဝေရေးဌာနများရှိခဲ့လျှင် စာရေးဆရာများသည် ပုဂ္ဂလိက ထုတ်ဝေရေးလုပ်ငန်းတွင် မည်သည့်နည်းနှင့်မျှ ခေါင်းအခြောက်ခံနေကြမည် မဟုတ်ပါ။

နေရီရီသည် 'စာရေးဆရာထုတ်ဝေရေး' လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နေရီရီသည် အကျိုးအမြတ်ကို မျှော်ကိုး၍ လုပ်ငန်းတတ်ကျွမ်း၍ အရင်းအနှီးရှိ၍ မဟုတ်ဘဲ တစ်စုံတစ်ခုသော ကာလတွင် စာပေတာဝန်ကို မိမိတတ်နိုင်သည့်ဘက်မှ တတ်နိုင်သည့်အင်အားဖြင့် ကြိုးပမ်းထမ်းဆောင်ရန်အတွက် တည်ရှိနေခြင်း ဖြစ်ပါသည်။

မောင်နေဝင်း

(နေရီရီ)

# ဒုတိယအကြိမ် ထုတ်ဝေခြင်း၏အမှာ

ဆရာမောင်နေဝင်း ကွယ်လွန်ခဲ့သည်မှာ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၇ ရက်နေ့တွင် ၁၄ နှစ်တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

ဆရာသည် အသက်ရှင်နေစဉ်ကာလ တစ်လျှောက်လုံးနီးပါး စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်ဖြစ်ဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ပြီး ကဗျာ၊ ပင်ကိုရေး ဝတ္ထုတို ရှည်၊ ဘာသာပြန်ဝတ္ထု တို ရှည်၊ နိုင်ငံတကာရေးရာဆောင်းပါး၊ ပြည်တွင်းပြည်ပ ခရီးသွားဆောင်းပါး မြောက်မြားစွာကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းပေါင်းစုံတွင် အင်တိုက် အားတိုက် ဖြန့်ကြက်ရေးသားခဲ့ပါသည်။ ယခု ဆရာကွယ်လွန်ခြင်း (၁၄)နှစ် ပြည့် အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ထုတ်ဝေလိုက်သည့် 'လောက နှစ်ဆယ် လူနှစ်ဆယ်' ဝတ္ထုတိုပေါင်းချုပ်မှာ ၁၉၆၀ နှင့် ၆၀ ပြည့်လွန်နှစ်များဆီက မြဝတီ၊ ငွေတာရီ၊ မိုးဝေ မဂ္ဂဇင်းများတွင် ရေးသားခဲ့သည့် ဘဝသရုပ်ဖော်ဝတ္ထုတိုများအနက်မှ ဆရာကိုယ်တိုင်စိတ်ကြိုက် စုစည်းပြီး ယခုနာမည်ဖြင့်ပင် နေရီရီစာပေမှ ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

နေရီရီစာပေမှ ဤစာအုပ် ပထမအကြိမ်ထုတ်ဝေခဲ့စဉ်က စာရေးသူ ရေးသားခဲ့သည့်အမှာစာတွင် . . .

"နေရီရီသည် 'စာပေထုတ်ဝေရေး' လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နေရီရီသည် အကျိုးအမြတ်ကိုမျှော်ကိုး၍၊ လုပ်ငန်းတတ်ကျွမ်း၍၊ အရင်းအနှီးရှိ၍မဟုတ်ဘဲ တစ်စုံတစ်ခုသော ကာလတွင် စာပေတာဝန်ကို မိမိတတ်နိုင်သည့်ဘက်မှ တတ်နိုင်သည့်အင်အားဖြင့် ကြိုးပမ်းထမ်းဆောင်ရန်အတွက် တည်ရှိနေရခြင်း ဖြစ်ပါသည်" ဟု ပါရှိခဲ့ရာ ဆရာ၏ လမ်းညွှန်ပြသမှုအတိုင်း ကျန်ရစ်သူ နေရီရီမိသားစုကလည်း ဆရာအပါအဝင် စာရေးဆရာပေါင်းစုံ၏ စာကောင်းပေမွန်များကို စဉ်ဆက်မပြတ် ဆက်လက် ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း။

ယခုအခါတွင် လုပ်ငန်းသဘောအရပင် ထုတ်ဝေသူ နှစ်မျိုးနှစ်စား ရှိလာပါသည်။ ပထမအမျိုးအစားမှာ ငွေကြေးကို အရင်းအနှီးပြုလုပ်ပြီး၊ အကျိုးအမြတ်အတွက် လုပ်ဆောင်သော ထုတ်ဝေသူစစ်စစ်များဖြစ်ပြီး ဒုတိယအမျိုးအစားမှာ အကြောင်းအားလျော်စွာ ထုတ်ဝေရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်လာကြရသော စာရေးဆရာ၊ ထုတ်ဝေသူများ ဖြစ်ပါသည်။

ပထမအမျိုးအစားအကြောင်းသည် ရှင်းလင်းပြတ်သားပါသည်။ အထူးပြောဖွယ်ရာမရှိပါ။ ထုတ်ဝေမှုသည် သူတို့၏ အဓိကလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းဖြစ်ပါသည်။ ငွေရင်းမြှုပ်နှံရပါသည်။ ထိုက်သင့်သောအမြတ်အစွန်းရှိနေမှသာလျှင် သူတို့လုပ်ငန်း လည်ပတ်နေမည် ဖြစ်ပါသည်။

ဒုတိယအမျိုးအစားပြဿနာမှာ မရှင်းလင်းလှပါ။ စာရေးဆရာအလုပ်နှင့် ထုတ်ဝေသူအလုပ်သည် တခြားစီ ဖြစ်ပါသည်။ အခြေခံချင်း မတူညီပါ။ တွဲဖက်လုပ်ဆောင်၍ မရနိုင်ပါ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ယခုအခါ စာရေးဆရာအများအပြားသည် ထုတ်ဝေရေးတစ်ပိုင်း ဖြစ်နေကြရသည်။ ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်းများဟု ပြောနိုင်ပါသည်။

သို့သော် စာရေးဆရာများ ထုတ်ဝေရေးလုပ်ခြင်းသည် အကျိုးအမြတ်ကို မျှော်ကိုး၍လည်း ဟုတ်မည်မထင်ပါ။ ထုတ်ဝေရေးလုပ်ငန်းကို ကျွမ်းကျင်တတ်မြောက်၍လည်း ဟုတ်မည်မထင်ပါ။ ထို့ပြင် ငွေပိုငွေလျှံ ငွေရင်းငွေနှီး ရှိ၍လားဟုဆိုလျှင်လည်း မည်သည့်နည်းနှင့်မျှ မဟုတ်ပါ။

စာရေးဆရာများ မရှိမဲ့ရှိမဲ့ မလုပ်တတ်လုပ်တတ်နှင့် ထုတ်ဝေရေး လုပ်ငန်းတွင် ပါဝင်ပတ်သက်နေကြရခြင်းသည် လက်ရှိထုတ်ဝေရေးပုံစံကို

မကြိုက်မနှစ်သက်သောကြောင့်သာ ဖြစ်ပါလိမ့်မည်။ မိမိထုတ်ချင်သောစာအုပ်ကို မထုတ်ရသောအခါ၊ မိမိလုပ်အားအတွက် ရသင့်ရထိုက်သည်များကို မှန်မှန်ကန်ကန် မရသောအခါ အခြားအားကိုးရာလည်း မမြင်သေးသည့်အချိန် ဖြစ်၍ ကိုယ့်ဘာသာကိုယ် ထုတ်ဝေကြရခြင်း ဖြစ်ပါလိမ့်မည်။

နေရီရီသည် 'စာရေးဆရာထုတ်ဝေရေး' လုပ်ငန်းစခဲ့စဉ်က ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နေရီရီသည် အကျိုးအမြတ်ကိုမျှော်ကိုး၍ လုပ်ငန်းတတ်ကျွမ်း၍ အရင်းအနှီးရှိ၍မဟုတ်ဘဲ တစ်စုံတစ်ခုသောကာလတွင် စာပေတာဝန်ကို မိမိတတ်နိုင်သည့်ဘက်မှ တတ်နိုင်သည့်အင်အားဖြင့် ကြိုးပမ်းထမ်းဆောင်ရန်အတွက် တည်ရှိနေရခြင်းဖြစ်ပါသည်။

နေရီရီ

# ကြာသော်လည်း မမေ့ပါ

ဆရာမောင်နေဝင်း ကွယ်လွန်ခဲ့သည်မှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၇ ရက်နေ့တွင် ၂၇ နှစ် ပြည့်မည် ဖြစ်ပါသည်။

ဆရာသည် ဤ 'လောကနှစ်ဆယ် လူနှစ်ဆယ်' ဝတ္ထုတိုပေါင်းချုပ်ကို မြဝတီ၊ ငွေတာရီ၊ မိုးဝေ စသည့် မဂ္ဂဇင်းများတွင် ရေးသားခဲ့ပြီး အခြေခံ လူတန်းစားတို့၏ ဘဝသရုပ်ဖော်ဝတ္ထုတိုများကို မိမိစိတ်ကြိုက် ရွေးချယ် စုစည်းထားသော ပင်ကိုရေး အကြောင်းအရာများ ဖြစ်ပါသည်။

ဆရာသည် စာရေးဆရာ၊ သတင်းစာဆရာတစ်ဦး ဖြစ်သည့်အားလျော်စွာ အသက်ရှင်နေစဉ်ကာလ တစ်လျှောက်လုံး အခြေခံလူတန်းစားတို့ဘက်မှ အစဉ်အမြဲ ရပ်တည်ကာ သူ တတ်နိုင်သမျှ အကူအညီပေး လုပ်ဆောင်ခဲ့ခြင်းလည်း ရှိခဲ့ပါသည်။ သူ ရေးသားခဲ့သော 'မငွေရီဝတ္ထု'တွင်တကယ့်အဖြစ်အပျက် အစစ်အမှန် ဖော်ပြထားခြင်းက သာဓက တစ်ခုပင် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ယနေ့ စာပေလောကတွင် အခြေခံလူတန်းစားတို့၏ ဘဝသရုပ်ဖော်ဝတ္ထုများရေးသားရာ၌ **ချန်ရစ်မထားရမည့် စာရေးဆရာတစ်ယောက်** အဖြစ်လည်းကောင်း၊ နေရီရီစာပေ ထုတ်ရေးအနေဖြင့် ဆရာကွယ်လွန်ခြင်း ၂၇ နှစ် နှစ်ပတ်လည်အား အမှတ်တရ ရှိနေခြင်းအားဖြင့်လည်းကောင်း၊ ဤ'လောနှစ်ဆယ် လူနှစ်ဆယ်' ကို သတိရစွာ ဂုဏ်ပြုလျက် တတိယအကြိမ်အဖြစ် ပြန်လည် ထုတ်ဝေလိုက်ရခြင်းဖြစ်ပါကြောင်း . . .

ထုတ်ဝေသူ

# ဆင်းရဲခြင်းသည် တရားခံ

(၁)

'မိုးမခ'ဘက်ဆီသို့ ကိုလှဆောင်တစ်ယောက် ထွက်ခွာသွားသည်မှာ နှစ်လ နီးပါးမျှ ကြာခဲ့ပြီဖြစ်သည်။ ကိုလှဆောင်သည် မိုးမခဘက်တွင်ရှိသော အင်းလုပ် နေသည့် ဆွေမျိုးသားချင်းများထံ၌ သူရင်းငှား အလုပ်လုပ်ရန် ထွက်ခွာသွားခြင်း မျှသာ ဖြစ်ပေသည်။

လင်သားဖြစ်သော ကိုလှဆောင် မရှိစဉ်ကာလအတွင်း မအေးငြိမ်းသည် မိမိကိုယ် မိမိ အပြစ်တင်၍ မဆုံးနိုင်အောင်၊ ဝမ်းနည်း၍ မပြီးနိုင်အောင် ဖြစ်ခဲ့ရ လေသည်။ ရန်ကုန်ကဲ့သို့သော မြို့ကြီးပြကြီး၌ ကလေးသုံးယောက်၏တာဝန်ကို ထမ်းဆောင်ရင်း ကျန်ရစ်ခဲ့သည့် မအေးငြိမ်း၏ဘဝမှာ အေးခြင်း၊ ငြိမ်းချမ်းခြင်း မရှိသော ဘဝသာ ဖြစ်ပေသေည်။

အဘယ့်ကြောင့်ဆိုသော် မအေးငြိမ်းသည် ကလေးသုံးယောက်နှင့် သူ၏ တစ်ဝမ်းတခါးအတွက် ဖြစ်သလို ရှာကြံအသက်မွေးနေရခြင်းကြောင့် ဖြစ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကျော်လောက်က ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့ခိုလှုံလာစက စ၍ ကျူရာအလုပ်၊ ရရာအလုပ်ကို သိမ်းကျုံးလုပ်ကိုင်ခဲ့သည်သာဖြစ်ပေသည်။ သို့ရာတွင် သူတို့၏ဘဝမှာ ပိုလို့သာ ကြမ်းတမ်းခက်ထန်လာသည်။ ပိုလို့သာ အခက်အခဲတွေ ဝန်းရံလာသည်။

ယခုမူ ရန်ကုန်မြို့အစွန်ရှိ ငမိုးရိပ်ချောင်းကမ်းပါး၌ နေထိုင်၍မဖြစ်နိုင် တော့လောက်အောင် အခြေအနေ ကျပ်တည်းဆိုးဝါးလာသည်။ ထို့ကြောင့်လည်း

ကိုလှဆောင်သည် မိုးမခေါက်တွင် အတန်ငယ် ချောင်ချောင်လည်လည် ရှိနေသည်ဆိုသော သားချင်းများဆီသို့ အလုပ်အကိုင်ကလေးများ ရလိုရငြား ထွက်ခွာသွားခြင်း ဖြစ်လေသည်။

ကိုလှဆောင် ထွက်ခွာသွားသည်မှာ နှစ်လနီးပါး ကြာမြင့်လာသည့်အတွက် မအေးငြိမ်းနှင့် သားယောက်ျားကလေးသုံးယောက်တို့၏ နေရေး စားရေးမှာ ပိုလို့သာ ကျပ်တည်းလာတော့သည်။ သို့မို့ကြောင့်လည်း မအေးငြိမ်းသည် တစ်သက်နှင့်တစ်ကိုယ် မပြုဘူးသော အမှုကို ပြုမှုမိခဲ့၏။ ယခု အသက်အရွယ်ထိ မကြံစည်ဘူးသော အပြစ်ကို ကျူးလွန်မိခဲ့၏။ ယင်းသည်ကား မိန်းကလေးတစ်ဦး၏ နားဆွဲကို အတင်း အဓမ္မဖြုတ်မိခြင်းပေတည်း။

ညောင်တန်း သဘော်ဆိပ်၏ လူစည်ကားသော ကမ်းနဖူးတွင် ၈ နှစ်အရွယ် မရှိတရှိ မိန်းကလေးတစ်ဦး၏ နားဆွဲကလေးကို မအေးငြိမ်းက အဓမ္မဖြုတ်ယူဖို့ ကြိုးစားခဲ့သည်။ သို့ရာတွင် ဤအလုပ်မျိုး၊ ဤအသက်မွေးဝမ်းကျောင်းပညာမျိုး၌ ကျင့်သားမရှိသော မအေးငြိမ်းကို အနီးအပါးမှ လူများက လက်ပူးလက်ကြပ် ဝိုင်းအုံဖမ်းဆီး ရမိလိုက်ကြ၏။

အမှန်စင်စစ်အားဖြင့် ထမင်းနှင့် အစာရေစာကို တမ်းတနေကြပြီဖြစ်သော သားကလေးများနှင့် မိမိ၏ ဟာနေသော ဝမ်းဗိုက်တို့ကို ဖြည့်တင်းရန်အတွက် မအေးငြိမ်းသည် ကြံရာမရသည့်အဆုံး၌ ဤမကောင်းမှုကို ကျူးလွန်လိုက်ခြင်းမျှသာ ဖြစ်လေသည်။

သူသည် ရူးသွပ်နေသူတစ်ဦး မဟုတ်သည့်အတွက် မိမိ ဘာလုပ်မိသည်ကို ကောင်းစွာသဘောပေါက် နားလည်သော မိန်းမသားတစ်ဦးဖြစ်၏။ ရိုးသားသော အလုပ်ကို လုပ်ရသလောက် လူမွေးလူတောင် မပြောင်စေကာမူ ထာဝစဉ် မညည်းမညူ လုပ်လေ့ရှိသော လင်သားဖြစ်သူ ကိုလှဆောင်သာ သိသွားပါက အသည်းကွဲမတတ် ရင်ကွဲပက်လက် ဖြစ်လိမ့်မည်ဟုလည်း ခန့်မှန်းမိသူဖြစ်၏။ အသက်အရွယ်အားဖြင့် ၈ နှစ်မျှပင် မရှိသေးသော မိမိရင်သွေးနှင့် ရွယ်တူ တန်းတူလောက်ရှိသည့် မိန်းကလေးတစ်ဦးထံမှ သူပိုင်သည့် ပစ္စည်းဥစ္စာကို မတရားသောနည်းဖြင့် လုယက်ယူငင်ရန် ကြိုးပမ်းခြင်းမှာ တရားမဲ့လွန်းလှသည်။ ရှက်ကြောက်စရာ ကောင်းလွန်းလှသည်ဟု တွေးတတ်သော အသိကလေးတော့ ရှိပေသေးသည့် မအေးငြိမ်းလည်း



ဖြစ်၏။

ဤအလုပ်မျိုးမှာ တရားဥပဒေက တားမြစ်ထားသော အလုပ်မျိုးဖြစ်ကြောင်းကို ယေဘုယျသဘောအားဖြင့်လည်း သိပေ၏။ ထို့ထက်ပို၍ လက်ပူးလက်ကြပ် ဖမ်းဆီးရမိသည့် အခါမျိုး၌ အမျက်ဒေါသထွက်နေသူတို့၏ ဝိုင်းဝန်းရိုက်ပုတ်ခြင်းစသော တရားမဝင်သည့် အပြစ်ဒဏ်နှင့် ဘေးအန္တရာယ်များ ခံရနိုင်သည်ကိုပါ စဉ်းစားထားမိသူဖြစ်ပေ၏။ အချုပ်ဆိုရသော် ငယ်စဉ်တောင်ကျေးကလေးဘဝကစ၍ ကိုယ့်ဖူးကိုယ်ချွန် လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ကာ တစ်ဝမ်းတခါးအတွက် အသက်မွေးခဲ့သည့် မိမိ၏ဘဝကို မသန့်ရှင်းသော အသွင်သို့ ပြောင်းပစ်ရတော့မှာပါကလားဟုလည်း ဝမ်းပမ်းတစ်နဲ တွေးမိသူဖြစ်ချေသည်။

သို့သော် ထွေပြားများပြောင်လှသည့် အတွေးများ၊ သံသယနှင့် စိုးရိမ်မှုများ အကြားမှပင် မအေးငြိမ်းသည် ယင်းမကောင်းမှုကို ကျူးလွန်မိခဲ့သည်သာတည်း။

## (၂)

ရုံးခန်းမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တရားသူကြီးထိုင်မည့် ကုလားထိုင်နှင့် စားပွဲရှေ့မှနေ၍ အနီရောင်ဝိတ်ဖြင့် ကာထားလေရာ မှိုင်းသော ရုံးခန်း၏အရောင်နှင့် အနီရောင်တို့ ပေါင်းစပ်လျက် ရုံးခန်းမှာ ပို၍ ဟိတ်ဟန်ကြီးမားနေသလားဟု ထင်ရလေ၏။

ရုံးခန်း၏ တစ်ခုသော နံရံထောင့်၌ကား အရောင်အဆင်းဟူ၍ လုံးလုံးမရှိသည့် သစ်သားဘီရိုတစ်လုံးကို ချထားလေ၏။ ထိုဘေးတွင် ဖုန်မှုန့်များ ပေရေနေသည့် ဖိုင်တွဲအချို့ တင်ထားသော စင်ကလေးတစ်ခုကိုလည်း တွေ့ရသည်။ ဝက်ခြံကလေးအတွင်း၌ ချထားသော ခုံတန်းလျားအပြင် ရုံးခန်း၏နောက်ဘက် နံရံနား၌လည်း ခုံတန်းရှည်တစ်ခုကို ချထားပေရာ လာရောက်နားထောင်သူများနှင့် တရားခံများအတွက် ထိုင်စရာနေရာများပင် ဖြစ်ပေသည်။

တရားသူကြီးထိုင်ရာ စင်မြင့်ကလေး၏ ရှေ့တွင် ကပ်လျက်သား စားပွဲကြီးတစ်ခုနှင့် ကုလားထိုင် ၄ လုံးကို ချထားပေး၏။ ဤနေရာမှာ ဝတ်လုံတော်ရများနှင့် ရှေ့နေများအတွက် ဖြစ်သည်။ ကျွန်တော်သည် ထိုနေရာရှိ ကုလားထိုင်တစ်လုံးတွင်

ဝင်ထိုင်နေမိလိုက်ပါသည်။ မအေးငြိမ်း၏ ခင်ပွန်းသည် ကိုလှဆောင်မှာ သူ့ဇနီး၏ သတင်းကို ကြားရသည့်အတွက် 'မိုးမခ'ဘက်မှ ကမန်းကတန်း ပြန်လာခဲ့ပြီးနောက် ယခင်က သိဖူးကျွမ်းဖူးဖြစ်သော ကျွန်တော့်အား အကူအညီပေးပါရန် မေတ္တာရပ်ခံခဲ့လေ၏။

လွန်ခဲ့သော တစ်နှစ်ခန့်က ကိုလှဆောင်သည် သူ့မိတ်ဆွေတစ်ဦး၏ မြေမှုအတွက် ကျွန်တော့်အား လာရောက်ငှားရမ်းရာတွင် ပါဝင်ခဲ့ပြီး ထိုမြေမှုကို ကျွန်တော် လိုက်ပါဆောင်ရွက်သဖြင့် အနိုင်ရရှိခဲ့ဖူးပေ၏။ ထိုအချိန်ကစ၍ ကိုလှဆောင်က ကျွန်တော့်အား သိသလို၊ ကျွန်တော်ကလည်း ကိုလှဆောင်အား မှတ်မိနေခြင်း ဖြစ်ပေသည်။

ယခုတစ်ခေါက် ကိုလှဆောင်က ကျွန်တော့်အား လာရောက်၍ အကူအညီတောင်းခံရာတွင်မူ အလွန်တရာ ညှိုးနွမ်းချုံးကျနေသော သူ့အဖြစ်ကို ကျွန်တော် သတိထားမိပါသည်။ သူ၏မိန်းမဖြစ်သူ မအေးငြိမ်း ကျူးလွန်ခဲ့သောအမှုကို လုံးစေ့ပတ်စေ့ ၎င်းကပြောပြသည်။ လျှို့ဝှက်ထိန်ချန်ခြင်းဟူ၍ လုံးဝမရှိဘဲ "ကျွန်တော် ရှက်လည်း ရှက်ပါရဲ့ခင်ဗျာ"ဟု အစချီကာ ဖြစ်ပုံကို ပြောပြသွားလေ၏။

ယနေ့တော့ မအေးငြိမ်းအား ရုံးထုတ်လာကြပေပြီ။ သူတို့ လင်မယားနှစ်ယောက်သည် အနောက်ဘက်နံရံနားတွင် ကျနေသော ခုံတန်းလျားပေါ်၌ ညှိုးညှိုးငယ်ငယ်နှင့် ထိုင်နေကြပေ၏။ တရားလိုဖြစ်သူများနှင့် သက်ဆိုင်ရာ အမှုလိုက်ရဲအရာရှိပင် ရောက်ရှိလာလေပြီ။

တရားသူကြီး မရောက်လာမီ အချိန်ပိုင်းကလေး၌ ကျွန်တော်သည် မအေးငြိမ်းနှင့် ပတ်သသက်နေသော အမှုတစ်ခုလုံးကို ခြုံ၍စဉ်းစားနေမိပါသည်။ အမှန်စင်စစ်အားဖြင့် အမှုသွား အမှုလာကို လေ့လာရုံမျှဖြင့် မအေးငြိမ်းမှာ ဤပြစ်မှုမှ ပြေးမလွတ်အောင် ပေါ်လွင်ထင်ရှားလျက် ရှိနေပြီဟု ကျွန်တော် တွေးမိပါသည်။

ကလေးမကလေး၏ နားဆွဲကို ဖြုတ်ယူရန် ကြိုးပမ်းသည်မှာ မှန်ပေ၏။ ဘေးနားက လူများဝိုင်းဖမ်းကြသည်မှာလည်း မှန်ပေ၏။ ကာယကံရှင် ကလေးမကလေးနှင့် သက်သေများကလည်း မအေးငြိမ်းပါဟု အတပ် လူခွဲပြထားသည်သာမက မအေးငြိမ်းကိုယ်တိုင်က သက်ဆိုင်ရာ ရဲဌာနတွင် ဖြောင့်ချက်ပေးပြီးဖြစ်၏။



ဤသို့ဆိုလျှင် အမှုမှာ ရှင်းနေပေပြီ။ ကျွန်တော်ကဲ့သို့သော သာမန်ရှေ့နေ ရှေ့ရပ်တစ်ဦးကို ငှားရမ်းလောက်အောင် အရေးပါလှသော အမှုမဟုတ်စေကာမူ ကိုလှဆောင်သည် စိုးရိမ်သောကကြီးစွာဖြင့် ကျွန်တော့်အား အကူအညီတောင်းခံခဲ့သည့်အတွက် ရုံးသို့ လိုက်လာခဲ့ခြင်းမျှသာ ဖြစ်ပေရာ အမှုစစ်ပုံကို ထိုင်၍ကြည့်ရန်သာ ရှိပါတော့သည်။

အတွေးကောင်းနေဆိုက်မှာပင် တရားသူကြီးသည် စင်မြင့်ပေါ်သို့ တက်လာကာ ၎င်း၏ ကုလားထိုင်မြင့်ကြီး၌ ထိုင်ချလိုက်လေ၏။ သူ၏ ရုပ်လက္ခဏာမှာ နှုတ်ခမ်းထူထူ၊ အသားညိုညိုနှင့် အညာအရပ်မှလာသူ အညာသားကြီးတစ်ဦးနှင့် တူလှပေသည်။ တရားခံ၏အမည်ကိုခေါ်သော တရားသူကြီး၏အသံမှာ အခန်းအတွင်း ဟိန်းလျက်ရှိလေ၏။

"မအေးငြိမ်း. . .ဟုတ်လား"

"ဟုတ်. . .ဟုတ်ကဲ့"

မအေးငြိမ်း၏အသံမှာ ယဲ့ယဲ့မျှသာ ပေါ်ထွက်လာသည်။ နံဘေးမှ ဝိုင်းကြည့်နေသူများကိုသာမက တရားသူကြီးနှင့် ကျွန်တော့်အပြင် သက်ဆိုင်ရာ ရုံးအမှုထမ်းများကိုပါ ရှက်နေဟန် တူပေသည်။

ကိုလှဆောင်ကား ခုံတန်းလျားပေါ်၌ အသက်ကင်းမဲ့နေသူပမာ မလှုပ်မယှက် ထိုင်နေဆဲပင်တည်း။

"ဖအေနာမည် ဦးဘိုးခ၊ အမေ ဒေါ်ငွေဆင် ဟုတ်ရဲ့လား"

"ဟုတ်ကဲ့"

တရားသူကြီးသည် ထုံးစံအတိုင်း အမှုတွဲ၌ ဖော်ပြထားသော တရားခံ၏ အမည်နာမ မိဘအမည်နာမနှင့် နေရပ်လိပ်စာတို့ကို မှန်မမှန် စစ်ဆေးနေလေ၏။

"ကဲ. . . အဲဒီတော့ မအေးငြိမ်းက ကလေးမကလေးရဲ့ နားဆွဲကို အတင်းအဓမ္မ ဖြုတ်ဖို့ ကြံစည်တယ်လို့ ဆိုတယ်၊ တိုတိုပဲ၊ ဟုတ်ရင် ဟုတ်တယ်လို့သာပြော"

အမှန်စင်စစ်အားဖြင့် မအေးငြိမ်းအား တရားသူကြီးက စစ်မေးသည့်အခါ၌ အဘယ်ပုံ ဖြေကြားရမည်ကို ကျွန်တော်က ပြောပြပြီးဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ (၃၇၉) ကို မအေးငြိမ်း ကျူးလွန်မိပြီးဖြစ်သည်ဟု ကျွန်တော်ကိုယ်တိုင်ကလည်း

ယူဆလျက်ရှိသည့်အတွက် တရားသူကြီး၏ ထောက်ထားညှာတာမှုအပေါ်၌သာ မအေးငြိမ်း၏ ကံကြမ္မာတည်နေလေပြီဟုလည်း တွက်ဆထားခဲ့သည်။

မအေးငြိမ်းသည် တရားသူကြီး၏ အမေးများကို မဖြေသေးဘဲ ကျွန်တော်၏ မျက်နှာဆီသို့လည်းကောင်း၊ တရားသူကြီးဆီသို့လည်းကောင်း မျက်စိသူငယ်နှင့်သာ ကြည့်နေလေ၏။

"ဟုတ်ကဲ့"

တရားသူကြီးက မအေးငြိမ်း၏အဖြေကို ရပြီးနောက် ကျွန်တော့်အား တစ်ချက်မျှ လှမ်းကြည့်ကာ ကျူးလွန်သောပုဒ်မနှင့် အပြစ်ပေးပုဒ်မများကို ထုံးစံအတိုင်း လျှောက်ဖတ်နေလေသည်။

ထို့နောက် မောပန်းသွားဟန်နှင့် ဥပဒေစာအုပ်တွေကို ပိတ်ကာ ခေတ္တမျှ ငေးငိုင်နေပြန်သည်။ ကျွန်တော်ကား အမှုသည် မအေးငြိမ်းအတွက် တရားဝင်ငှားထားခြင်းခံရသော ကိုယ်စားလှယ်လွှဲ ခန့်အပ်ထားခြင်းခံရသော ရှေ့နေတစ်ဦး မဟုတ်ပါ။ ကိုလှဆောင်၏ တောင်းပန်မှုအရ သိကျွမ်းဖူးသူ တစ်ဦးတစ်ယောက် အားရှိစေရန် အတွက်နှင့် အကြံဉာဏ်ပေးနိုင်ရန် အတွက်လောက်သာ ဤရုံးပေါ်သို့ ပါလာသူတစ်ဦးဖြစ်သည့်အတိုင်း ထိုင်ကြည့်ကာသာ နေရပေသည်။

"သိပ်မိုက်တဲ့ သူငယ်မပဲ"ဟု တရားသူကြီးက ကြိမ်းမောင်းဆူပူလေသည်။ တရားသူကြီး၏ အသံမှာ တိတ်ဆိတ်နေသော အခန်းအပြင်ဘက်အထိ လျှံထွက်သွားလောက်အောင် 'ဟိန်း'သွားလေရာ မအေးငြိမ်းမှာ ရုက်လွန်း၍ထင်ပါသည်၊ မျက်နှာကို အောက်ငုံ့လျက် ညိုမှိုင်းသော ကြမ်းပြင်ကိုသာ စူးစိုက်၍ကြည့်နေလေ၏။

"တခြား မင်းလိုကလေးများတဲ့ မိန်းမတွေ အများကြီးပဲ၊ သူတို့ ဒီလိုပဲ လုပ်ကြသလား ဟင်"

မအေးငြိမ်းက ဘာမျှပြန်မပြောချေ။

"အဲဒါ မင်းယောကျ်ားနဲ့ အပေါင်းအသင်းမိတ်ဆွေတွေ မျက်နှာထောက်လို့ပါ ညှာညှာတာတာ အမိန့်ချမယ် ကြားလား။ နို့မို့ရင် မင်းကို အများကြီးနောင်ကြဉ်အောင် အပြစ်ပေးဖို့ကောင်းတယ်"

တရားသူကြီး၏အသံကြောင့် အပေါက်ဝဘက်တွင် လူများစုပြုံလာကြ



သည်။ သူတို့သည် ဝက်ခြံအတွင်းရောက်နေသော မအေးငြိမ်းအား ဖမ်းမိလာသည့် တိရစ္ဆာန်တစ်ကောင်ကို တွေ့ရသလို ဝိုင်းကြည့်နေကြလေ၏။

မအေးငြိမ်းကို ကျွန်တော် မသိမသာလှမ်းကြည့်မိသည်။ အသက်ရှုပုံမမှန်သဖြင့် ရင်မှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ နွမ်းကြေနေသော အဝတ်အစားများနှင့် မျက်နှာမှာ ပိုလို့သာ ဖျော့တော့ နွမ်းလျလာသည်ဟု ကျွန်တော် ထင်ပါသည်။

"တစ်ထောင်တန် အာမခံနှစ်ယောက်နဲ့ တစ်နှစ်အတွင်း ကောင်းစွာနေ"

တရားသူကြီး၏ စီရင်ချက်မှာ ဤမျှသာ ဖြစ်လေသည်။ မအေးငြိမ်းကား မလှုပ်မယှက် ရှိနေဆဲပင်တည်း။

ကျွန်တော်သည် တရားသူကြီး၏ စီရင်ချက်၊ အပြစ်ပေးချက်နှင့် ပတ်သက်၍ မည်သို့မျှ ပြောရန်ဆန္ဒမရှိ၊ ပြောပိုင်ခွင့်လည်း ကျွန်တော့်တွင်မရှိ၊ သင့်တင့်မျှတသော သက်ညှာမှုဖြင့် မအေးငြိမ်းအပေါ် အပြစ်ပေးခြင်း ဖြစ်သည်ဟုလည်း ယူဆပေသည်။ သို့ရာတွင် တရားခံအပေါ် သတ်မှတ်ချက်နှင့် ပတ်သက်၍ကား တရားသူကြီးနှင့် ကျွန်တော့် သဘောထားမှာ ကွဲလွဲခြားနားကြပေသည်။ တရားသူကြီးက မအေးငြိမ်းကို တရားခံဟုခေါ်ကာ အပြစ်ပေးလိုက်လေသည်။ တရားခံသည် မအေးငြိမ်း မဟုတ်၊ ဆင်းရဲခြင်း ပတ်ဝန်းကျင်သာ ဖြစ်သည်ဟု ကျွန်တော်က ယူဆပေသည်။

မအေးငြိမ်းသာ တရားခံလော၊ ဆင်းရဲခြင်းသာ တရားခံလောဟု မေးခွန်းပုစ္ဆာထုတ်ကာ အဖြေရှာနေခိုက် မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းနေသော မအေးငြိမ်းသည် အသက်ကင်းမဲ့နေသလို ဖြစ်နေသော သူ့ယောကျ်ား၏နံဘေးတွင် သံပတ်မကုန်သေးသည့် စက်ရုပ်ပမာ တိတ်ဆိတ်စွာ သွား၍ထိုင်ချလိုက်သည်ကိုသာ တွေ့မြင်နေရပေသတည်း။

ငွေတာရီ

မေလ၊ ၉၆

# မိုးမြေဆုံရာ

(၁)

အဝေးဆီမှ အော်မြည်နေသော ဥသြသံကို လေးလေးတွဲ့တွဲ့ ကြားရသည်မှာ သာတောင့်သာယာရှိလှသည်။ နွေဉတုသို့ ချဉ်းနင်းဝင်ရောက်နေပါပြီကောဟု ဥသြငှက်ကြွေးကြော်ဟန် တူ၏။ သို့တည်းမဟုတ် ရွက်ဟောင်းကြွေ၍ လေရူးမွှေ့သော သဘာဝကို တေးဖွဲ့သီဆိုဟန်လည်း တူပေသည်။

လောကကြီးတစ်ခုလုံးမှာ အပြည့်အဝ နိုးကြွခြင်းမရှိသေးစေကာမူ အညွန့်တစ်ယောက်မှာမူ နိုးနှင့်နေလေပြီ။

အိပ်ခန်းပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ အလင်းနှင့် အမှောင်လုနေသော ကာလမို့ မည်သည့်အရာကိုမျှ ပြတ်ပြတ်သားသား မမြင်နိုင်သေး။ ရှိရှိသမျှ အရာဝတ္ထုတိုင်းမှာ မသဲမကွဲ မပီမသနှင့် မူလအကောင်အထည်ကို အမှုန်းရောက်စေသည်။ သို့ရာတွင် အတန်ငယ် ဝေးသောနေရာဆီမှ မယ်ဇယ်ပင်ကြီးကိုမူ အညွန့် လှမ်းမြင်ရသည်။

''ဝါး''ဟု ပါးစပ်ကို လက်ဖဝါးတစ်ဖက်ဖြင့်ပိတ်ကာ သန်းဝေလိုက်ပြီးနောက် ပြတင်းဆီသို့ထလာသည်။ ဖြူလျော်လျော် နှင်းကြွင်းများအား ဝိုးတဝါးတွေ့ရသည်။ နှင်းကြွင်းကန့်လန့်ကာသည် နွေဦးနံနက်၏ မပီသသော မြင်ကွင်းများကို ပို၍ မှုန်ဝါးစေသည်တကား။

ပြတင်းတံခါးဝဆီသို့ ရောက်လာသောအခါ အဝေးဆီက အော်မြည်နေသည့် ဥသြသံကို ပို၍ကျယ်လောင်စွာ ကြားရသည်။ ဥသြသံကား လွမ်းဆွတ်



ဖွယ်ရာပင်တည်း။

အညွန့်သည် ရှည်လျားလေးလံသော သက်ပြင်းတစ်ချက် ချလိုက်၏။ ရင်တွင်းမှာရှိနေသည့် စိတ်ဝေဒနာတစ်ရပ်မှာ ဤသက်ပြင်းနှင့်အတူ ပြေးထွက်ပျောက်ကွယ်သွားပါစေဟုလည်း ဆုတောင်းမိလေ၏။

ကြည့်ရင်း ကြည့်ရင်းနှင့်ပင် အလင်းရောင်မှာ ပို၍တိုးဝင်လာသည်။ အရှေ့ဘက်ကောင်းကင်ဆီတွင် အနီရောင်မှာ ပျို့တက်လာသည်။ ပတ္တမြားသွေးများဖြာသွယ်စီးကျလာသည်။ ထိုအခိုက်မှာပင် မိုးနှင့်မြေဆုံရာ အရပ်ကိုဖြင့် အညွန့်မြင်ရလေပြီ။

မိုးနှင့်မြေဆုံသော အရပ်မှာ မိုးကုတ်စက်ဝိုင်းဟု အများက နားလည်ထားကြသည်။ ပဋိပက္ခမရှိသော သဘောတူညီချက်ဖြင့် မိုးကုတ်စက်ဝိုင်းဟုလည်း တညီတညွတ်တည်း ခေါ်ဝေါ်ကြသည်။ အများတကာက သိသလို အညွန့်ကလည်း သိပေသည်။ လူပေါင်းများစွာတို့အနက် အများစုမှာ ဤမိုးနှင့်မြေဆုံရာ ဒေသကို တပ်မက်သော အကြည့်ဖြင့် ကြည့်လျက် လှပသော အဖွဲ့အနွဲ့ဖြင့် ပြောတတ်ကြသည်။

သို့ရာတွင် အညွန့်တစ်ယောက်မှာမူ ဤမိုးနှင့်မြေဆုံရာ အရပ်ဆီသို့ မကြည့်ချင်၊ ဤဒေသကို မမြင်ချင်၊ အို. . . တွေးမှုပင် မတွေးချင်။

(၂)

''မင်းဟာ သိပ်ကို ဖွတ်တရွတ်နိုင်နေပဲ မောင်ဘုန်းနိုင်''

အညွန့်၏ မျက်နှာမှာ နီရဲနေသည်။ ဒေါသကြောင့် နီရဲသလား။ ရှက်သောကြောင့် နီရဲသလား။ မောင်ဘုန်းနိုင်က ဝေဖန်ခွဲခြားခြင်းမပြုမိ ဤသို့ ဝေဖန်ခွဲခြားရန် အတွက်လည်း သတိမရ။

''မင်းကိုယ် မင်း ဘာတွေပြောနေတယ်ဆိုတာ သေသေချာချာ ပြန်စဉ်းစားစမ်း။ မိန်းမတစ်ယောက်ကို ခင်ဗျား ကျွန်တော် ချစ်တယ်။ ယူမယ်ပြောတတ်ရုံလောက်နဲ့ မလုံလောက်ဘူးကွယ့်။ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ယူတာက လွယ်တယ်။ အရှည်ကို ဝေးဝေးလှမ်းမြင်ဖို့သာ ခက်တယ်။ မင်း ဒါကိုများ စဉ်းစားမိရဲ့လား ဟင်''

ယခုအချိန်အထိ မောင်ဘုန်းနိုင်က ဘာမှပြန်မပြောဘဲ ပြုံးစိစိလုပ်နေ၏။ အညွန့်က အလေးအနက် ဖြစ်နေသလောက် မောင်ဘုန်းနိုင်မှာ ပေါ့ပေါ့ဆဆ ဖြစ်နေ၏။

"အညွန့် ပြောတာတွေကိုများ နားထဲဝင်ရဲ့လားဟင် အနိုင်"ဟု ပြောပြောဆိုဆို ဒေါသကိုမထိန်းနိုင်၍လားမသိ။ မောင်ဘုန်းနိုင်၏ နားရွက်ကို ဆွဲလိမ်လိုက်မိသည်။

တော်တော်ကလေး အားနှင့် ဆွဲလိမ်လိုက်သည့်အတွက် မောင်ဘုန်းနိုင်၏ နားရွက်မှာ နီရဲလာသည့်တိုင်အောင် မတုန်မလှုပ် ဖြစ်နေပြန်သဖြင့် အညွန့်မှာ ငိုမဲ့မဲ့ကလေး ဖြစ်လာသည်။ အစာယ်မျှ ခေါင်းမာလှသော အမိုက်ကလေးဖြစ်ပါသနည်း။

"အနိုင်ရယ် မင်းကတော့ အမြဲနိုင်နေမှာပါပဲ"

အညွန့်ဆီမှ နောက်ဆုံး ဤစကားလုံးမျိုးသာ ထွက်ရစမြဲပေတည်း။

ညွန့်တစ်ယောက် တက္ကသိုလ်သို့ ရောက်ပြီးနောက် အတော်ကြီးကြာမှ မောင်ဘုန်းနိုင် ရောက်လာသည်။ အညွန့်နှင့် မောင်ဘုန်းနိုင်တို့မှာ မိဘဘိုးဘွား လက်ထက်ကစ၍ အိမ်နီးချင်းများအဖြစ် ခင်မင်ခဲ့သည့်အလျောက် သူတို့နှစ်ယောက်မှာလည်း မောင်နှမ အရင်းအချာပမာ ခင်မင်ခဲ့သည်။ ကျွမ်းဝင်ရင်းနှီးခဲ့သည်။ ဂျပန်ခေတ် စစ်ပြေးစဉ်ကာလလည်း အတူတူ၊ အင်္ဂလိပ် ပြန်ဝင်လာသဖြင့် ဝါးခယ်မမြို့ကလေးပေါ်သို့ ပြန်လည်ပြောင်းတက်လာသည့် အခါတွင်လည်း အတူတူ။

အညွန့်က သူ့ထက် ၅ နှစ်ငယ်သော မောင်ဘုန်းနိုင်ကို ညတိုင်ကျလျှင် စာသင်ပေးရသည်။ ကက်စဘီခေတ် နောက်ပိုင်း သပိတ်တွေ မှောက်၊ ဆန္ဒပြစသည့် လုပ်ငန်းများတွင် စိတ်ရောကိုယ်ပါ ဖြစ်နေတော့ မောင်ဘုန်းနိုင်အား ဆုံးမ ဖျောင်းဖျသည်။ စစ်အတွင်း ဖခင်ကြီးကွယ်လွန်ပြီးနောက် ပစ္စည်းဥစ္စာကလည်း လျော့ကျလာလျက် ယခင်ကထက် အနေအထိုင် နွမ်းပါးလာသော မောင်ဘုန်းနိုင်၏ မိခင်ကြီး ဒေါ်အုန်းရင်မှာ တစ်ဦးတည်းသော သားကလေးဖြစ်သည့်အတိုင်း ထွန်းထွန်းပေါက်ပေါက် ရှိစေချင်သော်လည်း မပြောရက် မဆိုရက်ပေ။ သို့မို့ကြောင့်လည်း အစစအရာရာ သွန်သင်ဆုံးမတတ်သော အညွန့်ကိုသာ အားကိုးအားထားဖြင့် သူ့အစား ဆုံးမခိုင်း၊ ပြောခိုင်း၊ သွန်သင်ခိုင်းခဲ့လေသည်။



"အားလုံး ဖြစ်နေတဲ့အရေးပါဗျ။ ကျွန်တော်တစ်ယောက်ထဲ ထလုပ်တာ မဟုတ်ပါဘူး"ဟု မောင်ဘုန်းနိုင်က အညွန့်ကို နှုတ်လုံ့ထိုးတတ်သည်။ မမညွန့်ဟု တစ်ခါတစ်ရံခေါ်သော်လည်း ငယ်ငယ်ကအတိုင်း အညွန့်ဟု နှုတ်ကျိုးနေသည်။

"အေး ဒါတော့ ဒါပေါ့။ ဒါပေမဲ့ မင်းက စာလေးဘာလေးကြိုးစားမှ ဒေါ်ဒေါ့မှာ ဝမ်းသာနိုင်မှာ မဟုတ်ဘူးလား"ဟု ပြောလျှင်. . .

"တိုင်းပြည်ကြီးတစ်ခုလုံး သူများကျွန်သဘောက်ဘဝက လွတ်အောင် တိုက်နေတဲ့အချိန် ကျွန်တော်တစ်ယောက်ထဲ ကြိုးစားလို့ ဘာအကြောင်းထူးမှာတုန်း အညွန့်ရ"ဟုလည်း ပြန်ခွပ်တတ်ပေရာ. . .

"အေးလေ အညွန့်က သတိပေးတာပါ"ဟုသာ ဖြေရလေတော့သည်။ သို့နှင့်ပင် မောင်ဘုန်းနိုင်အား အညွန့်က အလိုလိုက်ခဲ့ရသည်။

အညွန့် ဘီအေနောက်ဆုံးနှစ် တက်နေချိန်တွင် တက္ကသိုလ်သို့ မောင်ဘုန်းနိုင် ရောက်လာသောအခါ ပထမဦးစွာ ခံစားရသည့် သောကမှာ သူ့အတွက် ရင်လေးခြင်းပင်တည်း။

"အညွန့် ဘီအေအောင်ပြီး ဘာလုပ်မှာလဲ"ဟု သူက ခရီးရောက်မဆိုက် မေးခဲ့သည်။ အညွန့်ကတော့မှ တွေ့တွေ့ချင်း "ကျောင်းက ရေးပို့နေတဲ့ စာတွေ ရရဲ့လား။ အညွန့်ဆုံးမတာတွေကို ကျေနပ်ရဲ့လား"စသည်ဖြင့် မေးမည်။ ပြောမည်။ ဝါးခယ်မမြို့ကလေးအကြောင်း၊ မိဘတွေအကြောင်း၊ မြို့ခံမိတ်ဆွေတွေအကြောင်း ပြောကြမည်ဟု တွက်ဆထားမိသော်လည်း ယခုမူ တွေ့တွေ့ချင်းမေးသော သူ့မေးခွန်းအတွက် အဖြေရကျပ်နေလေ၏။

"အောင်မှ မအောင်သေးဘဲ။ အောင်ပြီးမှ စဉ်းစားမှာပေါ့"ဟု အညွန့်က မတင်မကျ ဖြေမိလေသည်။

"အောင်ပြီးလည်း ဘာမှ အလုပ်မရှိဘူး။ အစိုးရက ဘာအလုပ်မှ မပေးနိုင်ဘူး အညွန့်"

သူ့စကားကို ကြားရသောအခါ အံ့သြခြင်းမက အံ့သြမိသည်။ နိုင်ငံရေးစိတ်ဓာတ် ထက်သန်ပုံကို ဝါးခယ်မမှာ ကတည်းက သိခဲ့သည်။ သို့သော် လူချင်း မတွေ့တာကြာ၍ ယခုကဲ့သို့ လာတွေ့ရသည့်အခါ၌ပင်လျှင် မောင်ဘုန်းနိုင် ပြောသော စကားလေသံများမှာ တင်းမာသည်။ ကြွေ့ကြီးနေသည်ဟု အညွန့်ထင်လေသည်။

အညွန့် ထင်သည့်အတိုင်း သွေးထွက်အောင် မှန်နေလေသည်။ မောင်ဘုန်းနိုင်သည် ကျောင်းသား လှုပ်ရှားမှုများတိုင်း၌ ပါနေ၏။ မြို့တွင်းက နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ အစည်းအဝေးတို့မှာပင် မောင်ဘုန်းနိုင်ကို တွေ့ရ၏။ လူကို ကြည့်ရသည်မှာလည်း သပ်သပ်ရပ်ရပ်မရှိ။ ဖြစ်သလို နေထိုင်၍ သူ၏ ပတ်ဝန်းကျင်မှာ ပြောင်းလဲနေဟန်တူ၏။

''အညွန့် အသက် ၃၀ နီးနေပါပြီကွယ်။ မင်းထက် ပိုသိတာပေါ့။ မင်းအကြောင်းကိုလည်း သူများတွေထက် အညွန့် ပိုသိတာပေါ့။ မဟုတ်ဘူးလား။ မင်းကို တွေ့တိုင်း ဒေါ်ဒေါ့်မျက်နှာကို ပြန်မြင်မိတယ်။ ဒေါ်ဒေါ်ဟာ မင်းကို သားကလေးတစ်ယောက်ဆိုပြီး မျှော်လင့်ချက်တွေ ထားတယ်ဆိုတာ မေ့ဖို့မသင့်ဘူး။ နောက်ပြီး မင်းကို တက္ကသိုလ်ရောက်အောင် မုဆိုးမတန်မဲ့နဲ့ ပို့ထားရတဲ့ အခက်အခဲတွေ စဉ်းစားဖို့ကောင်းတယ်။ အညွန့်က စေတနာကောင်းနဲ့ ပြောတာပါ''

သည်လို ပြောလိုက်ပြန်တော့လည်း မောင်ဘုန်းနိုင်မှာ မျက်နှာအောက်ချလျက် အလေးအနက် ပြန်တွေးဟန်တူသည်။

''မေမေ့မှာ အရင်က အခြေအနေတွေ ဘာတစ်ခုမှ မရှိတော့ဘူး အညွန့်ရယ်။ ကြာတော့လည်း ပစ္စည်းတွေက ကုန်ပြီမဟုတ်လား။ ဒါကို ကျွန်တော် သိပါတယ်။ သိတယ် သိတယ်''

''မင်းသိတယ်ဆိုရင် ပြီးတာပဲ''ဟု အညွန့်က ဖျောင်းဖျရသည်။ သို့ကလို ဆိုပြန်တော့ မောင်ဘုန်းနိုင်ကို သနားရပြန်သည်။

သည်လိုနှင့်ပင် ကျောင်းမှာ မောင်ဘုန်းနိုင်နှင့် လာဆုံရသည်။ အညွန့်မှာ ကျောင်းဆောင်တွင် နေရာက ဝါးခယ်မတွင် မနေရဲသဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာကြသော မိဘများနှင့်အတူ စမ်းချောင်း၌ ပြောင်းနေသည်။

မောင်ဘုန်းနိုင်မှာ ဦးဒီးတော်သူ ဦးပဉ္စင်းသီတင်းသုံးရာ ပုစွန်တောင်ဘက်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နေရင်း မြို့ထဲမှ ကျောင်းတက်သည်။ နွမ်းပါးသော သူ့အခြေအနေကို သူ နေပုံ ထိုင်ပုံနှင့် ဝတ်စားဆင်ယင်မှုက ဖော်ပြလျက်ရှိသည်။ နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်သော တက်စလူငယ်မို့ တမင်အဝတ်နွမ်းတွေ ဝတ်သည်ဟု အညွန့်က စောစောပိုင်း၌ တွေးမိခဲ့သည်။ သို့ရာတွင် မေမေ့ဆီမှတစ်ဆင့် ကြားရသော သတင်းအရဆိုပါက မောင်ဘုန်းနိုင်၏မိခင်ကြီး ဒေါ်အုန်းရှင်မှာ



ကျပန်းဈေးသည်အဖြစ် သူ့တာဝန်နှင့် သားကလေးတာဝန်ကို ထမ်းနေရသည်ဆိုသောအခါ မရှိနွမ်းပါးခြင်းကြောင့်သာ ဤသို့ အဝတ်အစားများလည်း နွမ်းပါးလာခြင်းဖြစ်သည်ဟု ယုံကြည်လာတော့သည်။ အညွန့်ကသာ ဤသို့မှ၍ ဤသို့ စိတ်ထိခိုက်ရသော်လည်း မောင်ဘုန်းနိုင်မှာကား တစ်စုံတစ်ရာ မထူးခြားချေ။

ကျောင်းမှာ တစ်နှစ်နီးပါး အတူနေမိစဉ်အတွင်း အညွန့်သည် မောင်ဘုန်းနိုင်နှင့်အတူ အခါအားလျော်စွာ တိရစ္ဆာန်ရုံသို့လည်းကောင်း၊ ရွှေတိဂုံစေတီကြီးသို့လည်းကောင်း၊ အခြား အေးဆေးသာယာသော နေရာများဆီသို့လည်းကောင်း သွားသည်။ လည်ရင်း ပတ်ရင်း၊ စကားစမြည် ပြောဆိုဆွေးနွေးရင်း မောင်ဘုန်းနိုင်၏ စိတ်ကို ဖျောင်းဖျကြည့်သည်။ လူကလည်းငယ်၍ စိတ်ကလည်း တက်နေသော အရွယ်ပေမို့ သာယာညင်းပြောင်းစွာ ချော့မော့ခြင်းဖြင့်သာ ဆွဲဆောင်လို့ရမည်ဟု အညွန့် သဘောပေါက်လေသည်။

ဤသို့ ချော့မော့ဆွဲဆောင်ခြင်းဖြင့် မောင်ဘုန်းနိုင်တစ်ယောက် စိတ်ထားပြောင်းလဲကာ သူ၏ မျက်နှာငယ် မိခင်ကြီးအတွက် စာကလေး ပေကလေး ကြိုးစား သင်ကြားလျှင် အညွန့်၏ ရည်ရွယ်ချက် ပြည့်မြောက်ပေပြီ။

သို့မို့ကြောင့်လည်း အညွန့်သည် မသွားချင်ဘူးဟု တစ်ခါတစ်ရံ ငြင်းဆန်နေတတ်သော မောင်ဘုန်းနိုင်ကို အတင်းအကြပ် ခေါ်ကာသွားတတ်သည်။ တစ်ခါတစ်ရံဆိုလျှင်တော့ အင်းလျားကန်စောင်းမှ နေညိုစောင်းရိပ်သော၊ ကမ်းခြေတွင် ထိုင်ရင်း လှိုင်းကြက်ခွပ်ကလေးများ တွန့်ရရွန့်ထနေသော ရေပြင်ဆီသို့ ငေးစိုက်ကြည့်ကာ စကားစမြည် ပြောဆိုရတတ်လေသည်။

''အနိုင် မင်းမှာ တစ်ခုပဲ ချွတ်ယွင်းချက်ရှိတယ်။ မင်းဟာ သဘောကောင်းတယ်။ စိတ်နေစိတ်ထားလည်း ကောင်းတယ်။ ဒါပေမဲ့ အကြီးကျယ်ဆုံး ချွတ်ယွင်းချက် တစ်ခုတော့ရှိတယ်လို့ အညွန့်ထင်တယ်''

''ဘာများလဲ အညွန့်''

''မင်းဟာ ထူးထူးခြားခြား ကြီးကြီးမားမား ရည်ရွယ်ချက်မျိုး မထားဘူး။ အဲမ်ဘီရှင်း မဖြစ်ဖူး။ လူတစ်ယောက်အနေနဲ့ ကိုယ့်ဘဝ ရှေ့ရေးအတွက် ဘယ်လိုပဲဖြစ်ဖြစ် ရည်ရွယ်ချက် ကောင်းကောင်းတစ်ခုတော့ ထားဖို့လိုအပ်တယ် မဟုတ်လား။ အခုမင်းမှာ အဲဒါ မရှိဘူး''

သည်တစ်ကြိမ်တော့ အညွှန့်က ပိုင်ပိုင်နိုင်နိုင် ပြောလေသည်။

အင်းလျားရေပြင်မှာ မြသားပမာ စိမ်းလဲ့နေသော်လည်း ဝင်လုဆဲဆဲ နေရောင်ခြည်ကြောင့် အချို့နေရာများတွင် လှိုင်းကြက်ခွပ်များမှာ ပွန့်ဆီ သွေးရောင် လက်ဝင်းနေကြသည်။

ထိုအခါက တစ်စုံတစ်ရာကိုမျှ ပြန်လည်ပြောဆိုခြင်းမရှိတော့ဘဲ ရေပြင်ကိုသာ ကျွတ်ထွက်လုနီးပါး မျက်စိအစုံဖြင့် စူးစိုက်၍ ကြည့်နေခဲ့သော မောင်ဘုန်းနိုင်အတွက် အညွှန့်မှာ တအားတက်ခဲ့မိသည်။ နားဝင်သင့်သလောက် ဝင်ပြီဟုလည်း အားပါးတရ တွေးမိသည်။

သို့ရာတွင် အညွှန့်၏ အတွေးအခေါ်တွေမှာ သည်တစ်ချိန်၌လည်း တက်တက်စင်အောင် လွဲချေပြန်သည်။

အဘယ့်ကြောင့်ဆိုသော် မောင်ဘုန်းနိုင်ထံမှ အောက်ပါ စာတစ်စောင် ရောက်လာသောကြောင့်ပင်တည်း။

**အညွှန့်**

*ကျွန်တော့်ကို အညွှန့် သွင်သင်ဖျောင်းဖျနေတာတွေကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် ငယ်ငယ်လေးကတည်းက အညွှန့်ဟာ ဒီလိုပဲ အမြဲတမ်း ဆုံးမခဲ့တာပဲ မဟုတ်လား။*

*ကျွန်တော့်မှာ ဖျောက်ဖျက်လို့မရအောင် စွဲလမ်းနေတဲ့ စိတ်တစ်ခုရှိနေတယ်။ အဲဒါဟာ ပြောင်ပြောင်နဲ့ ဘွင်းဘွင်း ပြောရမယ်ဆိုရင်တော့ အညွှန့်ကို ချစ်တဲ့စိတ်ပဲ။*

*ဟုတ်တယ် အညွှန့်ရယ်။ ကျွန်တော် အညွှန့်ကို သိပ်ချစ်တာပဲ။ အညွှန့်အကြောင်းကို မစဉ်းစားဘဲ မနေနိုင်ဘူး။ မတွေးဘဲလည်း မနေနိုင်ဘူး။ အခုစာကို ရေးဖို့တောင် ကျွန်တော့်ဘာသာ ကျွန်တော် အကြိတ်အနယ် ဆုံးဖြတ်ခဲ့ရတယ်။*

*အမှန်ကို ကျွန်တော် ဝန်ခံပါရစေ။ အညွှန့်က ပြောတယ်။ ကျွန်တော့်မှာ ဘာမှ ကြီးကြီးမားမား ရည်ရွယ်ချက်မရှိဘူးတဲ့။ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ရှိတယ် အညွှန့်။ အဲဒီရည်ရွယ်ချက်ကို အခု ကျွန်တော် ရေးပြပြီ မဟုတ်လား။ အညွှန့်ကသာ ကျွန်တော့်ကို တကယ်တမ်းချစ်တယ်၊*



*သနားတယ်ဆိုရင် ကျွန်တော့်ဘဝမှာ တက်လမ်းတွေ အများကြီးရှိမယ်လို့ ထင်တယ်။*

*ဒီစာကိုဖတ်ပြီး အညွှန့်က ကျွန်တော့်ကို ဒေါသဖြစ်နေတယ်ဆိုရင် ကျွန်တော် အညွှန့်ကို နောက်ဘယ်တော့မှ အတွေ့မခံတော့ဘူးနော်. . .*

**အနိုင်**

အညွှန့်မှာ စာကို ဆုံးအောင် မနည်းကြိုးစားအားယူ၍ ဖတ်ရလေသည်။ ''ဖြစ်မှဖြစ်ရလေ''ဟုလည်း ငြီးတွားမိသည်။

မိမိစကားကို နားထောင်လေမလား။ စာကို ကြိုးစားသင်လေမလား ဟူသော စိတ်ကူးဖြင့် သူ့အား ခေါ်ရင်း ပြောရင်း ရင်းရင်းနှီးနှီး နေခဲ့သည်။ သူ့ဘဝအား ဖြောင့်တန်းသော လမ်းပေါ်သို့ ရောက်စေချင်သည့်စေတနာဖြင့် သို့ကလို ပြုပြင်ပေးခဲ့ခြင်းဖြစ်၏။

ယခုမူ ဤသတ္တဝါကလေးသည် မိမိကို ချစ်သည် ကြိုက်သည်ဟု ပြောရုံမျှ မကသေးဘဲ သို့ကလို ပြောသည့်အတွက် စိတ်ဆိုးသည်ဆိုလျှင် နောင်ဘယ်သော အခါမျှ အတွေ့မခံတော့ဟုပင် ခြိမ်းခြောက်လိုက်ပြန်သေးသည်။

ရှေ့တိုးလည်း တံပိုး။ နောက်ဆုတ်လည်း လှံတုတ် ဖြစ်နေခဲ့ရသည်။ မိမိ၏ စေတနာတွေ အရာမထင် ဖြစ်ရတော့မည်လော။ မိမိ၏ ကရုဏာတရားတွေ သဲထဲရေသွန်ပမာ ဖြစ်ရတော့မည်လော။

''အနိုင်ရယ် မဖြစ်နိုင်တာတွေကို မပြောကြပါစို့နဲ့လား။ ရှေ့မှာ တို့များဟာ တို့တက်လမ်းကို ဘယ်လိုရှာဖွေသွားကြမယ်ဆိုတာ မောင်လို နှမလို ခင်ခင်မင်မင် နဲ့သာ တိုင်ပင်သွားကြပါစို့လား''

''မဖြစ်နိုင်ဘူးဆိုတာက အညွှန့်ဘက်ကအမြင်ကိုး။ မဖြစ်နိုင်ဘူးဆိုတာဟာ ကျွန်တော့်ကို အထင်သေးလို့ ကျွန်တော့်အပေါ်မှာ အစွမ်းအစ မရှိဘူးထင်လို့ ပြောတာ''

''အို. . . ဒါတွေကို ဒီလောက်လွယ်လွယ် မပြောနဲ့။ အညွှန့် မင်းအပေါ်မှာ အထင်သေးလို့လည်း မဟုတ်ဘူး။ အထင်သေးစရာအကြောင်းလည်း မရှိဘူး။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ လူကြီးတွေကလည်း သဘောတူမှာ မဟုတ်ဘူး။ နောက်ပြီး မင်းနဲ့ အညွှန့်အကြားမှာ ဒီပြဿနာ မဝင်သင့်ဘူး''

"ဒါကတော့ အညွန့်ဘက်က အတွေးကိုး"ဟု သူက ထပ်ပြောပြန်သည်။ အတန်ကြာ ငေးငိုင်နေပြီးမှ. . .

"ကျွန်တော့်ကိုတော့ ရှုးရှုးမိုက်မိုက်ပဲ ပြောပြော အညွန့်ကို ကျွန်တော် ချစ်တာဟာ ချစ်တာပဲ။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်အပေါ်မှာ ချစ်ရတဲ့ ခံစားစိတ်ကို ပြောတာပဲ"

ထိုအခါ အညွန့်မှာ မျက်ရည်မကျမိစေရန် မနည်းချုပ်တည်းထားရ သည်။ မျက်နှာမှာလည်း နီရဲလာသည်။ ဒေါသကြောင့် နီရဲသလား။ ရှက်သောကြောင့် နီရဲသလား။ အညွန့်ဘာသာလည်း မသိ။

"မင်း ဘာတွေ ပြောနေတယ်ဆိုတာ ပြန်စဉ်းစားစမ်း။ မိန်းမတစ်ယောက်ကို ခင်ဗျားကို ကျွန်တော် ချစ်တယ်။ ယူမယ်လို့ ပြောတတ်ရုံနဲ့ မလုံလောက်ဘူးကွယ့်။ အရှည်ကို ဝေးဝေးလှမ်းမြင်ဖို့လိုတယ်"

အညွန့် နောက်ဆုံးပြောနိုင်သော စကားလုံးသာတည်း။

(၃)

ကျောင်းကထွက်သည်နှင့် တစ်ပြိုင်နက် အညွန့်သည် အစိုးရဌာနတစ်ခုမှ အရာရှိကလေးတစ်ဦး၏ အလုပ်တာဝန်ဖြင့် ရန်ကုန်တွင် တစ်လခွဲကျော်မျှသာ အမှုထမ်းပြီးနောက် နယ်သို့ပြောင်းရန် အမိန့်ကို လိုလိုလားလား လက်ခံခဲ့လေသည်။ နယ်သို့ ရောက်သွားသည့်အခါတွင် မောင်ဘုန်းနိုင်နှင့်လည်း ဝေးသွားမည်။ လူချင်းလည်း ခဏခဏ မတွေ့နိုင်တော့သည့်အတွက် အနေဝေးသွားကြမည်။ သို့ကလို အနေဝေးသွားခြင်းအားဖြင့် မောင်ဘုန်းနိုင်သည် မိမိအား တွေ့တော့မည်မဟုတ်ဟု စဉ်းစားမိခဲ့လေသည်။

အမှန်စင်စစ်အားဖြင့် အညွန့်မှာ မောင်ဘုန်နိုင်နှင့် ပတ်သက်သော အကြောင်းတွေကို စဉ်းစား၍လည်း မဖြစ်နိုင်တော့။

"ကျောင်းမှာပဲ ဆက်ရှိသေးရဲ့လား။ အလုပ်ထွက်လုပ်နေပလား။ ဟိုတုန်းကလိုပဲ ရှုးရှုးမိုက်မိုက်ပဲလား"

ဤအတွေးများ ဝန်းဝန်းလည်နေသောအကြားမှ အတိတ်တွင်ဝေး၍ ကျန်ရစ်ခဲ့သော မောင်ဘုန်းနိုင်အကြောင်းကို ကျိတ်၍သာ ပြန်လည်စဉ်းစားမိသည်။



အိပ်မက်ပမာ တရေးရေး ပြန်လည်မြင်ယောင်မိသည်။

သို့ကလို တသသ, ပြန်လည်တွေးတောရသော အလုပ်လောက်ကိုသာ အညွန့် လုပ်နိုင်တော့သည်။ ဤသို့ဖြစ်စေရန်တွက်လည်း ဘဝအခြေအနေများက အတားအဆီးများ ဖန်တီးလာခဲ့ကြသည် မဟုတ်ပါလော။

မောင်ဘုန်းနိုင်ထံမှ တစ်စုံတစ်ရာသော အကြောင်းကိုမျှ မကြားရချေ။ သူ ရှိသောအရပ်ကို သိသည်။ သူ ဘာလုပ်နေသည်ကိုလည်း သိသည်။ သူ့ထံသို့ စာရေးခြင်း၊ လာရောက်လည်ပတ်ခြင်းအားဖြင့်လည်း စိတ်ဆိုး၍ မဖြစ်နိုင်သည်ကို သိသည်။ သို့ပါလျက် မောင်ဘုန်းနိုင်ထံမှ စာလည်း ရေးဖော်မရ။ ဘာအကြောင်းမှလည်း မကြားရ။

တစ်နေ့ကမူ မေမေ ရန်ကုန်သို့ ခေတ္တသွားရာက ပြန်လာတော့မှ အညွန့်အတွက် ဝမ်းနည်းရမလား။ ဝမ်းသာရမလား ခွဲခြားမသိနိုင်သော သတင်းစကားကို ကြားရလေ၏။

"သမီးရေ. . . ငနိုင်လေးတစ်ယောက်တော့ မိန်းမ ရနေပတဲ့ဟဲ့"

မိမိနားနှစ်ဖက်ကို မယုံနိုင်ချေ။ မေမေ့စကားလုံးတွေကို အမှန်အတိုင်းမှ ကြားရပါလေစဟု တအံ့တသြ တွေးမိသည်။

"ဘယ်ကမိန်းမလည်း မေမေ၊ ရုပ်ချောသလား။ လိမ္မာရေးခြားရော ရှိရဲ့လား။ ဘယ်လိုမျိုးရိုးဇာတိထဲကလဲ။ အညွန့်ကိုရော မေးသေးသလား"ဟု ဆက်တိုက် မေးလိုက်ချင်လှသော်လည်း ဣန္ဒြေပျက်မည်စိုးသည့်အတွက် မေးလိုသော စိတ်ဆန္ဒများကို ပြန်လည်ထိန်းချုပ်ထားလိုက်ရသည်။

"မိန်းကလေးကြည့်ရတာ မေမေတော့ သိပ်အချိုးစားမတဲ့ပါဘူးကွယ်။ ဘယ်လိုဘယ်လို ယူလိုက်သလဲဆိုတာလည်း ဘယ်သူမှ မသိကြဘူး။ ပထမ မိန်းမ ရစကတော့ မအုန်းရှင်က သားနဲ့လာနေသေးတယ်တဲ့။ နောက် ချွေးမဒဏ် မခံနိုင်တာနဲ့ တောကိုပြန်နေရှာတယ်တဲ့။ အင်း. . . တော်တော်လည်း မိုက်တဲ့ ကာလ ကလေးတွေပါပဲ"

နောက်ထပ် မေမေ ဘာတွေ ဆက်ပြောသွားသည်ကို အညွန့် မကြားနိုင်တော့ချေ။

(၄)

နေ၏အလင်းရောင်မှာ တဖြည်းဖြည်း ပွင့်လာ၏။

ပွင့်လာသော နေ၏အလင်းရောင်ကြောင့် စောစောက မှုန်ဝါးနေသော ရှုခင်းများကို ပီပီသသ မြင်လာရသည်။ မိုးကုတ်စက်ဝိုင်းကား အလွန်ဝေးသော ဒေသဆီ၌ ခွေရစ်ငေးမောနေသယောင်ပင်တည်း။

အညွှန့်ခေါင်းမှာ နောက်ကျိုရီဝေလျက်ရှိသည်။ အနိုင်တစ်ယောက် ဤကဲ့သို့ ဖြစ်ရသည်မှာ မိမိကြောင့်လားဟု တွေးမိသည်။ မိမိမှာ အနိုင့်အား ပျက်စီး ဆုံးပါးစေလိုသော စေတနာ လုံးဝမရှိခဲ့သည်မှာ မှန်၏။ စေတနာအရင်းခံဖြင့် သူ့အား အနေအထိုင် ရင်းနှီးခဲ့ခြင်းသာဖြစ်၏။ ဤသို့ အနေအထိုင် ရင်းနှီးခဲ့ခြင်းအားဖြင့် မောင်ဘုန်းနိုင်သည် မိမိအပေါ်တွင် မေတ္တာသက်ဝင်ခဲ့သည်ထင်၏။ ဤအခါတွင် အကြောင်းအမျိုးမျိုးကြောင့် မဖြစ်နိုင်သော မိမိက ရှောင်ခဲ့၏။ ရှောင်ခဲ့သော အချက်သည်ပင်လျှင် ယခုကဲ့သို့ မောင်ဘုန်းနိုင်တစ်ယောက်အား ရေစုန်မျောအောင် ဖန်တီးပေးခဲ့သလို ဖြစ်နေခဲ့ပါပြီကောဟု တွေးမိသည်။ သို့သော် အညွှန့် အဘယ်သို့ တတ်နိုင်ပါမည်နည်း။

''အနိုင်ရယ် တကယ်ဆိုတော့ မင်းနဲ့ အညွှန့်ဟာ ဟောဟို မိုးကုတ်စက်ဝိုင်းလိုပါပဲကွယ်။ အဝေးကကြည့်တော့ တွေ့ထိနေသလိုပဲ။ တကယ်တမ်း အနားကို တိုးကြည့်လေ ဝေးလေ။ တိုးကြည့်လေ ပိုဝေးလေ။ အညွှန့်တို့ဘဝဟာ ဟိုတုန်းက မြှုန်းခနဲ ကြည့်တော့ နီးတယ်ထင်ကြရတာပဲ။ အခုတော့ ရှေ့တိုးကြည့်လေ ဝေးလေဆိုတဲ့ ဘဝမျိုးတွေ ဖြစ်နေပါပေါ့လားကွယ်''

အဝေးတွင် လှမ်းမြင်နေရသော မိုးနှင့်မြေဆုံရာ အရပ်ဆီသို့ ငေးမောရင်း ပင့်ကူမြွေးများပမာ အတွေးများဖြင့် ရစ်ပတ်ရှုပ်ထွေးလျက်ရှိသော အညွှန့်က တစ်သက်တာတွင် အလေးလံဆုံးသော သက်ပြင်းကိုသာ အားကိုးကြီးစွာ ချမိရှာလေသတည်း။

မြဝတီ
ဇူလိုင်၊ ၁၉၆၁

# တစ်လောကနှင့် နှစ်ဘဝ

(၁)

ယနေ့လောက် ကျွန်တော့်စိတ်တွေ ဂယောက်ဂယက်နိုင်လှသော နေ့ဟူ၍ မရှိသေးပါ။ ညက တစ်ညလုံး မိုးကလေးတစိမ့်စိမ့် ဖြစ်နေခဲ့သည်ကို ကျွန်တော် ကောင်းစွာ အမှတ်ရပါသည်။ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့သည့် အတွက် အမှတ်ရခြင်း ဖြစ်ပါသည်။

ညက မိုးရွာထားသဖြင့် ယနေ့မနက်ခင်းမှာ ခါတိုင်းမနက်ခင်းနှင့် မတူဘဲ အလွန်တရာ သာယာလျက်ရှိသည်။ အိမ်နံဘေးရှိ ခြံဝင်းအတွင်းမှ မြက်ပင်များမှာ ညကကျထားသော မိုးရေစက်များနှင့် နံနက်ခင်း မိုးနှင်းအကြားမှ ထိုးဖြိုးထွက်လျက် ရှိသော နေရောင်ကြောင့် စိမ်းလဲ့တောက်ပလျက် ရှိကြသည်။

ကျွန်တော်သည် ဝါးခနဲနေအောင် တစ်ချက်မျှ သမ်းဝေလိုက်ပြီးနောက် ပျင်းပျင်းရိရိနှင့်ပင် မျက်နှာသစ်ရန် နောက်ဖေးဘက်ဆီသို့ ထွက်လာခဲ့၏။ နောက်ဖေးဘက်ရှိ သရက်ပင် အုပ်အုပ်ကြီးဆီမှ နံနက်စောစော နိုးလာသော ငှက်သံအချို့ကို မသဲမကွဲ ကြားရသည်။ နေရောင်သည် အဖြူရောင် ဇာပဝါပါး ခြုံလွှမ်းထားသည့် မြေပြင်ပေါ်သို့ ကျိုးတိုးကျဲတဲနှင့် ထိုးဆင်းလျက်ရှိသည်ကိုလည်း တွေ့ရ၏။

ကမန်းကတန်း မျက်နှာသစ်နေစဉ် ကလေးငိုသံ ကြားရသည်။ ငိုသော ကလေးမှာ ကျွန်တော့်သားငယ်ဖြစ်ပါသည်။ ကျွန်တော်သည် ပျာပျာသလဲ မျက်နှာသစ်ကာ အိမ်အတွင်းခန်းဘက်သို့ ပြန်ဝင်လာလျက် မျက်နှာသုတ်ပြီးနောက် ငိုနေသောကလေးကို သူ့အမေရင်ခွင်မှယူ၍ ချီထားလိုက်ပါသည်။ ကျွန်တော့်မိန်းမ

မြရင်မှာ ကလေးငိုသည်ကို သိဟန်မတူဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲဖြစ်ပါသည်။ တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ် အိပ်ရေးပျက်ပေါင်း များလှပြီဖြစ်သည့်အတွက် မြရင်မှာ တမေ့တမော အိပ်နေဟန်တူပါသည်။ ထို့ကြောင့် မြရင်အား ကျွန်တော် မနှိုးရက်တော့ပါ။

အငိုတိတ်သွားသော သားကို ပွေ့ချီရင်း ခေါင်းရင်းပြတင်းပေါက်နားတွင် ရပ်လျက် အပြင်ဘက်သို့ ငေးကြည့်နေမိသည်။ သို့ကလို ငေးကြည့်ရင်း ကျွန်တော်နှင့် မြရင်တို့ အိမ်ထောင်ရေးကိုလည်းကောင်း၊ ကျွန်တော် အလုပ် လုပ်ကိုင်နေသော အလုပ်ခွင်အကြောင်းကိုလည်းကောင်း အစီအစဉ်မရှိ သတိရလာမိလေသည်။

ကျွန်တော်နှင့် မြရင်တို့ ညားကြသည်မှာ ၄ နှစ်ခန့် ရှိပါပြီ။ မြရင်သည် ကျွန်တော်နှင့် တစ်ရပ်တည်းသားဖြစ်သည်။ မအူပင်ခရိုင် မလက်တိုရွာသူဖြစ်သည်။ ကျွန်တော်သည် မလက်တိုတွင် နေစဉ်အခါက မလက်တိုချောင်းဖျားရှိ အင်းများ၌ သူရင်းငှားအလုပ်ကို လုပ်ကိုင်စားသောက်ခဲ့ပါသည်။ မလက်တိုရွာကလေးတွင် နေထိုင်ရန် မသင့်လောက်အောင် ဆူဆူပူပူ ဖြစ်လာခဲ့သော ၁၁ နှစ်ကျော်ခန့်ကစ၍ ရန်ကုန်သို့ ထွက်လာခဲ့ပါသည်။

ရန်ကုန်ရောက်သောအခါ ၁၆ လမ်းတွင်နေ၍ ကုလားငါးရှဲတစ်ခုတွင် ဝင် အလုပ်လုပ်သည်။ ငါးအလုပ်၊ အင်းအလုပ်တွင် မပျော်ပိုက်ဘဲ ငြီးငွေ့လာသည့်အတွက် ကျွန်တော်သည် ငါးရှဲသူဌေးပိုင် ဂျစ်ကားဖြင့် တိတ်တဆိတ်ခိုး၍ အမောင်းသင်ခဲ့ပြီးနောက် ငွေ ၈၀ ပေးကာ ကားမောင်းလိုင်စင်ရအောင် ယူခဲ့ပါသည်။

အငှားကား မောင်းနိုင်ခွင့်လိုင်စင် ရပြီးနောက် ကြည့်မြင်တိုင်၊ ပုဇွန်တောင်ပြေး ဘတ်စ်ကားများကို နေ့စားမောင်းပါသည်။ မနက် ၄ နာရီလောက်ကစ၍ ည ၁၁ နာရီ၊ ၁၂ နာရီအထိ နာရီပေါင်းများစွာ မောင်းရသည်။ ရန်ကုန်မြို့၏ အပူရှိန်နှင့် ခေါင်းတိုကားများ၏ အပူငွေ့ဒဏ်ကို ကျွန်တော် လှလှကြီး ခံရပါတော့သည်။ သို့သော်လည်း ခေါက်ရေများများ ဆွဲနိုင်သလောက် ကားပိုင်ရှင်ထံမှ ပိုက်ဆံရသည့်အတွက် ခပ်ပျော်ပျော်ပင် ဘတ်စ်ကားမောင်းကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။

နောက်ပိုင်းတွင် မြရင်နှင့် ကျွန်တော် လက်ထပ်လိုက်ပါသည်။ မြရင်မှာလည်း ကျွန်တော်ကဲ့သို့ပင် မလက်တိုရွာ၌ မနေရဲတော့သဖြင့် ရန်ကုန်သို့တက်လာ



ကာ ညောင်ပင်လေးဆိပ်နှင့် စဥ့်အိုးတန်းဆိပ်တို့တွင် ကျပန်းအရောင်းအဝယ်ကလေးများ လုပ်နေခိုက်ဖြစ်ပါသည်။

မြရင်က ကျွန်တော့်ကားနှင့်ကြုံကာ သူ နေထိုင်ရာ ပုဇွန်တောင် ဘလုပ်မြေဘက်သို့ ပြန်လေ့ရှိသည်။ စကားစပ်မိကြရင်း မလက်တို၏ ဇာတိများဖြစ်ကြောင်း၊ ငယ်ငယ်က သိဖူးကျွမ်းဖူးသူများဖြစ်ကြောင်း ပြောမိ ဆိုမိကြသည်။ တစ်ခါတစ်ရံနံနက်ဝေလီဝေလင်းကြီးမှာပင် မြရင်သည် ညောင်ပင်လေးဆိပ်သို့ ကျွန်တော့်ကားနှင့်လိုက်တတ်သည်။ သို့ကလို ရင်းနှီးခဲ့ရာမှ အချင်းချင်း အပေးအယူတဲ့ကာ လက်ထပ်လိုက်ကြခြင်း ဖြစ်ပါသည်။

အိမ်ထောင်ရက်သားကျပြီးသောအခါ မြရင်က ကျွန်တော့်ကို ဖျောင်းဖျသည်။ ဘတ်စ်ကားမောင်းသောအလုပ်မှာ အသက် ၄၀ ကျော်လျှင် အလွန်ထိခိုက်လာလိမ့်မည်၊ ကား၏အပူရှိန်သည် မျက်စိနှင့်သီးကို ဒုက္ခပေးလိမ့်မည်ဟု ပြောသည့်အပြင် အခြားသက်သာရာ အလုပ်တစ်ခုခု ရှာစေချင်သည်ဟု တိုက်တွန်းပါသည်။

ထို့ကြောင့် ကျွန်တော်သည် ဘတ်စ်ကားမောင်းသောအလုပ်ကို စွန့်လွှတ်လိုက်ပြီးနောက် အခြားသက်သာမည့် အလုပ်တစ်ခုခုကို ရှာဖွေခဲ့ရာ  အတွင်းဝန်ကလေး ဦးချစ်ထွန်း၏ ကားကို  စ၍ မောင်းနှင်ခွင့် ရခဲ့ပါသည်။ အတွင်းဝန်ကလေး ဦးချစ်ထွန်းမှာ သဘောသကာယ ကောင်းမွန်သလောက် အေးအေးဆေးဆေး နေလေ့ရှိသူ တစ်ဦးဖြစ်သည်။ အသက် အရွယ်အားဖြင့် ၃၅ နှစ်ခန့်သာ ရှိရာ ကျွန်တော့်ထက် နှစ်နှစ်ခန့်ငယ်သည်။ ကျွန်တော့်အား စတင်ခန့်ထားစဉ်အခါက ဦးချစ်ထွန်းသည် အတွင်းဝန်ကလေး ရာထူးရခါစ ရှိပါသေးသည်။

အတွင်းဝန်ကလေး ဦးချစ်ထွန်းမှာ အလုပ်တာဝန်ကို ရှိသေသလောက် အနေအထိုင်လည်း ရိုးသားသူဖြစ်၏။ အရက်သေစာသောက်စားသည် ဟူ၍လည်း တစ်ခါမျှ မတွေ့ဖူးပါ။ ကျွန်တော့်အပေါ်၌လည်း သူ့ကားကိုမောင်းရသော သူ့ဒရိုင်ဘာဟူ၍ သဘောထားပုံမရဘဲ "ကိုတာဆောင်"ဟူ၍ပင် 'ကို'တပ် ခေါ်ပါသည်။ ဤကဲ့သို့ ပညာလည်းတတ် ရာထူးရာခံလည်းကြီး၍ အစစအရာရာ ကျွန်တော့်ထက် သာလွန်သော အလုပ်ရှင်မျိုးထံတွင် ကျွန်တော်သည် စွဲစွဲမြဲမြဲ လုပ်ကိုင်နေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ခဲ့ပါသည်။

"ကိုဘဆောင်ရေ ဒီနေ့ ခင်ဗျားတစ်နေ့လုံး မောင်းနေရတာ ညောင်းရောပေါ့။ ညည့်ခံပွဲတော့ ခင်ဗျား မလိုက်ပါနဲ့တော့။ ကျွန်တော့်ဘာသာပဲ မောင်းသွားမယ်လေ"ဟု တစ်ခါတစ်ရံ ပြောတတ်သည်။

"ဟာ. . .မညောင်းပါဘူး ဆရာ၊ ညည့်ခံပွဲကြီး ဆရာကိုယ်တိုင်မောင်းလို့ ဘယ်ကောင်းမလဲ။ ကျွန်တော်ပဲ လိုက်မောင်းပါ့မယ်"

ကျွန်တော့်ဘက်က အလိုက်မသိဘဲ မနေနိုင်လောက်အောင် ကောင်းမွန်သော အလုပ်ရှင်မျိုးဖြစ်သဖြင့် ကျွန်တော်သည် နားချိန် အားလပ်ချိန်ဟု သဘောမထားဘဲ အလုပ်လုပ်ခဲ့သည်သာ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ကျွန်တော့်သားဦးလေး မွေးသောအခါ ဆရာဦးချစ်ထွန်းနှင့် ဆရာကတော်တို့ ကိုယ်တိုင် သူတို့တိုက် နောက်ဖေးဘက်ရှိ ကျွန်တော့်တန်းလျားအခန်းကလေးသို့လာကာ အနှီးပိတ်စနှင့် ငွေ ၂၀ ပေးပါသည်။ ထိုကျေးဇူးကို ကျွန်တော့်တစ်သက်တွင် မေ့နိုင်တော့မည် မထင်ပါ။

ဆရာဦးချစ်ထွန်းအကြောင်းကို သို့ကလို ရောက်တတ်ရာရာ တွေးနေစဉ် ကျွန်တော် ပွေ့ချီထားသည့် သားအငယ်မှာ အိပ်လျက်ရှိသည်ကို တွေ့ရသည်။ ဤသားအငယ်မှာ အလွန်ချူချာလှသည်။ မွေးကတည်းကစ၍ ယခု အခါလည် ကျော်လာသည့်တိုင်အောင် ချူချာလှသဖြင့် ရသမျှလစာလေး တစ်ရာကျော်မှာ ဆေးဝါးခနှင့် ကုန်လုနီးပါး အခြေဆိုက်ခဲ့ရသည်။

အမှန်စင်စစ်အားဖြင့် ဤကလေးကို ကိုယ်ဝန်ရှိချိန်မှစ၍ မြရင်သည် မကြာခဏ ဖျားနာတတ်သည်။ သွေးအားနည်းကာ လူမမာတစ်ပိုင်း ဖြစ်နေခဲ့သည်။ မီးဖွားပြီးသည့်နောက်ပိုင်း၌လည်း ကောင်းစွာမမာသော မြရင်သည် ကလေးကို တစ်ဖက်ကပြုစုရပြန်သဖြင့် ပို၍သာ အားနည်းလာခဲ့သည်။ ကလေးမှာလည်း ချောင်းဆိုးလိုက်၊ ချွဲကျပ်လိုက်၊ သံထိုးလိုက်နှင့် တစ်မျိုးပြီးတစ်မျိုး ဖြစ်နေရာ တတ်သမျှ မှတ်သမျှ ဆေးမျိုးစုံကို ရှာဖွေကာ ပြုစုခဲ့ရပါသည်။

ယခုမူ မြရင်ကော ကလေးပါ ကောင်းစွာ မကျန်းမာသည့်အတွက် တစ်လ တစ်လ ရသမျှလခမှာ သူတို့ဆေးဖိုးဝါးခနှင့်ပင် ကုန်ရသည်သာဖြစ်၏။ ယနေ့ဆိုလျှင် လဆန်းပြီးသည်မှာ ၁၀ ရက်ခန့်သာ ရှိသေးသည်။ သို့သော် ရထားသောလခမှာ ကုန်ခန်းနေပေပြီ။



"ကိုဘဆောင်ရေ. . .ဆရာခေါ်နေတယ်"

ထမင်းချက်အဒေါ်ကြီးက လှမ်းအော်သည့်အတွက် အိပ်ပျော်နေသော သားလေးကို သူ့အမေရင်ခွင်တွင်း၌ အသာကလေး ချပေးလိုက်သည်။ ထိုအခါ မောင်မင်းကြီးသားကလေးမှာ နိုး၍အော်ငိုလေ၏။ မြရင်လည်း ပျာယီးပျာယာ နိုးလာကာ ပိန်ကပ်နေသော သူ့နို့ကို ကလေးပါးစပ်အတွင်းသို့ သွင်းလိုက်ပါသည်။

"နင်နေကောင်းရဲ့လား မြရင်၊ ဆရာခေါ်နေလို့ ငါသွားလိုက်ဦးမယ်။ ထမင်းတစ်လုံးပဲ ချက်ပေါ့ဟာ။ ဟင်းတော့ ဖြစ်သလိုကြည့်လုပ်တာပေါ့"

မြရင်၏ ပိန်လှီခြောက်ကပ်နေသော မျက်နှာပြင်နှင့် နို့ပျော့အိအိကို ငုံခဲရင်း မှေးနေသောကလေးကို လှမ်းကြည့်ကာ တန်းလျားကလေးအတွင်းမှ ကားဂိုဒေါင်ဆီသို့ ထွက်လာခဲ့ပါသည်။

## (၂)

"ကနေ့တော့ ခပ်စောစောပဲ"

ဆင်ဝင်အောက်တွင် ကားထိုးလိုက်မိသည်နှင့် တစ်ပြိုင်နက် ဆရာဦးချစ်ထွန်းနှင့် ဆရာကတော်တို့ အိမ်တွင်းမှထွက်လာကြသည်။ ဆရာက ကားတံခါးကို ဆွဲဖွင့်ကာ ဆရာကတော်အား ဝင်ထိုင်စေရင်း အထက်ပါအတိုင်း ပြောခြင်းဖြစ်ပါသည်။

ဆရာ့စကားကိုကြားမှ ကျွန်တော်လည်း သတိရလာ၏။ ကနေ့အစောကြီး အထွက်ထူးလှသည်။ ခါတိုင်းလို ဈေးသွားခြင်းမဟုတ်။ ဈေးသွားလျှင် ဆရာကတော် တစ်ဦးတည်းဖြစ်၏။ သို့တည်းမဟုတ် ဆရာကတော်နှင့် ထမင်းချက်မိန်းမကြီး ဖြစ်စေ သွားတတ်၏။ ယနေ့ကား ဆရာရော ဆရာကတော်ပါ အတူတကွ ထွက်လာကြသည်။ သို့ရာတွင် ကျွန်တော့်အလုပ်မဟုတ်သည့်အတွက် အထူးတလည် မေးမြန်းခြင်းမပြုတော့ပါ။

"ကိုဘဆောင်ရေ. . . ကျွန်တော်တို့ ဝင်ဆာလမ်းက ဦးလှဝေအိမ် သိတယ် မဟုတ်လား။ အဲဒီ ပို့စမ်းပါဗျာ. . ."

ဆရာဦးချစ်ထွန်း၏အသံမှာ ခါတိုင်းကဲ့သို့ မဟုတ်ဘဲ အတန်ငယ် ပျာယီးပျာယာ နိုင်လှသည်ကို သတိထားမိသည်။ ဆရာကတော်၏မျက်နှာကို ကားမှန်

အတွင်းမှ ပြန်မြင်နေရသည်။ ဆရာကတော် ဒေါ်တင်တင်ဝေမှာ အသက်အရွယ်အားဖြင့် ၃၂ နှစ်ခန့်သာရှိဦးမည်ဖြစ်သော်လည်း အရုပ်အမောင်းနှင့် ကိုယ်အချိုးအစား လိုက်လျောပြေပြစ်သဖြင့် ကြည့်ကောင်းလှသည်။ ဆရာကတော်သည် လမ်းလျှောက်သောအခါ၌ဖြစ်စေ၊ ထိုင်နေသောအခါ၌ဖြစ်စေ ခါးကိုဆန့်ဆန့်ထား၍ ရင်ကို ရှေ့ထုတ်ထားတတ်သဖြင့် ထာဝစဉ် ကြော့ရှင်းနေတတ်၏။ ပြည့်ဖြိုးသော မျက်နှာကို စလင်းမျက်မှန်နှင့် ဝင်းလက်သော ရွှေနားကွပ် ဂိုင်းများက ပိုမိုတင့်တယ်အောင် ဖန်တီးထားသကဲ့သို့ပင်တည်း။

"သူတို့အမျိုးက ဘာတဲ့မောင်"

"ချူပာဟာ. . .တဲ့"

"နာမည်က တစ်မျိုးလေးပဲနော်. . ."

ဆရာနှင့် ဆရာကတော်တို့ ပြောနေကြသော စကားလုံးတွေကို ကျွန်တော် အထက်ပါအတိုင်း ကြားရရှိမှန်သော်လည်း ယင်းစကားလုံးတွေ အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါ။

"ဘယ် နှစ်ပေါင်တဲ့လဲ"ဟု ဆရာကတော်က ထပ်မေးသံကြားရသည်။

"သူနော်မဲလ်ကတော့ ၄ ပေါင်လို့ ဆိုတာပဲ ဝေရဲ့။ အခုတော့ ပေါင်များမပြည့်ဘူးလား မသိဘူး။"

ကျွန်တော့်အတွေးသည် မောင်းနေသော ကားစက်အရှိန်နှင့်အတူ အပြေးအလွှားဖြစ်နေ၏။ စဉ်းစား၍ မရသော စကားလုံးများ၏ အနက်အဓိပ္ပာယ်တွေကို သိချင်ဇောဖြင့် ပြေးလွှားနေခြင်း ဖြစ်ပါလိမ့်မည်။

"ချူပာဟာ တဲ့"

ဆရာကတော်၏ လေးတွဲ့သော ရေရွတ်သံကို ကျွန်တော်ထပ်၍ ကြားရပြန်သည်။ ဤ 'ချူပာဟာ'ဆိုသော စကားလုံးသည် ကျွန်တော့်ဦးနှောက်ကို တီးခေါက် ရိုက်နှက်လျက် ရှိပါတော့သည်။ 'ချူပာဟာ'ဆိုသော အမျိုးသည် ဘာအမျိုးဖြစ်လေသနည်း။ ကျွန်တော် နားမလည်သော ဝေါဟာရများ ဤမျှများပြားစွာ ရှိနေလေပြီလား . . . စသည်ဖြင့် ရောက်တတ်ရာရာ စဉ်းစားနေမိပါသည်။

"အနိကယ်လ်လှဝေက သိပ့်မလား"

"သိတာပေါ့ ဝေရဲ့။ သူက စပယ်ရှယ်လစ်ပဲ"



ကျွန်တော့်ကားကလေးသည် ဝင်ဆာလမ်းရှိ ဦးလှဝေအိမ်ဆီသို့ ဝင်လာခဲ့၏။ ဦးလှဝေမှာ လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ပြီး ကုန်တင်ကား အစီးပေါင်းများစွာကို ပိုင်ဆိုင်သူဖြစ်သည်။ ဆရာဦးချစ်ထွန်းနှင့် ခင်မင်သူဖြစ်သည့်အလျောက် တစ်ဦးနှင့်တစ်ဦး များစွာရင်းနှီးကျွမ်းဝင်ကြကာ ကူးလူးဆက်ဆံမှုများ ရှိကြသည်။

ဆရာဦးချစ်ထွန်းနှင့် ဆရာကတော်တို့သည် ဦးလှဝေအိမ်အတွင်းသို့ ဝင်သွားကြ၏။ ထိုနေရာတွင် နာရီဝက်ခန့် ကျွန်တော် စောင့်ရပါသည်။ နာရီဝက်ခန့် အကြာတွင် ဆရာနှင့် ဆရာကတော်တို့ ပြန်ထွက်လာကြသည်။

"ကိုဘဆောင်ရေ မဂိုလမ်းကို မောင်းပေးပါဦး"

ကျွန်တော်က ဘာမျှပြန်မပြောဘဲ မဂိုလမ်းသို့ မောင်းလာခဲ့သည်။ မဂိုလမ်းဆိုကာမှ ကောင်းစွာ မမာနေသော ကျွန်တော့်သားလေးကို သွားသတိရမိသည်။ ကျွန်တော့်သားလေး အားရှိစေရန်အတွက် ဆေးတစ်ပုလင်းဝယ်စရာ ရှိနေသည်။ သို့သော် ၇ ကျပ်ခန့်ပေးရမည်ဆိုသော ထိုအားဆေးကို ဝယ်ရန်အတွက် ငွေ ၇ ကျပ် မပြည့်သေးသဖြင့် မဝယ်ရသေးသော အကြောင်းကိုပါ သတိရမိသည်။

ဆရာရော ဆရာကတော်ပါ အလာတုန်းကလောက် စကားသိပ်မပြောကြပါ။ မျက်စိ မျက်နှာလည်း သိပ်ကောင်းပုံမရပါ။ မဂိုလမ်းရှိ ဆေးတိုက်ကြီးတစ်တိုက်တွင် သူတို့လင်မယားနှစ်ယောက်စလုံး ဆင်းသွားကြသည်။ အတန်ကြာသောအခါမှ အထုပ်နှစ်ထုပ်ကိုပိုက်ကာ ပြန်လာကြသည်။ ထိုမှတစ်ဖန် ၎င်းမဂိုလမ်းမှာပင် ဆေးတိုက်တော်တော်များများထံ ဝင်ချည်ထွက်ချည်နှင့် အလုပ်များနေကြသည်။ နောက်ဆုံး ၁၀ နာရီသာသာခန့် ရှိသောအခါ ဒီဆူဇာသို့ မောင်းနှင်ပြန်ပါသည်။

ဒီဆူဇာတွင် မိနစ် ၂၀ ခန့်စောင့်ရပါသည်။ သို့ကလို စောင့်နေရင်းယနေ့ တစ်ရက်တော့ ခွင့်ယူ၍ သားကလေးကို ဆေးဝယ်ရန်အတွက် ငွေရှာထွက်ဦးမှဖြစ်မည်ဟု စဉ်းစားလိုက်မိပါသည်။ ဤသို့ စဉ်းစားမိခြင်းမှာ တစ်ရက်လည်း အလုပ်မအား။ တစ်ရက်လည်း ပိုက်ဆံမပြည့်ဟူသော အကြောင်းများကြောင့် တစ်နေ့ထက်တစ်နေ့ ကြာမြင့်လာသည့်အတွက် သားကလေး လုံးပါးပါးသွားမှာ စိုးခြင်းကြောင့် ဖြစ်ပါသည်။

အတွေးမျှင် တန်းဆဲမှာပင် ဆရာနှင့်ဆရာကတော်တို့ ဒီဆူဇာဆေးတိုက်ထဲ

က ထွက်လာကြသည်။ ဝမ်းသာရွှင်မြူးစွာ စကားဆိုလာကြသည်။ စောစောကထက်လည်း ပိုမိုသွက်လက်ကြသည်။

"အိမ်ကိုပြန်မယ် ကိုဘဆောင်"ဟု ဆရာက ပြောသည်။ ခါတိုင်းဆိုလျှင် ရုံးဆက်တက်တတ်သော ဆရာ့အတွက် ကျွန်တော့်မှာ ထူးဆန်းနေရပြန်သည်။

"မောင် ရုံးတကဦးမလား"

"ကြည့်သေးတာပေါ့ကွာ။ မတက်ချင်ရင်လည်း မတက်ဘူးပေါ့"

ကျွန်တော်သည် ချင်းချောင်းရိပ်သာလမ်းဘက်ရှိ နေအိမ်သို့ ပြန်မောင်းခဲ့ပါသည်။

"ဆေးနာမည်က ဘာတဲ့လဲ"

"ဝက်စ်ဖင်ဆို ထင်ပါရဲ့။ သူက ဗိုက်တာမင် 'ဘီ' များတယ်တဲ့"

ဆေးအကြောင်းပြော၍ ဆေးတိုက်တွေရှုပ်း ဝင်သည်ဆိုသော သဘောကို ကျွန်တော် နားလည်ပါပြီ။ သို့သော် ဆရာ့အိမ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ဖျားနာသူမရှိကြောင်း ကျွန်တော် ကောင်းစွာသိပါသည်။ ဆရာနှင့် ဆရာကတော်တို့မှာ သားသမီးမရှိ ဆရာကတော်၏ ဖခင်နှင့် မိခင်တို့ရှိသည်။ ဆရာ့ညီငယ် တစ်ယောက် ရှိသည်။ သို့သော် သူတို့အားလုံး လူကောင်းပကတိများဖြစ်ကြသည်ကို ကျွန်တော် လွန်ခဲ့သော ညနေစောင်းကပင် တပ်အပ်သေချာ မြင်ခဲ့ရပါသည်။

"နောက်တစ်မျိုးကတော့ ဗိုက်တာမင် အေကနေ အီးအထိ ပါတယ်တဲ့။ နောက် ဟောဒီ ကာလ်ဒီဖီရန်က ကယ်စီယံ ဗိုက်တာမင်ဒီနဲ့ အိုင်းယင်းဓာတ်ပါတယ်။ ကဲ. . .စုံနေတာပဲ"

ဆရာရော ဆရာကတော်ပါ ရယ်ကြသည်ကို တွေ့ရပါသည်။ ကျွန်တော်ကား မရှင်းလင်းနိုင်။ မဖြေကြားနိုင်သော မေးခွန်းတွေကိုသာ ကိုယ့်ဘာသာကိုယ် မေးရင်း ချင်းချောင်းရိပ်သာဘက်သို့ ကားကို ထိုးဝင်လိုက်မိပါသည်။

(၃)

"ကဲ. . .ကိုဘဆောင်ရေ ဒီအထုပ်တွေ ယူခဲ့ဦး။ နောက်ပြီး မပြန်ပါနဲ့ဦးနော်။ လုပ်စရာရှိသေးတယ်"ဟု ဆရာက ပြောပါသည်။ ကျွန်တော်သည် သူတို့ ဝယ်လာသော အထုပ်တွေကို ပွေ့ပိုက်ရင်း အိမ်ထဲသို့ဝင်လိုက်သွားပါသည်။



"လာ. . .လာ"ဟုဆိုရင်း သူတို့လင်မယားနှစ်ယောက်စလုံးက ရှေ့က သွားရာ ကျွန်တော်ကလည်း လိုက်သွားရပါသည်။ ဆရာတို့အိပ်ခန်းနှင့် ကပ်လျက်သား တစ်ဖက်မှ အခန်းသို့ရောက်သောအခါ ကျွန်တော်က လက်ထဲတွင် ပွေ့ပိုက်ထား၍သော အထုပ်တွေကို စားပွဲကလေးပေါ်သို့ ချလိုက်ပါသည်။

"အိပ်နေသလား မသိဘူး။ အရမ်းမလုပ်ပါနဲ့"ဟု ဆရာကတော်က လေသံတိုးကလေးနှင့် ပြောပါသည်။ ထိုအခါကျမှ ကျွန်တော် သိရပါတော့သည်။ အမွေးတိုမျက်လုံးပြူးပြူးနှင့် ခွေးကလေးတစ်ကောင်ကို အခန်းထောင့်တစ်နေရာတွင် လှမ်းမြင်ရခြင်းကြောင့်ပင်တည်း။

"သိပ်စိတ်ပင်ပန်းတာပဲ ကိုဘဆောင်ရာ။ ဒီကောင်တွေမျိုးက ချူဟာဟာ တဲ့။ တောင်အာဖရိက က လာတာ။ သိပ်ကိုလည်း ဂရုစိုက်ရတာပဲ။ ဗမာပြည်မှာ မွေးကြတဲ့ ခွေးမျိုးတွေထဲမှာတော့ ထိပ်ပေါ့ဗျ"

ကျွန်တော်သည် ဆရာပြောသော စကားများကို ယောင်ယောင်ရမ်းရမ်း ခေါင်းညိတ်လိုက်ပြီးနောက် သူရူးသဖွယ် ငေးကြည့်နေမိပါသည်။

"လာ ကိုဘဆောင်၊ ကျွန်တော့်ကို ကူစမ်းပါ"ဟု ဆရာက ပြောပြောဆိုဆို တိုက်ပုံအင်္ကျီကိုချွတ်ကာ ခွေးကလေးကို လှမ်းယူလိုက်သည်။

"ဟောဒီ့ နားရွက်တစ်ဖက် လဲနေတာ အားနည်းနေလို့ဗျ။ ဒါကြောင့် ဆေးတွေရှာရတာ ဖားနေတာပဲ။ ဟောဒီလို ခင်ဗျားက ကိုင်ပေးထားစမ်းပါ"

ကျွန်တော်သည် အိပ်မက်မက်နေသူပမာ ခွေးကလေးကို ကိုင်ထားပေးလိုက်ပါသည်။ ဆရာက အသင့်ယူလာသော ပလာစတာဗူးကလေးအတွင်းမှ ပလာစတာကိုထုတ်ကာ အနေတော်ညှပ်၍ လဲနေသော နားရွက်ကလေးကို ထောင်အောင် ဆွဲကပ်ပေးလိုက်ပါသည်။

"ဝေရေ. . . အစာယူခဲ့စမ်းဟေ့၊ အရိုးမှုန့်အစာလေ"

ဆရာကတော်သည် အခန်း၏ အခြားထောင့်တစ်ဖက်မှ ဗူးကလေးတစ်ဗူးကို ယူကာ ပန်းကန်လုံးထဲသို့ ပြောင်းထည့်သည်။

"ဗိုက်တာမင်ဒီနဲ့ ရောပြီးသားလား"ဟု ဆရာက ထပ်မေးရာ ဆရာကတော်က ခေါင်းညိတ်ပြသည်။ ကျွန်တော်ကား ထိုလူသတ္တဝါနှစ်ဦးနှင့် ခွေးသတ္တဝါတို့ ဖြစ်ပျက်နေပုံကို ညှို့ထားခံရသူပမာ ငေးမောလို့သာ ကြည့်နေမိပါသည်။

ကျွန်တော်သည် ယနေ့တစ်ရက် ခွင့်ယူဖို့ ပြောရမည်ကို သတိရ၏။ သို့သော် မည်သို့မည်ပုံ စ၍ပြောရမည်ကိုမူ မသိတော့ပါ။

''ဒီလိုလုပ် ကိုဘဆောင်ကို တစ်ခေါက်ပြန်ဝယ်ခိုင်း။ အသားရယ်၊ ဂျုံနည်းနည်းရယ်၊ နောက်ပြီး အသည်းထဲက ဘာအသည်းရရဝယ်ခဲ့။ ကြက်ဥ ဒါဇင်ဝက်လောက်လည်း ဝယ်ခဲ့။ နောက်ပြီး နို့ကရော''

ဆရာကတော်က ကျွန်တော့်ကို ငွေအစိပ် ထုတ်ပေးပါသည်။

''ကဲ. . .သွား ကိုဘဆောင်ရေ၊ သေသေချာချာလည်း မှတ်ထားဦး။ အသား၊ ဂျုံ၊ အသည်း၊ ကြက်ဥပေါ့ဗျာ။ ရအောင်သာ ရှာဝယ်ခဲ့ပါ။ ကြက်ဥကဟို. . .ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း မျက်နှာချင်းဆိုင်မှာ ရှိတတ်တယ်။ ဟုတ်လား။ အဲဒါ ခင်ဗျားပြန်လာတော့မှ ကျွန်တော် ရုံးသွားမယ်''

ကျွန်တော်က ''ဟုတ်ကဲ့ဆရာ''ဟုဆိုကာ အခန်းပေါက်ဘက်ဆီသို့ ပြန်လာခဲ့သည်။

''ဆေးဖိုးရော၊ သူ့အစာဖိုးရော ဒီမနက်ချည်းပဲ ၅၀ လောက် ကုန်မယ်''ဟု ဆရာကတော်က လှမ်းပြောသံလည်း ကြားရပါသည်။

ကျွန်တော်သည် လှုပ်ရှားနေသော အတွင်းစိတ်ကို ဖုံးအုပ်မျိုးသိပ်ကာ အခန်းပြင်ဘက်သို့ ပြန်ထွက်လာခဲ့မိ၏။ ကမန်းကတန်းပင်ဖြစ်စေကာမူ မမာနေသော သားလေးကို ကြည့်ချင်လိုသေးသည့်အတွက် ကျွန်တော့်တန်းလျားဘက်ဆီသို့ ခပ်သုတ်သုတ် ကူးလာခဲ့မိသည်။

မြရင်သည် ထမင်းကြမ်းနှင့် ပဲပြုတ်ကိုနယ်ကာ လက်ဖက်ရည်ကြမ်းနှင့် စားသောက်လျက်ရှိ၏။ ဤသည်မှာ နံနက်စာပင် ဖြစ်ပေလိမ့်မည်။

''မင်းကလည်းကွာ ကလေးရင်ပြည့်နေရတဲ့ကြားထဲ ထမင်းကြမ်းတွေ ခဏခဏ စားနေတာပဲ''

မြရင်က ဟောက်ပက်သော မျက်ခွံအတွင်းမှ အရောင်မထွက်သည့် မျက်အိမ်များဖြင့် ကျွန်တော့်အား လှမ်းကြည့်နေပါသည်။

''သားအိပ်နေသလား''ဟုဆိုကာ ပုခက်ကလေးအပါးသို့ ကျွန်တော် လာခဲ့သည်။ ကြုံလှီသော ကျွန်တော့်သားလေးမှာ ညှိုးလျှစွာ အိပ်စက်နေပါသည်။

''စောစောစီးစီး ဘာတွေအလုပ်များနေတာလဲ''



ဟု မြရင်က လှမ်းမေးသည်။

''အို. . .ဆေးတွေ လိုက်ဝယ်တယ်ကွာ။ အခုတစ်ခါ သွားဝယ်ရဦးမယ်''

''ဘယ်သူ ဘာဖြစ်လို့လဲ''ဟု မြရင်က ထပ်မေးပြန်ပါသည်။ အမေးအမြန်းထူလှချည်ကလားဟု တွေးမိကာ စိတ်တိုသွားသည်။

''နေမကောင်းလို့ကွ၊ ချူဟာဟာ နေမကောင်းလို့တဲ့''

''ဘာလဲ ချူဟာဟာ ဆိုတာက''

''ချူဟာဟာဆိုတာ ခွေးပေါ့ကွ။ မင်းကလည်း ရှာရှည်လိုက်တာကွာ''ဟု ပြောပြောဆိုဆို တန်းလျားပေါ်မှ ပြန်ဆင်းလာခဲ့သည်။ ညှိုးလျှသောမျက်နှာဖြင့် ကျန်ရစ်ခဲ့သော မြရင်အား နောက်ခိုင်းလာခဲ့ပေမဲ့ မျက်စိထဲတွင် မြင်နေရဆဲပင် ဖြစ်ပါသည်။ တစ်ခါဖူးမျှ မဖြစ်ခဲ့ဖူးသော လှုပ်ရှားမှုမျိုးဖြင့် ကျွန်တော့်စိတ်တွေ လှုပ်ရှားလျက်ရှိပါသည်။ တစ်စုံတစ်ရာသော အကြောင်းကိုတွေးကာ မကျေမချမ်းဖြစ်နေ၏။ ညွှာတာထောက်ထားသော အလုပ်ရှင်အပေါ်၌ မကျေမချမ်းဖြစ်ခြင်း မဟုတ်သော်လည်း မည်သူ့ကို ရည်ရွယ်၍ မည်သည့်အတွက် မကျေမချမ်းဖြစ်နေရသည်ကို ကျွန်တော် ကိုယ်တိုင် မစဉ်းစားတတ်ပါ။

ခြံဝမှ ကားကို ဝူးခနဲ မောင်းထွက်လိုက်ပါသည်။ ကျွန်တော်တို့သည် ခြံတစ်ခြံထဲတွင် အတူနေကြသူများ မှန်ပါ၏။ တစ်လောကသားတည်းသာ ဖြစ်ကြပါ၏။ သို့သော် ချူဟာဟာ ဟူသော ခွေးကလေး၏ဘဝနှင့် ကျွန်တော့်သားလေး၏ ဘဝမှာမူ အနေနီးပါလျက် အလှမ်းကွာလွန်းလှပေ၏။

ရှုပ်ထွေးနေသော ယာဉ်များကို သတိထား၍ ရှောင်တိမ်းမောင်းနှင်ရင်း ပုခက်အတွင်းမှာ ညှိုးလျှသောမျက်နှာကလေးဖြင့် ကျန်ရစ်ရှာသည့် ကျွန်တော့်သားလေးအတွက် အားဆေးကလေးတစ်မျိုးမျိုးဝယ်ရန် ကြံဖန်ရပေဦးတော့မည် ဟူသော အသိကြောင့် ရှည်လျားလေးတွဲ့သည့် သက်ပြင်းကိုသာ ချလိုက်မိပါသတည်း။

မြဝတီ၊

အောက်တိုဘာ၊ ၁၉၆၃

# နှစ်လောကနှင့် နှစ်ဘဝ

(၁)

ခုတလောတွင် မောင်စိန်ဝင်းနှင့် မောင်တင်ဝင်းတို့ ညီအစ်ကိုတို့ကို အမှတ်မထင် တမ်းတမ်းတတ သတိရမိသည်။

သူတို့ညီအစ်ကိုမှာ အသက်အရွယ်အားဖြင့် ၂၀ ကျော်ကျော် ပတ်ဝန်းကျင်လောက်တွင်သာ ရှိကြဦးမည်။ အသားဖြူဖြူ ရုပ်ရည်သနားကမားနှင့် သားသားနားနားရှိကြသည်။ ထိုလူငယ်ကလေးနှစ်ဦး၏ အကြောင်းကို ကျွန်တော် အဘယ့်ကြောင့် တမ်းတမ်းတတ သတိရလာမိသနည်းဟု ဆင်ခြင်ကြည့်မိပါသည်။

မောင်စိန်ဝင်းနှင့် မောင်တင်ဝင်းတို့မှာ တစ်အူတုံဆင်း ညီရင်းအစ်ကိုဖြစ်ရုံမျှမက ရုပ်ရည်ချင်းကလည်း တူကြသည်။ သားနားပုံကလည်း ဆင်ကြသည်။ ကျွန်တော် တွေ့ခဲ့ သိခဲ့ရသော သူတို့ဘဝဖြစ်စဉ်တွေမှာလည်း ဆင်တူရိုးမှား ဖြစ်ခဲ့သည်။

တစ်နေ့က ပျင်းပျင်းရှိသည်နှင့် ရန်ကုန် အကျဉ်းထောင်ကြီးအတွင်း ပုဒ်မ(၅)အကျဉ်းသားဘဝဖြင့် နေထိုင်ခဲ့ရစဉ် ရောက်တတ်ရာရာ ရေးမှတ်ထားသော ကျွန်တော့်ကော်ပီစာအုပ် ဟောင်းနွမ်းနွမ်းတစ်အုပ်ကို လှန်လှောဖတ်ရှုမိပါသည်။ ထိုအခါ၌ ယင်းစာအုပ်ကြားမှ စာခေါက်ကလေးတစ်ခု လျှောကျလာသည်။

စာခေါက်ကလေးမှာ ကာလရှည်ကြာလာသည့်အတွက် ညှိုးလျှော်နွမ်းရော်နေပေပြီ။ အပြာနုရောင် စာရေးစက္ကူ အငယ်စားပေါ်တွင် ရှုပ်ရှုပ်ထွေးထွေး ယိုင်ယိုင်နဲ့နဲ့ရေးထားသော စာလုံးကလေးများကို သွားတွေ့မိသည်။



"လတ်စသပ်တော့ မောင်စိန်ဝင်း စာကိုး"

ကျွန်တော်သည် မဝိကလာ ဝိကလာဖြင့် ဖွဲ့နွဲ့ရေးသားထားသည့် မောင်စိန်ဝင်း၏စာကို အစမှ အဆုံးတိုင် ဖတ်မိပါသည်။ စာရွက် အပြာနုရောင်ပေါ်တွင် ရေးထားသည့် စာလုံးကလေးတွေမှာ မညီမညာ ယိုင်ယိုင်နဲ့နဲ့ နိုင်လှသလို သူ တတ်သလောက်၊ သူနားလည်သလောက်လည်း ရေးထားသည်ကို တွေ့ရသည်။

သို့

မွေးမိခင် ကျေးဇူးရှင်ကြီးစိကို သားမောင်စိန်ဝင်း စားအားဖြင့် ကတော်လိုက်သည် သားမောင်စိန်ဝင်းမှ စက်မှုလက်မှု ကျောင်းရှေ့နာတွင် လူရက်မှုဖြင့် သား မောင်စိန်ဝင်းအား ထောင်ဒန် ၆ လ ကျနေ့ပါ၍ လာနိုင်ပါက လာစေလိုပါသည် မလာနိုင်ပါက အရေးမကြီးပါခင်ဗျာ သားမောင်က စာရေအကြောင့်ကျတာ ဒုက္ခပေဖို့ မဟုတ်ပါဘူး သားမောင်ဟာ ၁၉၄၉ ခုနှစ်က အိမ်ကထွက်လာတာ အခုစို ၁၉၅၅ ခုနှစ် ရောက်လာပြီ အခုစို ၆ နှစ်ရှိသွားပါပြီ သားမောင်ဟာ ၁၃ နှစ်သားက မွေးမိခင်ကြီးတို့စီက ထွက်လာကထဲက သားမောင်ဟာ ဆိုးတေနေတာဆိုရင်ဖြင့် ငါးနှစ်ရှိသွားပါဘီ ဒါပေမဲ့ သားမောင် ထောင်ကျနေပေမဲ့ သားမောင်ကို အင်္ဂလိပ် စာသင်ပေးနေတဲ့ ပညာရှိမိတ်ဆွေတွေနဲ့ အတူနေရလို့ သားမောင်ဟာ ကောင်းကောင်းနေရပါတယ် ဒါပေမဲ့ သားမောင်တို့ ထောင်ကျနေတဲ့အထဲမှာ ဆိုရင်ဖြင့် ဘော်လုံးအသင်းတွေ ပြေပွဲတွေဆိုတာ ကတော်များကြီးပါပဲ သားမောင်ဟာ ထောင်ကလွှပ်ဖို့ တန်ဆောင်မုန်လပြည် ကျော်လိုက်ဆိုရင် လွှပ်ပါဘီ ကျွန်တော် ထောင်ကျတာကို ပဒူမှ မပြောပါနဲ

တော်တေးဘူ တအိပ်သားလုံး ကျမ်းကျမ်းမာမာရှိပါစေခင်ဗျ ကျွန်တော်လဲ ကျကျမာမာ ရှိပါတယ်ခင်ဗျာ

တတိယသားဆို

စိန်ဝင်း

ကျွန်တော်သည် စာကို နောက်တစ်ခေါက်ထပ်၍ ဖတ်မိပြန်ပါသည်။ စာတွင် ပုဒ်ဖြတ်မပါ။ စာလုံးပေါင်းမမှန်၊ သူ နားလည်သလို၊ သိသလို သူ့ရင်ထဲမှ

ခံစားရချက်များကို သူ့အမေအားပေးရန် ရေးထားခြင်းမျှသာဖြစ်သော်လည်း သူ့စာကို ကျွန်တော် နားလည်၏။ ကျွန်တော်ပါ သူ့လို ခံစားနေရ၏။

ကျွန်တော်သည် ခေါက်ရိုးကျိုးနေပြီဖြစ်သည့် သူ့စာကလေးကို အသာအယာ မှတ်စုစာအုပ်အတွင်းသို့ခေါက်ကာ ပြန်သွင်းလိုက်မိပါသည်။ မောင်စိန်ဝင်း၏ ရုပ်ပုံလွှာသည် ကျွန်တော့် မနောအကြည်ဓာတ်တွင် တဖျပ်ဖျပ် လာရောက်ရိုက်ခတ်လျက်ရှိသည်။

ကျွန်တော့်အတွေးသည် လွန်ခဲ့သည့် ၈ နှစ်ခန့်ဆီသို့ တဝေ့ဝေ့ ရစ်သီဝဲပျံသွားလေ၏။ လက်ထိပ်သံ၊ ခြေကျဉ်းသံ၊ ဝါဒါတို့၏ ဖိနပ်သံ၊ နာရီသံချောင်းခေါက်သံ၊ အကျဉ်းထောင်၏ အသံဘလံနှင့် ညှီမှောင်မှောင်အုတ်ရိုးများ စသည့် အကျဉ်းကမ္ဘာ၏ ပတ်ဝန်းကျင်နှင့် အနံ့အသက်များမှာ ကျွန်တော့်ကို တွေ့ထိလာကြလေ၏။

(၂)

၁၉၉၅ ခုနှစ် . . .

ရန်ကုန်ဗဟိုအကျဉ်းထောင် အဆောင်အမှတ် (၅)၊ အခန်းအမှတ် (၇၅)။

ထိုအခန်းငယ်အတွင်းသို့ ရုပ်ရည်သနားကမားနှင့် အသားဖြူဖြူ လူငယ်တစ်ဦးဝင်လာသည်။ အသက်အရွယ်အားဖြင့် ၁၇ နှစ်၊ ၁၈ နှစ်မျှသာ ရှိဦးမည်ထင်သည်။ ဖြူလှသော သူ့အသားအရည်မှာ နေလောင်ထားသည့်အတွက်လားမသိ နီကျင်ကျင်ဖြစ်နေ၏။ ဆံပင်တွေမှာ ရှည်လျားလျက် ညှဉ်းဆိုးဆိုးဖြစ်နေသည်။ သူသည် ကျွန်တော့်ခုတင်နံဘေးရှိ ကုလားထိုင်တွင် ကျိုးနွံသောဟန်ဖြင့် ထိုင်ချလိုက်လေ၏။ သူကား လုယက်မှုဖြင့် ထောင်ဒဏ် ၆ လ အပြစ်ပေးခြင်းခံရသော မောင်စိန်ဝင်း ပေတည်း။

သူ့ကိုယ်သူ နာမည်ဖော်ပြကာ ကျူးလွန်ခဲ့သောအပြစ်နှင့် ချမှတ်လိုက်သည့် ထောင်ဒဏ်တို့ကို တတွတ်တွတ် ပြောပြသည်။ ယခု ထောင်ကျမှ ဘီကလပ်ရှိ စားသောက်ဆိုင်သာတစ်ခုတွင် အလုပ်လုပ်ရန် တာဝန်ကျရာ ကျွန်တော်တို့ ဆိုင်သာတွင် အလုပ်လုပ်လိုကြောင်းဖြင့်လည်း ပြောသည်။

သို့နှင့်ပင် မောင်စိန်ဝင်းသည် ကျွန်တော်တို့ ဆိုင်သာတွင် တိုလီမိုလီ



အလုပ်လုပ်ရန် ရောက်လာခဲ့သည်။ လူချင်းလည်း ပိုလို့သာ ရင်းနှီးကျွမ်းဝင်လာသည်။ သူ့အကြောင်းကို မေးသောအခါ နုတ်မောက်လမ်း စက်မှုလက်မှုကျောင်းရှေ့နားတွင် လုယက်မှုတစ်ခုကို ကျူးလွန်ခဲ့သည်။ ထို့အတွက် အလုပ်ကြမ်းနှင့် ထောင် ၆ လ ကျသည်ဟူသာ ယေဘုယျအားဖြင့် ပြောပြသည်။

''ကျွန်တော့်အကြောင်းတွေ မသိချင်ပါနဲ့ အစ်ကိုရယ်။ အလကားအကြောင်းတွေပါ''ဟု သူက ရှက်စနိုး ပြောတတ်သည်။ သို့သော် မေးဖန်များလာသောအခါ၌ သူ့အကြောင်းကို သူ ပြောပြလေတော့သည်။ ကျွန်တော့်မျက်စိရှေ့တွင်ရှိသော မောင်စိန်ဝင်းမှာ အသက်အရွယ်အားဖြင့် ၁၈ နှစ် ၁၉ နှစ် ဝန်းကျင်တွင်သာ ရှိဦးမည်ဖြစ်သည်။ မနေ့တစ်နေ့ကမှ လူဖြစ်လာသော လူလားမမြောက်သေးသော ကလေးဘဝသာဖြစ်သည်။ သို့ရာတွင် သူ ပြောပြသော သူ့အကြောင်းတွေမှာကား ကြီးကျယ်လှသည့် ဝတ္ထုတစ်ပုဒ်ပမာ စိတ်ဝင်စားစရာကောင်း၏။ မယုံနိုင်လောက်သော အခက်အခဲများကိုလည်းကောင်း၊ ကြမ်းတမ်းခက်ထန်လှသော ဘဝကိုလည်းကောင်း၊ သူ့အကြောင်းများတွင် သွားတွေ့ရသည်မှာ နာကျည်းဖွယ်ရာ၊ ရင်ထုမနာ ဖြစ်ဖွယ်ရာ ကောင်းလှချေသည်တကားဟုတွေးရင်း ကျွန်တော့်မှာ ပင့်သက်ဖြာမိပါသည်။

မောင်စိန်ဝင်းမှာ ဟံသာဝတီခရိုင်ရှိ မြို့ကလေးတစ်မြို့မှ ဖြစ်သည်။ သူ လူမှန်းသိတတ်စ အရွယ်တွင် အဖေ သေသွားသည်။ ထိုကဲ့သို့ အဖေ သေဆုံးသွားပြီးနောက် အမေက နောက်အိမ်ထောင်ပြုသည်။ အဖေသေပြီးနောက် မကြာမီ နောက်အိမ်ထောင်ပြုရကောင်းလားဟု အမေ့အပေါ် ငြိုငြင်လေသည်။ ပထွေးနှင့်လည်း အစိမ်းသက်သက် ဆက်ဆံရသည်ဖြစ်ရာ မောင်စိန်ဝင်းမှာ အိမ်တွင်နေရသည်ထက် ဝေးရာအရပ်တစ်နေရာရာသို့ ထွက်သွားရသည်က ကောင်းပေလိမ့်မည်ဟူသော အတွေးပေါက်ကာ အိမ်မှ ထွက်လာခဲ့လေ၏။ ထိုအချိန်တွင် သူသည် ၁၃ နှစ်သား ရှိနေပေပြီ။

ပထမဦးစွာ ရန်ကုန်သို့ရောက်လာပြီးနောက် အလုပ်အကိုင်နှင့် နေစရာထိုင်စရာမရှိ၊ ခြေဦးတည့်ရာ သွားနေရသောကာလတွင် သူသည် ရန်ကုန်မြို့လယ်တစိုက်၌ ဖြန့်ချိကျက်စားနေသော ဖောက်ထွင်းဂိုဏ်း ခေါင်းဆောင်က သူ့အား မုန့်ဖိုး ပဲဖိုးပေးသည်။ ထို့နောက် ဖောက်ထွင်းပုံ နည်းနာများအားလုံးကို လက်တွေ့

သင်ကြားနိုင်းစေလေရာ မောင်စိန်ဝင်းကိုယ်တိုင် ဖောက်ထွင်းမှု အသေးအဖွဲကလေးတွေကို နှစ်နှစ်ခြိုက်ခြိုက် လုပ်လာတော့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအတွက် လုပ်ခအဖြစ် ငွေကလေး ကြေးကလေး ရရှိခြင်းကြောင့်ပင်တည်း။

သူသည် ဖောက်ထွင်းမှုမျိုးစုံကို ကျကျနန ကျူးလွန်လေတော့သည်။ ဆိုင်ကလေးတွေကို မဖောက်တော့ဘဲ ဆိုင်ကြီးကန္တားကြီးများ၊ တိုက်တာကြီးများကို ပါ ဖောက်၏။ လုယက်၏။ သူသည် သော့ဟူသမျှကို မိန်းမဆံညှပ်တစ်ချောင်း၊ သို့မဟုတ် သွပ်နန်းကြိုးကလေးတစ်စ ရရုံမျှဖြင့် ဖွင့်တတ်နေ၏။ သူ့ဘဝတွင် အခက်အခဲနှင့် ဘေးအန္တရာယ်တွေအကြားမှ ရယ်စရာအဖြစ်များ မကြာခဏ တွေ့တတ်ပုံကို မြိန်ရေယှက်ရေ ပြန်ပြောသည်။

တစ်ခါက ရန်ကင်းဘက်ရှိ အခန်းတစ်ခန်းအတွင်းသို့ နေ့ခင်း ၁၁ နာရီလောက်တွင် ဖောက်ထွင်းဝင်ရောက်ခဲ့သည်။ ဤအခန်းတွင် နေသူတို့မှာ စစ်ဗိုလ်လင်မယားဖြစ်ပြီး နှစ်ယောက်စလုံး အခန်းကိုသော့ခတ်လျက် ရုပ်ရှင်ကြည့်ထွက်သွားကြသည်။ သူ အိမ်ခန်းအတွင်းသို့ ရောက်နေပြီးချိန်၌ ထိုလင်မယားမှာ တစ်စုံတစ်ခု မေ့ကျန်ခဲ့သည့်အတွက် ပြန်လာရာ အိမ်ခန်းတွင်းသို့ မောင်စိန်ဝင်း ရောက်နေချိန်နှင့် တိုက်ဆိုင်နေလေသည်။ သူတို့သည် ခြေရာလက်ရာပျက်နေသောအိမ်ကို ချက်ချင်း သတိထားမိကာ အနီးအနားသို့ အော်ဟစ်အကူအညီတောင်းလေတော့သည်။

''ကျွန်တော်ကလည်း အခန်းထဲကနေပြီး မင်းတုံးချထားတယ် အစ်ကိုရဲ့။ အဲဒီအိမ်ရှင်လူက အခန်းထဲမှာ သူ့ခြောက်လုံးပြူးကျန်နေခဲ့တာကို သတိရပြီး ကျွန်တော့်ကို မဖွင့်နိုင်းဘူး။ ပုလိပ်တွေ ရောက်လာတဲ့အထိ စောင့်နေတယ်လေ။ ကျွန်တော်ကတော့ သူ့ခြောက်လုံးပြူး ဘယ်မှာရှိတယ်ဆိုတာ မသိပါဘူး။ ရွှေငွေစလေးရှာဖို့လည်း သတိမရတော့ဘူး။ ကြောက်ပြီး ချောင်ကုတ်ထိုင်နေတာပဲ။ အဲဒါ စတင်းဂန်းတွေ ဝိုင်ယာလက်ကားတွေနဲ့ ပုလိပ်တွေလိုက်လာပြီး ကျွန်တော့်ကို လက်နက်ချနိုင်းတယ်။ ကျွန်တော်လည်း ဓာချွေးတွေကို ပြန်နေတာပဲ။ စိတ်ညစ်လိုက်တာလည်း သေချင်ရော။ ဒါနဲ့ ကျွန်တော် ထွက်လာပြီဆိုပြီး တံခါးမင်းတုံးကို ဖြုတ်လိုက်တော့ လားလား. . .စတင်းဂန်းတွေနဲ့ ပုလိပ်တွေက တံခါးတည့်တည့်မှာ ချိန်ထားလိုက်ကြတာ ကျွန်တော့်မလည်း ပူပြီး ချွေးတွေကို၌ရွဲနေတာပဲ။ သူတို့က အခန်းထဲ ခြောက်လုံး ပြူးရှိနေတာ ကျွန်တော် ရသွားပြီ။ ဒါကို



ရန်ရှာတော့မှာပဲထင်ပြီး အတင်း ဝိုင်းထားတယ်လေ။ ကျွန်တော်ဖြင့် ပစ်များထဲ့လိုက်မလားလို့ ကြောက်လိုက်တာ တုန်နေတာပဲ။ ဟား. . .ဟား''

သူ့ဘဝတွင် ခက်ခဲကြမ်းတမ်းသော ရက်စက်သော အဖြစ်အပျက်တွေအကြားမှ ဤကဲ့သို့ ရယ်စရာ မောစရာကလေးများအား တွေ့ရတတ်ပုံကို ပြောပြလာသည်။

ထို့နောက် များမကြာမီမှာပင် သူနှင့် အလွန်ရုပ်ချင်းတူသော လူငယ်တစ်ဦး ရောက်လာပြန်သည်။ သူကား မောင်စိန်ဝင်း၏ညီအရင်း မောင်တင်ဝင်းပင်တည်း။

မောင်တင်ဝင်းမှာ အမေနှင့် ပထွေးတို့နှင့် အတူမနေဘဲ ဘကြီးတော်သူတစ်ဦးနှင့် တာမွေဘက်တွင် လာနေသည်မှာ ၃ နှစ်ခန့်ရှိပြီဟု ဆိုသည်။ ဘကြီးက ဘတ်စ်ကားထောင်ထားသဖြင့် ဘတ်စ်ကားစပယ်ယာ အလုပ်လုပ်သည်။ ထိုမှတစ်ဆင့် ကားမောင်းတတ်ပြီဖြစ်ရာ ဒရိုင်ဘာလိုင်စင်ယူပြီး ဘတ်စ်ကားမောင်းစားနေသည်။ သို့ကလိုနေရင်း တစ်နေ့တွင် ကားပိုင်ရှင်က တိုင်ယာဝယ်ရန်အတွက် ငွေ ၄၀၀ ပေးလိုက်သည်။ သူသည် ဤအသက်အရွယ်အထိ တစ်ခါဘူးမျှ မကိုင်မိဖူးသေး သော ယင်းငွေလေးရာကို အပိုင်ရလိုစိတ် ပေါ်လာသည်။ ထို့ကြောင့် ကားပိုင်ရှင် ခိုင်းသလို တိုင်ယာမဝယ်တော့ဘဲ မန္တလေးသို့ အထက်တန်းမှသွားရန် ခရီးသွား လက်မှတ်တစ်စောင်ကို ဝယ်လိုက်ပြီးနောက် မန္တလေးသို့ လိုက်သွားလေ၏။

မန္တလေးဘူတာကြီးသို့ ရောက်သောအခါ အသိလည်းမရှိ၊ တစ်ခေါက်မျှလည်း မရောက်ဖူးသဖြင့် ဘယ်သွား၍ ဘယ်လာရမှန်းမသိဘဲ ဘူတာကြီးအတွင်း၌သာ ယောင်လည်လည်လုပ်နေပြီးနောက် ရန်ကုန်အစုံရထားတွင် အလားတူ အထက်တန်းလက်မှတ်တစ်စောင်ယူကာ ပြန်၍စီးနင်းလိုက်ပါလာခဲ့သည်။ ရန်ကုန်သို့ ပြန်ရောက်သောအခါ ကားပိုင်ရှင် ဘကြီးအိမ်သို့ မပြန်တော့ဟု စိတ်နှလုံးဒုန်းဒုန်းချလျက် ဖဆပလ ကွက်သစ်ရှိ အသိတစ်ဦးအိမ်တွင် ခေတ္တသွားနေသည်။ ထိုအသိမှာ ဆိုက်ကားနင်းစားသူဖြစ်ရာ ရန်ကုန်–မန္တလေး အသွားအပြန် အထက်တန်းမှ မီးရထားလျှောက်စီးလာသည့်အတွက် ကုန်ကျသော စားရိတ်မှအပ ကျန်ငွေအားလုံးကို ထိုအသိအား ဆိုက်ကားအပိုင်ဝယ်နိုင်ရန် ပေးပစ်လိုက်လေသည်။

ဘကြီးလုပ်သူက ဂတ်တိုင်သည့်အတွက် အမှုဖြစ်ပြီး ထောင် ၃ လ

ကျလာခြင်းဖြစ်ရာ နှစ်ပေါင်းများစွာ ကွဲကွာနေကြသော ညီအစ်ကို နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အံ့အားသင့်စွာ ကြည့်နေကြလေ၏။ သူတို့၏ မျက်နှာတွင် အံ့သြခြင်း၊ ရှက်ခြင်း စသော လှုပ်ရှားသည့်အမူအရာများကို မြင်နေရသည်။ တစ်ချိန်တည်းမှာပင် ညီရင်းအစ်ကို ယခုကဲ့သို့ မမျှော်လင့်ဘဲ ပြုံးခနဲ တွေ့ရသည့်အတွက်လည်း ဝမ်းသာနေကြဟန်တူသည်။

ကျွန်တော်သည် စိတ်ကူးသည်ထက် ဆန်းကြယ်လှသော သူတို့ညီအစ်ကို အဖြစ်ကို စေ့စေ့တွေးလျက် ရင်တွင်း၌ အမျိုးအမည်မဖော်ပြနိုင်သော ဝေဒနာကို ခံစားရလျက် ရှိပါသည်။ သူတို့ နှစ်ယောက်စလုံးကို ထောင်တွင်းရှိ ကျွန်တော်တို့က တစ်လှည့်စီ စာသင်ပေးသည်။ ဗမာစာကို နှစ်ယောက်စလုံး ဖြစ်ရုံမျှ ရေးတတ် ဖတ်တတ်သည်မို့ ပိုမို၍ အလေ့အကျင့်ရစေရန် သင်ကြားပေးသည်။ အင်္ဂလိပ်စာကိုလည်း သင်ပေးသည်။

ကျွန်တော့်မှာ ပုဒ်မ(၅)အကျဉ်းသား ဖြစ်သည့်အတိုင်း မောင်စိန်ဝင်းနှင့် မောင်တင်ဝင်းတို့ညီအစ်ကိုထောင်ကျရက်စေ့၍ လွတ်သွားကြသော်လည်း ကျွန်တော် မလွတ်ပါ။ ဆက်၍ကျန်ရစ်ခဲ့ရသည်။ မောင်စိန်ဝင်းသည် လွတ်ပြီး တစ်လခန့်အကြာတွင် ကျွန်တော့်အား ထောင်ဝင်စာလာတွေ့သည်။ သူ့လက်ထဲတွင် ခေါက်ဆွဲကြော် နှစ်ထုပ် တရုတ်မုန့်တစ်ထုပ်နှင့် စီးကရက် ၁၀ လိပ်ဘူး တစ်ဘူး။

"ဟောဒီ ခေါက်ဆွဲတစ်ထုပ်က ဦးလေးကိုတင်အောင်ဖို့"ဟု ဆိုပါသည်။ ကျွန်တော်နှင့်အတူ ထောင်ကျနေသော ဗန်းမော်တင်အောင်ကို ဆိုလိုခြင်းဖြစ်ပါသည်။

"မင်းကွာ. . .အလကား ယူလာတယ်"

"အစ်ကိုတို့ စားရအောင်လို့ပါ"ဟု သူက ပြန်ပြောသည်။

"မင်း ပျောက်လှချည်လား။ ကောင်းကောင်းနေနော်"ဟု ကျွန်တော်က ပြောသောအခါ၌ သူသည် ပြုံးဖြီးဖြီးလုပ်နေ၏။

"ကျွန်တော် ကောင်းကောင်းနေပါတယ် အစ်ကိုရ။ မိန်းမတောင် ရနေပြီ"

"ဟေ. . .ဟုတ်လား။ ဆိုစမ်းပါဦး ဘယ်က မိန်းကလေးလဲ၊ ဘယ်လောက် ကြာပြီလဲ မိန်းမရတာ"

ကျွန်တော့်အမေးကို ချက်ချင်းမဖြေသေးဘဲ တမံတလင်းပေါ်သို့ မျက်လွှာ



ချထား၏။

"လွတ်သွားသွားခြင်းပဲ။ သူက ဆေးလိပ်ခုံမှာ ဆေးလိပ်လိပ်တယ်။ ကျွန်တော် တစ်ခါလောက် ခေါ်လာဦးမယ်လေ"ဟု ပြောကာ ပြန်သွားပါသည်။ ကျွန်တော့်စိတ်တွင်းကမူ မေးခွန်းများစွာကို မေးနေမိ၏။ ဘယ်လိုရတာလဲ၊ ဘယ်က မိန်းမလဲ။ အခု ဒီကောင်ဘာများ လုပ်ကိုင်စားသောက်နေသလဲ။

ကျွန်တော့်မှာ မောင်စိန်ဝင်းအတွက် စိတ်အေးရတော့မည်ဟု တွေးနေဆဲ ကျွန်တော့်အား ထောင်ဝင်စာလာတွေ့သွားပြီး ၁၅ ရက်ခန့်အကြာတွင် မောင်စိန်ဝင်း တစ်ယောက် ဖောက်ထွင်းမှုနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ထောင်ထဲသို့ ပြန်ရောက်လာပါတော့သည်။ ထုံးစံအတိုင်း သူ့အား ကျွန်တော် ဆူပူခြင်း မလုပ်တော့ပါ။ သူ့ဘဝကို ဘယ်ပုံဘယ်နည်းနှင့် အသက်မွေးရမည်နည်းဟူသော ပြဿနာမှာ ကျွန်တော့်ထက် ပို၍ သူက သိရှိမည် ဖြစ်ပါသည်။

"ကျွန်တော် လွတ်သွားပြီး တာမွေအိုးစုတက်က သူငယ်ချင်းတစ်ယောက်နဲ့သွားနေတယ်။ ကျွန်တော်က မနက် ၉ နာရီလောက်ဆိုရင် ဗိုင်တွေဘာတွေပိုက်ပြီး ခပ်တည်တည်နဲ့ ရုံးတက်သလိုလုပ်တာပဲ။ ပြီးမှ ဗိုင်ကို တစ်နေရာထားပြီး လွယ်လွယ်ရတဲ့ဆိုင်လေး၊ အိမ်လေးလိုက်ဖောက်ရတာ အစ်ကိုရ။ အဲဒါ ဒီကောင်မလေးနဲ့ ဘတ်စ်ကားမှတ်တိုင်မှာ သွားသွားတွေ့တယ်။ သူကလည်း ကျွန်တော့်ကို တကယ် ရုံးကစာရေးစာချီလို့ အောက်မေ့တယ်နဲ့တူပါတယ်။ မျက်မှန်းတန်းမိပြီး ကြိုက်တာနဲ့ ယူလိုက်ကြတာဘဲ။ အဲဒါ ကျွန်တော်က ပုလိပ်ရုံးမှာ စာရေးလုပ်တယ်လို့ ပြောထားပြီး မနက်ရုံးတက်ချိန်ဆို ဗိုင်ကိုင်ပြီး ထွက်သွားတာ။ နေ့ခင်းဘက်တွေမှာ ကိုယ့်အလုပ် ကိုယ်လုပ်၊ ရတာကလေး ရောင်းချထုခွဲပြီး ညနေကျဗိုင်ကိုင်ပြီး အိမ်ပြန်လာတာပဲ။ အခုအမှုကတော့ ကုန်ဈေးတန်းနားက ပိတ်ထားတဲ့ ကုလားတိုက် ဆိုင်တစ်ဆိုင်ဝင်ပြီး အထည်လိပ်တွေယူတာ အစ်ကိုရဲ့ မိသွားတယ်"

"နို့ မင်းမိန်းမ သိပလား"

"သိသွားပြီပေါ့။ ကျွန်တော်က ပုလိပ်ရုံးကို လိုက်ခဲ့ပါလို့ မှာလိုက်တယ်။ သူ လိုက်လာတော့ ကျွန်တော် ဝက်ခြံထဲရောက်နေပြီလေ။ ဖောက်ထွင်းမှုဆိုတာလည်း သိရော ငိုတော့တာပဲ အစ်ကိုရဲ့"

ကျွန်တော့်ရင်တွင်း၌ နင့်ခနဲ ဖြစ်သွားမိသည်။ ဆန်းပြားလွန်းသော

ဖြစ်သလို စွန့်စားနေသော မောင်စိန်ဝင်း၏ ဘဝအတွက်သာ ဖြစ်ပါလိမ့်မည်။

''အခုတော့ ကျွန်တော် ရုံးစာရေးမဟုတ်မှုးဆိုတာ သူ သိသွားပြီလေ။ ဘယ့်နှယ့်လုပ်မလဲ။ သိလည်း သိပေါ့''

ထိုအမှုအတွက် မောင်စိန်ဝင်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ လ ကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ သူသည် ကျွန်တော်တို့ ရိပ်သာသို့ ပြန်ရောက်ခဲ့ရပြန်လေပြီ။

(၃)

ကျွန်တော့်ထက်အရင်-သူ လွတ်သွားပြန်သည်။ ကျွန်တော်လည်း ထောင်မှ လွတ်လာပါပြီ။ သို့သော် မောင်စိန်ဝင်းကို မတွေ့ရတော့ပါ။

မောင်တင်ဝင်းကမူ ကျွန်တော် လွတ်လာသည်ကို သတင်းစာထဲတွင် တွေ့ရသည့်အတွက်ဟုဆိုကာ အိမ်သို့လာသည်။ ယခုသူ ကုမ္ပဏီတစ်ခုတွင် ကားမောင်းနေသည်။ လခ ၁၁၀ ရသည်။ နေစရာ အခန်းရသည်။ အေးအေးချမ်းချမ်း ရှိသည်ဟုဆိုပါသည်။

''မင်းအစ်ကိုတစ်ယောက်ရော ဘယ်ရောက်ပြီး ဘာများလုပ်ကိုင် စားသောက်နေသလဲ''

မောင်တင်ဝင်း၏မျက်နှာမှာ ညှိုးကျသွားလေသည်။ သူ့အစ်ကို၏ မိုက်မဲမှုကို မကျေနပ်သောကြောင့်လား။ သူ့အစ်ကို ကျူးလွန်နေသည့် အမှုများအားရှက်သောကြောင့်လား ဘာအကြောင်းကြောင့် ဟူ၍ကား မသိ။ မျက်နှာမကောင်း။

''ထောင်က နောက်တစ်ခေါက်ပြန်လွတ်လာကတည်းက မတွေ့တော့ဘူး အစ်ကို။ သူ လွတ်လာရင် နေနိုင်အောင်ဆိုပြီး ကျွန်တော်ရတဲ့ အခန်းကလေးကိုတောင် ရှင်းလင်းထားတယ်။ သူက ကောင်းကောင်းစား ကောင်းကောင်းဝတ်တာမို့ ဝယ်ချင်တာရှိရင် ဝယ်ရအောင်ဆိုပြီး ပိုက်ဆံလေးဘာလေးတောင် စုထားသေးတယ်''

မောင်တင်ဝင်း၏အသံမှာ ပိုမိုကြေကွဲ ဝမ်းနည်းလာဟန်တူသည်။ တဖြည်းဖြည်း တိမ်ကျသွားလေ၏။

''ဒါပေမဲ့ လွတ်လာတယ်သာကြားတယ် မတွေ့သေးဘူး။ သူ ရှိတတ်



တဲ့နေရာတွေ ကျွန်တော် လိုက်ရှာသေးတယ် ဘယ်မှာမှ ရှာမရဘူး''ဟု မောင်တင်ဝင်းက ညှိုးညှိုး ငယ်ငယ်နှင့် ကျွန်တော့်အား ပြောပြပါသည်။

မောင်တင်ဝင်း ပြောသွားသော စကားတွေက ယခုအထိ ကျွန်တော့်အတွက် သွေးသားတစ်စုံတစ်ရာ မတော်စပ်စေကာမူ ကြီးမားလှသည့် သံယောဇဉ်ကြိုးဖြင့် ချည်နှောင်လျက်ရှိ၏။ သင်းကလေးတို့ နေရေး စားရေး ဘယ်လိုနေကြ၊ ဘယ်လို ရှိကြသနည်းဟု သိချင်၏။ သင်းကလေးတို့နှစ်ယောက်၏ နှစ်ခုသောလောကနှင့် နှစ်ခုသော ဘဝက်ကြမ္မာသည် အေးရိပ်သာယာ ကမ်းသောင်ရိပ်ဆီသို့ တွန်းပို့နေလေပြီလော၊ လောကစံလှိုင်း ကံမုန်တိုင်းတို့၏အကြားတွင် အလူးအလိမ့် ရုန်းကန် ကူးခတ်နေရဆဲလော။ ကျွန်တော် မသိပါ။

ယခု ၁၉၆၄ ခုနှစ်အထိ ၉ နှစ်နီးပါး ရှိလာပေပြီ။ မောင်စိန်ဝင်းတစ်ယောက်ကိုမူ ကျွန်တော် မတွေ့ရတော့ပါ။

**မြဝတီ**
**ဖေဖော်ဝါရီ၊ ၁၉၆၄**

# အရွယ်နုပေမဲ့

## (၁)

မကွေးမှ ပြည်သို့ ထွက်ခွာမည့်စာပို့ကားပေါ်တွင် နေရာယူလိုက်မိသည်နှင့် တစ်ပြိုင်နက် ကားသည်လည်း ရှေ့မြန်သောအဟုန်ဖြင့် မကွေးမြို့တွင်းမှ ထွက်ခဲ့ပြလေသည်။

ကျွန်တော်သည် မကွေးမြို့၏ ခြောက်သွေ့သော မြို့တွင်းရှုခင်းများ တိုက်တာအိမ်ရာများနှင့် လှုပ်ရှားသွားလာနေကြသည့် လူသတ္တဝါများအား ငေးမော ကြည့်ရှုရင်း အရှိန်ပြင်းစွာ မောင်းထွက်လာနေသော ကားတွင်းမှ ကျွန်တော်ကဲ့သို့ လိုက်ပါလာကြသည့် ခရီးသည်များအား တစေ့တစောင်း အကဲခတ်မိလိုက်ပါသည်။

ကျွန်တော် အပါအဝင် ခရီးသည်စုစုပေါင်း ၁၀ ဦးခန့်မျှသာရှိပြီး တစ်ယောက်နှင့်တစ်ယောက် စကားစမြည်ပြောဆိုခြင်းလည်း မရှိသည့်အတွက် အတန်ငယ် ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းနေလေသည်။ အထူးသဖြင့် ပူအိုက်သော နေရှိန်သည် ကားအတွင်းသို့ လေနှင့်အတူ တိုးဝင်လျက်ရှိရုံမျှမက နံဘေးတစ်ဖက် တစ်ချက်တို့၌ တွေ့မြင်ရသည့် ပူလောင်ခြောက်သွေ့သော ရှုခင်းများကြောင့်လည်း ဤခရီးမှာ ပိုလို့သာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေလေ၏။ ကားလမ်းမှာ ကတ္တရာခင်း လမ်းဖြစ်သော်လည်း မြေလတ်ဒေသဓလေ့အတိုင်း ဖုန်မှုန့်များဖြင့် ရောပြွမ်းလျက် ရှိသဖြင့် ကားပြေးရာနောက်ပိုင်းတွင် ဖုန်မှုန့်များသာ တထောင်းထောင်းထ၍ ဝဲပျံ ကျန်ရစ်နေလေ၏။

ကားမှာ ခရီးသည်တင် အလတ်စားကားဖြစ်လျက် ဒီဇယ်စက်တပ်ထား သဖြင့် အဆွဲမြန်လှသည်။ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်များနှင့် ကွင်းပြင်



များ။ တဲကလေးများမှာ တရိပ်ရိပ်နှင့် နောက်ကာလည်ကာ ကျန်ရစ်နေလေသည်။ ကားဆိုလျှင် မြန်မြန်မောင်းမှကြိုက်သော ကျွန်တော်သည် ပြည်သို့ ညနေ ၅ နာရီလောက်တွင် ရောက်မည်ဟုဆိုသော ကားစပယ်ယာ၏စကားကို ကြားရသည့် အတွက် ကြည်နူးနေမိ၏။ သို့သော် စကားပြောဖော်မပါ။ အသိအကျွမ်းမပါသည့် အတွက်လည်း ပျင်းရိခြောက်ကပ်နေမိပြန်သည်။

ကျွန်တော်၏ လက်ယာဘက်နံဘေးရှိ နှစ်ယောက်တန်းထိုင်ခုံတွင် ဇနီး မောင်နှံနှစ်ဦးရှိသည်။ သူတို့သည် ရွှေစက်တော်ဘုရားပွဲမှ ပြန်လာကြဟန်တူ၏။ မိန်းကလေးရော ယောက်ျားပါနေကာ မျက်မှတ်ထူကြီးများကို တပ်ထားကြပြီး တစ်ယောက်နှင့် တစ်ယောက် ပူးကပ်စွာ ထိုင်လျက်ရှိကြသည်။ သူတို့အရှေ့ ခုံတန်း တွင်ကား အသက်အရွယ်အားဖြင့် ၇၀ ကျော်ခန့်ရှိမည့် အဘိုးအိုတစ်ဦးနှင့် အမယ်အို တစ်ဦး လိုက်ပါလာပြီး ရှေ့ဆုံးတန်းတွင် အမယ်အိုတစ်ဦး၊ အသက် ၃၀ ခန့်ရှိ မိန်းမတစ်ဦးနှင့် ၉ နှစ်အရွယ်ခန့်ရှိ မိန်းကလေးတစ်ဦးတို့ လိုက်ပါလာကြသည်။

ကျွန်တော်နှင့် တစ်ခုံတည်းတွင် အသက်အရွယ်အားဖြင့် ၄၀ ဝန်းကျင်ရှိ လူတစ်ဦးပါလာပြီး ကျွန်တော်တို့ ရှေ့ခုံတန်း၌ကား ၁၅ နှစ်၊ ၁၆ နှစ်ခန့်သာ ရှိဦး မည့် မိန်းကလေးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက် လိုက်ပါလာကြသည်။ ဤသည်ကား ကားအတွင်းရှိ စုစုပေါင်းခရီးသည်များသာတည်း။

ကားနောက်ပိုင်းတွင် ပါလာသော စပယ်ယာနှင့် ၎င်း၏ အဖော်ဖြစ်ဟန် တူသော လူရွယ်တစ်ဦးတို့သာလျှင် ကျယ်ကျယ်လောင်လောင် စကားစမြည် ပြောဆို ကြသည်မှအပ အခြားသော ခရီးသည်များမှာမူကား တစ်ဦးနှင့်တစ်ဦး စကားစမြည် ပြောဆိုခြင်းပင် မရှိကြချေ။ ပူပြင်းသော နေရောင်အောက်တွင် ဆုံးသည်ဟူ၍ မရှိဟု ထင်ရလောက်အောင် ရှည်လျားလှသော ကတ္တရာလမ်းအတိုင်း ကားသည် စက်ကုန်ဖွင့်မောင်းနေလေရာ ကားစက်သံ၊ အရှိန်နှင့် တိုးဝင်နေသောလေသံ၊ ကားနောက်ပိုင်းမှ ဝေ့၍ထွက်လာသော စပယ်ယာ၏အသံတို့သာလျှင် ပတ်ဝန်းကျင် တစ်ခုလုံးကို ဖုံးလွှမ်းလျက်ရှိလေ၏။

နေ့လယ် တစ်နာရီထိုးခါနီးတွင် တောင်တွင်းကြီးသို့ ရောက်လာသည်။ ထုံးစံအတိုင်းပင် ဈေးထောင့်တွင် ကားရပ်ပြီးနောက် ရေထည့် လူခေါ် ထမင်းစားနှင့် တစ်နာရီခန့် ရပ်နားနေလေသည်။

''အစ်ကိုကြီး ခဏကလေးနော်''

ပူပြင်းသောနေကို ကြောက်သဖြင့် ကားပေါ်မှမဆင်းဘဲ ငေးငိုင်ရင်း ထိုင်နေမိသော ဆန့်တန်းထားသည့် ခြေနှစ်ဖက်ကို ဖယ်ပေးလိုက်မိပါသည်။

အသံရှင်မှာ ကျွန်တော့်ရှေ့မှ လိုက်ပါလာသည့် ခရီးသည်မိန်းကလေး ဖြစ်သည်။

ယခုမှပင် ရုပ်ရည်ကို ကျွန်တော် စိတ်ဝင်စားစွာ ကြည့်မိပါသည်။ အသား ဖြူလွန်းသဖြင့် နေနှင့်လေ၏ အတွေ့အထိကြောင့် သူ့ပါးစုံနှစ်ဖက်မှာ ရဲရဲနီနေသည်။ ဆံပင်ကို ကျစ်ဆံမြီးနှစ်ခုကျစ်၍ လိမ်ထုံးထားသည်။ နိုင်လွန်အကျီ အဖြူရောင် အောက်တွင် ရဲရဲနီသော အရောင်ရှိသည့် ဇာဘော်လီ ခံဝတ်ထားသည်။ စကားပြော သောအခါ အသံဝဲနေသည့်အတွက် ကရင်စပ်ဖြစ်ဟန်တူသည်ဟု ကျွန်တော် ကောက်ချက်ချမိပါသည်။

''ကြွကြီးတွေ ကောင်းလိုက်တာ လေးချောင်းမှ တစ်မတ်ထဲပေးရတာယ်။ အစ်ကိုကြီး ဝယ်ဦးမလား''

''ဟင့်အင်း. . .ကျွန်တော် မဝယ်တော့ပါဘူး။ ကျေးဇူးတင်ပါတယ်''

ထိုမိန်းကလေးသည် ကြွချောင်းလေးချောင်းပါသော အစည်းကို သူ့ရှေ့နားတွင် ချထားလိုက်ပြီးနောက် မျက်နှာသုတ်ပုဝါအဖြူဖြင့် နဖူးပြင်နှင့် ဂုတ်ပိုးတွင် သီးစက်နေသော ချွေးစက်ချွေးပေါက်များအား သုတ်နေလေ၏။

''ဘယ်နှနာရီ ထိုးပလဲ''

သူ့အမေးကား ရဲတင်းပေ၏။ မေးပုံမြန်းပုံမှာ ကားပေါ်တွင် လာတွေ့ကြ သော လုံးဝမသိကြသေးသည့် သူစိမ်းပြင်ပြင်လူတစ်ဦးကို မေးပုံမျိုးမဟုတ်ဘဲ မျက်နှာသိ ခင်မင်ကျွမ်းဝင်သူချင်း မေးပုံဖြစ်နေသဖြင့် ကျွန်တော့်မှာ ခပ်အမ်းအမ်း ဖြစ်နေမိသည်။

''တစ်နာရီ ခွဲပြီးပြီ''

ကျွန်တော် ပြန်ဖြေသည်ကို ကြားသလား မကြားသလား မသိ။ အဆိုပါ မိန်းကလေးမှာမူကား လမ်းမနှင့် ဈေးဘက်ဆီသို့သာ လည်တဆန့်ဆန့် ကြည့်နေ၏။ အတန်ငယ်လည်း ဂဏာမငြိမ်ဖြစ်နေ၏။

''ခက်တော့တာပဲ။ ဒေါ်လေးကလည်း ဘာဖြစ်လို့ကြာနေတာလဲ



မသိပါဘူး''

သူ့ကိုကြည့်ကာ ကျွန်တော့်မှာ ဦးနှောက်ရှုပ်လာသည်။ ဒေါ်လေးဆိုသူမှာ စောစောက သူနှင့်အတူ ထိုင်လာသော အသက် ၄၀ ခန့်ရှိ မျက်စိတစ်ဖက်လပ်နှင့် မိန်းမဖြစ်ဟန်တူသည်။

''ဒီ တောင်တွင်းကြီးကျမှပဲ ကားက ရပ်ထားလိုက်တာ သေချင်ရော''

ခက်ချေ၏။ ထိုမိန်းကလေးတစ်ယောက် ဘာတွေပြော၍ ဘာတွေ အရေး ကြီးနေသည် ကျွန်တော် မသိ။ သူတို့သည် တောင်တွင်းကြီးကလား။ သို့မဟုတ် မကွေးကလား။ သို့မှမဟုတ်သေးလျှင် ရေနံချောင်းကလား ကျွန်တော် မသိ။ အဘယ့် ကြောင့် ရေးကြီးသုတ်ပျာ ဂဏာမငြိမ် ဖြစ်နေရသည်ကိုလည်း ကျွန်တော် မသိ။ ဤသို့အားဖြင့် ကျွန်တော်သည် ကိုယ်မသိသော မေးခွန်းပုစ္ဆာတွေကို ဆင့်ကာဆင့်ကာ အလိုအလျောက် ထုတ်မိလျက်သား ဖြစ်နေလေသည်။ ထိုအခိုက်မှာပင် စောစောက ခေတ္တခဏဆင်းသွားကြသည့် ခရီးသည်များ ပြန်တက်လာကြသည့်အတွက် ကျွန်တော့်မှာ စိတ်သက်သာရာ ရလာသည်။

ကားထွက်တော့မည့် ဆဲဆဲမှာပင် အဆိုပါ မိန်းကလေး၏အဒေါ်ဆိုသူ ကမန်းကတန်း ရောက်လာသည်။ ကားထွက်သည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ယောက် သည် တတွတ်တွတ်နှင့် မရပ်မနား ပြောလာကြသည်။ မည်သည့်အကြောင်းအရာ တွေ ပြောနေသည်ကိုမူ ကျွန်တော် မသိပါ။ သိရန်လည်း မကြိုးစားပါ။

ကားသည် လေးကြိုးမှထွက်လာသော မြှားတံကဲ့သို့ တစ်ဟုန်ထိုး ပြေးထွက် လာလေပြီ။

(၂)

''ခက်တော့တာပဲ ဟိုမှာ တားနေပြီ''

စောစောက မိန်းကလေး၏အသံကို ကြားရသဖြင့် ကျွန်တော်သည် လမ်းဘေးသို့ငေးနေရာမှ ရှေ့တူရှုသို့ လှမ်းကြည့်လိုက်မိပါသည်။ ရဲယူနီဖောင်း ဝတ်ထားသူနှစ်ဦးက ကားကိုရပ်ရန် ဆီးကြိုတားထားကြသည်ကို တွေ့ရသည်။ ထိုနေရာမှာ တောင်တွင်းကြီးမြို့မှ ထွက်မိရုံမျှသာရှိသေးသဖြင့် တောင်တွင်းကြီးမြို့စွန် ဟု ဆိုနိုင်ပါလိမ့်မည်။ ကားသည် ရဲများတားသည့်နေရာတွင် ရပ်ပေးလိုက်၏။

သို့ကလို ကားရပ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရဲသားငယ်တစ်ဦးသည် ဝါးကိုင်းကလေးတစ်ခုကို လက်မှကိုင်လျက် ကားစက်ခေါင်းဘက်ဆီမှ ကားနံဘေးဆီသို့ လှည့်၍လျှောက်လာသည်။ သူ့ညာဘက်ပခုံးတွင်လည်း ရိုင်ဖယ်တစ်လက်ကို လွယ်ထား၏။

''ဆီပါသလားလို့ ရှာတာနဲ့တူတယ်''ဟု ကျွန်တော့်နောက်နားမှ ခရီးသည် လူကြီးတစ်ဦးက မှတ်ချက်ချသံ ကြားရသည်။ ဆီရှားချိန်ဖြစ်သည့်အတွက် ဆီကို မသမာသောနည်းလမ်းဖြင့် ရောင်းဝယ်ရွှေ့ပြောင်းကြမည် စိုးသဖြင့် မြေလတ်ပိုင်း ဒေသ မြို့အသီးသီးတွင် ကားများကို စနစ်တကျ ရှာဖွေနေခြင်းကြောင့် သူ့မှတ်ချက်မှာ မှန်ဖွယ်ရာရှိသည်ဟု တွေးမိပါသည်။

သို့သော် ထိုရဲသားငယ်သည် ကားနံဘေးမှနေ၍ ကျွန်တော့်ရှေ့ရှိ အထက်ပါခရီးသည် မိန်းကလေးကို သေသေချာချာ စူးစိုက်ကြည့်ရှုလိုက်ပြီးနောက်. . .

''လာခဲ့ ခင်ဗျား အောက်ကိုဆင်းခဲ့''ဟု ခေါ်လေသည်။

ထိုအခါ၌ ယင်းခရီးသည် မိန်းကလေးနှင့် သူ၏ အဒေါ်ဖြစ်သည်ဆိုသော မိန်းမတို့မှာ တုန်ယင်လှုပ်ရှားလျက် ဂဏာမငြိမ်ဖြစ်နေသည်ကို ကျွန်တော် သတိပြုမိပါသည်။ သူတို့သည် ဝိသမလောဘဖက်၍ စီးပွားရှာနေသူများလော။ သို့တည်းမဟုတ် သူပုန် အစွယ်တော်များလော စသည်ဖြင့် အလျင်စလို တွေးဆနေမိပါသည်။

''ဒုက္ခပါပဲ။ ကျွန်မကို ခေါ်နေပြီ။ ဘာကိစ္စမှန်းလည်း မသိဘူး''

ခရီးသည် မိန်းကလေး၏အသံမှာ တုန်ယင်လျက်ရှိသည်။ တစ်စုံတစ်ရာကို ထိတ်လန့်စိုးရိမ်နေသော မျက်နှာသွင်ပြင်ကိုလည်း တွေ့ရသည်။ အဆိုပါမိန်းကလေးက အထက်ပါအတိုင်း ပြောပြောဆိုဆိုနှင့် ကားအောက်သို့ ဆင်းသွားပါသည်။

ထိုမိန်းကလေးကို ရဲသားငယ်က ကားနှင့်ဝါးတစ်ရိုက်ခန့်အကွာ သစ်ပင်ရိပ်တွင် စားပွဲခုံတစ်လုံးချကာ စခန်းဖွင့်ထားဟန်တူသော ရဲများဆီသို့ ခေါ်ဆောင်သွားလေ၏။ သူတို့သည် သစ်ပင်ရိပ်အောက်တွင် ခြေပြလက်ပြ ခေါင်းတညိတ်ညိတ် လက်ညှိုးတထိုးထိုးဖြင့် စကားပြောနေကြသည်ကို ကားပေါ်မှ ခရီးသည်များက လှမ်းမြင်ကြရသည်။

ခေတ္တအကြာတွင် စောစောက ရဲသားငယ်ပင်လျှင် ကားဆီသို့ ပြန်လာပြီးနောက် ကျွန်တော့်ရှေ့မှ ခရီးသည်မိန်းမကို ခေါ်သွားပြန်လေသည်။



''နေ ပူရတဲ့အထဲမှာ ခရီးနှောင့်နှေးတာ အကြောင်းမဟုတ်ပါဘူး။ နေပူတာနဲ့ သေရချည့်''ဟု ခရီးသည်တစ်ဦး၏ မတိုးမကျယ် ညည်းတွားသံ ကြားရသည်။

''သူတို့တာသာသူတို့ ရှုပ်လို့ရှင်းချင်ရင်လည်း ခေါ်ထားလိုက်ဗျာ။ ကျုပ်တို့က စာပို့ကားဗျ ပြည်ကို ဒီညရထားအမှီ စာပို့ရမှာ။ အစိုးရစာတွေ နောက်ကျနေရင် ကျုပ်တို့ တာဝန်မရှိဘူး''

ကားမောင်းသူကလည်း ရဲသားများဆီသို့ အော်ပြောလေသည်။ ရဲသားများရှိရာ သစ်ပင်ရိပ်ဆီသို့ လှမ်းကြည့်လိုက်သောအခါ ရဲသားများနှင့် စောစောက မိန်းမနှစ်ယောက်တို့သည် တစ်စုံတစ်ခုသော ကိစ္စနှင့် ပတ်သက်၍ အချီအချ အကြိတ်အနယ် စကားပြောနေကြသည်ကို တွေ့ရသည်။

''ဟုတ်တယ်ကွ။ မင်းတို့ပြဿနာရှင်းချင်ရင် သူတို့နှစ်ယောက်ကို ခေါ်ထားလိုက်။ ကားကို လွှတ်လိုက်ကွာ။ အစိုးရစာတွေနဲ့ ကားနောက်ကျနေရင် တို့အပြစ်ဖြစ်နေဦးမယ်''

ရဲသားများအနက် ခေါင်းဆောင်နှင့်တူသော ရဲသားက အော်ပြောလိုက်လေသည်။

ထိုနောက် သူတို့သည် ခေါင်းချင်းတိုက်လုခမန်း တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာဖြင့် စကားပြောဆို နေကြပြန်သည်။ ကားရော ခရီးသည်များပါ နေပူခံနေကြရဆဲ။

''ဒီကိစ္စက တို့နဲ့ဆိုင်တာမှ မဟုတ်ဘဲ။ လွှတ်လိုက်ကွာ။ သူတို့တာသာ သွားပစေ''

အဆိုပါ ရဲသားကပင် ကျယ်ကျယ်လောင်လောင် ပြောဆိုလေသည်။ စိတ်တိုနေဟန်လည်းတူသည်။ သို့နှင့်ပင် ထိုမိန်းမနှစ်ဦးမှာ ကားပေါ်သို့ ပြန်တက်လာကြသည်။ ကားမှာလည်း ခရီးဆက်၍ ထွက်လေ၏။ စောစောက မည်ကဲ့သို့ ပြဿနာပေါ်လာခဲ့သည်ကိုမူ ကျွန်တော် မသိရသေးပါ။

ကားသည် ဒေါသမာန်မာန ခက်ထန်နေသူပမာ စက်နှိုး၍ထွက်လိုက်သည့် အချိန်မှ အစပြုလျက် လမ်းတစ်လျှောက်လုံး အပြင်းမောင်းနှင်လာလေသည်။

ပြည်သို့ အချိန်ကောင်းရောက်လိုကြသော ခရီးသည်တွေမှာ ယခုမှပင် မျက်နှာများ ရွှင်ပြပြ ဖြစ်လာကြသည်။ လိုရာခရီးသွားနိုင်ပြီ ဖြစ်သည့်အတွက်

စိတ်ချမ်းသာသွားကြဟန်လည်း တူလေသည်။

နေရောင်မှာမူ လမ်းဘေးတစ်ဖက်တစ်ချက်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ဝါးမျိုးတော့မန်း ပူပြင်းတောက်လောင်နေဆဲပင်တည်း။

(၃)

"သိပ်လှပါးဝတဲ့ အကောင်တွေ"

ဒေါ်သတကြီးနှင့် ပြောလိုက်သော စကားသံသည် ပြင်းထန်စွာ တိုးဝှေ့၍ ဝင်နေသည့် လေအကြားမှ ပေါ်ထွက်လာလေရာ ထိုစကားသံလာရာ မိန်းကလေး ဘက်ဆီသို့ ကျွန်တော့်အာရုံ ရောက်သွားပါပြီ။

သူ့ပခုံးသည် နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။ ပျိုမျစ်နုနယ်သော အရွယ်ပေမို့ မို့မောက်လျက်ရှိသော ရင်သားအစုံမှာ ကားဆောင့်တိုင်း တုန်လှုပ်ခုန်ပျံလျက် ရှိလေ၏။ အဆိုပါ ခရီးသည်မိန်းကလေးသည် စောစောက ရဲသားများကို ရည်ညွှန်း၍ ပြောဟန်တူလေသည်။

"ဘာရမလဲ လူကို ဒီလိုလုပ်လို့ မနက်ဖြန် ပြည်ကပြန်မှ ဝင်ပြီး အကြောင်း ပြလိုက်ဦးမယ်"

"သိပ်လည်း ဒေါ်သကြီးမနေစမ်းပါနဲ့ အနုရဲ့။ ငါ့စိတ်တွေတောင် တုန်ကုန်ပြီ။ ညည်းက ဒီလောက် ဒေါ်သတကြီးဖြစ်နေတော့"

နံဘေးမှ မိန်းမကြီးက လေသံတိုးတိုးဖြင့် ပြောသည်။ ထိုအခါကျမှပင် ကျွန်တော်သည် ယင်းခရီးသည်မိန်းကလေး၏ နာမည်မှာ အနုဖြစ်ကြောင်း သိရ လေသည်။

"ဒေါ်လေးက ဘယ်ဒေါ်သဖြစ်မလဲ။ ကျွန်မကတော့ ဖြစ်တယ်။ မိနု အကြောင်းတော့ ပြလိုက်ဦးမှာပဲ။ ဒီကောင်က မဟုတ်တန်းတရား လုပ်တာကို ဒီရဲတွေကပါ ဝိုင်းကူနေတာတော့ အပြန်ကျမှ ဌာနအုပ်ကို တက်တိုင်လိုက်ဦးမယ်"

အနု၏အဒေါ်သည် ငြိမ်နေ၏။ လမ်းကလည်း အတန်ငယ် ကြမ်းလာ သဖြင့် ကားမှာ ပိုလို့သာ ခုန်သော်လည်း အရှိန်ကိုမူ မလျော့။ ပြည်ကို ညနေ ၅ နာရီခန့်ဝင်မည်ဟု ခရီးသည်တွေကို သူတို့ပြောထားသည် မဟုတ်လော။

"ဘာဖြစ်တာလဲ စောစောတုန်းက"



ရှေ့တန်းမှ ပါလာသော ခရီးသည်မိန်းမတစ်ဦးက မနေနိုင်တော့သည့် အလား လှမ်း၍ မေးမြန်းစုံစမ်းလေ၏။

"အို. . .အလကား ကောင်တွေပါ"ဟု အနုက ဖြေပြီး ခါးကို အတန်ငယ် ရှိုလျက် လက်နှစ်ဖက်ဖြင့် လက်ယာဘက် ဝမ်းဗိုက်နားဆီသို့ စမ်းသလို လုပ်နေပြန် သည်။ လက်ဝဲဘက်သို့ ခါးကိုရှို့ထားသဖြင့် သူ၏ဇာဘော်လီမှာအထင်းသားကြီး ပေါ်နေလေ၏။ အနုက သူ၏လက်များကို ထုတ်လိုက်သည့်အခါတွင် အသွား ၄ လက်မခန့်ရှိသော မောင်းချခါးကြီးတစ်ချောင်း ပါလာလေသည်။

"ခရီးသည်တွေကို သိပ်အားနာဖို့ကောင်းတာပဲ။ ဖြစ်ပုံကတော့ ရယ်စရာ ပါရှင်"

အနု အမည်ရှိ အဆိုပါ ခရီးသည် မိန်းကလေး၏ အပြောအဆိုနှင့် အမူအရာ၊ လုပ်ပုံကိုင်ပုံ၊ လှုပ်ရှားပုံအားလုံးကို ကျွန်တော်သည် တစေ့တစောင်း အာရုံစူးစိုက် ကြည့်နေမိလိုက်ပါသည်။ အနုသည် ခြေထောက်အောက်တွင် ချထား သော ကြိုစည်းကြီးမှ ကြိုးကို ဓားနှင့်ဖြတ်လိုက်ပြီးနောက် ကြိုတစ်ချောင်းကို တစ်ဝက်ဖြတ်ယူလိုက်ကာ ကျင်လည်စွာ အခွံခွာလျက် ရှိလေသည်။ လမ်းကလည်း ကတ္တရာခင်းလမ်းဖြစ်စေကာမူ ပို၍သာ ကြမ်းလာ၏။ လမ်းကြမ်းရသည့်အထဲ ကားကပါ အပြင်းမောင်းနှင်နေသဖြင့် ခရီးသည်အားလုံးမှာ ဇကောအတွင်း ထည့်လှို့ခြင်းခံနေရသည့် ဇီးဖြူသီးများပမာ ဆောက်တည်ရာမရ ဖြစ်နေကြရသည်။ သို့ရာတွင် အနုကား ကြိုကိုချောမွေ့စွာ အခွံခွာပြီး သွားလေပြီ။

သူသည် ကြိုကို ကိုက်ဖဲ့လိုက်ပြီးနောက် မောင်းချခါးကြီးကို ပြန်မပိတ် သေးဘဲ သူ့ရှေ့တည့်တည့်ရှိ ကားအမိုးမှ ဖားလျားချထားသော ပတ္တူအကာတွင် ထိုးစိုက်ထားလိုက်လေ၏။

"တောင်တွင်းကြီးမှာ ကျွန်မနဲ့ စေ့စပ်ဘူးတဲ့ ကောင်တစ်ကောင်ရှိတယ် အစ်မကြီးရဲ့။ သူ့ကို မယူနိုင်ဘူးလို့ ကျွန်မက ငြင်းခဲ့တာ။ အဲဒါ အမြဲတမ်း လိုက်ရန်ရှာနေတာပဲ။ အခု တောင်တွင်းကြီးမှာ ကျွန်မတို့ကားရပ်ထားတုန်း ကျွန်မ ကြိုသွားဝယ်တော့ ပက်ပင်းသွားတွေ့နေတယ်။ ဘယ်သွားမလို့လဲတဲ့၊ ပြည်သွားမလို့ ဆိုတော့ မင်းငါ့ကို အခုအထိ ငြင်းတုန်းပဲလားတဲ့။ ကျွန်မက ကြိုက်မှမကြိုက်တာ ဘယ့်နှယ့် လုပ်မလဲလို့ တိုတိုပဲ ပြောခဲ့တယ်"

ပြောပုံဆိုပုံမှာ ရဲတင်းသည်။ နှုတ်သွက်လျှာသွက်ဖြစ်သည်။ မျက်နှာသိ မဟုတ်သော သူစိမ်းခရီးသည်များပါလည်း ဘာမျှမဖြစ်သကဲ့သို့ သူ့အကြောင်းကို တစ်တစ်ခွခွ ပြောနေလေသည်။

''အဲဒါကို ဒီကောင်က စိတ်ဆိုးပြီး မြို့အထွက်က ရဲဂိတ်ကို ဆိုက်ကား သမား နဲ့ လွှတ်အကြောင်းကြားထားတယ်လေ။ ဒီကားပေါ်မှာ ကျွန်မ ပါလာမယ်။ ရှင်းစရာ ရှိတယ်။ ခေါ်ထားလိုက်ပါပေါ့။ ဘယ်ရမလဲ ဟင်း လူကို ဒီလိုစမ်းလို့။ ဟိုတုန်းက ဒီကောင်က ပုလိပ်လေ။ အခုတော့ ပုလိပ်ထဲကထွက်ပြီး ဟိုယောင် ဒီယောင် လုပ်နေတဲ့ ဂျပိုး။ ဒီဂျပိုးကပဲ စွမ်းသလား သိကြဦးမှာပေါ့''

ထိုအခိုက် ပတ္တမြအကာတွင် ထိုးစိုက်ထားသည့် မောင်းချားမှာ ကားခုန် သောအရှိန်ကြောင့် ကြဲစည်းပေါ်သို့ ကျသွားရာ အနုသည် ဓားကိုပြန်ကောက်၍ ပိတ်လိုက်ပြီးနောက် ခွေးခံအကျီကိုထုတ်ကာ ချိတ်နှင့်တွဲ၍ အိတ်တွင်းသို့ ထည့်ထား လိုက်ပြီးမှ ထမီကို ပြင်ဝတ်လေသည်။

''ပြည်ကနေ ပြန်တဲ့အခါကျတော့ တစ်ခါတည်း လူချင်းတွေ့ပြီး ရှင်းပြ လိုက်ရင် ကောင်းမလား။ ပထမ စာနဲ့ရေးပြီး ရှင်းရင်ကောင်းမလားဟင်...ဒေါ်လေး''

မျက်စိတစ်ဖက်လပ်နှင့် ဒေါ်လေးဆိုသူမှာ တစ်စုံတစ်ခုကို တွေဝေစဉ်းစား နေပုံရ၏။ သူ့တူမကိုလည်း လှည့်မကြည့်။

''စာရေးလိုက်ဦးပေါ့ အနုရဲ့''

''စာကို ဘယ်လိုရေးရင် ကောင်းမလဲ''

အနုပါ လေသံပျော့သွားပြန်သည်။ စောစောကလို ခက်ထန်တင်းမာခြင်း မရှိတော့။ မာန်မာနနှင့် ထန့်ပြင်းသောလေသံတို့သည် လေအဟုန်နှင့်အတူ လွင့်ကျန် ရစ်နေလေပြီကော။

''ဟင်...ဒေါ်လေး စာကိုဘယ်လိုရေးရမလဲ''ဟု ထပ်မေးပြန်သည်။ စော စောက ပြောသောသူဆီသို့ ရေးရန်လော။ သို့တည်းမဟုတ် မည်သူ့ထံသို့ ရေးမည့် စာပေနည်း။ ကျွန်တော် မစဉ်းစားတတ်။

ထိုအခိုက် ကားသည် အောင်လံသို့ဝင်လာသည်။ အောင်လံကားဂိတ်တွင် ခေတ္တနားစဉ် သူတို့တူဝရီးသည် တတွတ်တွတ်နှင့်ပင် ကားပေါ်မှ ဆင်းသွားကြပြန် သည်။ ကားဆက်ထွက်ရန် စက်နှိုးမှပင် ပြန်ရောက်လာကြလေသည်။



''ထပ်ပြီး မလိုက်နိုင်အောင် ကိုယ့်ဘက်က အပိုင်လုပ်မှဖြစ်မယ် ဒေါ်လေး ရဲ့။ ဒီလိုရေးမယ်လေ။ ရှင့်ကို ကျွန်မ ငြင်းခဲ့တာဟာ တကယ့်ကို မေတ္တာမရှိလို့ ငြင်းခဲ့တာပါ။ ကျွန်မကို အခုလို လိုက်နှောင့်ယှက်နေတာဟာ မကောင်းပါဘူး။ ကျွန်မဟာ မိကောင်းဖခင်သားသမီးပါ။ ဒီလို ကောင်းကောင်းမွန်မွန် တောင်းပန်လို့မှ မရရင် သက်ဆိုင်ရာကို တိုင်ရပါလိမ့်မယ်လို့''

''ဘာလဲ သက်ဆိုင်ရာဆိုတာက''

''ဂတ်ပေါ့ ဒေါ်လေးရဲ့၊ ဒေါ်လေးကလည်း အ,လိုက်တာ။ ဟား ဟား''

''သိဘူးလေ. . .ညည်းဟာက''

သူတို့တူဝရီးမှာ ဖြိုင်တူလိုလို ရယ်ကြပြန်သည်။ ထိုအခိုက် အနု၏ ကျောဘက်တွင် တင်ထားသော လျှော်စောင်ကလေးမှာ အောက်သို့ ကျလာသည်။ အနုသည် ကျွန်တော် ထိုင်နေသည့်နောက်ဘက်သို့ လှည့်လိုက်ပြီးနောက် ကျွန်တော့် ပေါင်ကို ရဲတင်းသောလက်ဝါးဖြင့်ပုတ်ရင်း. . .

''အစ်ကိုကြီး တဆိတ်လောက်''ဟု ပြောလေ၏။ ကျွန်တော်က လျှော်စောင်ကို ကောက်ပေးလိုက်သောအခါ သူသည် ကျေးဇူးတင်ကြောင်းပင် မပြောဘဲ ရှေ့သို့ ပြန်လှည့်သွားလေ၏။

''မနှစ်က ဒေါ်လေး ကျောက်ပန်းတောင်းသွား အလုပ်လုပ်နေတာ ကျွန်မ ဘယ်လောက် ဒုက္ခရောက်တယ် မှတ်သလဲ။ အမေက လေဖြတ်လို့ စားဖို့သောက်ဖို့ ချေးရောင်းရတာကတစ်မျိုး။ ဒီကောင်က တကောက်ကောက်လိုက်ပြီး ရည်းစား စကားပြောနေတာကတစ်မျိုး။ အဒါနဲ့ ဟောဒီဓားဆောင်ထားတာ။ အကြောင်းကြောင် လုပ်ရင်တော့ အသေကို ထိုးသတ်မယ်''

ကျွန်တော်သည် တစ်ချက်မျှ မသိမသာ ပြုံးလိုက်မိ၏။ ကားကလည်း ပြည်ဘက်သို့ နီးသည်ထက် နီးလာသည်။ ကျနေမို့ ပို၍ပူသည်ထက် ပူလာသည်။ တိုးဝင်နေသော လေမှာ အေးမြခြင်းမရှိဘဲ ရေနွေးငွေ့လို ပူနွေးနေသဖြင့် လေရိုက် သော အရှိန်၊ ပူနွေးသော နေငွေ့တို့ကြောင့် မျက်နှာတစ်ခုလုံး ကျိန်းစပ်စပ်ဖြစ်နေ လေ၏။

''အဖေ လေမဖြတ်ခင်ကတော့ မပူရဘူး ဒေါ်လေးရဲ့။ အခုတော့ ကျွန်မ အလုပ်မလုပ်ရင် ဘယ်လို လုပ်စားမလဲ။ ဒါတောင် ဟိုတစ်ပတ်က ပြည်ကိုဆင်းလိုက်

တာ အမြတ်မထွက်ဘဲ ရှုံးလို့ လူကို သေချင်စော်နံသွားတာပဲ။ ဒီတစ်ခါ ပြန်တက်သွားရင် ဒေါ်လေးနဲ့အတူ ကျောက်ပန်းတောင်းအထိ လိုက်မယ်။ ထန်းလျက်ချကြည့်မယ်။ မဟန်ရင်တော့ ဒေါ်လေးရယ် ချောက်ဘက်သွားပြီး အလုပ်ကလေးဘာလေး ရှာရအောင်နော်''

ပြည်သို့ရောက်သောအခါ ကျွန်တော် အပါအဝင် ခရီးသည်တို့ လူစုခွဲကြရပါတော့သည်။ အနုနှင့် သူ့အဒေါ်လေးတို့သည်လည်း သူတို့ကိစ္စရှိရာ သွားကြပြီးမို့ မတွေ့တော့ပါ။

ကျွန်တော်သည် ရန်ကုန်သို့ ညထွက်မည့်ရထားတွဲပေါ်တက်၍ နေရာယူကာ ထိုင်နေမိရင်း အနု အကြောင်းကို တရေးရေး တွေးနေမိပါသည်။ မကွေးမှနေ၍ နံနက် ၁၁ နာရီခန့်တွင် ထွက်လာသည်မို့ ပြည်အထိ ၆ နာရီကျော်ကျော်မျှသာ ကားပေါ်တွင် ထိုင်လိုက်ခဲ့ရသည်။ ၆ နာရီဟူသော အချိန်ပိုင်းမှာ ရာဇဝင်ကာလ အပိုင်းအခြားနှင့် နှိုင်းယှဉ်သော် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကာလသာ ဖြစ်၏။ သို့သော် ထိုမျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကလေးမှာပင် ကျွန်တော်သည် မိန်းကလေးတစ်ဦး၏ မကြုံစဖူး။ ထူးကဲလှသော အဖြစ်အပျက်တစ်ခုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေပြီ။

အသက်အရွယ်ကလည်း နု၏။ နာမည်ကလည်း နု ဟူသော အဓိပ္ပာယ်ကို ဆောင်၏။ ရုပ်ရည်ရူပကာမှာလည်း ပျိုမျစ်နုနယ်လှ၏။ ပွင့်စပန်းပမာ လန်းဆန်းလှပသော အလှသွေးကြွသော အရွယ်သာဖြစ်၏။ သို့သော် ကျွန်တော့်နားနှင့် ကြားခဲ့သော မျက်စိနှင့် မြင်ခဲ့သော အနု၏ဘဝမှာကား ကြမ်းတမ်းခက်ထန်လှချေ၏။ အနုအား ပွေ့ပိုက်ထားသော လူ့ဘဝရင်ခွင်ကား ဖုထစ်ချိုင့်ဝှမ်းနှင့် ရက်စက်ခြင်း၊ ညှာတာမှုကင်းမဲ့ခြင်းတို့သာလျှင် ပြွမ်းတီးနေ၏။

ပြည်မြို့သည် တဖြည်းဖြည်း အမှောင်ရိပ်သန်းလာလေ၏။ အရွယ်နုနယ်သော်လည်း ဘဝလှိုင်းတံပိုးများထန်သော ခရီးကြမ်းမှ အဆိုပါခရီးသည် မိန်းကလေးအတွက် မကြည်လင်သော မှိုင်းအုံ့အုံ့ဖြစ်နေသော ကျွန်တော့်ရင်ကို ရှင်းလင်းစေရန် အလို့ငှာ ဘူတာရုံပလက်ဖောင်းသို့ ဆင်း၍ အတန်ငယ် အေးမြလာသော လေကို တစ်ဝရှူရှိုက်ရင်း လမ်းလျှောက်နေမိသည်သာတည်း။

ငွေတာရီ၊ ဩဂုတ်၊ ၁၉၆၄

# ဆရာ့ပြည်တော်ပြန်

(၁)

''ဆရာ ဟာတာ''

ကျွန်တော့်အား ဂျပန်စာသင်ပေးသူ၏ နာမည်မှာ မစ္စတာဟာတာဖြစ်ရာ ကျွန်တော်က 'ဆရာဟာတာ'ဟု ခေါ်သည်။ ယင်း ဆရာဟာတာသည် အသက်အရွယ်အားဖြင့် ၅၀ နီးပါးရှိလေပြီ။ ဂျပန်ပြည်၊ တိုကျိုမြို့သားဖြစ်သည်။ တိုကျိုမှာ ခေတ်သစ်ဂျပန်ပြည်၏ မြို့တော်ကြီးဖြစ်သလို ကျိုတိုမှာ ဂျပန်နိုင်ငံ၏ ရှေးမြို့တော်ဖြစ်သည့်အတိုင်း ဂျပန်ပြည်၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ဆရာဟာတာ ကောင်းစွာကျွမ်းကျင်လေသည်။ ကျိုတိုနှင့် နာဂိုယာ မြို့တော်ကြီးများမှ ဂျပန်ဆာမူရိုင်းကြီးတို့၏ ပုံပြင်အဝဝကို အလွန်တရာ စိတ်ပါဝင်စားဖွယ်ရာကောင်းလောက်အောင် ပြောကြားနိုင်စွမ်းလည်း ရှိပေသည်။

ဂျပန်စစ်တပ်များ မြန်မာနိုင်ငံသို့ အရှေ့အာရှတိုက် သာတူညီမျှ ကောင်းစားရေး ကြွေးကြော်သံဖြင့် ဝင်ရောက်လာသည့်အချိန်မှာပင် ဆရာဟာတာသည် ကျောင်းဆရာအဖြစ် ကျွန်တော်တို့ နေထိုင်ရာ မြစ်ဝကျွန်းပေါ်မှ မြို့ကလေးတစ်မြို့သို့ ရောက်လာပါသည်။

ဆရာဟာတာသည် အရပ်ပု၏။ ခေါင်းကလေးလုံးလုံးတွင် ကျယ်ဝန်းသော နဖူးပြင်၌ အတွန့်အရေးများ ထင်နေလျက် ထူထဲသော မျက်မှန်ကသာလျှင် သူ့မျက်နှာတစ်ခုလုံး၌ အထင်ရှားဆုံး ဖြစ်နေပါသည်။ စကားအပြောအဆို သိမ်မွေ့၏။ ဆရာကောင်းတစ်ဦးတစ်ယောက်၏ လက္ခဏာအပြည့်အဝရှိ၏။ တစ်ခါတစ်ရံ နူးညံ့

သော လေသံအကြားနှင့် တပည့်များအား အော်ငေါက်တတ်သေး၏။

ဆရာဟာတာသည် သားသမီး သုံးယောက်ရှိသော ဖခင်တစ်ဦးလည်း ဖြစ်ပေ၏။

''ဆရာ့ရဲ့ ဒုတိယသားဟာ နေဝင်းစံနဲ့ ရွယ်တူပဲ''

တစ်ခါတစ်ရံ ဆရာဟာတာက အိမ်ကို လွမ်းဆွတ်သတိရတတ်သည့် အခါမျိုးတွင် ကျွန်တော့်အား အထက်ပါအတိုင်း ပြောလေ့ရှိသည်။ သူတို့မိသားစု ရိုက်ထားသော ဓာတ်ပုံကိုလည်း စိတ်ရလျှင် ထုတ်ပြတတ်သည်။ ဆရာကတော်မှာ အေးမြသော မျက်နှာအသွင်အပြင်ရှိပေ၏။ သူတို့သားအမိ သားအဖတစ်စု နောက်တွင် သူတို့ပိုင် ဂျပန်အိမ်ပု ပြားပြားကလေးကို တွေ့ရပေ၏။

''နှိပွန် ကလေးသူငယ်တွေဟာ မင်းတို့အပေါ်မှာ အင်မတန် ချစ်ခင်ကြတယ်။ နံနက်စောစော ကျောင်းကိုရောက်တာနဲ့ တစ်ပြိုင်နက် အနောက်ဘက်မှ ချစ်မိတ်ဆွေများရေ. . .ဆိုတဲ့ တေးကိုဆိုရတယ်။ အဲဒါ ဂျပန်ပြည်ရဲ့ အနောက်ဘက်မှာ ရှိတဲ့ နိုင်ငံတွေက ကလေးသူငယ်တွေအတွက် တေးပဲ''

ဆရာဟာတာသည် အဆိုလည်းကောင်း၏။ စန္ဒယားခုံတွင်ထိုင်ကာ သူကတီးလျက် ကျွန်တော်တို့ကို အဆိုခိုင်းတတ်သည်။ စန္ဒယားကို သင်္ကေတဖြင့် ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် တီးတတ်သည်။

''တောအထပ်ထပ် တောင်အဆင့်ဆင့် ပင်လယ်အတန်တန်ကို ကျော်ဖြတ်လျက် ဝမ်းနည်းခြင်း စိတ်အတိဖြင့် မင်းရှိရာသို့ ငါလာခဲ့ပါပြီ''ဟူသော တေးကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ဆိုတတ်၏။

''တစ်ခါတလေကျတော့ နေဝင်းစံ စိတ်ကူးဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ညှဉ်းဆဲတတ်တယ်။ စိတ်ကူးတတ်လေလေ ဘဝဆိုတာ ပိုပြီး ငြီးငွေ့စရာ ကောင်းတယ်လို့ ထင်လေလေပဲ''

ဆရာဟာတာသည် အနုပညာ ဉာဏ်၊ အနုပညာ ဗီဇ များစွာပါသူဖြစ်ပေ၏။ စန္ဒယားတီးနေရလျှင် ကျောင်းသင်ခန်းစာတွေ နောက်ကျရသည်သာဖြစ်၏။ သူ့တွင် တယောပြားတစ်လက်လည်း ပါလာသေး၏။ ကျောင်းခန်းအတွင်း၌သာ စန္ဒယားတီး၍ သူ နေရာအိမ်သို့ ပြန်ရောက်လျှင် တယောထိုးနေတတ်၏။

ကျွန်တော့်အား ဂျပန်တေးကို ဆိုခိုင်းကာ သူက စန္ဒယားတီးသည့်



အခါများ၌ ကျောင်းသူကျောင်းသား အားလုံးတို့ ဝိုင်းဝန်းငေးမောနေကြရသည်သာ ဖြစ်ပေ၏။

''ထိုနေ့မှာပေါ့ လကလေးကလည်း သာနေတယ်။ ဒဏ်ရာရနေတဲ့ ငါဟာ မြင်းကုံးနှီးပေါ်မှာ မင်းမျက်နှာကိုပဲ မြင်ယောင်နေတယ်။ မင်းနဲ့ ငါနဲ့ တွေ့ကြုံကြရပါဦးတော့မလားဆိုတဲ့ အတွေးတွေနဲ့ မျက်ရည်လည်မိသေးတယ်''

ကျွန်တော်က မြင်းတပ်သားတစ်ဦး၏ လွမ်းချင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ သီဆိုသော အခါ ဆရာဟာတာသည် ဝေးလံလှသည့် တစ်နေရာရာကို ငေးမောနေသကဲ့သို့ ရှိနေတတ်၏။ သူ့မျက်လုံးတွေမှာ ရီဝေနေပြီး မမြင်ရသော အရာတစ်ခုကို ငေးစိုက်နေသလား ထင်ရလောက်အောင် ငေးငိုင်နေတတ်ပေ၏။ ကျွန်တော်ကား ဆရာဟာတာ၏ စိတ်ကူးကို မှန်းဆနေမိသည်။ ဆရာဟာတာသည် အဘယ်ကဲ့သို့သော လမ်းခရီးမျိုးများ၌ ကျင်လည်ခဲ့ရသူဖြစ်ပေသနည်း။ ဆရာဟာတာ၏ အတိတ်ဇာတ်ကြောင်းများသည် အဘယ်နေရာတွင် မည်သို့မည်ပုံ မြစ်ဖျားခံခဲ့ပေသနည်း စသည်ဖြင့် ရောက်တတ်ရာရာ စဉ်းစားနေမိသည်သာဖြစ်၏။

တစ်ခါတစ်ရံ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်လုံးတီးသက်သက်ဖြင့် ရောက်လာတတ်သော ဂျပန်ရေတပ်သားများကို တွေ့ရတတ်၏။ ထိုအခါမျိုး၌ ဆရာဟာတာမှာ မျက်စိမျက်နှာ ပျက်နေတတ်ပေသည်။

''တို့ အာရှတိုက်သားတွေဟာ အနောက်တိုင်းသား လူမျိုးခြားတွေရဲ့ လက်အောက်မှာပဲ နေခဲ့ကြရတာဆိုတော့ အခုလို အာရှတိုက်သားအားလုံး လွတ်လပ်ရေးအတွက် ကြိုးပမ်းကြတဲ့နေရာမှာ မင်းမြင်သလို ကိုယ်လုံးတီးနေတတ်တဲ့ တို့ဂျပန်အမျိုးသားတွေလည်း ပါတယ်။ နေဝင်းစံ စစ်တိုက်ရင် လူအများကြီး သေတယ်။ အဲဒါကြောင့် လူအများကြီး လိုတယ် အများကြီး''

ဆရာသည် ရင်တွင်း၌ သိုလှောင်ထားသော စကားလုံးနှင့် စိတ်ကူး စိတ်သန်းတွေကို သွန်ချလိုဟန်တူပေ၏။

''လူအများကြီး လိုအပ်နေတဲ့ စစ်ကြောင့် အခုလို လူတွေလည်း ပါလာကြတာပါဘဲ''ဟု ဖြေသည့်သဘောနှင့် ပြောတတ်သည်။ အဝတ်အစား ဗလာဖြစ်နေသော သူ့လူမျိုးများအတွက် ပညာတတ် လူရည်မွန်ဖြစ်သည့် ဆရာဟာတာက ရှက်ဟန်တူပါသည်။ ဆရာရှက်မည် စိုးသည့်အတွက် ကျွန်တော်တို့က

ကိုယ်လုံးတီးဂျပန်များအား တွေ့စေကာမူ တစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်း မရှိအောင် အထူးသတိထားကြရပေသည်။ ဤအကြားမှပင် ဆရာဟာတာသည် ဖုံးကာဖိကာ ပြောနေတတ်ပေ၏။

''စစ်ဆိုတာဟာ ဘယ်အရာကိုမှ ကောင်းကျိုးမပေးဘူး နေဝင်းစံ'' ဟုလည်း စစ်အပေါ်ထားရှိသော သူ့သဘောထားကို တိုးတိုးတိတ်တိတ် ပြောတတ်သေးသော ဆရာပင်တည်း။

## (၂)

၁၉၄၅ ခုနှစ်၊ မတ်လ

သစ်ရွက်ကလေးများ ကြွေနေကြပြီ။ နွေ၏ တေးတျာကို ဖွဲ့ဆိုသီကြူးသော ဥဩငှက်သည်လည်း လူ့ရပ်သို့ ချဉ်းကပ်ကြွေးကြော်နေလေပြီ။ ကန်သင်းရိုးပြတ်များ၌ စာဝတီးကလေးတွေ တစ်အုပ်ပြီးတစ်အုပ် ထိုးဖြတ်ပျံသန်းနေကြလေပြီ။

စစ်ဘေးဒဏ်ကြောင့် လယ်သမား၏လက်နှင့် နှစ်ပေါင်းများစွာ ကင်းဝေးနေသည့် လယ်မြေများတွင် ရိုးပြတ်ငေါင်းစင်းစင်းများ၊ ဆူးချုံများနှင့် မြက်ရိုင်းများသာ ပေါက်နေကြလေ၏။ ဤကောနေသော လယ်ကွင်းများအတွင်းမှာပင် ဖက်ဆစ်ဆန့်ကျင်ရေးတပ်သားများ စုရုံးကြ၏။ မဟာမိတ်တို့ထံမှ လက်နက်များ ကြဲ၏။ လက်နက်သစ် လက်နက်ဆန်းများ ပစ်ခတ်ကိုင်တွယ်ပုံကို လေ့ကျင့်ကြရ၏။

မြန်မာနိုင်ငံအတွင်း သုံးနှစ်သုံးမိုး လာ၍ နှိပ်စက်ညှဉ်းပန်းနေခဲ့သော ဂျပန်နယ်ချဲ့သမား ဖက်ဆစ်များကို မြန်မာပြည်သူတစ်ရပ်လုံးက ရရာလက်နက်စွဲကိုင်လျက် တွန်းလှန်မောင်းထုတ်သည့် ကာလပင်ဖြစ်သည်။ ဂျပန်ဖက်ဆစ်တို့၏ အင်ပီးရီးယဲ့ တပ်မတော်ကြီးများအား အပိုင်အနိုင် မောင်းထုတ်တိုက်ခိုက်ရေးအတွက် ဗမာ့တပ်မတော်သည် ပြောက်ကျားအခြေခံစခန်းများစွာတို့ကို ကျေးရွာများနှင့် တောကြိုအုံကြား ဟူသမျှ မြစ်ဝကျွန်းပေါ်၏ ချောင်းကြိုမြောင်းကြား ဟူသမျှတွင် ဖွဲ့စည်းခဲ့ကြသည်။

ကျွန်တော်တို့ အာရုလူငယ်အားလုံးလိုလိုမှာ ပြောက်ကျားစခန်းများသို့ ရောက်ကြရသည်။ မြို့တွင်း၌လည်း ဂျပန်အုပ်ချုပ်ရေး အာဏာပိုင်တို့ ဆုတ်ခွာရန် ပြင်ဆင်နေကြလေပြီ။ စစ်တပ်ချင်းအနေနှင့် လူအင်အား၊ လက်နက်အင်အား



မမျှသည်မှာ မှန်သော်လည်း ကျွန်တော်တို့ မြန်မာပြည်သူများ ဆင်နွှဲသည့် တော်လှန်ရေးမှာ တရားမျှတသော တော်လှန်ရေးဖြစ်၏။ အဖိနှိပ်ခံ အညှဉ်းဆဲခံ ပြည်သူတို့က ဖက်ဆစ်ဂျပန်တို့၏ သံဖနောင့်အောက်မှ ရုန်းထွက်လွတ်မြောက်ရန် ဆင်နွှဲသော တိုက်ပွဲသာဖြစ်ပေရာ နေရာတကာတွင် ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များက အရေးသာလျက်ရှိပေ၏။ မြန်မာပြည်သူတိုင်းသည် ထူးခြားကောင်းမွန်သော သူရသတ္တိရှိသော တော်လှန်ရေးတပ်သားကောင်းများ ဖြစ်လာကြလေ၏။

ထိုနေ့မှာ မတ်လကုန်ခါနီး နေ့တစ်နေ့ဖြစ်သည်။ နေလုံးကြီးသည် အနောက်ဘက် တောတန်းပေါ်၌ မေးတင်ငိုက်မျဉ်းနေလေ၏။ ဥဩငှက်ကလည်း ပျင်းရိဖွယ်အသွင်ဆောင်သော နွေ၏ တေးတစ်ပုဒ်ကို ဖွဲ့နွဲ့သီဆိုဆဲပင်တည်း။

ကျွန်တော်သည် ရေပုံးကလေးကိုင်လျက် မြစ်ဆိပ်သို့ ဆင်းလာ၏။ ကျွန်တော့်ကိုကြည့်လျှင် ရေချိုးဆင်းလာသူတစ်ဦးဟု ထင်ရမည်ဖြစ်သော်လည်း အမှန်မှာ ကျွန်တော်သည် ရေချိုးဖို့မဟုတ်။ ကမ်းနားဆိပ်တွင် လှေကလေးတစ်စင်းနှင့် ရောက်နှင့်နေမည်ဖြစ်သော တံငါသမားသည် ကျွန်တော့်ထံမှ ပေးလိုက်မည့် သတင်းကိုယူလျက် မြစ်တစ်ဖက်ကမ်းအတိုင်း အထက်ဆီသို့ ၂ မိုင်ခန့် ဆန်တက်မှ ရောက်မည့် ခရိုင်ပြောက်ကျား ဌာနချုပ်သို့ ပြန်သွားလိမ့်မည်။ သူသည်လည်း တံငါဟန်ဆောင်ထားသော တော်လှန်ရေးတပ်သား တစ်ယောက်သာဖြစ်သည်။

''နေဝင်းစံ. . .နေဝင်းစံ. . .''

ကနစို ထင်းခြမ်းကြီးများ လူတစ်ရပ်သာသာမြင့်သည်အထိ ပုံရှထားသည့် နံဘေးမှ ဆရာဟာတာကို တွေ့နေရသည်။

ကျွန်တော်က ဆရာဟာတာအား ဂျပန်ထုံးစံအတိုင်း တရိုတသေ နှုတ်ဆက်ပါသည်။ ဆရာ့မျက်နှာမှာ ချွေးစီးချွေးပေါက်များ သီးစက်နေ၏။ တစ်စုံတစ်ရာသော စိုးရိမ်ကြောင့်ကြမှုကိုလည်း အထင်းသား သွားတွေ့နေရလေ၏။

''နေဝင်းစံကို ဆရာ တစ်ခုပြောချင်တယ်။ ဆရာ့မှာ အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ အခု ရန်ကုန်ကို ခဏသွားရမယ်။ ရန်ကုန်ကနေပြီး ဂျပန်ပြည်ကို ပြန်ကောင်းပြန်ရဦးမယ်။ နိုင်ငံရေးအခြေအနေတွေ မကောင်းဘူး နေဝင်းစံ''

ကျွ န်တော့်အတွင်းစိတ်ကလည်း တစ်စတစ်စ ပိုမိုလှုပ်ရှားလာ၏။ ကျွန်တော့်မျက်နှာကို ဆရာမမြင်နိုင်စေရန်အတွက် မြေကြီးပေါ်သို့သာ ငုံ့နေမိပါသည်။

ဆရာ့အသံတွေမှာလည်း ကတုန်ကယင်ဖြစ်နေ၏။ ဆရာ့စကားကို ကြားသည်နှင့် တစ်ပြိုင်နက် ကျွန်တော် အဖြစ်အပျက်အားလုံးကို ရိပ်စားမိပါပြီ။ ဂျပန်တွေ ရန်ကုန် အထိ ဆုတ်ခွာကြတော့မည်။ ဆရာလည်း ပါသွားမည်။

"တပည့်တွေကို ဆရာ နှုတ်မဆက်နိုင်ခဲ့ဘူး။ အခုတော့ ကုသိုလ်ကောင်းလို့ နေဝင်းစံနဲ့တွေ့ရတာ။ အားလုံးကို ပြောပြလိုက်ပါ။ နေဝင်းစံလည်း ပညာကို ကြိုးစားသင်ဖို့ ဆရာမှာချင်တယ်။ မင်းတို့ပြည်မှာ နောင်တစ်နေ့ မင်းတို့ဦးဆောင်သွားကြရမှာ ကြားလား"

"ဟုတ်ကဲ့ဆရာ"ဟု ကျွန်တော်က ဖြေသည်ကို ကြားမှ ကြားပါလေစမသိ။ ဆရာသည် မြစ်တစ်ဖက်ကမ်းရှိ တောတန်းကြီးဆီသို့ ငေးစိုက်နေ၏။

"ဆရာတို့ ဒီညပဲ သွားရလိမ့်မယ်။ မင်းအတွက် ဆရာ ဟောဒီစာအုပ်လေး လက်ဆောင်ပေးချင်တယ်"

ပြောပြောဆိုဆို ဆရာသည် စစ်ကျောပိုးအိတ်အတွင်းမှ စာအုပ်ကလေး တစ်အုပ်ကို ဆွဲထုတ်ယူကာ ကျွန်တော့်အားပေးပါသည်။

"ဂျပန်ကဗျာများ"အမည်ရှိ စာအုပ်ကလေးပင်တည်း။

"ကဲ. . .သွားမယ် နေဝင်းစံ၊ မင်းကို ဆရာနှုတ်ဆက်ပါတယ်။ တိုကျိုကို ပြန်ရောက်နိုင်ဦးမယ်ဆိုရင်တော့ မင်းဆီကို ဆရာ စာရေးလိုက်ပါမယ်။ ပြန်ပြီး တွေ့ကြပြီး ဆာကူရအကြောင်း တေးကလေးတွေ တို့ဆိုကြသေးတာပေါ့"

ဆရာသည် ကျွန်တော့်လက်ဖဝါးများကို နာကျင်လာသည်အထိ တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ကာ နှုတ်ဆက်ပါသည်။ ကျွန်တော်သည် ဆရာ့အား တစ်သက်တွင် နောက်ဆုံးအကြိမ် အရိုအသေပြုခြင်းဖြင့် နှုတ်ဆက်မိပါသည်။ ဆရာသည် ထင်းပုံကြီးများနံဘေးမှ ကမ်းစပ်အတိုင်း ဂျပန်စစ်ရုံးရှိရာ မြောက်ဘက်ဆီသို့ ထွက်ခွာသွားလေ၏။

ကျွန်တော်သည် ညှိုးလျှော့သောစိတ်ကို တင်းကာ ရေဆိပ်သို့ ဆင်းလာခဲ့ပါသည်။ အခန့်သင့်ဖြစ်နေသော တံငါသမားနှင့် ရေချိုးရင်း စကားပြောပါသည်။ အနောက်ဘက်တွင်ရှိ ပြောက်ကျားစခန်းမှ မှာကြားချက်များကိုပြောကာ ယနေ့ည ညောင်တုန်းဘက်မှဆင်းလာမည့် ဂျပန်များနှင့်အတူ ကျွန်တော်တို့မြို့ရှိ ဂျပန်တွေပါ ရန်ကုန်သို့ စုန်ဆင်းတော့မည့်အကြောင်းပါ သတင်းပေးလိုက်ပါသည်။



မြစ်ဆိပ်မှ ပြန်တက်လာသောအခါ နေဝင်သွားလေပြီ။ အမှောင်ရိပ်က နေရာတကာ၌ တိုးဝှေ့ဝင်ရောက်လာလေပြီ။ ကျွန်တော်သည် ဆရာထွက်သွားရာဆီသို့ လိုက်ကြည့်မိပါသေး၏။ အမှောင်ထုအကြား၌ ဝေးကွာသွားပြီဖြစ်သော ဆရာ့အား မတွေ့ရတော့ပါ။

(၃)

နောက်နှစ်ရက်အကြာတွင် မြစ်တစ်ဖက်ကမ်းရှိ ပြောက်ကျားစခန်းမှ သတင်းတစ်ခုရောက်လာသည်။

"တွံတေးတွင် တပ်ချထားသော ဗမာ့တပ်မတော်မှ မြစ်ကြောင်းအတိုင်း စုန်ဆင်းကာ တွံတေးတူးမြောင်းအတွင်း ဝင်ဖို့ကြိုးစားသည့် ဂျပန်မော်တော် ၄ စင်းအား ဂျပန်များရော မော်တော်များပါ အစတုံး သုတ်သင်ဖျောက်ဖျက်လိုက်သည်။

ယခု တပ်မတော်က အောင်ပွဲများ ဆက်လက်ရရှိနေသည်။ ဖက်ဆစ်စနစ် ကျဆုံးရမည်။

ကျွန်တော်တို့သည် ဤသတင်းတိုကလေးကို ရွှဲ ပျော်ကြ၏။ အနောက်ဘက် ကွင်းတစ်ပိုက်ရှိ ပြောက်ကျားစခန်းအားလုံးသို့လည်း ဤသတင်းကို ဖြန့်လိုက်ပါသည်။ ရဲဘော်တိုင်း ဝမ်းသာနေကြ၏။ ကျွန်တော့်ကိုလည်း တာဝန်ကျေကြောင်း ချီးကျူးကြပေ၏။

ကျွန်တော်ကား ပျော်လည်းပျော်သည်။ ဝမ်းလည်းနည်းသည်။ ကျွန်တော်တို့ ပြည်သူလူထုကို မျက်ရည်နှင့် မျက်ခွက်ဖြစ်အောင် နှိပ်စက်နေသော ဖက်ဆစ်တွေကို ဗမာ့တပ်မတော်မှ အစတုံး သုတ်သင်လိုက်နိုင်ခြင်းအတွက် ကျွန်တော် ပျော်ပေသည်။ သို့သော် ထိုကဲ့သို့ သုတ်သင်ခြင်းခံရသူများအနက်တွင် ကျွန်တော့်ဆရာလည်း ပါဝင်နေသည့်အတွက် ဝမ်းနည်းသည်။ ဤသတင်းကို ကျွန်တော် ပေးခြင်း ဖြစ်သည်။ ကျွန်တော် ပေးလိုက်သော သတင်းကြောင့် ဆရာပါ အသက်ဆုံးရှုံးရပြီဟု တွေးမိသည်။ သို့တစေလည်း 'တိုင်းပြည်နှင့် လူမျိုးအတွက်'ဟူ၍ ကျွန်တော့်စိတ်ကို ဖြေဆည်ပါသည်။

ဆရာ ပေးသွားသော ကဗျာစာအုပ်ကလေးကို ထိုညက လရောင်အောက် မှာပင် ကျွန်တော် ဟိုမှသည်မှ လှန်လှောကြည့်မိသည်။ ဆရာ့စကားတွေကိုလည်း

နားထဲတွင် တစ်လုံးစီ တစ်လုံးစီ ကြားယောင်လျက်ရှိသည်။

"မင်းတို့ပြည်မှာ နောင်တစ်နေ့ မင်းတို့ဦးဆောင်သွားကြရမှာ"

"တိုကျိုကို ပြန်ရောက်နိုင်ဦးမယ်ဆိုရင်တော့ မင်းဆီကို ဆရာစာရေးလိုက်ပါ့မယ်"

"ပြန်ပြီး. . .တွေ့ကြပြီး ဆာကူရာအကြောင်း တေးကလေးတွေ တို့ဆိုကြသေးတာပေါ့"

ဆရာ တိုကျိုသို့ ပြန်မရောက်တော့ပါ။ ကျွန်တော်တို့နှင့် ပြန်လည် တွေ့ဆုံလျက် ဆာကူရာအကြောင်း တေးကလေးတွေကိုလည်း သီဆိုနိုင်တော့မည် မဟုတ်ပါ။

ဆရာသည် ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ်စနစ်၏ စေသည့်ကျွန်၊ ထွန်သည့်နွားအဖြစ် ဗမာပြည်သို့ ရောက်လာခဲ့ရသူသာ ဖြစ်ပါလိမ့်မည်။ ဆရာ မုန်းတီးသော စစ်ပွဲ၊ ဘယ်အရာကိုမှ ကောင်းကျိုးမပေးဘူးဟု ဆရာ ပြောသော စစ်ပွဲအတွင်းမှာပင် ဆရာတစ်ယောက် ပျောက်ပျက်ဆုံးရှုံးရရှာပါပြီ။

ကျွန်တော်တို့သည် ဖက်ဆစ်စနစ်ကို ဗမာ့မြေကြီးပေါ်မှ သုတ်သင်ရှင်းလင်းနေကြပြီဖြစ်၏။ ဤကဲ့သို့ ရှင်းလင်းရာတွင် ဖက်ဆစ်စနစ်ဆိုးနှင့်အတူ ဆရာကဲ့သို့သော လူကောင်းများစွာတို့ အဘယ်မျှ ရော၍ ဓားစာခံသွားကြရသနည်းဟုလည်း စိတ်ကူးပေါက်တိုင်း တွေးမိပါသည်။ ဆရာ့အတွေးအခေါ်သည် တိုကျိုရှိ စစ်ဝါဒီများ၏ အတွေးအခေါ်နှင့် ဆန့်ကျင်ပေသည်။ ဆရာ့အမူအကျင့်သည် ဂျပန်ဖက်ဆစ်တို့၏ အမူအကျင့်နှင့် လုံးဝခြားနားလှပေသည်။

ထိုအကြောင်းကိုတွေးမိတိုင်း ကျွန်တော့်စိတ်တွေမှာ လေးလံထိုင်းမှိုင်းလျက်ရှိပါသည်။ မည်သည့်အခါမှ မေ့ပျောက်နိုင်မည် မဟုတ်ပါ။

ဆရာ့ကဗျာစာအုပ်ကလေးကို ကိုင်ထားသော ကျွန်တော့်လက်တွေမှာ တုန်ယင်လျက်ရှိသည်။ သေနတ်ကိုင်၍ လုံ့လစွပ်ထိုး၍ တိုက်ရသော်လည်း မည်သို့မျှ မဖြစ်သည့် ကျွန်တော့်ရင်တွင်းကပါ လှုပ်ရှားလျက်ရှိပါသည်။

ယာဂါမီတောင်ပေါ်ဆီ၊
ဝင်လုဆဲနေမင်းနှင့် မိုးဝလာမဟီ။
အလင်းရောင်လည်း မှိန်လေပြီ၊
ကျွန်ုပ်၏ ရဲရင့်သောအဖြစ်ကို တွေးမိသည်။

•



သို့သော်. . .မျက်ရည်များဖြင့်လည်း စိုရွှဲနေသည်တကား။

ကဗျာကလေးတစ်ပုဒ်ကို ဖတ်မိသည်။ ဤကဗျာကလေးကိုဖတ်ရင်း ဆရာ့မျက်နှာကို တသသ ပြန်မြင်ယောင်မိပြန်သည်။ ပြည်တော်ပြန်လိုသော ဆရာ့အဖြစ်မှာ ဆိုးရွားလှသည်ဟု ယူကျုံးမရဖြစ်မိသည်။

"ဆရာရေ. . .ဖက်ဆစ်စနစ် ဆိုးကြီးကို ကျွန်တော်တို့ မြေမြှုပ်ဂြိုဟ်ဖို့ ကြိုးစားတာပါ။ ဆရာ့အပေါ် ပြစ်မှားလိုစိတ် မရှိပါဘူး။ ဆရာ ကျွန်တော့်ကို ခွင့်လွှတ်ပါ"ဟု လရောင်ထွန်းပနေသော ကောင်းကင်ပြင်ကြီးဆီသို့ အဓိပ္ပာယ်ကင်းမဲ့စွာ စူးစိုက်ကြည့်ရင်း ကျွန်တော့်ရင်တွင်းမှ တမ်းတရွတ်ဆိုမိပါသည်။

ငွေတာရီ
မတ်လ၊ ၁၉၆၄

# နှင်းမှုန်တိုင်းလော မိုးရှိုင်းလော

## (၁)

''ဒီညတော့ ညည်းအဆက်ကြီး လာလိမ့်မတော့''

ဤအသံကိုကြားတိုင်း အေးကြည်သည် နားကလောလှ၏။ မငွေစိန်ကမူ အေးကြည်ကို နောက်စရာ ပြောင်စရာ ကလေးသူငယ်အရွယ်ဟု ယူဆလေသလား မသိ။ ဤစကားမျိုးဖြင့် တစ်ညတစ်ခါ မစရလျှင် မနေနိုင်။

မည်သို့ပင် စ,စ မငွေစိန်ကို အေးကြည် စိတ်ဆိုး၍မရ။ အဘယ့်ကြောင့် ဆိုသော် အေးကြည်သည် စိတ်မဆိုးတတ်ခြင်းကြောင့်ဖြစ်၏။ အကယ်တန္တု အေးကြည်က စိတ်ဆိုးသည်ပဲထားဦးတော့ မငွေစိန်က ဂရုမစိုက်။ သူ နောက်ချင်ရာ နောက်၍နေရလျှင် ကျေနပ်သည်သာဖြစ်၏။ ဘာတစ်ခုမျှလည်း အလေးအနက် ရှိတတ်သည့် မငွေစိန် မဟုတ်ချေ။

ထို့ပြင် မငွေစိန်နှင့် ပတ်သက်လာလျှင် အေးကြည်သည် စိတ်မဆိုးနိုင်သော စိတ်ဆိုး၍မရသော အကြောင်းရင်းခံများစွာတို့ ရှိနေကြပေသေးသည်။ မငွေစိန်သည် အေးကြည်ထက် အသက်အရွယ်အားဖြင့် ကြီးသည်သာမက ဘဝမျိုးစုံ အလုပ်မျိုးစုံတွင် ကျင်လည်လာခဲ့သူလည်းဖြစ်ပါသေး၏။ ဤနေရာသို့ အေးကြည် တစ်ယောက် ဈေးတောင်းခေါင်းရွက်ဘဝဖြင့် ရောက်လာစဉ်က အသက် ၁၆ နှစ်သာ ရှိသေးသည်။ သူ့ထက် အသက်ထက်ဝက်ကြီးသော မငွေစိန်သည် အေးကြည် အတွက် မျက်နှာစိမ်းတို့အလယ်တွင် အားထားရာ အားကိုးရာ ဖြစ်ခဲ့လေသည်။

ယခုမူ ဈေးတောင်းခေါင်းရွက်ရောင်းရင်း အေးကြည်သည် ဤနေရာ



ဤဒေသကလေးတစ်ဝိုက်မှာပင် အသက် ၂၀ တင်းတင်း ပြည့်လာခဲ့၏။ ထိုနည်းတူစွာပင် မငွေစိန်မှာလည်း ပို၍ အသက်ကြီးလာခဲ့လေပြီ၊ ဤနေရာ ဤဒေသကလေး တစ်ဝိုက်တွင် သူတို့နှစ်ယောက်သည် ကုန်ပစ္စည်းမျိုးစုံကို ခင်း၍ ရောင်းခဲ့ကြ၏။ ခေါင်းရွက်၍လည်း ရောင်းခဲ့ကြ၏။ တစ်မျိုးဟန်မကျလျှင် တစ်မျိုးလုပ်၏။ တန်းစီတိုးစား သောအလုပ် ခေတ်ကောင်းစဉ်ကဆိုလျှင် တစ်ယောက်တစ်လဲသွား၍ တန်းစီကြသေး၏။ ငွေစကလေး အနည်းငယ်စုဆောင်းမိပြီဆိုလျှင် ကြည်ကြည်ငွေနှင့် ရွှေဘတို့ တွဲသော ဘိုင်စကုတ်ကို ပြေးကြည့်ကြ၏။ ဒါမှမဟုတ်လျှင် ရွှေမန်း တင်မောင်ဖြစ်ဖြစ်၊ စိန်အောင်မင်းဖြစ်ဖြစ်၊ တစ်ခါတစ်ရံ ဘုန်းကြီးလမ်းတို့၊ ရေကျော်တို့တွင် ကပြလေ့ရှိသော ရုပ်သေးသို့ဖြစ်ဖြစ် ညလုံးပေါက် သွားတတ်ကြသေး ၏။ ဤသို့လျှင် ချွေးခံ အင်္ကျီအိတ်အတွင်း၌ ချိတ်နှင့် အိတ်နှုတ်ခမ်းကို ပိတ်ထိုးကာ ကျစ်ကျစ်ပါအောင် သိမ်း၍ထားသော ငွေစကလေးများကို အေးအေးလူလူပင် သုံးလိုက်ကြသည်။

ယင်း ငွေစကလေးတွေ မကုန်သေးလျှင် နှုတ်ခမ်းဆိုးဆေး ခပ်ပေါပေါနှင့် အင်္ကျီစတွေ ဝယ်ဝတ်ကြပြန်သည်။ မငွေစိန်ကဆိုလျှင် ခပေါင်းစီးကရက်၊ လုပ်သား စီးကရက်သာမက ဒူးယားပရုပ်အေး သောက်ကောင်းသည်။ ခံတွင်းရှင်းသည်ဆိုကာ မီးခိုးတလူလူနေအောင် ဝယ်သောက်တတ်သေး၏။

နောက်ဆုံး လက်ထဲ၌ ပိုက်ဆံပြတ်တော့မည်ဆိုသည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ယောက်သည် ဈေးတောင်းကလေးကိုယ်စီနှင့် မိုးနေမြဲ ကျားနေမြဲ ပြန်ဖြစ်နေ တတ်ပြန်သည်။ သည်လိုနှင့်ပင် ၄ နှစ်ခန့် ကြာခဲ့လေပြီ။

သူတို့ ကျင်လည်ကျက်စားရာ ဒေသကလေးမှာ အခြားမဟုတ်။ ရန်ကုန် အနောက်ပိုင်း အစွန်ဖြစ်သော ကီလိုလမ်း ငါးဈေးသစ်ကြီးနှင့် ဟင်းသီးဟင်းရွက် ဈေးရုံကြီးတစ်ဝိုက်ပင် ဖြစ်လေ၏။ ယင်းဈေးကြီးများတစ်ဝိုက်တွင် အလုပ်ချိန်မှာ ညဦးပိုင်း ၉ နာရီ၊ ၁၀ နာရီခန့်တွင် စတင်တတ်ပြီး မိုးထိန်ထိန်လင်းသည်အထိ တလှုပ်လှုပ်တရွရွ အလုပ်လုပ်ကြရသည်။ မြစ်ဝကျွန်းပေါ်၏ မြစ်ရိုးချောင်းရိုး တစ်လျှောက်မှ ငါးစည်များနှင့် ဟင်းသီးဟင်းရွက်များသည် ညနေစောင်းပြီဆိုသည် နှင့် တစ်ပြိုင်နက် အလျှိုလျှို ရောက်လာတတ်ကြ၏။ ညဦးပိုင်း တစ်ပိုင်းလုံး ရောက်သမျှ ငါးတွေ၊ ဟင်းသီးဟင်းရွက်တွေကို ဈေးရုံကြီးများဆီသို့ သယ်တင်ကြ

သည်။ ညဥ့်နက်ပိုင်းဆိုလျှင် ရန်ကုန်တစ်မြို့လုံးနှင့် ဆင်ခြေဖုံးဒေသရှိ ဈေးများ၌ ယင်းသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ရောင်းမည့်ဈေးသည်တို့ အလျှိုလျှို ရောက်လာကြသည်။ အရောင်းအဝယ်လုပ်ကြသည်။ ထို့နောက် နံနက် ၃ နာရီခွဲ၊ ၄ နာရီခန့်ဆိုလျှင် သားငါးနှင့် ဟင်းသီးဟင်းရွက် အပြည့်တင်ထားသော ဒေါ်ဂျစ်များ သည် သက်ဆိုင်ရာ ဈေးငယ်များဆီသို့ ဦးတည်ထွက်ခွာကြတော့သည်။

အေးကြည် ရောက်စကမူ မငွေစိန်သည် ဟင်းသီးဟင်းရွက်တွေ ဖောက် သည်ယူကာ မော်တင်ဈေးနှင့် သံဈေးတို့တွင် လိုက်လံရောင်းချနေခဲ့၏။ ဟင်းသီးဟင်းရွက် ဈေးမကိုက်သောအခါ ငါးရောင်းပြန်၏။ ပထမတွင် အေးကြည် သည် မငွေစိန်နှင့်အတူ အလုပ်ဆင်သဘောဖြင့် လိုက်ရောင်းနေလိုက်သေး၏။ နောက်ပိုင်း၌ကား ကွမ်းယာ၊ ဆေးလိပ် စသည့် တိုလီမိုလီ စားစရာပစ္စည်းကလေး တွေကို ငါးဈေးသစ်ကြီးအနီး၌ ညလုံးပေါက်ဖွင့်သည့် ဈေးတန်းကလေးတွင် ရောင်း ကြည့်သည်။ ဤအလုပ်မှာ အတည်တကျလို ဖြစ်သည့်အတွက် ဤအလုပ်တွင်သာ ပျော်ပိုက်လာလေတော့သည်။

ယခုတော့မူ အေးကြည်ကသာ ကွမ်းယာ၊ ဆေးလိပ်နှင့် မြဲနေသော်လည်း မငွေစိန်ကား ပစ္စည်းအမျိုးမျိုးကို တစ်လှည့်စီရောင်းလာရာမှ နောက်ဆုံး၌ ကောက်ညှင်းပေါင်း ရောင်းနေပြန်လေသည်။ အရင်းအနှီးနည်းသောပစ္စည်းကို ရောင်းရပြီဆိုလျှင် မငွေစိန်ထံ၌ ငွေပြတ်နေပြီဟု အလိုအလျောက် နားလည်နေ သည်။ အေးကြည်သည်။ ငွေပိုကလေးများရှိလျှင် မငွေစိန်အား လှည့်တတ်သေး၏။

ဤသို့အားဖြင့် ဟံသာဝတီခရိုင်အတွင်းရှိ ဘုရားပြို့ရွာဇာတိဖြစ်ပြီး မိခင် မုဆိုးမကြီးနှင့်အတူ ရန်ကုန်သို့ အခဲ့ခွန်ကာ လာရောက်နေထိုင်သည့် အေးကြည်နှင့် ပဲခူးခရိုင်၊ ကမာစဲရွာဇာတိဖြစ်သော မငွေစိန်တို့သည် များစွာချစ်ခင် ရင်းနှီးလာခဲ့ရ တော့သည်။ သူတို့ကို ကြားဝင်၍ မိတ်ဆက်ပေးသူမရှိ၊ တစ်ယောက်နှင့်တစ်ယောက် လည်း ဟန်ဆောင်နေစရာမရှိ၊ တစ်ဝမ်းတစ်ခါးအတွက် လုပ်ရင်းကိုင်ရင်း သိကျွမ်း ခင်မင်လာကြခြင်းဖြစ်သည်။ သို့ရာတွင် တစ်ခုတော့ ခြားနားချက်ရှိသည်။ ယင်း ခြားနားချက်မှာ အခြားမဟုတ်။ မငွေစိန်က မုဆိုးမဖြစ်လျက်၊ အေးကြည်က အပျို ဖြစ်နေခြင်းပေတည်း။

"ဒီည ညည်းအဆက် လာလိမ့်ဦးမယ် သိလား"



မငွေစိန်က မကြားဟန်ပြုနေသော အေးကြည်အား လှမ်းပြောလိုက်ပြန်၏။

သည်တစ်ကြိမ်မူ မငွေစိန်၏အသံမှာ အတန်ငယ်ကျယ်လာသည့်အတွက် အခြားလူတွေ ကြားသွားမည်ကို စိုးရိမ်သော အေးကြည်က နှုတ်ခမ်းအစုံကို စူတူတူလုပ်ထားလိုက်ပြီးနောက် မငွေစိန်အား မည်သို့မျှ ဖက်မပြောရဲသည့်အလား ခပ်မဆိတ် နေလိုက်မိလေသည်။

"ငါပြောတာကို စိတ်ဆိုးသွားတာလား။ ဗိုကြိုင်းဒုတ် ဖြစ်သွားတာလားအေ့ ကောင်းမရဲ့"

မငွေစိန်က ထပ်ပြောနေပြန်၏။ ထိုအခါ၌ကား အေးကြည်သည် ခွန်းတုန့် ပြန်မပြော၍ မဖြစ်တော့သည့်အလျောက် မငွေစိန်ဘက်သို့လှည့်ကာ မတိုးမကျယ် လှမ်းပြောလိုက်လေ၏။

"မမစိန် ဒီပြင်ဟာ စချင်သလောက်စပါ။ ဒီဟာကြီးနဲ့တော့ ကျွန်မကို မစပါနဲ့။ မုန်းလွန်းလို့ ကျွန်မ ဘယ်လောက် အမြင်ကတ်တယ်ဆိုတာ မမစိန် သိသားနဲ့"

"အလကားစတာပါ အေးကြည်ရယ်။ ဒီဟာကြီးကို ညည်းမပြောနဲ့ ငါ တောင်စိတ်ကုန်တယ်"

မငွေစိန်က သို့ကလို တစ်ခွန်းတည်းပြန်ပြောလိုက်သောအခါ အေးကြည် မှာ ကျေနပ်ရစမြဲသာ ဖြစ်လေသည်။ မကျေနပ်၍လည်း မဖြစ်။ လေပြေထိုး နေသည်ကို ပင်လျှင် မငွေစိန်သည် ဖွတ်တရွတ် ထပ်လုပ်တတ်သေးသည် မဟုတ် လော။

ရန်ကုန်မြစ်ကို ဖြတ်သန်းလာသောလေတွင် အအေးဓာတ်သည် အရှိန် ပြင်းစွာ တိုးဝှေ့ ဝင်ရောက်လျက်ရှိရာ ကီလီလမ်းဆိပ်ကမ်းတစ်လျှောက်ရှိ ညဈေး တန်းကလေးမှ မီးခွက်မီးအိမ်များမှာ လင်းချည်တစ်ခါ မှိန်ချည်တစ်လှည့် ဖြစ်နေကြ သည်။ မာကြူရီမီးသီးများ ထွန်းညှိထားသည့် မီးတိုင်တို့၏အနားတွင်မူ ပိုးကောင် ငယ်များ သည် အလုံးအရင်းနှင့် ထွေးလုံးရစ်ပတ် ဝဲပျံနေကြသည်။

ညဥ့်နက်သည်ထက် နက်လာလေလေ အအေးဒဏ်က ပိုမိုပြင်းထန် လေလေ ဖြစ်သည့်အတွက် အေးကြည်သည် ရှိမြဲနေပြီဖြစ်သည့် စွယ်တာလက်ရှည် ၏ ရင်ဘတ်ကြယ်သီးကို တပ်လိုက်ကာ ပခုံးပေါ်၌ တင်ထားသည့် မုဒ္ဒံစောင်

နီညိုရောင်ကိုလည်း လွှားခြုံလိုက်၏။ ဘက်တစ်ဖက်ကမူ ငြိမ်းလိုက်တောက်လိုက်ဖြစ်နေသည့်မီးခွက်ကို လေဒဏ်မှ ကာကွယ်ပေးထားရသေးသည်။ နေ့လယ်က ကောင်းစွာမအိပ်ရသည်မို့ မျက်စိအစုံမှာ စင်းလာသည်။ သို့သော် အိပ်၍မဖြစ်သေး။ သန်းခေါင်ကျော် တစ်ချက်တီးခန့်ဆိုလျှင် ဈေးစည်လာတော့မည်။

(၂)

''ကောက်ညှင်းပေါင်း ပေးစမ်းပါဦး''

ဤအသံကိုကြားသည်နှင့် တစ်ပြိုင်နက် အေးကြည်သည် အနေရခက်နေမိလေ၏။ အဘယ့်ကြောင့်ဆိုသော် ဤအသံရှင်ကား အခြားမဟုတ် သူ အလွန်မုန်းတီးစက်ဆုပ်သော ကိုဘိုးခွေး ဖြစ်ခြင်းကြောင့်တည်း။

စောစောပိုင်းက မငွေစိန်နောက်နေသော 'ညည်းအဆက်ကြီး' ဆိုသူမှာ သူပင်ဖြစ်၏။ မယားနှင့် ကွဲနေသည်ဆိုသော ဤကိုဘိုးခွေးသည် အသားမည်း၏။ သူ့ကိုယ်လုံးကိုယ်ပေါက်မှာ လူနှင့်မတူ။ ကျွဲနှင့်ပိုတူသည်ဟု အေးကြည် ထင်မိသည်။ ကြည့်တော့ အသားမည်းရသည့်ကြားတွင် သွားတွေက ကြီးတိုးကြဲတဲနိုင်လှသေးသည်။ အရုပ်ပုသည်ဟု မဆိုသာသော်လည်း ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသူဖြစ်သဖြင့် ပုသည်ဟုထင်ရ၏။ ကိုဘိုးခွေး၏ လက်မောင်းတွေမှာ တုတ်ခိုင်လှသည်။ သို့သော် ခြေသလုံးကား အတန်ငယ်ခွင်သည်။ စကားပြောလျှင် မာကျယ်ကျယ်နိုင်သလောက် အာဘောင်အာရင်းကလည်း သန်လှသေးသည်။ ဤမျှ မျက်မုန်းကျိုးဖွယ်ဖြစ်သော်လည်း ကိုဘိုးခွေးကို အလိုက်သင့် အလျားသင့် ပေါင်းကြသူတွေများလှသည်။ ဤသို့ အလိုက်သင့် အလျားသင့် ပေါင်းရသူများစွာတို့အနက်တွင် အေးကြည်နှင့် မငွေစိန်တို့နှစ်ယောက်လည်း အပါအဝင် ဖြစ်လေသည်။

အဘယ့်ကြောင့်ဆိုသော် ကိုဘိုးခွေးသည် မြင်ပြင်းကတ်စရာကောင်းသော်လည်း ဤဆိပ်ကမ်း၌ နှစ်ပေါင်းများစွာ လုပ်သက်ရင့်လာသူဖြစ်ခြင်း၊ အလုပ်သမားများ အထူးသဖြင့် ငါးတောင်းထမ်း အလုပ်သမားများနှင့် ငါးအတင်အချ ကုလားအလုပ်သမားများစွာတို့ကို သူသည် ဩဇာစူးရှ နိုင်နင်းခြင်းကြောင့်ဖြစ်ပေ၏။ အေးကြည်၏ ကွမ်းယာဆိုင်ကလေးမှာ ကိုဘိုးခွေးကြောင့် ရောင်းကောင်းသည်ဟု ဆိုလျှင် မမှား။



လွန်ခဲ့သည့် တစ်လခန့်ကစ၍ ကိုဘိုးခွေးသည် အေးကြည်အား ရိသဲ့သဲ့လုပ်လာ၏။ ရိသဲ့သဲ့လုပ်တတ်သော အလေ့မှာ ထူးဆန်းလှသည် မဟုတ်သည့်အတွက် အစကနဦးတွင် အေးကြည်သည် ပေါ့ပေါ့တန်တန်ပင် နေခဲ့ပေ၏။ သို့ရာတွင် ကိုဘိုးခွေးသည် တစစ်စထက်တစ်စ အတင့်ရဲလာ၏။ လူစည်ကားနေသည့် ဈေးတန်းအလယ်ခေါင်မှာပင် တစ်ခါတစ်ရံ လူပျိုစကား ပြောသည်အထိ ဖြစ်လာ၏။ ညစ်ညိုလိုလို အရက်နံ့ တထောင်းထောင်းနံနေသော သူ့ပါးစပ်ကြီးဖြင့် အနားကပ်၍ လူပျိုစကား အပြောခံရသည်မှာ ရှက်စရာကောင်းလှသည်ဟု အေးကြည်ထင်မိလေသည်။

သို့သော် ကိုဘိုးခွေးကို ကြောက်သည့်အတွက် နင်ဘဲငဆ တစ်ခွန်းမျှ ပြန်မပြောရဲ။ တစ်ခါတစ်ရံ သူ ပြောသမျှ စကားတွေကို မကြားချင်ဟန် ပြုနေလိုက်ရပြီး တစ်ခါတစ်ရံတွင်ကား ကိုယ့်ရှေ့မှာရပ်နေပါလျက် သူ့တစ်ကိုယ်လုံးကိုပါ မမြင်ချင်ဟန် ပြုနေလိုက်ရသည်။ ဤသို့မှ မလုပ်လျှင်မဖြစ်။ ကိုဘိုးခွေးကို အလုပ်သမားအများစုက ကြောက်ကြရသည်။ သူကလည်း သို့ကလို ကြောက်ရလောက်အောင် နောက်ကြောင်းရာဇဝင်တွေ ရှိခဲ့ဖူးသည်။ မိုက်သည်၊ ရက်စက်သည်၊ ခေတ်အဆက်ဆက်တွင် ကိုဘိုးခွေးသည် ကီလီလမ်းနှင့် မော်တင်လမ်း ဆိပ်ကမ်းနယ်မြေတရိုး၌ သူ့စကားကို နားမထောင်သော၊ သူ့ကို ကလန်ကဆန်လုပ်သော အလုပ်သမားအချို့၏ ဦးခေါင်းကို ရိုက်ခွဲခဲ့ဖူးသူဖြစ်သည်။

''ကောက်ညှင်းကလည်း မာကျောကျောကြီး''

''မာလည်း မတတ်နိုင်ဘူး။ ဒါပဲရတယ်''

''နောက်ထပ် ဆယ်ပြားဘိုး ပေးဦး''

မငွေစိန်က ကောက်ညှင်းတောင်းတွင်းသို့ လက်နှိုက်ကာ ကောက်ညှင်းကို အသာအယာ ဖွနေသည်။ ကိုဘိုးခွေးကမူ မငွေစိန်ထံ၌ ကောက်ညှင်းပေါင်းဝယ်စား၍ မငွေစိန်နှင့်သာ စကားပြောနေသော်လည်း မျက်စိမှာ အေးကြည်ဆီ၌သာ ဝဲရစ်ကျက်စားနေလေသည်။ အေးကြည်ကား ကိုဘိုးခွေးဆီသို့မကြည့် ရှေ့တည့်တည့်ကိုသာ စူးစိုက်ကြည့်နေမိ၏။

''လက်ဖက်ရည်သုံးခွက် ပေးစမ်းဟေ့''

အေးကြည်နှင့် မငွေစိန်၏အကြားတွင် လက်ဖက်ရည်သည် ကုလားလေး

တစ်ယောက် ထိုင်နေသည်။ မီးဖိုကလေးပေါ်တွင် အသင့်ဖျော်ပြီးသား လက်ဖက်ရည် ကရားကို တင်ကာ လမ်းမပေါ်၌ ချရောင်းသော ကုလားလေးစွပ်ပယားလက်ဖက်ရည် ဆိုင်တည်း။

''ဘယ်နှခွက်လဲ ဆရာ''

''သုံးခွက်ကွ စွပ်ပယား။ ချွတ်ကရားရဲ့''

စွပ်ပယားဆိုသော လက်ဖက်ရည်ဆိုင်ရှင် ကုလားလေးသည် ကိုဘိုးခွေးက နောက်နေသည်ဟု အထင်ရောက်ဟန်တူ၏။ သို့မို့ကြောင့်လည်း လက်ဖက်ရည်ကို ထည့်မပေးဘဲ မျက်စိအစုံကို ပေကလပ် ပေကလပ်လုပ်ကာ ကိုဘိုးခွေးထံသို့ သွားကလေးချဲလျက် ကြည့်နေလေ၏။

''ဒီခွေးသားလေး ၃ ခွက်ပါဆို ဘာလုပ်နေတာလဲ''

''ဆရာ. . .တစ်ယောက်တည်းလာတယ်။ ၃ ခွက်သောက်မလား''

စွပ်ပယားက မရဲတရဲ ပြန်မေးလိုက်၏။ မီးရောင်တွင် သူ၏မည်းမှောင်သော မျက်နှာကလေးသည် ပြောင်လက်နေ၏။

''ဒီကောင် စကားတော်တော်ရှည်တဲ့ကောင်ပဲ။ ငါ နားရင်းတစ်ချက် အုပ်လိုက်ရ မူလွတ်ပြန်ရောက်သွားမယ်။ ထည့်ဆိုထည့်စမ်း ၃ ခွက်။ နောက်ထပ် ဘာတစ်လုံးမှ မပြောနဲ့ ပြောရင်အသေပဲ''

ကုလားလေး စွပ်ပယားသည် ကြောက်ကြောက်လန့်လန့်ဖြင့် လက်ဖက်ရည် ငှဲ့နေရလေရာ သူ့လက်ချောင်းကလေးများမှာ တုန်ယင်လျက်ရှိလေသည်။

လက်ဖက်ရည် ၃ ခွက်အနက် ကိုဘိုးခွေးက တစ်ခွက်ကို မငွေစိန်ဆီသို့ လှမ်းပေးကာ တစ်ခွက်ကိုမူ အေးကြည်၏ ဈေးဗန်းအစွန်နားသို့ လာတင်သည်။

''လက်ဖက်ရည်လေးဘာလေး သောက်လိုက်ဦး''

''မသောက်ချင်ဘူး''

''အိုး. . .အိပ်ချင်ပြေတိုက်တာပါဟ အေးကြည်ရ၊ သောက်လိုက်ပါ ပူပူနွေးနွေး''

''ကျွန်မ ဗိုက်ပြည့်နေတယ်''

''ပြည့်ပြည့်လေ သဒ္ဒါလို့ကျွေး သေဆေးတောင် ကြမ်းပေါက်ထဲ သွန်ချရသေးတာ ဟား. . .ဟား. . .ဟား''



ကိုဘိုးခွေး၏ပါးစပ်မှ အရက်နံ့ ထောင်းခနဲ ထွက်လာသည်။ ချဉ်စုတ်စုတ်စူးရှရှ ဤအနံ့ကြီးကို အေးကြည်ရှုံ့လှသည်။ ကိုဘိုးခွေး၏ မျက်နှာသည် တင်းအစ်နေ၏။ အရက်တွေ အလွန်အကျွံသောက်ထားသည့်အတွက် မျက်စိအစုံမှာ ရဲရဲနီနေ၏။ ခါတိုင်းညများတွင်လည်း ကိုဘိုးခွေးသောက်နေကျဖြစ်ကြောင်း အေးကြည်သိသည်။ သို့သော် ယနေ့ညတွင်မူ ခါတိုင်းထက်ပို၍ မူးလာသည်ဟု ထင်ရလောက်အောင် ကိုဘိုးခွေး၏ အခြေအနေမှာ ပျက်နေလေ၏။ အသက်ရှူသံမှာ ပြင်းထန်လှ၏။ နွားသိုးတစ်ကောင်လို တရှူးရှူးမြည်အောင်ကို ရှူနေခြင်းဖြစ်၏။ အနားကပ်လာသော သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် ချွေးနံ့နှင့် အရက်နံ့တွေ ပေါင်းစပ်ရောနှောကာ ဆိတ်သတ္တဝါပမာ အောက်သိုးသိုးအနံ့ ထွက်နေလေသည်။

''သောက်ပါ အေးကြည်ရ၊ နင့်ကြည့်ရတာ အိပ်ချင်သလိုပဲ။ မျက်လုံးတွေ စင်းလို့၊ ဒါကြောင့် ငါက နင့်အတွက်ပိုမှာတာ''

အေးကြည်သည် အကာအကွယ်ကင်းမဲ့ရာအရပ်၌ ကျားနှင့်တွေ့ရသော သားကောင်ပမာ မလှုပ်မယှက် ဖြစ်နေမိလေ၏။ သို့မို့ကြောင့်လည်း အကူအညီရလိုရငြား မငွေစိန်ဘက်သို့ လှမ်းကြည့်သည်။ မငွေစိန်က မျက်စိတစ်ဖက်မှိတ်ကာ လက်ဖက်ရည်ကို သောက်လိုက်ဖို့ အချက်ပြလေသည်။

''ဒါဖြင့်လည်း သောက်တာပေါ့ ထားပါ''ဟု အေးကြည်က တုံးတိတိ ပြန်ပြောလိုက်၏။

''ငါ့ကို ကွမ်းပေးဦး''

''ဘယ်နှစ်ယာလဲ''

''နှစ်ယာပေါ့''

အေးကြည်သည် လွှမ်းထားသောစောင်ကို ဖယ်ချလိုက်ပြီးနောက် ကွမ်းရွက်အထပ်ကလေး နှစ်ထပ်ကိုဆွဲထုတ်ကာ ကွမ်းသီးထည့်နေ၏။ ထိုအခိုက် ကိုဘိုးခွေးက အေးကြည်၏တစ်ကိုယ်လုံးကို ဝါးမျိုတော့မည့်အတိုင်း စူးစူးစိုက်စိုက် ကြည့်နေလေ၏။ အေးကြည်၏ အသားအရေမှာ လတ်၏။ အတန်ငယ်ဝါဝင်းသည်ဟု ဆိုနိုင်ပါသေး၏။ ပါးမို့ကလေးအစုံနှင့် ဖြိုးမောက်တင်းပြည့်သော ရင်သားအစုံတို့မှာ တပ်မက်စရာပင်ဖြစ်၏။ ခန္ဓာကိုယ်ကို လှုပ်လိုက်တိုင်း ဤရင်သားအစုံသည် မသိမသာ လှုပ်ရှားနေ၏။ ကိုဘိုးခွေး၏ ရီဝေမှိုင်းတွဲ့သော မျက်စိများကား တပ်မက်ခြင်း

အတိပြီးသည့် အကြည့်ဖြင့်သာ စူးစူးရဲရဲ ကြည့်နေလေ၏။

''တစ်ယာက ပုလင်းဆေးရယ်၊ ဗမာဆေးရယ်၊ ကွမ်းသီးရယ် ဒါပဲ။ တစ်ယာ ကတော့ နင်ကြိုက်ရာရာ နင်ယာပေးတာ ငါစားမယ်''

သူ ပြောသည့်အတိုင်း အေးကြည်က ခပ်မြန်မြန်ကလေးပြီးအောင် ယာပေးသည်။ ကွမ်းယာကို လှမ်းပေးသောအခါ ကိုတိုးခွေးသည် အေးကြည်၏လက်ကိုပါ ဖမ်းဆုပ်ထားလိုက်၏။ အေးကြည်က ကွမ်းယာကို သူ့လက်တွင်း၌အတင်းထားကာ မိမိ၏လက်ကိုမူ ကမန်းကတန်း ပြန်ထုတ်လိုက်ရလေ၏။

''ဟဲ...ဟဲ...အေးကြည်...တကယ်ပြောတာ နင်ဟာ သိပ်လှတာပဲ။ ငါတော့ တကယ်''

ကိုဘိုးခွေး စကားမဆုံးခင် မငွေစိန်က...

''ဒီသေနာ မယားတရှုံကြီး အရေတွေ သောက်လာပြီး အေးအေးနေစမ်း။ လူတွေကြားထဲမှာ အရှက်မရှိ''ဟု လှမ်း၍ဟန့်လိုက်၏။

အေးကြည်သည် မုဖုံစောင်ကို ပခုံးပေါ်မှ လွှမ်းခြုံလိုက်၏။ အအေးဒဏ်ကို ပင် သတိမရတော့ဘဲ ဖောချွေးတွေ ပြန်နေ၏။ ဆိပ်ကမ်းနယ်မြေသို့ ရောက်လာသည့်အချိန်မှစ၍ အဖြစ်အပျက်မျိုးစုံ၊ လူမျိုးစုံကို သူ တွေ့ခဲ့ဖူးသည်။ သို့သော် ကိုတိုးခွေးနှင့် ယနေ့တွေ့ရပုံလောက် စိတ်ပျက်စရာကောင်းသောအဖြစ်မျိုးကို မတွေ့ခဲ့ဖူးသေးဟု သူ ထင်သည်။

''ခင်ဗျားက အသာနေစမ်းပါ ဝင်ဝင်ပြောမနေစမ်းပါနဲ့ ရှာနာတယ်။ မှဆိုးမ။ မုဆိုးမဘာသာ နေတာ မဟုတ်ဘူး''

''ဘာပြောတယ်''

''အသာနေစမ်း''

''ဘာဖြစ်လို့ အသာနေရမလဲ။ အလကား မိန်းကလေးတစ်ယောက်ကို လိုက်နှောင့်ယှက်နေတာ''

ထိုအခိုက် လမ်းသွားလမ်းလာများ။ အလုပ်သမားများ ဝိုင်းလာကြသည်။

''တယ်...ဒီကောင်မ တယ်လျှာရှည်ပါလား။ ငါလုပ်လိုက်ရ''ဟု ကိုတိုးခွေးက ကြိမ်းနေပြန်သည်။ သူ့မျက်နှာသည် မီးကျီးမီးခဲလို ရဲရဲနီနေ၏။ အသက်ရှူသံမှာ ပို၍ပြင်းထန်လာ၏။



''လုပ်ရဲလုပ်ကြည့်ပါလား။ ရှင့်မျက်နှာကို ကျုပ်က ပွတ်လွှတ်လိုက်မယ်။ လူကများ ကောင်မလေး ဘာလေးနှင့် အရေတွေသောက်လာပြီးရင် လူမှန်းကို မသိဘူး''

''ကဲပါ မမစိန် တော်ပါတော့။ လူတွေကြားထဲ ရှက်စရာကြီး။ ကဲ... ကိုဘိုးခွေး သွားပါတော့ရှင်...ကျွန်မ တောင်းပန်ပါတယ်''

ကိုတိုးခွေးက တောင်းပန်ဖျန်ဖြေနေသော အေးကြည်၏လက်ကို ဖျက်ခနဲ လှမ်းဆွဲလိုက်၏။ ''အေး...နင်တို့ သတိထား။ ငါ့အကြောင်း တစ်နေ့သိမယ်'' ဟုလည်း ရှူးရှူးရှားရှား ရေရွတ်ကာ လူအုပ်ကြားမှ ထိုးထွက်သွားလေ၏။ ထိုအခါ၌ မငွေစိန်သည် မကျေမချမ်းဖြစ်ကာ ဆက်လက်ရေရွတ် မြည်တွန်လျက်ရှိသော်လည်း အေးကြည်ကမူ မျက်လွှာကို အောက်ချထားမိ၏။ လေတိုးလိုက်သည့်အတွက် ငြိမ်းသွားသော မီးခွက်ကိုပင်လျှင် ပြန်မထွန်းတော့။

(၄)

''အလင်းဆိုက်မယ့် သင်္ဘောတွေ မစောင့်တော့ဘူးလား''

''မစောင့်တော့ဘူး မမစိန်၊ ကျွန်မ ပြန်မယ်။ သိပ်အိပ်ချင်တာပဲ။ အမေလည်း သိပ်နေကောင်းတာ မဟုတ်ဘူး''

•ကျုံမငေး မော်လမြိုင်ကျွန်း၊ ပုသိမ်၊ ဝါးခယ်မ စသော မြစ်ဝကျွန်းပေါ်ဒေသအသီးသီးမှ ရန်ကုန်သို့လာသည့် အစိုးရသင်္ဘောအချို့နှင့် ပုဂ္ဂလိကပိုင်သင်္ဘောအချို့တို့မှာ နံနက် ၃ နာရီခွဲ၊ ၄ နာရီခန့် ရောက်လာတတ်သည်။ သင်္ဘောများသည် နံနက် ၆ နာရီခွဲ၊ ၇ နာရီအထိ တစ်စင်းပြီးတစ်စင်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆိုက်ကပ်လာကြသည်သာ ဖြစ်၏။ သို့စဉ်လျက် အေးကြည်တစ်ယောက်မှာ ၄ နာရီခွဲ သာသာခန့်ရှိသေးသည် ဆိုင်သိမ်းနေလေပြီ။

''အေးလေ...ဒါဖြင့်လည်း ပြန်။ မနက်ကျတော့ ငါလာခဲ့ဦးမယ်''

အေးကြည်သည် ထင်းရှူးပြားတွေကို ခင်းထားသော ကွမ်းယာပန်းကို ရွက်လျက် ငါးဈေးသစ်ကြီးနံဘေးအတိုင်း ကတ္တရာလမ်းပေါ်မှ လျှောက်ကာ နှင်းတောထဲသို့ တိုးဝင်ပြန်ခဲ့၏။ ရန်ကုန်မြစ်တွင်း၌ သင်္ဘောများ၊ မော်တော်များ အသွားအလာ စိပ်စပြုလာလေပြီ။ ငါးထမ်းအလုပ်သမားတွေက ငါးစည်တွေကို

ထမ်းချရင်း အော်ကြ ဟစ်ကြသည့်အသံ၊ လက်တွန်းလှည်းဘီးများအား ဆိပ်ကမ်းတံတားပေါ်တွင် တအားတွန်းသွားသည့်အတွက် ကြိတ်ကာ ညပ်ကာ ပေါ်ထွက်လာသော အသံ၊ ဥသြသံ၊ ငါးဈေးသစ်ကြီးအတွင်းမှ လှုပ်လှုပ်ရွရွ တိုးကြရွေ့ကြသော ငါးသည်များ ပန်းထမ်းကူလီများအသံ စသည့် အသံဘလံမျိုးစုံတို့မှာ သူ့နောက်ကျောဘက်တွင် တဖြည်းဖြည်း ဝေးကျန်ရစ်သည်။

အလုံသစ်စက်ဝင်းနဘေးမှ ဖြတ်စီးနေသော မြောင်းကြီးနားရှိ သူ့တဲကလေးဆီသို့ လျှောက်လာခဲ့သည့် အေးကြည်သည် ငါးဈေးသစ်ကြီးအလွန်ရှိ ကွက်လပ်မှ ဖြတ်ထွက်လိုက်မိသည်နှင့် နှင်းထုနှင့် မှောင်ရိပ်ကြားမှ ထွက်လာသော ကိုဘိုးခွေးနှင့် ပက်ပင်းသွားတိုးနေလေ၏။ အဖြစ်အပျက်တို့မှာ လျင်မြန်လွန်းလှ၏။ ကိုဘိုးခွေးသည် မှောင်ရိပ်တွင်းမှထွက်ပြီးသည်နှင့် တစ်ပြိုင်နက် အေးကြည်၏ ခန္ဓာကိုယ်တစ်ခုလုံးကို သန်မာလှသော သူ့လက်နှစ်ဖက်ဖြင့် ပွေ့ဖက်လိုက်၏။ အေးကြည်၏ ခေါင်းပေါ်မှ ကွမ်းယာပန်းမှာလည်း မြေပေါ်သို့ ထိုးကျသွား၏။ အေးကြည်သည် ကိုဘိုးခွေး၏ ရင်ခွင်ထဲသို့ ရုန်းရင်းကန်ရင်းနှင့်ပင် ပါသွားလေ၏။

ကိုဘိုးခွေးသည် အရက်နံ့ စူးစူးဝါးဝါး နံစော်နေသော သူ့ပါးစပ်ကြီးဖြင့် အေးကြည်၏ ပါးကို အငမ်းမရ နမ်း၍ မို့မောက်ပြည့်ဖြိုးသည့် အေးကြည်၏ ရင်သား တပ်မက်ကြမ်းတမ်းစွာ ဆွဲကိုင်၏။ ထို့နောက် အေးကြည်ကို မြေကြီးပေါ်သို့ အတင်းလှဲချကာ အေးကြည်၏ ခန္ဓာကိုယ်ပေါ်သို့ တက်ဖိရန် ကြိုးပမ်း၏။

“ကယ်တော်မူကြပါ”

အေးကြည်က အခွင့်ရခိုက်၊ သံကုန်ဟစ်ကာ အော်လိုက်သည်။ အေးကြည်၏အသံသည် နီးစပ်ပြုပြီဖြစ်သော ဝန်းကျင်တစ်ခုလုံးကို ပို၍လှုပ်ရှားသွားစေ၏။ စူးစူးဝါးဝါး နိုင်လှသည့် ဤအသံက တစ်ဝမ်းတစ်ခါးအတွက် အလုပ်ရှုပ်နေကြသည့် လောကဆီသို့ ဖောက်ထွင်းတိုးထွက် သွားလေတော့သည်။

“ဟင်. . .ခွေးမ အော်ဦး. . .အော်ဦး. . .”ဟုဆိုကာ ကိုဘိုးခွေးသည် အေးကြည်၏ ပါးပြင်ကို သူ့လက်ဖဝါးကြမ်းကြီးဖြင့် နှစ်ချက်ဆက်၍ ရိုက်လိုက်၏။ ထို့နောက် အေးကြည်၏ကိုယ်ကို မြေပေါ်တွင် ပြားကပ်နေအောင်ဖိထား၍ အေးကြည်မှာ ရှိသမျှခွန်အားကို ဖျစ်ညှစ်ကာ “ကယ်ကြပါ”ဟု ထပ်အော်သည်။ မြေပေါ်မှ ရုန်းကန်၍လည်း ထသည်။ သို့သော် ကိုဘိုးခွေးကမူ ခန္ဓာကိုယ်ကို



တအားလှဲချလိုက်လေရာ နောက်သို့ ပက်လက်လန် လဲအကျတွင် ကျောက်ခဲများ အုတ်ခဲစများ ပြွမ်းတီးသောမြေကြီးနှင့် အေးကြည်၏ ဦးခေါင်းကို အရှိန်ပြင်းစွာ ရိုက်မိသွားသည့်အတွက် အေးကြည်သည် မိုက်ခနဲ ဖြစ်သွား၏။ လူတွေပြေးလာသံ၊ စကားသံ၊ ခြေသံတွေကို ကြားရသည်။ အရက်နံ့ဆိုးကြီးကိုလည်း အရှိုက်မိသေးသည်။ ထို့နောက် အေးကြည်သတိမရတော့. . .

ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်နေ၏။ လူအုပ်ကြီးသည် အေးကြည်နှင့် ကိုဘိုးခွေးရှိရာသို့ ရောက်လာ၏။ မိန်းမောနေသော အေးကြည်နှင့် သူ့ကို နိုင့်ထက်စီးနင်းပြုရန် ကြိုးပမ်းနေသော ကိုဘိုးခွေးအား တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် အုပ်မနိုင် ထိန်းမရ ဖြစ်ကြသည်။ တစ်ယောက်တစ်ပေါက် ဆဲကြ တိုင်းကြသည်။ ဝိုင်းရိုက်ကြသည်။ ကိုဘိုးခွေးကား ဤနေရာတွင်ပင် မရှုမလှ ပွဲချင်းပြီး အသက်ပျောက်နေလေတော့သည်။

ခဏအကြာတွင် အေးကြည် သတိလည်လာသည်။ သူ့ကို တစ်စုံတစ်ယောက်က ပွေ့ယူထားကြောင်း သိရသည်။ မငွေစိန်ပါတကား။

အေးကြည်၏ ဆွယ်တာသည် ကျွတ်ကျနေ၏။ အတွင်းခံဇာဘော်လီကြီးတွေမှာ ပြတ်ထွက်နေ၏။ တင်ပါးပေါ်ထိ လျှောကျနေသောထဘီကို မငွေစိန်က ကမျာကသီ ဆွဲတင်ကာ ဝတ်ပေးလိုက်၏။ နှုတ်ခမ်းထောင့်နားဆီ၌ သွေးစအချို့ ပေနေသည်ကိုလည်း သုတ်ပေး၏။ ဆိပ်ကမ်းရဲများ ဝိုင်းယာလက်ကားများ ရောက်လာကြ၏။ အေးကြည်သည် မငွေစိန်ကို ဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးနေလေ၏။

ကံကောင်းထောက်မသဖြင့် အေးကြည်၏ အပျိုစင်ဘဝ မဆုံးပါးသေးသော်လည်း သူနှင့် သူ့အမေအို၏ တစ်ဝမ်းတစ်ခါးအတွက် အားထားရာဖြစ်သော ကွမ်းယာပန်းကလေးမှာမူ မြေပေါ်တွင် ဖရိုဖရဲ ကြေမွပျက်စီးခဲ့လေပြီ။

ထိုအခိုက်တွင် နှင်းမြူတို့သည် ထူထပ်စွာ ဆို့ဆိုင်းကျဆင်းနေ၏။ မုတ်သုန်ဦး၏ မိုးစက်မိုးပေါက်များလား ထင်ရလောက်အောင် နှင်းမှုန်တိုင်းတို့ စွေထန်နေ၏။ အရှေ့ဘက် ကောင်းကင်၌မူ ပတ္တမြားရည်တို့သည် နှင်းထုကို ဖောက်ထွင်းကာ ဤကမ္ဘာမြေပြင်ပေါ်သို့ စီးဆင်းသွန်းလောင်းစ ပြုနေပြီဖြစ်ပါသတည်း။

ငွေတာရီ

စက်တင်ဘာ၊ ၁၉၆၉

# ပါမောက္ခစကြဝဠာ

(၁)

မိုးရွာပြီးစပြစ်သဖြင့် လောကတစ်ခွင်သည် ကြည်လင်စိမ်းမြလျက်ရှိလေသည်။ စိန်ပန်းပွင့်နီရဲရဲတို့သည် ပြာလဲ့မှိုင်းညို့သော ကောင်းကင်ကို နောက်ခံထားလျက် မှတ်သုတ်လေတွင် ယိမ်းနွဲ့နေကြသည်။ စောစောကလေပြင်းအဟုန်ကို ခံထားရသည့်အတွက် အချို့သော စိန်ပန်းပွင့်ဖတ်တို့မှာ မြေပြင်တစ်ခုလုံး နီစွေးစွေးအရောင်တောက်ခမန်း ကြွေကျပြန့်ကြဲလျက်ရှိသည်။

မည်းနက်သည့် မြွေကြီးတစ်ကောင်ပမာ အစင်းသား လဲလျောင်းနေသော ကတ္တရာလမ်းမ၏ တစ်ဖက်သို့ မျှော်ကြည့်လျှင် မျက်စိတစ်ဆုံး ကျယ်ဝန်းပြန့်ပြူးသည့် ကွင်းပြင်ကြီးကို တွေ့နိုင်သည်။

ကွင်းပြင်ကြီးမှာ ပြကတေ့ ဆိတ်ငြိမ်လျက်ရှိသည်။ အသံဘလံဟူ၍ မရှိ။ တစ်ခါတစ်ရံ ကတ္တရာလမ်းမပေါ်၌ ကြိုးတိုကျဲ ဖြတ်သန်းပြေးလွှားသွားသော ကားများ၏ အသံကိုသာ ကြားရပါ၏။ မှတ်သုတ်လေက ဝှေ့ယမ်းလိုက်သည့်အခါများတွင် တရှဲရှဲအော်မြည်ကာ ဘယ်ယိမ်းညာနွဲ့ဖြစ်နေကြသော သစ်ပင်ဝါးပင်များ၏ အသံတို့ကိုလည်း ကြားနိုင်ပါသေး၏။ ဤသည်တို့၏အခြားမဲ့၌ လောကဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လို့သာ နေလေတော့သည်။

ပါမောက္ခ စကြဝဠာသည် အပြင်လေတိုးသဖြင့် တလွန့်လွန့်လွင့်မြူးနေသော အဖြူရောင်ခန်းဆီးကို ပြတင်းတံခါးဘောင်၏ ဘေးတစ်ဖက်တစ်ချက်ဆီသို့ ဆွဲကပ်ထားလိုက်၏။



အပြင်မြင်ကွင်းကို ယခုမှပင် ကင်းကင်းရှင်းရှင်းမြင်ရပြီဖြစ်သော ပါမောက္ခကြီးသည် ပြတင်းတံခါးဝတွင် ခါးကိုဆန့်ဆန့်တန်းကာ ရင်ကိုရှေ့သို့ အတန်ငယ်ကော့၍ရပ်ရင်း အပြင်ဘက်မှဝင်လာသည့် မိုးသက်လေကို အားပါးတရ ရှူရှိုက်မိလေသည်။

ပါမောက္ခကြီးဟု ဆိုလိုက်ရသော်လည်း အမှန်စင်စစ်အားဖြင့် သူသည် အသက်အရွယ်အားဖြင့် ကြီးလှသေးသည်မဟုတ်သေး။ အလွန်ဆုံးရှိကာမှ ၄၀ ဝန်းကျင်တွင် ရှိချေဦးမည်။ သို့သော်လည်း ပညာ၏ အမှတ်အသားဖြစ်သော ကျွဲကော်ကိုင်း အညိုရောင်တပ် သူ့မျက်မှန်မှာ ထူထဲလှ၏။ အပြင်အလင်းရောင်နှင့် တွေ့ထိလိုက်တိုင်း သူ့မျက်မှန်မှ တလျှပ်လျှပ် ဝင်းလက်နေ၏။ ထိုမျှသာလော မဟုတ်သေး။ သူ၏ နားထင်နားတွင် ငွေရောင်တောက်သည့် ဆံဖြူစကလေးများကလည်း တလက်လက်ထနေ၏။ သူ့အသားအရေမှာ ဖွေးဖွေးဖြူနေသည့်အတွက် အမှတ်မထင်ဆိုသော် သွေးအားနည်းသော လူနာတစ်ဦးပမာ ဖြူဖတ်ဖြူလျော် နိုင်လှသည်ဟု ဆိုစရာပင်။

အသက်အရွယ်နှင့်စာသော် အတန်ငယ်အိုမင်းသည်ဟု ထင်ရ၏။ ကျန်းမာရေးနှင့် ပြည့်စုံသည်ဟုလည်း မဆိုနိုင်။ သူ့ခန္ဓာကိုယ်သည်ပင်လျှင် ကျုံ့လှီလွန်းလှ၏။ ယင်းသို့ဖြစ်ရသည်မှာ ပါမောက္ခကြီးအား အပြစ်ဆိုစရာမရှိ။ အဘယ့်ကြောင့်ဆိုသော် သူ ထမ်းဆောင်ရသော တာဝန်နှင့် သူ ဆောင်ရွက်နေရသော လုပ်ငန်းတို့၏ ထုထည်နှင့် ပမာဏမှာ ကြီးမားလေးလံလှလွန်းသောကြောင့်တည်း။

ပါမောက္ခကြီး၏ ၆ နှစ်အရွယ် သားငယ်သည် အခန်းထောင့်တစ်နေရာတွင် ဆော့ကစားလျက်ရှိလေသည်။ ဓာတ်ခဲအားဖြင့် ခုတ်မောင်းသော မီးရထားကလေး တစ်စင်းကို သံလမ်းငယ်ပေါ်လွှတ်တင်လျက် ကြည်ကြည်နူးနူး ဆော့ကစားနေသည့် သားငယ်ဆီသို့ ပါမောက္ခကြီးက အမှတ်မထင် လှည့်ကြည့်မိသည်။ သို့ရာတွင် ပါမောက္ခ စကြဝဠာ၏ အတွေးသည်လည်းကောင်း၊ စိတ်ကူးသည်လည်းကောင်း အပြစ်ကင်းစင်သည့် သားငယ်ထံတွင် မရှိချေ။ တစ်ဖန် တိတ်ဆိတ်ငြိမ်သက်သော အပြင်လောကဆီသို့ အာရုံဝင်စားမိပြန်သည်။ သို့တိုင်အောင် သူ့အတွေးနှင့် သူ့စိတ်ကူးသည် ဩကာသလောကကို မမြင်။

အဘယ့်ကြောင့်နည်း။

ပါမောက္ခစကြာဝဠာသည် သက်ပြင်းရှည်တစ်ချက်ကို လေးလေးလံလံ ဆွဲ၍ ချလိုက်၏။ နဖူးပြင်ကိုလည်း လက်ကိုင်ပုဝါဖြူဖြင့် သုတ်၏။ သူ့မျက်စိအာရုံ၊ စိတ်အာရုံသည် သားရင်သွေးဆီသို့ မရောက်နိုင်၊ ချစ်ဇနီးဆီမှာလည်း မရှိ သာယာ ချင့်စဖွယ်ဖြစ်သော လောကဝန်းကျင်၌လည်း မဝိုနား။

ပါမောက္ခကြီး၏ မျက်စိအာရုံ စိတ်အာရုံသည် စကားလုံးကလေးများ၌သာ ကျက်စား ကျင်လည်လျက်ရှိလေသည်။ ဝေါဟာရများသည် သူ့ရင်တွင်း၌ လှိုင်းခေါင်း ဖြူများသဖွယ် တစ်လုံးပြီးတစ်လုံး ရိုက်ခတ်မြည်ဟည်းလျက်ရှိသည်။

ယမန်နေ့ နေ့လယ်ကကျင်းပခဲ့သော မြန်မာနိုင်ငံ သိပ္ပံပညာဆိုင်ရာ အကယ်ဒမီအဖွဲ့ကြီး၏ ဝေါဟာရ သုတေသနကော်မရှင် အစည်းအဝေးအကြောင်း ကိုသာ ပြန်ပြောင်းစဉ်းစားနေမိသောကြောင့် ဖြစ်လေသည်။ ဤအစည်းအဝေးတွင် ပါမောက္ခစကြာဝဠာသည် အခြားသော မဟာပညာကျော်ကြီးများနှင့် အကြိတ်အနယ် အငြင်းအခုန်ပြုခဲ့ရလေသည်။

"ဒီအစည်းအဝေးမှာ ပုရပိုက်ဆိုတဲ့ ဝေါဟာရရဲ့ အရင်းဇာစ်မြစ်ကို ရှာဖွေ ကြမယ်ဆိုတာ ကြားရတော့ ကျုပ် တော်တော်အံ့သြမိတယ်။ ပညာရှိကြီးတွေဟာ တစ်ခါတလေ သိပ်အတွေးခေါင်ကြတာကိုး။ ပုရပိုက်ဟာ ဘာလဲ။ ပုရပိုက်ပေါ့ဗျ။ ပုဂံသားတွေက ပုရပိုက်လို့သုံးနေပြီပဲ ရွှေကွန်ချာဘုရား လေးမျက်နှာကျောက်စာမှာ 'သင်ပုန်း ၂၊ ပုရပိုက် ၁၊ ကန့်ကူဆန် ၅ ချောင်း'လို့ ဆိုထားမင့်ပဲ။ ပုဂံခေတ် သုံးခဲ့တာထက်ကျော်ပြီး ဒီကပညာရှင်များက ဘယ်လိုကြံဆကြဦးမလဲ"

မြန်မာပညာရှိကြီးတစ်ဦးက အစည်းအဝေးတွင် ပါမောက္ခ စကြာဝဠာကို ထိုကဲ့သို့ ထိုးနှက်တိုက်ခိုက်ခဲ့လေသည်။

'ပုရပိုက်'ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ ပါမောက္ခစကြာဝဠာသည် သူ ရှာဖွေတွေ့ရှိထားသော အချက်အလက်များကို စဉ်းစားနိုင်ရန်အလို့ငှာ တင်ပြခဲ့ လေသည်။

သက္ကဋ ပါဠိ တိဘက်၊ တရုတ်စသော မြန်မာဘာသာနှင့် နီးစပ်နိုင်မည့် ဘာသာစကားများမှာ အထောက်အထားတွေ ဆွဲထုတ်၍ပြခဲ့သည်။ သက္ကဋဘာသာ တွင် 'ပရိဗာန'ဟုဆိုထားသည်။ ယင်းပရိဗာနကိုပင်လျှင် ပါဠိဘာသာ၌ 'ပုရတ္တ'ဟု ဆိုထားသည်။ တရုတ်ဘာသာတွင် 'ပု-ပိုက်'ဟူသော ဝေါဟာရရှိသေးသည်။



ပရိဗာနသည်လည်းကောင်း၊ ပုရပတ္တသည်လည်းကောင်း၊ ပုပိုက်သည်လည်းကောင်း အစဉ်အဆက် စုဆောင်းသိုမှီးထားသော စာစုများ၊ မှတ်တမ်းများ၊ ဆင့်စား၊ ချစား များဟု အနက်ဖွင့်ဆိုထားကြသည်။ ထို့ကြောင့် ယခုမြန်မာလူမျိုးတို့ ပြောဆို ရေးသား သုံးစွဲလက်ခံထားပြီးဖြစ်သော ပုရပိုက်ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို သက္ကဋဘာသာနှင့် ဖွင့်သောအခါ ဟုတ်သလိုလိုရှိသည်။ တရုတ်ဘာသာနှင့် ပြန်ဆိုကြည့်ကလည်း တူသယောင်ရှိသည်။ ပါဠိနှင့်ညှိကြည့်သည့်အခါ၌လည်း နီးစပ်လျက်ရှိသည် စသည်ဖြင့် သူ၏ သုတေသနပြုချက်များကို တင်ပြသည်။

သို့ရာတွင် အချို့သော ပညာရှိများက ပါမောက္ခစကြာဝဠာ၏ တင်ပြချက် တွေကို နားခါးသယောင်ရှိလေသည်။ အတင်းအကြပ် ငြင်းပယ်ချခဲ့ကြသည်။ ဘူရိ ဒတ်လက်ာ၊ မွေ့နွန်းရကန်နှင့် ရာမရကန်တို့ကို ကိုးကားခဲ့ကြသည်။

ဤသို့ဖြင့် အစည်းအဝေးတွင် 'ပုရပိုက်'ဟူသော ဝေါဟာရပြဿနာမှာ ပြီးပြတ်ပြေလည်ခြင်းမရှိ၊ လိပ်ခဲတင်းလင်း ကျန်နေရစ်လေသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ တင်လာသည့် 'ပရိုတိန်း'ဟူသော ဝေါဟာရ ပြဿနာတွင်လည်း အလားတူ ငြင်းခဲ့ရသေးသည်။ 'ပရိုတိန်း'ဟူသော ထိုအင်္ဂလိပ် ဝေါဟာရကို မြန်မာဝေါဟာရသို့ ကူးပြောင်းရေးအလုပ်မှာ ဤမျှ အခက်အခဲမရှိ သင့်ဟု သူ ယူဆလေသည်။ ထို့ကြောင့် 'ပရိုတိန်း'ကို 'ပရိုတိန်း'ဟူ၍သာ သတ်မှတ် ရန် သူက အကြံပေးသည်။

"မဟုတ်ဘူး။ ဒါဟာ အသားဓာတ်ဆိုတော့ အသားဓာတ်လို့ အနက်ပြန် ရမယ်"

"ဟာ. . .အသားဓာတ်ဆိုတော့ ရှုပ်ကုန်မှာပေါ့။ အမှန်စင်စစ် ပရိုင်းလို့ ခေါ်လိုက်ရင်ပြီးတာပဲဗျာ။ ပညာရှိများ စဉ်းစားတော်မူပါ"

"မဟုတ်သေးဘူး။ ပရိုတင်းဆိုတာ မတိကျဘူး။ မနိုင်မာဘူး။ ကျုပ် ကတော့ ပရိုင်တင်းလို့ ခေါ်ချင်တယ်။ ပရိုင်တင်းဆိုတာ အသံဖလှယ်တာလည်း မှန်တယ်။ ရွတ်လို့လည်း ကောင်းတယ်"

"အမှန်ကတော့ ပရိုင်တိန်းက အမှန်ပါ"

"ပရိုတိန်း"

"ပရိုတင်း"

''ပရိုင်တင်း''

''ပရိုင်တိန်း''

ပညာရှိကြီးများ တစ်ယောက်တစ်ပေါက် ဆွေးနွေးကြလေရာ မူရင်း အင်္ဂလိပ်ဘာသာဖြင့် ဤဝေါဟာရကို အဘယ်သို့ ခေါ်ဝေါ်သည်ကိုပင် မျက်စိလည် လောက်အောင် ရှုပ်ထွေးလျက်ရှိပေတော့သည်။

သို့ဖြင့် ပရိုတိန်းပြဿနာမှာလည်း မပြီးပြတ်ပါ။ ပါမောက္ခစကြာဝဠာ၏ နားထဲတွင် အထက်ပါ ပြင်းခုန်သံများ။ အကိုးအကားထုတ်သံများမှာ ဆူညံလှုပ်ရှား လျက်ရှိလေသည်။ သို့မို့ကြောင့်လည်း သူသည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ဆွဲကာ ချလိုက်မိပြန်၏။

''တစ်ယူသန်လူတွေ၊ ကိုယ့်အယူအဆမှ အမှန်ဆိုတဲ့ အစွဲအလမ်းကြီးတွေ ဖမ်းစားထားတာခံနေရတဲ့လူတွေ''

ပါမောက္ခကြီးသည် တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်ပြီးနောက် ပြတင်းတံခါးဝမှ ခွာလာခဲ့လေ၏။ ယခုအချိန်အထိ တိတ်ဆိတ်စွာ ကစားနေသော သားငယ်ကို တစ်ချက်မျှ စောင်းငဲ့ကြည့်ကာ စာကြည့်ခန်းထဲသို့ ဝင်ခဲ့ပြီးနောက် အလုပ်စားပွဲ၌ ထိုင်လိုက်သည်။

ထို့နောက် စားပွဲပေါ်တွင် တင်ထားသည့် အင်္ဂလန်ပြည်လုပ် ဒန်းဟီးလ် ဆေးတံကို ဆေးဖြည့်ကာ မီးညှိဖွာရှုရင်း သူ့ဝေါဟာရပြဿနာများ၌ နစ်မြုပ်ပြန်လေ သည်။ သူ့စိတ် စေတသိက်သည် ထူထဲသော စာအုပ်ကြီးများ ဖွေးဖွေးဖြူသော စာရွက်များ။ လက်နှိပ်စက်ခလုတ်များ။ အသံသွင်းကြိုးခွေနှင့် ဝေါဟာရများအကြား၌ ကူးခတ်တိုးဝင်လျက်ရှိနေလေပြီ။

(၂)

''ဝေါဟာရဆိုတာ ဘာလဲ''

ပါမောက္ခစကြာဝဠာသည် အသံသွင်းကြိုးခွေကို ဖွင့်ပြီးနောက် အသံဖမ်းခွက် ကို မျက်နှာမူကာ တစ်ကိုယ်တည်း စတင်ရေရွတ်လေ၏။

''ဝေါဟာရဆိုတာ စကားလုံးပဲ၊ တိုတိုနဲ့ ရှင်းရှင်းပြောရမယ်ဆိုရင် စကား လုံးပဲ။ စကားလုံးကို ဝေါဟာရလို့ခေါ်တာပဲ၊ အဲဒီတော့ ဝေါဟာရဆိုတဲ့ စကားလုံး



တွေဟာ သူ့ဟာနဲ့သူ ရှိပြီးသားချည်းပဲ။ မရှိသေးရင်တော့ မွေးယူ ထွင်ယူရမှာပေါ့။ အထူးသဖြင့် မျိုးခြားဝေါဟာရတွေကို မြန်မာဝေါဟာရအဖြစ် ကူးပြောင်းရာမှာ သတိကြီးစွာထားသင့်တယ်''

စကားကို ခေတ္တရပ်လျက် ပါမောက္ခသည် ဆေးတံကို တစ်ရှိုက် နှစ်ရှိုက်မျှ ဖွာရှူလေသည်။ ထို့နောက် နဖူးကြောကြီးများ ထောင်ထလာသည်အထိ စဉ်းစား ပြန်သည်။

''ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ သိပ္ပံပညာဆိုင်ရာ အကယ်ဒမီရဲ့ ဝေါဟာရ သုတေသနကော်မရှင်က ဝေါဟာရတွေကို စိစစ်ရေး ပြုစုရေးမှာ အခက် အခဲအများကြီးတွေ့ရမှာ မမွှတာပါ။ အခု ကျွန်တော် တင်သွင်းမယ့်စာတမ်းမှာ ဒီအချက်ကို အလေးအနက် ပြုထားပါ့မယ်။ သို့သော်လည်းပဲ အခက်အခဲတွေကို စိုးရိမ်ပြီး ဒီတာဝန်ကို မထမ်းဆောင်ဘဲ နေလို့မဖြစ်ပါဘူး။ တိုင်းပြည်ကို အဘက်တက် က ထူထောင်နိုင်ဖို့ ခေတ်သစ်ကမ္ဘာကြီးနဲ့အညီ ရင်ဘောင်တန်းလိုက်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားကြရပါလိမ့်မယ်။ ကဲ...အခုဝေါဟာရပြဿနာကို ကျွန်တော် ပြန်ကောက်မယ်။ ကျွန်တော့်အယူအဆ ဆိုရရင် ဝေါဟာရဆိုတာ ကျစ်လစ် သိပ်သည်းရမယ်။ ဖောင်းပွမနေစေရဘူး။ ရွတ်ရဆိုရ လွယ်ကူရမယ်။ ထောင့်မနေ စေရဘူး။ သိလွယ် နားလည်လွယ်တဲ့ စကားလုံးဖြစ်စေရမယ်။

''အထူးသဖြင့် မျိုးခြားဝေါဟာရတွေကို မြန်မာလို အနက်ပြန်ယူတဲ့အခါမှာ ပြောရိုးသုံးရိုးဖြစ်နေတဲ့ ဝေါဟာရတွေ ရှိပါတယ်။ ဆာလ်ဖာကို ကန့်၊ ကော့ပါးကို ကြေးနီ၊ ဆေလ်ဗာကို ငွေ၊ မာကျူရီကို ပြဒါး၊ အိုင်ယွန်ကို သံလို့ ခေါ်နေကြပြီပဲ။ ဒီအတိုင်းဆက်ခေါ်သွားဖို့ပဲ။ ဒါပေမဲ့ ဆင်ပသက်တသစ်နားဗာ့စ်စစ်စတဲမ် ကျတော့ ဌာန ၅ ခုက ၅ မျိုး အနက်ပြန်နေကြတယ်။ ခံစားမှုနပ်အဖွဲ့၊ ထောက်ပံ့ နပ်ကြောအဖွဲ့၊ ရင်ခါးဆန္ဒမလိုက်နပ်အဖွဲ့၊ လိုက်ကြောအဖွဲ့၊ ဆင်ပသက်တစ်နပ် အဖွဲ့ရယ်လို့ ၅ မျိုးကွဲနေကြတယ်။ အလားတူပုံစံပြရရင် ဆဲလ်ဆိုတဲ့ ဝေါဟာရကို တချို့က ကလာပ်၊ အချို့က မြူ၊ တချို့က ဆဲတဲ့ ဟိုတုန်းကတော့ ကလောပ်စည်း လို့ ပြန်ခဲ့ကြတယ်။ ဒီလို ကွဲလွဲမှုတွေကို ပြန်ညှိဖို့လိုပါတယ်။ အနက်ပြန်ဖို့ မလိုဘူး။ အသံဖလှယ်တာလောက်ပဲ လုပ်ဖို့လိုတယ်လို့ချည်း မယူဆအပ်သလို အသံဖလှယ် တာကိုချည်း အားမကိုးဘဲ အနက်ပြန်နိုင်သမျှပြန်ဖို့လဲ ကြိုးစားရပါမယ်။ အနက်ပြန်

ဝေါဟာရများလေလေ အရည်သဖြင့် ကျွန်တော်တို့တိုင်းပြည်အတွက် ကောင်းလေလေပဲ''

''ဘူလ်ဒိုဇာကို ကျွဲရိုင်းစက်လို့ ခေါ်နေကြပြီ။ ဒီတော့ ကျွန်တော်တို့ ဝေါဟာရမဟုတ်တဲ့ အငှားဝေါဟာရတွေ ဖြစ်နေတဲ့ မော်တော်ကား။ ကျွတ်၊ တာယာ၊ မက္ကင်းနစ်၊ ဒရိုင်ဘာ၊ စပယ်ယာ၊ ကလပ်ပလိတ်၊ ဂျိုင်းဘောလ်၊ မော်တာ၊ ဒိုင်နမို၊ ရိုလာအမ်။ ပွိုင့်၊ ကွန်နက်တင်း။ ဘယ်ရင်၊ ကရိုင်း။ ကာဘွန်၊ ဂီယာစတဲ့ ဝေါဟာရတွေကို အနက်ပြန်နိုင်ဖို့ ကြိုးစားရမယ်။ ဒီနေရာမှာ ဥပမာ ဂီယာဆိုတာ. . .''

''ဥပမာ ဂီယာဆိုတာ''ဟူသော ပြောလက်စ စကားကို တန်းလန်းရပ်လျက် ပါမောက္ခစကြာဝဠာသည် တွေနေ၏။ အသံသွင်းကြိုးခွေခလုတ်ကို ပိတ်လိုက်ပြီးနောက် စဉ်းစားခန်းဝင်လေတော့သည်။

ဂီယာကို ပညာရှိတစ်ဦးက 'ရှေ့တိုးနောက်ငင် အမြန်နှုန်းပြောင်းကိရိယာ' ဟု အနက်ပြန်ထားသည်ကို သူ လွှစ်ခနဲ သတိရသည်။ 'ရှေ့တိုးနောက်ငင် အမြန်နှုန်းပြောင်းကိရိယာ'ဟူသည် ဆိုလိုသော အနက်အဓိပ္ပာယ် အကုန်အစင်ပါပေ၏။ မှန်လည်း မှန်ပေ၏။ သူကိုယ်တိုင်လည်း သဘောကျသလိုလို ရှိ၏။ သို့သော် အခေါ်ရ အရွတ်ရ ခက်လှပေ၏။ 'ဂီယာချိန်းပေ့'ဟု လူတိုင်းပြောနေကြ၏။ အလွယ်ပြောကြခြင်း ဖြစ်သည်။ 'ဂီယာ'သည် မြန်မာစကားမဟုတ်၊ 'ချိန်း'သည်လည်း မြန်မာစကားမဟုတ် မြန်မာ့စိတ်၊ မြန်မာ့ဓာတ် မရှိကြလေရော့သလား။

''ဒီဝေါဟာရတွေကို ပြောင်းကို ပြောင်းပစ်ရမယ်''ဟူ၍လည်း သူက ရေရွတ်ပြန်သည်။ ဂီယာလော၊ ရှေ့တိုးနောက်ငင် အမြန်နှုန်းပြောင်းကိရိယာလော၊ အရှိန်ပြောင်းကိရိယာလော ဆဲဆိုသည့် ဝေါဟာရကို ဆဲ နောက်မှ မသတ်ဖြတ်လိုက်သည့်အတွက် ဆဲရေးခြင်း တိုင်းထွာခြင်း အနက်ကောက်နေလျှင် မခက်ပါသလော။ ဆာလ်ဖိုက်ဒ,လော၊ ဆာလ်ဖိုက်တ,လော။ မိုက်ကရိုဘိုင်အိုလိုဂျီသည် ပိုးမွှားဗေဒလော၊ အဏုဇီဝဗေဒလော၊ စပေ့(စ်)သည် အာကာသလော၊ လဟာပြင်လော၊ ဟင်းလင်းပြင်လော၊ ကွက်လပ်လော။ အချို့သော ပညာရှင်တို့က အဘယ့်ကြောင့် အနက်မပြန်ဘဲ စပေ့ဟု အသံဖလှယ်နေကြသနည်း။ ကော်မီတီ၊ ကော်မရှင်၊ ကော်ပိုရေးရှင်း။ ဘုတ်၊ ဗျူရို၊ ဒီမိုကရေစီ၊ ဆိုရှယ်လစ်၊ ကွန်မြူနစ် စသည့် ဝေါဟာရတွေကိုလည်း အနက်ပြန်၍ ရကောင်းပါလျက် အဘယ့်ကြောင့် အသံလှယ်၍သာ သုံးစွဲနေကြသနည်း။



ပါမောက္ခစကြာဝဠာသည် ဦးနှောက်တွင်း၌ ပေါ်ထွက်လာသမျှ ဝေါဟာရတွေကို တစ်ခုစီရေရွတ်ရင်း တစ်ခုစီ သတ္တုချ၏။ စားပွဲပေါ်ရှိ စာရွက်ဖြူပေါ်တွင် ခဲတံဖြင့် ကောက်ခြစ်၏။ သူ့စိတ်စေတသိက်သည် ဝေါဟာရများနှင့် လုံးထွေးသတ်ပုတ်လျက်ရှိ၏။ ပွင့်လာသော နေရောင်ခြည်ကိုမမြင်။ အပြင်လောကကိုမမြင်။ သူ့ဦးနှောက်နှင့် နှလုံးသားသည် ဝေါဟာရဝဲဂယက်အတွင်း၌သာ စုန်ချည်ဆန်ချည် ကူးခတ်နေ၏။ ဝေါဟာရများသည် အရှိန်ပြင်းစွာ စီးဆင်းနေသော တောင်ကျချောင်းရေမှာ ဒလတွန်း သွန်အံထွက်ကျနေ၏။ သူ့ဦးခေါင်းကို တဒိန်းဒိန်းမြည်ဟည်းအောင် ရိုက်တီးကြ၏။ ဤသို့ဖြင့် ပါမောက္ခစကြာဝဠာမှာ မောဟိုက်နွမ်းနယ်စွာ ငိုက်မြည်းအိပ်စက်မိလေတော့သည်။

(၃)

အဘယ်မျှကြာအောင် အိပ်စက်နေလိုက်သည်မသိ။ ရုတ်တရက် လန့်နိုးလာခဲ့သော ပါမောက္ခစကြာဝဠာသည် မျက်စိအစုံကို ပွတ်သတ်ကာ အလုပ်စားပွဲမှ ထလာမိလေ၏။

''အား. . .ကျွတ်. . .ကျွတ်. . .ကျွတ်''

ခါးမှာ တော်တော်နှင့်ဆန့်၍မရ။ စားပွဲမှအထတွင် မျက်စိအစုံသည် မှုန်မှိုင်းပြာဝေနေ၏။ ခါးဆီမှလည်း နားကျင်ကိုက်ခဲလှ၏။ သို့မို့ကြောင့်လည်း ပါးစပ်က တကျွတ်ကျွတ်မြည်အောင် ညည်းတွားမိခြင်း ဖြစ်သည်။

အခန်းထောင့်တစ်နေရာတွင် ပါမောက္ခကတော်သည် မှန်ဗိုင်းကလေးတစ်ချပ်ကို ထောင်ကာ နဖူးစပ်နားရှိ ဆံပင်ဖြူများကို နုတ်လျက်ရှိသည်ကို အံ့သြဖွယ်ရာတွေ့ရသည်။ အသက် ၁၆ နှစ်ခန့်ရှိ လူရွယ်တစ်ဦး အခန်းထဲသို့ဝင်လာကာ ''မေမေ ဟုခေါ်လျက် စကားပြောနေသည်ကိုလည်း တွေ့ရ၏။ သူ့သားဖြစ်ကြောင်း ပါမောက္ခကြီး ရိပ်စားမိလေပြီ''

ပါမောက္ခကြီးသည် တုန်ယင်ချိနဲ့သော ခန္ဓာကိုယ်ကို အားယူကာ ပြတင်းဆီသို့ တဖြည်းဖြည်း လျှောက်လာသည်။ ပြတင်းဝတွင် ခန်းဆီးမရှိသည့်အတွက် အပြင်လောကကို ရှင်းလင်းစွာ မြင်ရသည်။ ကတ္တရာလမ်းမကြီးပေါ်တွင် ဝန်လေး

တင်ကားကြီးများ၊ လူစီးကားငယ်များ၊ ဥဒဟို ပြေးလွှားနေကြသည်။ ဤလမ်းမ၏ တစ်ဖက်တွင်ရှိသော ကွင်းပြင်ကြီးကို သူ ရှာကြည့်သည်။ ကွင်းပြင်ကို မတွေ့တော့၊ ပြာလဲ့သော မိုးကောင်းကင်အောက်တွင် အစီအရီပေါ်ထွန်းနေသည့် တိုက်သစ်ကြီးများ၊ တည်ဆောက်စ အဆောက်အဦသစ်များ၊ မြေကြီးတွေကို တွန်းဖြိုညှိ ပေးနေသည့် ကျွဲရိုင်းစက်ကြီးများနှင့် မီးခိုးတလူလူ လွင့်နေသော အုတ်ဖိုစက်ရုံများကိုသာ တွေ့ရသည်။

ပါမောက္ခကြီး စကြာဝဠာသည် မယုံနိုင်လောက်အောင် ပြောင်းလဲသွားခဲ့ပြီ ဖြစ်သော သူ့ပတ်ဝန်းကျင်နှင့် လောကကြီးတစ်ခုလုံးကို အလုပ်ခန်းပြတင်းဝမှနေ၍ မှုန်မွှားရီဝေသော မျက်စိအစုံဖြင့် တအံ့တဩ ကြည့်နေမိလေ၏။

တိုးတက်မှု အရှိန်အဟုန် မြန်ဆန်လွန်းလှသော ခေတ်ကာလသည် ပါမောက္ခအိုကြီး ဦးစကြာဝဠာအား ဖြတ်သန်းကျော်လွှားသွားခဲ့လေပြီတကား။

မြဝတီ

အောက်တိုဘာ၊ ၁၉၆၇

# ငါ့အမေနဲ့ ငါ့ပိုက်ဆံ

(၁)

ပန်းဆိုးတန်း ဆိပ်ကမ်းဘက်ဆီမှ ပြန်တက်လာသောအခါ ငခွေး၏ နဖူးတွင် ချွေးသီးချွေးပေါက်ကလေးများပင် စို့ဆိုင်းတွဲရစ်လျက် ရှိလေသည်။

ရန်ကုန်မြစ်တွင်းမှ လေသည် အေးမြသောအတွေ့ကို ပေးပေ၏။ အေးမြလွန်းသဖြင့် ခြေဖျားလက်ဖျားကလေးများပင်လျှင် နာကျင်ကျိန်းစပ်လျက် ရှိသော်လည်း ငခွေး၏ နဖူးပြင်၌မူ ချွေးသီးအစက်အပေါက်ငယ်တွေ တွဲရရွဲခိုလျက် ရှိလေသည်သာမက ငခွေး၏ရင်မှာ ယခုအထိ တုန်ယင်လှုပ်ရှားဆဲပင်ဖြစ်နေပါသေးသည်။

မှန်၏။ ငခွေး၏ရင်မှာ တုန်ယင်လှုပ်ရှားနေဆဲ။ ငခွေး၏ နဖူးပြင်မှာ ချွေးစက်ချွေးပေါက်ကလေးတွေ တွဲရရွဲခိုနေ၏။ အဘယ့်ကြောင့်ဆိုသော် ခါတိုင်းနေ့များမှာထက် ပို၍ ထိတ်လန့်ကြောက်ရွံ့လာမိသည့်အတွက် ဖြစ်၏။ သို့နှင့်ကြောင့် တုန်ယင်နေသောရင်မှာ ကြောက်သောကြောင့်ဖြစ်ပြီး သီးတက်နေသော ချွေးစက်ချွေးပေါက်များမှာလည်း စိုးရိမ်သောကြောင့်သာ ဖြစ်ရပါလိမ့်မည်။

ငခွေးသည် အသက်အရွယ်အားဖြင့် ၈ နှစ်ဝန်းကျင်သာ ရှိပေလိမ့်ဦးမည်။ သူ့အသားအရေမှာ အတန်ငယ်လတ်သည်။ နှာတံ အနည်းငယ်ပြားသည်။ နဖူးကလေးက ကျယ်ကျယ်ဝန်းဝန်းရှိသည်။ ရုပ်ရည်တစ်ခုလုံးကို ခြုံ၍ကြည့်သည့်ရှိသော် လူရည်သန့်သော ကလေးတစ်ယောက်ဟု ထင်စဖွယ်ဖြစ်သည်။ သို့ရာတွင် ငခွေး၌ ရုပ်ရည်သန့်ပြန့်သလောက် ယင်းရုပ်ရည်နှင့် လိုက်လျောညီထွေသော နာမည်ဟူ၍

မရှိ။ သူ့မှာ 'ငခွေး'ဟူသော နာမည်သာရှိ၏။ သူ့နာမည်ကို 'ငခွေး'စာလုံး ပေါင်းတတ်သည်မှာ မကြာသေး။ အဘယ့်ကြောင့်ဆိုသော် မနေ့တစ်နေ့ကမှစ၍ ငခွေးစာသင်ရသောကြောင့်ဖြစ်၏။ ကျောင်းတက်ပြီးနောက် စာတွေကို တတ်အောင် သင်လိုက်မည်။ စာတွေတတ်လာလျှင် သို့တည်းမဟုတ် ကြီးပြင်းအရွယ်ရောက်လာလျှင် ဘာကြီးလုပ်လိုက်မည်။ ညာကြီးလုပ်လိုက်မည်ဟူသော ကြီးကြီးမားမား ရည်ရွယ်ချက်၊ အလယ်အလတ်ရည်ရွယ်ချက်နှင့် ယုတ်စွအဆုံး အသေးအဖွဲ ရည်ရွယ်ချက်လောက်မျှပင် ငခွေးမှာ မရှိ။ အကြောင်းမူ ငခွေးအတွက် ရှေ့ရေး ဆိုသည်ကို မတွေးတတ်၊ မတွေးနိုင်၊ မတွေးရသောကြောင့်ပင် ဖြစ်၏။

ငခွေးကား အမေခိုင်းသမျှ လုပ်နေရသူသာဖြစ်၏။ အမေခိုင်းသမျှ မလုပ် လို့လည်း မဖြစ်။ နောင်ရေးကို မတွေးတတ်စေကာမူ အမေခိုင်းတိုင်း မလုပ်လျှင် ထမင်းမစားရမည်ကိုမူ ငခွေးကောင်းစွာ နားလည်ပေ၏။ ဤမျှ မလောက်လေး မလောက်စားအရွယ်တွင် မညှာမတာ ခိုင်းရက်သော အမေပါတကားဟုလည်း အတွေးမဝင်မိ။ အမေက ခိုင်းသည်မှာ အမေ့အတွက်သာမက မိမိအတွက်လည်း ဖြစ်သည်ဟု ငခွေး သဘောပေါက်၏။ သို့မို့ကြောင့်လည်း အမေခိုင်းသမျှကို ကျိုးကျိုး နွံနွံ နာနာခံခံ လုပ်သည်သာဖြစ်၏။

ယခု အမေခိုင်းသည့်အတိုင်း ပန်းဆိုးတန်းဆိပ်ကမ်းတွင် မြေပဲဆားလှော် ရောင်းသည်မှာ ၂ ရက်မျှသာရှိသေးသည်။ ပန်းဆိုးတန်းဆိပ်ကမ်းသည် လူစည်ကား ၏။ လေညှင်းခံသူ၊ ပင်လယ်လေကို ရှူရှိုက်သူ၊ အညောင်းပြေ အညာပြေ လမ်းလျှောက်သူ၊ နိုင်ငံခြားသင်္ဘောသားတွေနှင့် အလိုက်သင့် အလျားသင့် ပေါင်း၍ မိန်းမပျက်ရှာပေးသူ။ ဒလဘက်ကမ်းသို့ ကူးသူ စသည်ဖြင့် လူပေါင်းစုံစည်ကားရာ အရပ်ဖြစ်သည်။ အထူးသဖြင့် 'နန်းသီတာ'ဟု နာမည်လှလှပေးထားသော ပျော်ပွဲ စားရုံကလည်း မင်းပေါင်းစုံလှသေး၏။ 'နန်းသီတာ'တွင် ဘီယာသောက်သူများ လှသည်။ တစ်ခါတစ်ရံ ထိုင်စရာစားပွဲမရှိ၍ ပြန်သွားရသူများပင် ရှိလောက်အောင် စည်ကားသည်။ နန်းသီတာနားမှာ ကပ်ရင်း မြေပဲဆားလှော်ထုပ်ကလေးတွေကို ရောင်းရသည်မှာ အတန်အသင့် တွင်ကျယ်သည်ဟု အမေ ဘယ်ကကြားလာသည် မသိ။ တမြန်တစ်နေ့က အမေသည် "ငခွေးရယ် ပန်းဆိုးတန်းဆိပ်ကမ်းဘက် သွားရောင်းပါလား။ နန်းသီတာနား ကပ်ပြီးရောင်းရင် သိပ်ရောင်းရတာပဲ။ အမေတို့



အတွက် ပိုကျန်အောင်ပေါ့သားရဲ့ ဟုတ်လား"ဟုဆိုကာ မြေပဲဆားလှော် ရောင်းခိုင်းခဲ့ လေသည်။

"သတိတော့ ထားဦးနော်။ နန်းသီတာအထဲကို ဝင်မရောင်းနဲ့။ အပြင်က ရောင်းပေမဲ့ သူတို့မြင်အောင်လည်း မရောင်းနဲ့၊ ခိုးကြောင်ခိုးဝှက်သာ ရောင်း..."

အမေက သို့ကလို သတိပေးလိုက်သေး၏။

"ကိုယ့်ဟာကိုယ်ရောင်းတာ ဘာဖြစ်သလဲ အမေရဲ့။ ဘာဖြစ်လို့ အထဲ ဝင်မရောင်းရတာလဲ။ နို့ အပြင်က ရောင်းတော့ကော ဘာဖြစ်လို့ သူတို့မမြင်အောင် ခိုးကြောင်ခိုးဝှက် ရောင်းရမှာလဲ။ သူတို့ဆိုတာက ဘယ်သူလဲ ပုလိပ်လား..."

ငခွေး၏ ရင်တွင်း၌ စက်သေနတ်ပစ်သလို အဆက်မပြတ် ပေါ်ထွက်လာ သော မေးခွန်းပွဲတွေဖြစ်သည်။ ဤမေးခွန်းတွေကို မေးလိုက်ဦးမည်ဟု ပထမတော့ စိတ်ကူးမိသေး၏။ သို့သော် ငခွေးသည် အမေ့အပေါ်၌ ယုံကြည်၏။ အမေသည် အတွေ့အကြုံများလှသူ၊ ဗဟုသုတပြည့်စုံသူဟု ငခွေး စွဲမြဲစွာသိ၏။ အထူးသဖြင့် ဖျတ်ထိုးခေါင်းရွက် ပုံကျွေးရောင်းစားရာ၌ ဝါရင့်လာသော အမေ့အရည်အချင်းကို သူ ကိုးစားလှ၏။ သို့မို့ကြောင့်လည်း မေးလိုသော မေးခွန်းတွေမှာ စကားလုံးအဖြစ် နှုတ်ဖျားမှ ထွက်မလာတော့ဘဲ မူလရင်ထဲသို့ပင် ပြန်လည်မှိုအောင်းသွားကြလေတော့ သည်။

ပထမနေ့က မြေပဲဆားလှော် ၁၀ ပြားတန် အထုပ်ကလေးပေါင်း ၃၀ အမေက ထည့်ပေးလိုက်ရာ အိမ်အပြန်တွင် ၅ ထုပ်သာ ပြန်ပါလာသည်။ နှစ်ကျပ်နှင့် ပြားငါးဆယ်ဖိုး ငခွေး ရောင်းခဲ့သည်။ ယနေ့တွင်မူ ငခွေး၏ လက်ဆွဲခြင်းကလေး အတွင်း၌ အမေက မြေပဲဆားလှော် အထုပ် ၅၀ ထည့်ပေးလိုက်ပြန်သည်။

"မြေပဲဆားလှော် ကြွပ်ကြွပ်ကလေး။ ရွရွကလေး"ဟု ငခွေးက မတိုး မကျယ် အော်ရောင်းသည်။ လေညှင်းခံသူ တချို့က အပျင်းပြေ ဝယ်စားကြသော် လည်း အများအားဖြင့် လမ်းလျှောက်သူတွေမှာ မစားကြချေ။ ထို့ပြင် ကားကြီး ကားငယ် အသွယ်သွယ်နှင့် လာကြသူတွေသာ များပြားလှသည့်အတွက် ပန်းဆိုး တန်းဆိပ်ကမ်းကဲ့သို့သော နေရာမှာ အပေါစား အစားအစာဖြစ်သော ဤမြေပဲ ဆားလှော်သည် အရောင်းရ ထိုင်းလှသည့် ကုန်ပစ္စည်းမျှသာ ဖြစ်နေတတ်လေသည်။

သို့သော် ကိစ္စမရှိ။ ညနေ ၃ နာရီထိုးလျှင် နန်းသီတာဖွင့်သည် မဟုတ်

လား။ ငချွေး အတွေ့အကြုံအရဆိုလျှင် နန်းသီတာဆိုသည့် အရက်ဆိုင်မှာ အလွန်ခံ့ညားတောက်ပြောင်သော အရက်ဆိုင်ဖြစ်သည်ဟု ထင်၏။ ငချွေးသည် အနော်ရထာလမ်းတစ်လျှောက်ရှိ အရက်ဆိုင်များ၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ အရက်ဆိုင်များတွင် မြေပဲဆားလှော်ကအစ ပါပလာအဆုံး ရောင်းချနေခဲ့ဖူးသူ ဖြစ်သည့်အတိုင်း အဆိုပါ အရက်ဆိုင်များနှင့်မတူ တစ်မူထူးခြား ကြီးကျယ်သော ခမ်းနားတင့်တယ်ခြင်းကို ငချွေး ကောင်းစွာရိပ်စားမိလေသည်။

ငချွေးသည် နန်းသီတာအရှေ့ဘက် တံစက်မြိတ်နားတွင် ရစ်ဝဲရစ်ဝဲ လုပ်နေ၏။ သို့ကလို ရစ်ဝဲနေခိုက် မိမိလက်မောင်း၌ ချိတ်ထားသော ဆွဲခြင်းကလေး ကို မသိမသာ ပြရသေး၏။

"ဟေ့...ချာတိတ်၊ ဘာလဲကွ၊ မြေပဲဆားလှော်လား"

"ဟုတ်...ဟုတ်ကဲ့ မြေပဲဆားလှော် ဆရာ၊ ကြွပ်တယ်...ရှာယ် ယူမလား"

နန်းသီတာအတွင်း ဘီယာထိုင်သောက်နေသည့် ဝိုင်းများအနက် အပြင် ဘက်ထောင့်စွန်းရှိ စားပွဲမှ လူတစ်ယောက်က လှမ်းမေးသည့်အခါ ငချွေးက မတိုး မကျယ် ဖြေလိုက်လေသည်။

ငချွေး၏အသံသည် အတန်ငယ် တုန်ယင်လျက်ရှိ၏။ လမ်းမဘက်ဆီသို့ လည်း မျာမျာလောင်လောင် လှည့်ကြည့်ရသေး၏။ မြူနီစပယ်ပုလိပ်တွေပဲ လာလေ မလား။ အမေက ပြောလိုက်သည့် "သူတို့"ဆိုသူတွေကိုလည်း ကြောက်ရသေး၏။

"ငါးထုပ်ယူခဲ့ကွာ..."

ငချွေးသည် နန်းသီတာတံစက်မြိတ်အောက်တွင် စီတန်း၍ချထားသော ပန်းပင်များ မရှိတော့သည့် သစ်သားပန်းအိုးတွေပေါ်မှ ကျော်ကာ ထိုဘီယာဝိုင်းနား သို့ ကပ်သွားပြီးနောက် မြေပဲထုပ် ငါးထုပ် လှမ်းပေးလိုက်လေသည်။

"နောက်ထပ် ငါးထုပ်ပေးဦး။ တစ်ထုပ် ဘယ်လောက်လဲကွ"

"ဟုတ်ကဲ့...ရပါတယ်ဆရာ။ တစ်ထုပ် ၁၀ ပြားပါဆရာ"

"မင်းမြေပဲကလည်း ဈေးကြီးလှချည်လားကွ၊ ဒါဖြင့် ၁၀ ထုပ်ဆို တစ်ကျပ်ပေါ့ ဟုတ်လား ရော့၊ တစ်ထုပ်အဆစ်ပိုပေးလေကွာ"

"ဟုတ်ကဲ့ဆရာ...မရလို့ပါ"

ငချွေးသည် ပြောပြောဆိုဆိုနှင့်ပင် ထိုလူလှမ်းပေးသော ကျပ်တန်ကို



ကမန်းကတန်းယူ၍ သူ့ရှပ်အင်္ကျီအိတ်တွင်းသို့ ထည့်နေစဉ် အနောက်ဘက်မှနေ၍ သူ့ဂုတ်ကို ခပ်ကြမ်းကြမ်းကလေး ဆွဲယူခြင်းခံလိုက်ရသည့်အတွက် အထိတ်တလန့် ဖြစ်သွားမိလေ၏။

"ဟေ့ကောင်လေး ဒီနား လာမရောင်းရဘူး ကြားလား။ နောက် မင်းလာ ရောင်းတာတွေ့ရင် ငါ မန်နေဂျာဆီ တစ်ခါထဲခေါ်သွားမယ်...သွား...သွား...တခြား မှာ သွားရောင်း"

နန်းသီတာမှ စားပွဲထိုးကုလားက သူ့ကို ဂုတ်မှဆွဲလျက် အပြင်ဘက်သို့ တွန်းလွှတ်ရင်း "နောက် လာမရောင်းနဲ့"ဟု ပြောလေရာ ငချွေးမှာ ဗိုလ်လိုက်သော ရင်ခွင်၌ မိမိ၏ ဆွဲခြင်းကလေးကို ပွေ့ပိုက်ကာ နန်းသီတာတံစက်မြိတ်အောက်မှ ထွက်ခွာလာရလေတော့သည်။

ထိုကဲ့သို့ ဖြစ်ပျက်ပြီးသည့် နောက်ပိုင်းတွင်ကား ငချွေးမှာ ဈေးရောင်းရ သည်ကို စိတ်မဝင်စားတော့ချေ။ ကားကြီးကားငယ် အသွယ်သွယ်နှင့်လာ၍ လေညှင်းခံကြ၊ လမ်းလျှောက်ကြသော လူတွေအကြားသို့ စိတ်မပါ့တပါ သွားရောင်း ကြည့်သေးသည်။ နှစ်ထုပ် သုံးထုပ်လောက် ရောင်းပြီးသောအခါ သူသည် ဆွဲခြင်း ကလေးကို နံဘေးမှာချရင်း ခြေပစ်လက်ပစ် ထိုင်နေမိလေ၏။

ည ၇ နာရီခန့်ရှိသောအခါ လက်ကျန် မြေပဲဆားလှော်ထုပ် ကလေးတွေ ကို ဆက်လက်ရောင်းချခြင်း မပြုတော့ဘဲ အမေ့ဆီသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်မိ သည်။

သို့မို့ကြောင့်လည်း ငချွေး၏ နဖူးပြင်မှာ အေးမြသော ဆောင်းညတုပင် ဖြစ်လင့်ကစား ချွေးစက်ချွေးပေါက်များ တွဲခိုရစ်သီနေခြင်းဖြစ်၏။ သူ့ရင်မှာလည်း တုန်ယင်လှုပ်ရှားနေခြင်းဖြစ်၏။ ကုလားက မိမိ၏ဂုတ်ပိုးကို ဆုပ်ကိုင်၍ ပြောလိုက် သည့်စကားလုံးများမှာ ငချွေး၏နားတွင် ယခုတိုင် မြည်ဟည်းနေသေးသည်။

"နောက် လာရောင်းတာတွေ့ရင် မန်နေဂျာဆီ ခေါ်သွားမယ်"ဟု ဆိုသည်။ "ဒီနား လာမရောင်းရဘူး"ဟု ဆိုသည်။ အဘယ့်ကြောင့်နည်း။ အမေက "သူတို့ မြင်အောင်လဲ မရောင်းနဲ့"ဟု မှာကြားလိုက်စဉ်အခါက သူတို့ဆိုသည်မှာ မြူနီစပယ် ပုလိပ်တွေကို ဆိုလိုခြင်းဖြစ်လိမ့်မည်ဟု မိမိနားလည်ထားခဲ့သည်။ ယခုသော် မြူနီ စပယ်ပုလိပ်မဟုတ်၊ နန်းသီတာမှ စားပွဲထိုးကုလား ဖြစ်နေလေပြီ။

ငခွေး၏ ဦးနှောက်မှာ ချာချာလည်လျက်ရှိလေသည်။ ရှုပ်ထွေး ထွေပြားလှသော ရန်ကုန်မြို့တော်၏ အတွေ့အကြုံများသည် နုနယ်လှသေးသော အတွေ့အကြုံ မရင့်ကျက်သေးသော ငခွေး၏တစ်ကိုယ်လုံးကို ဖမ်းစားချုပ်ကိုင်ထားကြသည်။ အမေ့ဆီပြန်ရောက်လျှင် အမေက ဘာပြောမည်နည်း။ ဆူပူကြိမ်းမောင်းဦးမည်လား။ သို့တည်းမဟုတ် သူ့ခေါင်းကိုများ ခေါက်ခနဲမြည်အောင် ခေါက်လေမည်လား စသော အတွေးများဖြင့် ငခွေးသည် အားအင်ကုန်ခမ်းနေသူပမာ အမေရှိရာသို့ ပြန်လာခဲ့မိလေ၏။

(၂)

အိမ်သို့ပြန်ရောက်သောအခါ အမေက အကျိုးအကြောင်းကို မေးသဖြင့် ပြောပြလိုက်သည်။ သူ ပြောသမျှကို နားထောင်နေပြီးနောက် အမေသည် ယဲ့ယဲ့ကလေး ပြုံးနေသည်မှအပ တစ်စုံတစ်ရာ ဆူပူကြိမ်းမောင်းသည်ဟူ၍ မရှိသည့်အတွက် ငခွေးမှာ ဝမ်းမြောက်မိသည်သာ ဖြစ်၏။

''အေးပေါ့လူလေးရယ်၊ နောက်ကို သတိထားပေါ့။ ဒီဆိုင်တွေက ခါတိုင်း လူလေးသွားရောင်းနေတဲ့ ဆိုင်တွေလိုမဟုတ်ဘူး။ အထက်တန်းစား ဆိုင်တွေဆိုတော့ အပြင်က အစားအစာတွေ မယူရ။ မရောင်းရဘူး လူလေးရဲ့။ အမေကလည်း လိုတာပါ။ သေသေချာချာ မမှာလိုက်မိဘူး။ ဒါထက် ကုလားက လူလေးကို ဘာလုပ်သေးသလဲ''

''ဘာမှတော့ မလုပ်ပါဘူး။ အကျီင်္ဂုတ်ကနေ ဆွဲထုတ်ပြီး နောက်လာ မရောင်းနဲ့လို့ ပြောတာပဲ''

အမေက ဘာမျှမပြောဘဲ ငြိမ်နေလေသည်။ ယခုတလော အမေသည် တရှောင်ရှောင်ဖြစ်လာ၏။ ဆောင်းဝင်ကတည်းက အမေ့မှာ မာမာချာချာဟု မရှိလှဘဲ တစ်နေ့ရွှေ့ တစ်နေ့ငွေ့ ဖြစ်နေ၏။ သို့မို့ကြောင့် အမေ့မှာ ရုပ်ရှင်ရုံတစ်ပိုက်ဆီ၌ ဈေးထွက်မရောင်းနိုင်။

''အေးအေး ကဲ ထမင်းလေးဘာလေး စားပြီး အိပ်တော့။ အမေလည်း နည်းနည်းချမ်းတယ်။ ဆေးတော့ ခုနပဲသောက်ပြီးပြီ။ စောစောအိပ်လိုက်ဦးမယ်။ အားလေးဘာလေး ရှိလာအောင်ပေါ့ကွာ။ အမေ ဈေးထွက်နိုင်တဲ့အခါကျရင်



ငါ့သားက အမေနဲ့ပဲလိုက်ရောင်းပေါ့ကွယ်။ သားအိပ်ရင် မီးတွေဘာတွေ ငြိမ်းဦးနော်''

အမေသည် စောင်ကိုခေါင်းမှခြုံကာ ကွေးလေ၏။ ငခွေးကား မီးဖိုဆီသို့ ထသွားကာ အေးစက်နေသော ထမင်းကို ဘဲဥပြုတ်ကလေးနှင့် စားလိုက်ပြီးနောက် သူ့အမေဘေးတွင် ကွေးကွေးကလေး လာခွေချလိုက်သည်။

ကြိုးပြတ်သော အရုပ်ပမာ ခွေချလိုက်သော်လည်း ငခွေးကား အိပ်မပျော်ချေ။

စောစောက တွေ့ခဲ့ရသော အခြင်းအရာများသည် သူ့အား ထမင်းလုံးတစ္ဆေပမာ ခြောက်လှန့်လျက်ရှိ၏။ သူတို့နေထိုင်ရာ ၃၆ လမ်း အထက်လမ်းဘက်ရှိ တိုက်ပျက်ကြီး၏ နောက်ဖေးဘက်မှ ရေကျသံ၊ ခွေးအချင်းချင်း အစာရေစာကို လုယက်ရင်း ကိုက်ခဲရန်ဖြစ်သံတွေကို ကြားနေရသေးသည်။ သူတို့လို ဈေးတောင်းခေါင်းရွက် ရောင်းစားကြသူ အိမ်ထောင်စုများ စုဝေးနေထိုင်သော တိုက်ပျက်ကြီးဖြစ်သည့်အတွက် စကားပြောသံ၊ အခြားတစ်ဖက်ခန်းများမှ ကလေးငိုသံ၊ ရှေ့ရှုတ်ဆဲရေးသံတွေကိုလည်း ကြားရသေးသည်။ လမ်းမပေါ်မှ ကားဟွန်းသံနှင့် အရက်မူးသော ဂေါ်ရင်ဂျီကုလားတို့၏ စကားသံများကလည်း ဆူညံဆဲပင် ရှိပါသေးသည်။

ငခွေး၏အတွေးသည် မနှစ်က ကွယ်လွန်သွားသော အဖေ့ဆီသို့ ကူးပြောင်းသွားလေသည်။ အဖေသည် တရုတ်ကပြားဖြစ်သည်။ အဖေနှင့်အမေက ခရမ်းဘက်တွင် မနေလိုတော့သည့်အတွက် ရန်ကုန်မြို့ကြီးသို့လာကာ ရေကြည်ရာမြက်နုရာ လုပ်ကိုင်ရှာဖွေစားသောက်သည့်အချိန်၌ ငခွေးမှာ ၅ နှစ်သားခန့်သာ ရှိသေးသည်။ အဖေရှိစဉ်ကဆိုလျှင် အဖေသည် အနော်ရထာလမ်းဘက်တွင်ရှိသော အရက်ဆိုင်တစ်ဆိုင်၌ ခေါက်ဆွဲကြော်၏။ အဖေ့လခမှာ ၁၅ဝ ဖြစ်လေရာ အဖေ ခေါက်ဆွဲကြော်သော လခ ၁၅ဝ နှင့် အမေဈေးရောင်းသော ဝင်ငွေကလေးများဖြင့် ငခွေးတို့ သားအမိသားအဖ သုံးယောက်၏ ဝမ်းရေးအတွက် မပူမပင် နေနိုင်ခဲ့ကြသည်။

သို့ရာတွင် မနှစ်က အဖေဆုံးသောအခါ ကျောင်းထားအံ့ဆဲဆဲ ငခွေးကို အမေက ကျောင်းမထားနိုင်တော့ဘဲ သူနှင့်အတူ ဈေးကူးရောင်းစေသည်။ အမေသည် မြေပဲကြော်ကလေးရောင်းလိုက်၊ ငွေသီးပေါ်ချိန်၌ ငွေသီးကလေးရောင်း၍

သရက်သီးပေါ်ချိန်တွင် သရက်သီးရောင်းကာ မြို့မရုံ ရွှေဂုန်ရုံနှင့် သွင်ရုံတစ်ဝိုက်တွင် အခြေစိုက်ရင်း ဝမ်းရေးကို ဖန်တီးရှာကြံသူ ဖြစ်လေသည်။

''အမေနဲ့ ဈေးကူးရောင်းပြီးတဲ့အခါကျတော့ လူကလေးကို ကျောင်းထားမယ်ဟုတ်လား။ အခု အခိုက်အတန့်တော့ အမေ့ကို ကူဦးပေါ့။ နောက်ပြီး အမဲကြော်လေး၊ ပါပလာကြော်လေး၊ မြေပဲကြော်လေးဆိုသလို အရက်ဆိုင်တွေမှာ လူလေးလှည့်ရောင်းပါလား။ အရက်ဆိုင်တွေက သိပ်ရောင်းကောင်းတာသားရဲ့ အမေက မိန်းမဆိုတော့ အရက်ဆိုင်ထဲ ဝင်ရောင်းလို့မကောင်းဘူး။ ဟုတ်လား အမေပြောတာ. . .

အမေ ပြောသည့်အတိုင်း ငခွေးသည် အမဲကြော်တစ်လှည့်၊ ပါပလာတစ်လှည့်၊ မြေပဲလှော်တစ်လှည့်ဆိုသလို ကြုံရာကြုံနိုက် ရရာရနိုက် အစားအသောက် ကလေးတွေကို လက်ဆွဲခြင်းတွင်ထည့်ကာ အရက်ဆိုင်များ၌ လှည့်လည်ရောင်းချခဲ့လေသည်။

''ကဲ. . .ဒီလိုလုပ်၊ ငါ့သား နေ့ခင်းဘက်ဆို ကျောင်းတက်၊ အမေနဲ့ လိုက်ကူဖို့ မလိုတော့ဘူး။ ညညကျမှ အရက်ဆိုင်တွေထဲ သားဘာသာ သွားရောင်း မကောင်းဘူးလား''

''ကျွန်တော်က ဘယ်ကျောင်းတက်ရမှာလဲ အမေရဲ့''

''လွှစ်လမ်းမှာ မြူနီစပယ်ကျောင်း ရှိတယ်လေ၊ သား သွားတက်ပေါ့။ အမေ လိုက်အပ်ပေးမယ်။ ဒါမှမဟုတ် နီးနီးနားနား မော်လမြိုင်ကျောင်းတိုက်မှာပဲ သွား စာအံပါလားကွယ်။ ဝိုက်ဆံမပေးရဘူးပေါ့။ မြူနီစပယ် ကျောင်းထက်စာရင် ဘုန်းကြီးကျောင်းက သက်သာမှာပဲ''

အမေ့အစီအစဉ်အရပင် ငခွေးသည် မော်လမြိုင်ကျောင်းတိုက်တွင် စာအံရသည်။ သို့ရာတွင် စာအံရသော အချိန်မှာ မည်မျှလောက် ကြာရှည်ခံသနည်းဆိုသော် ငရေ-သဝေထိုး ခခွေးဝဆွဲခွေ-အောက်ကမြင့် ခွေ၊ ရှေ့က ပေါက်ခွေး-ငခွေးဟူသော စာလုံးကို ပေါင်းတတ်ရုံမျှ ကာလတွင် အလကားနေရသည့် အခမဲ့ စာအံရသည့်ကျောင်းသို့ပင် ငခွေး ဆက်မသွားနိုင်တော့ပါ။

အဘယ့်ကြောင့်ဆိုသော် အေးသည်နှင့်တစ်ပြိုင်နက် ထလာတတ်သော အမေ့မီးယပ်ရောဂါကြောင့်ပင်တည်း။



မှန်သည်။ အမေသည် တဟီးဟီး တညည်းညည်း အဖျားတက်ကာ အိပ်ရာထက်မှာသာ လဲနေတော့၏။ ဈေးလည်း မထွက်နိုင်တော့။ အမေသေသွားသည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသော ငခွေးသည် အမေသေသွားမည်ကိုလည်း အကြီးအကျယ် စိုးရိမ်မိလေ၏။ အမေသာ သေသွားလျှင် ဘယ်သူနှင့် နေရမည်နည်း။ ဈေးတောင်းခေါင်းရွက်၍ ရှာဖွေကျွေးမွေးသော အမေ့ကို ဘယ်သောကာလ၌ ပြန်လည်တွေ့ရှိနိုင်ပါတော့မည်နည်း စသောအတွေးများက ငခွေး၏ နုနယ်လှသော နှလုံးသားကို ရက်ရက်စက်စက် ချေမွလေတော့သည်။

သို့မို့ကြောင့်လည်း ငခွေးသည် အမေခိုင်းသမျှ လုပ်၏။ အမေ့အစား နေ့ရောညပါ သူ ဈေးရောင်းသည်။ သူ ဈေးရောင်း၍ရသော နှစ်ကျပ်ခွဲ သုံးကျပ်မျှသာ မှန်တန်းရှိသည့် တစ်နေ့တာဝင်ငွေသည် အမေ့အတွက် အသက်ဆက်ဆေးဖြစ်သည်ဟု ငခွေး နားလည်ရလေ၏။

''လူလေးရယ်. . .အမေ့သားကြီး စာတတ်တော့မယ့်ဥစ္စာ မတတ်ပြန်ဘူး။ လူကောင်ကြီးက ကြီးလှပြီ. . .''

အမေက တစ်ခါတစ်ရံ သို့ကလို ညည်းတွားသောအခါတွင် ကိုယ့်ဘဝကိုယ့်အဖြစ်ကို တွေးမိသောငခွေးမှာ ငိုချင်ရက်လက်တို့ဆိုသလို ဖြစ်လာတတ်သော်လည်း အမေစိတ်မချမ်းသာမှာ စိုးသည့်အတွက် မငိုရဲ။

''အမေ နေကောင်းတော့ ကျွန်တော် စာပြန်အံမှာပေါ့ အမေရယ်။ ပညာရှာတာဟာ ဘာတဲ့ ဘယ်တော့မှ နောက်ကျတယ်လို့ မရှိဘူးတဲ့။ ဆရာတော်က ပြောတယ်. . .''

ငခွေးက အမေ့အား သို့ကလို ပြန်ပြောခဲ့ဖူးပေ၏။ ယခု အမေ့နံဘေးမှ ကွေးနေရင်း သက်ပြင်းရှည်ကြီးတစ်ချက်ကို ဆွဲချရင်း ငခွေးသည် ထိုစကားလုံးများကို ပြန်သတိရလာလေ၏။ သူ့ရင်တွင်း၌ တလိပ်လိပ်တက်လာသော အမျိုးအမည် မသိနိုင်သည့် ဝမ်းနည်းကြေကွဲမှုတွေကို မျိုသိပ်ကာ အိပ်ပျော်ဖို့ ကြိုးစားလေသည်။ အိပ်မောကျအံ့ဆဲဆဲတွင် ဂုတ်ပိုးမှဆွဲထုတ်ခံရသည့်အဖြစ်ကို အိပ်မက်မြင်မက်ကာ မောဟိုက်နေပြန်လေ၏။

(၃)

''အမေ ဘာလုပ်မလို့. . .''

စောစောစီးစီးထကာ မြေပဲတွေ အခွံချွတ်၍ ကြော်လှော်နေသောအမေ့ကို ငခွေးက လှမ်းမေးလိုက်မိသည်။

''ဒီနေ့ ဈေးထွက်မယ်. . .''

''ဟင်. . .အမေကလည်း အမေ နေကောင်းလို့လား''

''ကောင်းပါတယ် လူလေးရဲ့. . .''

''အမေကလည်း. . .တော်ကြာ အညှော်မိ အအေးမိပြီး ပြန်ဖျားနေပါဦး မယ် အမေရယ်။ ကျွန်တော့်ဘာသာပဲ သွားရောင်းပါ့မယ်''

''မဖျားပါဘူးကွယ့်။ ဒီရက်က လဆန်းရက်လည်းဖြစ်၊ မြင်းပွဲနဲ့လည်း ဆုံနေတယ် မဟုတ်လား။ နောက်ပြီး ဘိုင်စကုတ်ကလည်း အသစ်လဲနေပြီဆိုတော့ ခါတိုင်းနေ့တွေ ထက် ၂ ဆ၊ ၃ ဆ ပိုရောင်းရတဲ့ရက်တွေ လူလေးရဲ့။ အမေတော့ သားရောင်းလို့ စုထားတဲ့ ငွေကလေး နှစ်ဆယ်၊ အစိတ်လောက် ဒီနေ့ ရင်းပလိုက်မှာ ပဲ။ ဒီလိုနေ့မျိုး တွေက အရင်းလောက်ကို ပြန်မြတ်တာသားရဲ့။ အမေရောင်းပါ့မယ်။ နေကောင်းပါတယ်. . .''

တကယ်ပင် အမေသည် ပကာတိကျန်းမာသူပမာ ဈေးရောင်းထွက်ဖို့ ပြင်ဆင်နေလေပြီ။

အမေသည် ၁၁ နာရီခန့်တွင် သွင်ရုံဘက်သို့ မြေပဲကြော်တွေကို လည်းကောင်း၊ ကြက်သွန်ပါးပါးလှီးပြီးသားများကိုလည်းကောင်း၊ သံလင်ပန်းတွင် ထည့်ကာ ထွက်ခွာသွားလေသည်။ ကျန်နေသော မြေပဲကြော်များနှင့် အခွံမသင်ရ သေးသော ကြက်သွန်တွေကို အခွံသင် ပါးပါးလှီးပြီးနောက် ၁၂ နာရီလောက်ကျမှ လိုက်ခဲ့ဖို့လည်း ငခွေးကို မှာသေးသည်။

''လဆန်းရက်မှာ ဒီလောက် များများစားစားလေး ရင်းလိုက်ရရင် တော်တော် အသက်ရှုချောင်သွားမှာပါ လူလေးရယ်။ ဒီအရင်းအနှီးလေးကိုတောင် ငါ့သားရှာလို့ အမေစုထားခဲ့နိုင်တာ''

ဈေးတောင်းခေါင်းရွက်ကာ ထွက်ခွာသွားသော အမေ့ကိုကြည့်ကာ ငခွေးသည် စကားတစ်လုံးမျှ မပြောနိုင်ဘဲ အံ့အားသင့်ရင်း ကျန်ရစ်လေသည်။



၁၂ နာရီထိုးသောအခါ ငခွေးသည် ကြက်သွန်တွေကို ပါးပါးလှီးပြီးဖြစ်သည့်အတိုင်း မြေပဲကြော်များနှင့်အတူ လက်ဆွဲခြင်းတွင်ထည့်ကာ သွင်ရုံဘက်ဆီသို့ လိုက်လာခဲ့လေ၏။ မိမိရှာဖွေပေးခဲ့သော မဖြစ်စလောက် ဝင်ငွေကလေးကို စားစရိတ် သောက်စရိတ်နှင့် ဆေးဖိုးဝါးခကုန်ကျနေသည့် အကြားက အရင်းအနှီးကလေး ဖြစ်အောင် ချွေတာခြစ်ကုပ် စုဆောင်းထားနိုင်ခဲ့သည်ဆိုသော အမေ့အား အထူး အဆန်းသဖွယ် ထင်မိလေ၏။

''ဟေး. . .ပြေးကြ. . .ပြေးကြ၊ ဟိုမှာ ဖမ်းကုန်ပြီ''

အနားမှကပ်၍ အော်သွားသော အသံတစ်သံကို ငခွေးကြားရသည်။ ရှာလပတ်ရည် ချိုင့်ကြီးတွေကို ဆွဲထားသူတွေ၊ ဆိတ်သားကင်ထုပ် ပိုက်ထားသူတွေ ၃၆ လမ်းဘက်ဆီသို့လည်းကောင်း၊ တိုက်ကြိုတိုက်ကြားသို့လည်းကောင်း၊ ပြေးကြ လွှားကြသည်ကိုလည်း တွေ့ရသည်။

သို့မို့ကြောင့် ငခွေးသည် ချက်ချင်းအမေ့အတွက် ပူလိုက်မိသည်။ သူ့ခြေလှမ်းသည် မြန်သည်ထက်မြန်လာ၏။ ထိုမှတစ်ဖန် သွင်ရုံဘက်ဆီသို့ တက်သုတ်ရိုက်၍ ပြေးလာမိ၏။ ငခွေးကား အလာကောင်းသော်လည်း အခါနှောင်း ချေပြီ။

''အမေ. . .အမေ''

သွင်ရုံအောက်တွင် ပြေးကြ လွှားကြသူတွေ၊ ကာကီယူနီဖောင်းဝတ် မြူနီစပယ်ပုလိပ်တွေ၊ ပြန့်ကြဲနေသော စက္ကူစတွေ၊ ဘယာကြော်နှင့် ဆိတ်သားကင်တွေ၊ သွန်မှောက်ပစ်သည့်အတွက် ဆင်ဝင်အောက် ပလက်ဖောင်းပေါ်တွင် ရွှဲစို နေသော ရှာလပတ်ရည်တွေ. . .။

ဤလူများ အပျက်အစီးများနှင့် အရှုပ်အထွေးများအကြားမှ ငခွေးသည် တိုးထွက်ကာ အမေ့ကိုရှာသည်။ ''အမေ. . .အမေ''ဟုလည်း ဟစ်ခေါ်သည်။

''လူလေးရေ အမေဒီမှာ အမေ့ကို ဖမ်းနေကြပြီ''ဟူသော အမေ့အသံကို ကြားရသည်။ အမေသည် မြူနီစပယ်ပုလိပ် နှစ်ယောက်၏လက်ထဲတွင် ရုန်းကန်ရင်း ပါသွားလေပြီ။ ငခွေးသည် အမေ့နားသို့ကပ်သွား၏။ အမေ့လက်ထဲတွင် လင်ပန်းကို ကိုင်ထားသည်။ အမေရောင်းချသော ကုန်ပစ္စည်းများမှာမူ ပလက်ဖောင်းပေါ်တွင် ပြန့်ကြဲနေလေပြီ။

"အမေ. . .အမေ"ဟုသာ ငွေးအော်ခေါ်သည်။ အမေကား မြူနီစပယ် အချုပ်ကားပေါ်တွင် ပါသွားပြီဖြစ်သည့်အတွက် အမေ ပြန်ပြောသည့်စကားသံကို ငွေး မကြားရတော့ချေ။ ငွေးသည် အသားတဆတ်ဆတ် တုန်နေ၏။ အချုပ်ကား ပေါ်တွင် ပါသွားသော အမေ့ဆီသို့ လှမ်းကြည့်သည်။ ပလက်ဖောင်းပေါ်တွင် ပြန့်ကြဲနေပြီဖြစ်သော မြေပဲကြော်များဆီသို့လည်း လှမ်းကြည့်သည်။

ငွေး၏ နုနယ်သော၊ သိမ်မွေ့အေးချမ်းသော မိမိတစ်ဝမ်းတစ်ခါးအတွက် မိမိတတ်သ၍ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ရန်သာသိသော နှလုံးသား ကလေးအတွင်း၌မူ "ငါ့အမေ ငါ့ပိုက်ဆံတွေ ပြန်ပေး ပြန်ပေး"ဟူသော ပရမ်းပတာ တောင်းဆိုချက်သာ မြည်ဟည်းနေသည်ကို ငွေးသည် မသိ။ မည်သူမျှ မသိ။

ငွေတာရီ
မတ်၊ ၁၉၆၆

# အာရောဂျံ ပရမ် လာဘံ

## (၁)

မောင်သိန်းတစ်ယောက် ပြန်လာပြီ။

သူ့နဖူးပြင်တွင် ချွေးစီးချွေးပေါက်များ စီဆင်းလျက်ရှိရာ နဖူးပြင်သာမက တစ်မျက်နှာလုံးမှာ ချွေးဖြင့် ဝင်းလက်တောက်ပြောင်နေလေသည်။

"အလုပ်သိမ်းတာ စောလှချည်လား"

သူ့မိန်းမ စိန်တင်က တံစက်မြိတ်ဝမှ ဆီးမေးသည်။ မောင်သိန်းက 'အင်း'ဟုသာ တစ်ခွန်းတည်း ဖြေလိုက်၏။ သူ့အဖြေကား ခါတိုင်းလို သွက်လက် ချက်ချာသည်မရှိ။ လေးတွဲ့လှ၏။

အမှန်ဆိုရလျှင် အလုပ်သိမ်းစောသည်မဟုတ်။ သူကသာ စော၍ အလုပ်ကို သိမ်းခဲ့ခြင်းဖြစ်လေသည်။ အဘယ့်ကြောင့်ဟူ၍မသိ။ ယနေ့အဖို့ ကားလိုက်ရသည်မှာ စိတ်မပါ။ အမှိုက်ကားပေါ်တွင် ထိုင်လိုက်ရသည်နှင့် သူ့စိတ်သည် မလေးလံစဖူး လေးလံလျက် ရှိနေခဲ့သည်ကို မောင်သိန်း ကောင်းစွာအမှတ်ရနေလေ၏။

မိုးနှောင်း ကောင်းလေရှောသလားမသိ။ မိုးသည် တဖွဲဖွဲ တဖွဲ့ဖွဲ့ လုပ်နေတုန်းပင်ဖြစ်၏။ နံနက်စောစောကစ၍ ဖွဲနေလိုက်သည်မှာ ယခုအထိ ရပ်သည်မရှိ၊ မိုးဖွဲကလေးများ မစိုတစို ကျနေသည့်အတွက် လေကလည်း ပါးလှ၏။ ခါတိုင်းကဲ့သို့ စိုစွတ်အေးမြသော မိုးသက်လေမျိုးမဟုတ်။ ခြောက်သွေ့သွေ့ လေဖြစ် သဖြင့် မိုးရွာသော်လည်း အိုက်စပ်စပ်ရှိလှသည်။

မောင်သိန်းသည် တံစက်မြိတ်အတွင်းဘက်သို့ဝင်ကာ ခြေတွဲလောင်းချ

လျက် ထိုင်လိုက်၏။ ယင်းနောက် သူ့နဖူးပြင်မှ ချွေးစများကို ဖုံရည်အပေါ်ပိုင်းဖြင့် မျက်နှာငုံ၍ သုတ်လေသည်။

"ဘာလို့ အစောကြီးပြန်လာတာတုံး"

စိန်တင်က ထပ်မေးပြန်သည်။ "ဒီမိန်းမနဲ့ လျှာရှည်ရန်ကော"ဟု မောင်သိန်းစိတ်တွင်းက ရေရွတ်မိသည်။ သို့သော် စကားလုံးများအဖြစ်ဖြင့်ကား အပြင်သို့ထွက်မလာ။ ရုတ်ရည်းအားဖြင့် စိတ်တိုသဖြင့်သာ ရင်တွင်းမှ ရေရွတ်မိလိုက်ခြင်းဖြစ်သည်။

"လူလေးအတွက် စိတ်ပူလို့ ပြန်လာတာပေါ့ကွာ...။ ဘယ့်နှယ့်နေသလဲ"

"ကိုယ်ပူကျသလိုလိုပဲ။ အခုတော့ အိပ်နေတယ်တော့။ မနက်က ရှင် ထွက်သွားစကဆိုရင် သူ့တစ်ကိုယ်လုံး ပူလိုက်တာ ဒယ်အိုးကင်းကျနေတာပဲ"

မောင်သိန်းက စိန်တင်၏စကားကို မကြားသလို နံဘောင်ရင်း အခန်းတွင်းသို့ လှမ်းကြည့်လိုက်၏။ သူတို့၏ တစ်ဦးတည်းသော သားကလေးမှာ အခန်းထောင့်ရှိ အိပ်ရာပေါ်တွင် ပက်လက်အိပ်နေလေသည်။ ကျကလေးသည် ၂ လသား ကျော်ကျော်သာရှိချေသေး၏။ မီးဖွားစဉ်ကဆိုလျှင် ရှင်မှ ရှင်ပါ့မလားဟု ထင်ရလောက်အောင် ကြုံလှီချည့်နဲ့လှသည်။ တကယ်ဆိုတော့လည်း ကလေးငယ်၏ ကြုံလှီ ချည့်နဲ့မှုအတွက် အပြစ်တင်၍မဖြစ်။ မိခင်ဖြစ်သူ စိန်တင်း ကိုယ်တိုင်ပင်လျှင် အရိုးပေါ် အရေတင်ဖြစ်နေရသည် မဟုတ်လော။

မွေးထုတ်ရမည့် အမေက မကျန်းမာသည်မှာ ကြာလေပြီ။ ဟိုစဉ်က ညောင်ပင်လေးဆိပ်ကမ်းတွင် ဈေးတောင်းခေါင်းရွက်ရောင်းနေခဲ့သော ကျားကိုးစီး စားမကုန်နိုင်သည့် စိန်တင်ဟု အပေါင်းအဖော်များက တော်အားခေါ်ဝေါ်ခဲ့သော စိန်တင်သည် သူနှင့်ညားကာမှ တစ်နေ့တခြား ပိန်လှီခြောက်ကပ်လာ၏။ ညောင်ပင်လေးဆိပ်တွင် ဈေးမရောင်းရတော့သည့်အတွက် စိန်တင်တွင် မလုပ်မရှိ။

အိမ်ထောင်ဦးစီးဖြစ်သော မောင်သိန်းသည် ညောင်ပင်လေးဆိပ်တွင် ကူလီထမ်းနေရာက ပင်ပန်းလှသည်ထင်ကာ မြူနီစပယ်တွင်ဝင်၍ လခစားလုပ်လေသည်။ တစ်လလျှင် ၈၂ ကျပ်မျှသာ အသပြာငွေကို မက်ရကောင်းလားဟု ဘဝတူ အသိအကျွမ်းတွေက ဝိုင်း၍အပြစ်တင်ကြသော်လည်း မောင်သိန်းတို့ လင်မယားက အရေးမထားချေ။ မြူနီစပယ်တွင် ဝင်လုပ်သောအခါ လစာ ၈၂ ကျပ်မျှသာမက



နေစရာအခန်းပါ ရသေးသည်မဟုတ်လော။ အများတကာ၏ ကျန်းမာရေးအတွက် လုပ်ရသော အလုပ်မို့ ကုသိုလ်လည်း ရချေသည်မဟုတ်လော။ အလုံမြူနီစပယ်ဝင်း အတွင်းရှိ တန်းလျား၌ တစ်ခန်းစာ နေရာရခြင်းသည် သူတို့လင်မယားအတွက် ကြီးစွာသော ဆုလာဘ်ပင် ဖြစ်ချေသည်။

မြူနီစပယ်အလုပ်သမားအဖြစ် မောင်သိန်းတစ်ယောက် အလုပ်ဝင်လိုက်ပြီ ဆိုသောအခါ ဇနီးဖြစ်သူ စိန်တင်က တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမပြုခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် မောင်သိန်း၏အစီအစဉ်ကို စိန်တင်ကိုယ်တိုင် သဘောကျသည့်အတွက် ဖြစ်ပေ၏။ လမ်းဘေးတဲပုတ်ကလေးတွင် ဖြစ်သလိုနေရသည်နှင့် စာသော် အလုပ်သမားတန်းလျားမှာ နေသည်က ပို၍ ဣန္ဒြေရလိမ့်မည်ဟု တွေးမိသောကြောင့် လည်း ဖြစ်လေသည်။

"ခြေလေး လက်လေး ဆေးလေ။ ထမင်းစားတော့မလား"

စိန်တင်က လှမ်းမေးသောအခါ မောင်သိန်းသည် ခေတ္တမျှ တွေးနေမိသော အတွေးရေလျဉ်ကြောမှ ဖယ်ခွာကာ သူ့မိန်းမ၏မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်၏။

"မစားချင်သေးဘူး။ မင်းကော"

"ကျွန်မ စားပြီးပြီ"

"ဘာဟင်းချက်သလဲ"

"ပဲပြုတ်ပဲရှိတယ်။ ရှင် ကြက်သားစားချင်ရင် လမ်းမဆိုင်က ကြက်သားဟင်း သွားဝယ်ပေးမယ်လေ"

"မစားချင်ပါဘူး။ ဆာမှပဲ စားတော့မယ် နေပစေ"

မောင်သိန်း၏ စကားလုံးတွေမှာ လေးတွဲ့လှချေ၏။ လင်သည်၏ အရိပ်အခြည်ကိုသိသော စိန်တင်သည် တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်းမပြုဘဲ အိပ်ရာနားဆီသို့ ထသွားကာ အပြင်းဖျားနေသည့် ကလေး၏အပါးတွင် ငုတ်တုတ် ထိုင်နေလေ၏။

"လမ်းမဆိုင်က ဟင်းသွားဝယ်ရအောင်။ မင်းမှာ ပိုက်ဆံရှိသေးလို့လား"

မောင်သိန်း၏ အသံသည် စောစောကလိုမဟုတ်။ အတန်ငယ် မာကျောလာလေသည်။ မောင်သိန်းအလုပ်လုပ်၍ စိတ်မဖြောင့်ရသော အကြောင်းရပ်များ

အနက်တွင် အိမ်မှာ ငွေကြေးပြတ်နေသည့်အကြောင်းသည် ထိပ်တန်းက ပါဝင်လျက် ရှိလေသည်မဟုတ်လော။

ယခု အိမ်ပြန်ရောက်သောအခါ သူ့မိန်းမက ''ပဲပြုတ်ပဲရှိတယ်''ဟု ဆိုပြီးကာမှ ကြက်သားစားချင်လျှင် လမ်းမဆိုင်တွင် သွားဝယ်ပေးမည်ဟု ဆိုပြန်လေ၏။ လမ်းမဆိုင်မှ ကြက်သားဟင်းကို သွားဝယ်ရအောင် အဘယ်က ပိုက်ဆံရ လေသနည်းဟု သိချင်လာ၏။ လွန်ခဲ့သော နှစ်လခန့်တွင် သားကလေး မွေးသည်က စ၍ မအေရော သားပါ ချူချာလှသည်မို့ ရသမျှ လခကလေးမှာ စားမလောက် ရသည့်အထဲ ဆေးဖိုးဝါးခပါ ပိုကုန်ခဲ့သည့်အတွက် ကုတ်ကတ်စုဆောင်းထားသမျှ လက်စွပ်ကလေး၊ နားကပ်ကလေးတွေကိုပင် ပေါင်နှံထားရသည်။ အတိုးနှင့် ချေးရသေးသည်။ သို့ဖြင့် တစ်စတစ်စ ကြွေးတင်ရင်း ဆပ်ရင်း လုံးပါးပါးလိုက်ခဲ့သည်မှာ ယနေ့အထိ နာလံမထူ။

''ငါ မေးနေတာ မကြားဘူးလား ဟ'' မောင်သိန်းက ထပ်ငေါက်လိုက်၏။

''ဘာကိုလဲ''

မောင်သိန်းတစ်ယောက် မည်မျှဒေါသထွက်ထွက်၊ စိတ်တိုတို စိန်တင်က ခပ်အေးအေး။

စိန်တင်သည် ဆေးပေါ့လိပ်တိုကို ငါးသေတ္တာခွက်အလွတ်တွင်းမှ ဆွဲထုတ်ကာ ပြာခေါင်းကို ခြွေချလျက် မီးညှိဖွာရင်း မောင်သိန်းဆီသို့ လှည့်မကြည့်ဘဲ ထပ်မေးနေပြန်၏။

''မင်းမှာ ပိုက်ဆံရှိလို့လား''

''မရှိဘူး''

''ဒီ သောက်ဆံမရှိဘဲနဲ့များ လမ်းမဆိုင်က ဟင်းသွားဝယ်ဦးမှာလား''

''ကြီးတော် မအေးဘုဆီက နှစ်ကျပ်ချေးထားတာရှိတယ်။ ရှင်စားချင်ရင် အဲဒီနှစ်ကျပ်ထဲက သွားဝယ်ပေးမှာပေါ့''

''အေး. . .ကြပ်ကြပ်ချေး။ တစ်ဝင်းလုံး ချေးရတာ လူစေ့တော့မယ်''

''မတတ်နိုင်ဘူး။ စားစရာမရှိ ချေးရမှာပဲ။ ကြီးတော် မအေးဘုက မနေ့က မြက်ခုတ်ရတယ်တော့။ ကျွန်မသာ ဒီကလေးတတစ်ဖက်နဲ့မို့ လိုက်မခုတ်ရတာ''

စိန်တင် ပြောလိုက်သော စကားသည် ဒေါသရှိန်တလူလူတက်နေသည့်



မောင်သိန်း၏စိတ်ခါတ်ကို ထိန်းချုပ်လိုက်သကဲ့သို့ပင် ဖြစ်လေသည်။ စိန်တင့်စကားမှာ မှန်လှချေ၏။ နေ့စားလိုက်၍ မြက်ခုတ်လျှင် အနည်းဆုံး ၃ ကျပ် ၁၅ ပြား တော့ရပေမည်။ စိန်တင်သည် ကိုယ်ဝန်အရင့်အမာရှိလာချိန်အထိ နေ့စားလိုက်ခဲ့ဖူး ပေ၏။ အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ မြက်တခင်းကို နေ့ချင်းပြီး ခုတ်ရရှင်းရ၏။ ပထမတွင် စိန်တင်သည် မပင်မပန်း ခုတ်ပါရှင်းပါ၏။ မောင်သိန်းကိုယ်တိုင်ကလည်း အမှိုက်သိမ်းကားများ၌ အချိန်ပိုလိုက်ရန် အခွင့်သင့်လျှင် အချိန်ပိုလိုက်လေ့ရှိလေသည်။ အချိန်ပိုလိုက်သည့်အတွက် တစ်နာရီလျှင် ပြား ၄၀ ကျ အချိန်ပို လုပ်ခအဖြစ် ရရှိခဲ့သည်။

စိန်တင်က မြက်ခုတ်နေ့စားလိုက်၊ သူက အချိန်ပိုအမှိုက်သိမ်းလိုက် စသဖြင့် လင်မယားနှစ်ယောက် တက်ညီလက်ညီ အလုပ်လုပ်ခဲ့ကြ၏။ ဝဝလင်လင်ကလေး စားခဲ့ရ၏။ သီတာရုံသို့ ပြေးကာ ရွှေဘနှင့် ကြည်ကြည်ဌေးတို့ပါသော ရုပ်ရှင်ကားတွေကိုပင် ကြည့်ကြသေး၏။ စလင်းကွင်းနှင့် ဆင်မလိုက်ဘက်တို့တွင် ပွဲတွေ အငြိမ့်တွေ လိုက်ကြည့်ကြ၏။ စိန်တင်ကလေးမွေးသည်နှင့် တစ်ပြိုက်နက် သူတို့၏ ကျဉ်းမြောင်းကျပ်တည်းလှသော လောကကလေးမှာ ပို၍သာ ကျဉ်းမြောင်းကျပ်တည်းလာခဲ့လေသည်။

ထိုအကြောင်းတွေကို တွေးမိသောအခါ မောင်သိန်းသည် စိန်တင့်အပေါ် ပေါက်ကွဲအံဆဲဆဲဖြစ်နေသည့် ဒေါသအရှိန်ကို ပြန်သိမ်းကာ လည်လိမ်ချိုးထားခြင်းခံနေရသည့် သတ္တဝါတစ်ကောင်ပမာ မလှုပ်မယှက် ထိုင်မြဲထိုင်နေပြန်လေ၏။

မြူနီစပယ်အလုပ်သမားဝင်းရှိ တန်းလျားအောက်ခြေမှ မြောင်းပုပ်နံ့သည် အောက်သိုးသိုးနံလှ၏။ ဝင်းအနောက်ဘက်ရှိ အမှိုက်ပုံမှ မိုးရေတိုက်စားစီးဆင်းလာသော အညစ်များမှာ ရှင်း၍မရနိုင်လောက်အောင် အဆက်မပြတ် လာနေတတ်၏။ အမှိုက်ပုံ အညစ်တွေကို ရှင်းပစ်ကြဟု မကြာခဏဆိုသလို တပ်ခွဲမှူးက လိုက်လံအမိန့်ပေးပါ၏။ သို့သော် မောင်သိန်း အပါအဝင် အလုပ်သမားတွေမှာ ရန်ကုန်မြို့တော်၏ နေရာအနှံ့အပြားကိုသာ သန့်ရှင်းအောင် လုပ်ကြသော်လည်း သူတို့တဲအောက် တန်းလျားများကိုကား မသန့်ရှင်းနိုင်ကြ။ သန့်ရှင်းရန်လည်း အချိန်မရ။ ပတ်ဝန်းကျင် မသန့်ရှင်းလျှင် ကျန်းမာခြင်းနှင့် မပြည့်စုံနိုင်ကြောင်းကို မြူနီစပယ်၏ သန့်ရှင်းရေးအလုပ်သမားတစ်ယောက်အဖြစ် သဘောပေါက်ပါ၏။ ကြားဖူးနားဝ

ရှိလှပါ၏။ သို့သော် မည်သို့မျှ မတတ်နိုင်။

မောင်သိန်းသည် အမှိုက်ပုံညီများ၊ ရွှံ့ဗွက်များ၊ အမှိုက်သရိုက်များဖြင့် ပြွမ်းတီးရှုပ်ထွေးနေသော သူ့တန်းလျားရှေ့ရှိ လူသွားလမ်းကြားကလေးအား အဓိပ္ပာယ်ကင်းမဲ့စွာ ငေးစိုက်ကြည့်နေမိသည်သာ ဖြစ်၏။

''မနက်ဖြန် ဆရာလာရင် ခြေကြွလေး ဘာလေး ပေးဦးမှ မပေးရတာ လေးငါးရက်ရှိသွားပြီ''

အခန်းဆိုပေမဲ့ ၆ ပေ၊ ၁၀ ပေခန့်သာ အကျယ်အဝန်းရှိလေရာ အိပ်ရာလည်းဖြစ်၊ မီးဖိုလည်းဖြစ်၊ နားနားနေနေထိုင်ရာ နေရာလည်းဖြစ်သည့်မို့ တစ်ဖက်သော အိပ်ရာနားမှာနေ၍ စိန်တင်က ပြောလိုက်သည့်စကားသည် မောင်သိန်း၏ နားထဲသို့ အေးအေးသာသာပင် ရောက်လာလေတော့သည်။

''ဘယ်လောက်ပေးရမလဲ''

''ခြောက်. . . ၅ ကျပ်လောက်၊ ၁၀ လောက်ပေါ့။ ကိုယ့်သားမွေးစကတည်းက ဒီဆရာပဲ ဆေးပေးလာတာ''

မွေးကင်းစ ကလေးလေး မမာသည့်အချိန်ကစ၍ အလုံသစ်တောဝင်းမှ ဗိန္ဓောဆရာနှင့် ကုခဲ့ရသည်။ ခြေကြွခအဖြစ် ၃၊ ၄ ကျပ်ပေးလျှင် ပြီးသည့်မို့ ဤဆရာနှင့်သာ စွဲစွဲမြဲမြဲ ကုနေခဲ့သည်။ ယခု ခြေကြွခကလေး ၅ ကျပ်လောက် ပေးရန် လိုအပ်နေပြန်ချေပြီ။ လကုန်ရက်ဖြစ်သည့်အတွက် သူ့လိုပင် အလုပ်သမားအားလုံး ငွေကျပ်တည်းမည်ကို မောင်သိန်းနားလည်ပြီးဖြစ်သည်။ သို့မို့ကြောင့်လည်း ချေးရန်ငှားရန် စိတ်ကူး၍ မဖြစ်ကြောင်း သူ သဘောပေါက်သည်။

''အခု ဘယ်နှနာရီလောက်ရှိပြီလဲ''

သို့ကလိုမေးရင်း မောင်သိန်းက ထိုင်နေရာမှ ထလိုက်၏။ ခါးမှာ တော်တော်နှင့် ဆန့်မရသည့်အတွက် ပါးစပ်က တကျွတ်ကျွတ်မြည်နေလေ၏။

''တစ်ချက်တီးလောက် ရှိရောပေါ့''

''အေး. . .ငါညနေပိုင်းကျမှ ပြန်ခဲ့မယ်''

''ရှင်. . .ဘယ်သွားမလို့လဲ''

''အလုပ်ပြန်ဆင်းလိုက်မယ်လေ''

''ရှင့်ကားက ရှိပါဦးမလား''



အမှိုက်သိမ်းကားနှင့် လွဲနေမည်စိုးသည့်အတွက် စိန်တင်က သတိပေးလိုက်ခြင်းဖြစ်၏။

''ကိစ္စမရှိပါဘူး။ သားကိုသာ မင်းကြည့်လိုက်''ဟုဆိုကာ မောင်သိန်းသည် အခန်းမှ ထွက်လာခဲ့လေ၏။

အပြင်ဘက်တွင်မူ မိုးက ဖွဲဖွဲနေဆဲသာတည်း။

မိုးကလေးတဖွဲဖွဲကြားတွင် ရွှံ့ဗွက်များကိုနင်းကာ လျှောက်ထွက်လာရင်း သူ့မျက်စိထဲ၌ ပလပ်စတစ်အိတ်ကလေးတွေကို မြင်ယောင်နေမိသည်။

နံနက်ခင်းက သူ အမှိုက်သိမ်းတာဝန်ကျသော လမ်းကြားတစ်နေရာတွင် အစုအပုံလိုက် ပစ်ထားသည့် ပလပ်စတစ်အိတ်ဟောင်းတွေကို ထင်းခနဲ၊ ကွင်းခနဲ ပြန်သတိရလာသည်။ ပလပ်စတစ်အိတ်ဟောင်း အိတ်စုတ်တွေကို စုကာကောက်ကာ ရေစင်အောင်ဆေး၊ ခြောက်အောင်နေလှန်း၍ ပြန်ရောင်းလျှင် တစ်ပိဿသုံးကျပ် ပေါက်ဈေးရှိနေသည် မဟုတ်လား။

ညစ်ပတ်ပေရေသော လမ်းကြားတစ်နေရာ၌ ဤပလပ်စတစ်အိတ်ဟောင်းတွေကို သူ တွေ့စဉ်က အားလုံးကိုစု၍ မိလ္လာပြွန်နှင့် တိုက်နံရံထောင့်ကြားတစ်နေရာတွင် ဖုက်ထားခဲ့သည်။ အဖျားတက်နေသော သားဖောကြောင့် ကမန်းကတန်း ပြန်လာသည့်အတွက် ယင်းပစ္စည်းတွေကို မယူနိုင်ခဲ့။ နောက်တစ်နေ့မှပဲ ယူတော့မည်ဟု တမင်ထားရစ်ခဲ့ခြင်းဖြစ်သည်။ ယခုမူ ကမန်းကတန်း ပြန်ယူရချေတော့မည်။ ကံကောင်းရင်တော့ တစ်ပိဿကျော်ကျော်ခန့် ရှိမည်ဟု သူမှန်းထားခဲ့သည်။ တစ်ပိဿရလျှင် ၃ ကျပ်ရမည်။ ၃ ကျပ်ဆိုလျှင် စိန်တင့်ဆီမှာရှိထားသော ၂ ကျပ်နှင့် ပေါင်း၍ ဆရာအား ခြေကြွခ ၅ ကျပ်ပေးလိုက်မည်။ ညစာနှင့် နောက်တစ်နေ့ နံနက်အတွက် ထမင်းရေစိမ်ကာ ကြံသကာနှင့်ပဲ စားတော့မည်။

မောင်သိန်းသည် အတွေးပေါင်းစုံ၊ စိတ်ကူးပေါင်းစုံ၊ စီမံကိန်းပေါင်းစုံဖြင့် ခြေလှမ်းသွက်သွက် ထွက်လာခဲ့လေ၏။

(၂)

အလုပ်သမားဝင်းထဲသို့ ပြန်ဝင်လာမိသည်နှင့် တစ်ပြိုင်နက် မောင်သိန်း၏ ခြေလှမ်းမှာ သွက်သည်ထက် သွက်လာသည်။

သူ့ခြေအစုံသည် စောစောကလို ဆိုင်းဆိုင်းတွတွမဖြစ်။ သူ့စိတ်သည် စောစောကလို နောက်ကို၍မနေ။ သူ့အတွေးသည်လည်း စောစောကလို လေးလံထိုင်းမှိုင်းခြင်းမရှိ။ သူလိုချင်သော အရာကိုရခဲ့ပြီ။ သူ့စီမံကိန်းအတိုင်း ဖြစ်ခဲ့လေပြီ။

ပလပ်စတစ်အိတ်ဟောင်းတွေကို ပုဆိုးဖြင့်ထုပ်ကာ အတွင်းခံဘောင်းဘီဖြင့်သာ မရှက်နိုင်မကြောက်နိုင် ပြန်လာခဲ့သော မောင်သိန်းသည် သူ့တန်းလျားနားသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရင်တွင်း၌ ထိတ်ခနဲဖြစ်သွား၏။ သူ့အခန်းဝတွင် လူတွေအုံနေသည်။ စိန်တင်၏ ရူးရူးကျယ်လောင်သော ငိုသံကိုကြားရသည်။ ဘာဖြစ်နေပြီနည်းဟူသော မေးခွန်း၏အဖြေကို သူ အလိုလို သိပြီးဖြစ်လေတော့သည်။

အလုပ်သမားအားလုံးက မျက်နှာမကောင်း။ သူ့ကို လမ်းဖယ်ပေးကြသည်။ ''သားလေးရေ. . .မင်းအဖေပြန်လာပြီကွယ့်'ဟူသော စိန်တင်၏ငိုသံမှာ ကျိုးပဲ့ယိုယွင်း နေသည့် တန်းလျားနံရံကို ထွင်းဖောက်ကာ ထွက်သွား၏။ မောင်သိန်းသည် အခန်းဝတွင် ကြက်သေသေနေ၏။ သားကလေးအား ကုသရေးအတွက် စီမံကိန်းချကာ သွားရှာခဲ့ရသော ပလပ်စတစ်အိတ်အထုပ်မှာ ခွေးကတက်နားတွင် ပုံလျက်သားကျနေလေ၏။

မောင်သိန်း၏ရင်သည် တလှပ်လှပ်ခုန်နေ၏။ စကားလုံးအချို့ကို သူ ပြောချင်နေ၏။ လည်ချောင်းမှာသာ တစ်ဆို့ဆို့ကြီးဖြစ်နေ၏။ တစ်ကိုယ်လုံးမှာ နတ်ကျသလို တဆတ်ဆတ်တုန်နေ၏။ အရိုးပေါ်အရေတင်နေသော သူ့သားလေး၏ အလောင်းကို တစ်ချက်မျှ ငေးစိုက်ကာကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ငိုက်စိုက်ချထားလိုက်မိသည်။

အများတကာ၏ ကျန်းမာရေးအတွက် အညစ်အကြေးဟူသမျှနှင့် နပန်းလုံးကာ အလုပ်လုပ်ပေးရစေကာမူ မိမိသာမက သားလူမမယ်လေးအတွက်ပါ ကျန်းမာအောင် နေနိုင်စွမ်းမရှိသည့် မောင်သိန်း၏ မျက်စိအစုံမှ မျက်ရည်ပေါက်များသည် ရွှံ့ပုပ်များ၊ အမှိုက်ညှီများဖြင့် ပြွမ်းတီးသောမြေစေးပေါ်သို့ အပြေးအလွှားကျဆင်းသွားကြလေပြီတကား. . .။

ငွေတာရီ
ဒီဇင်ဘာ၊ ၁၉၆၇

# သစ်ရွက်လည်းဆွေး မြေလည်းဆွေးပေါ့

(၁)

ကျွန်တော် ပြန်ရောက်သွားသောအခါ အဖေသည် မထသောလဲလျောင်းခြင်းဖြင့် လဲလျောင်းနေလေ၏။

အမေသည် တရှုပ်ရှုပ်ငိုနေရာမှ ရှိုက်ကြီးတငင် အော်ဟစ်ငိုကြွေးလေတော့သည်။ ''ရှင့်သားတွေ လာကုန်ပြီ။ ထကြည့်ပါဦး''ဟုလည်း မြည်တမ်းသည်။

အပြင်ဘက်တွင် မိုးအုံ့နေသည့်အတွက် အိမ်တွင်း၌လည်း အတန်ငယ်မှောင်လျက်ရှိသည်။ ကျွန်တော်သည် မနီးသောအိပ်ခြင်းဖြင့် ထာဝစဉ် အိပ်စက်နေပြီဖြစ်သော အဖေ့ကို အနီးကပ်၍ စေ့စေ့စပ်စပ်ကြည့်မိ၏။ အဖေကား မည်သည့်အခါမျှ ဤအိမ်သို့ ပြန်လာနိုင်တော့မည်မဟုတ်။ အဖေ့လက်နှစ်ဖက်သည် အသက်မရှိတော့သဖြင့် လှုပ်ရှားမှုမရှိတော့သော ဝမ်းဗိုက်ပေါ်တွင် လုံးလုံးလျားလျား နားနေလျက်ရှိလေ၏။

ကျွန်တော်သည် အဖေ့လက်နှစ်ဖက်ကို သေသေချာချာ ကြည့်မိသည်။ တစ်သက်တာလုံးလုံး လှုပ်လှုပ်ရှားရှား အလုပ်လုပ်နေခဲ့သော ဤလက်များ၊ သားသမီးများအတွက် ခွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများအတွက် စွမ်းစွမ်းတမံရှိခဲ့သော ဤလက်များမှာ ယခုလှုပ်ရှားခြင်း မပြုနိုင်တော့ပြီ။

အဖေ့မျက်နှာပေါ်တွင် ဖုံးလွှမ်းထားသော ပဝါပါးကို လှစ်၍ကြည့်မိသည်။ ကားသောမေးရိုး၊ ကျယ်ဝန်းသောနဖူးပြင်တို့ကိုသာ ပင်ကိုအတိုင်း တွေ့ရသည်။ ပါးစပ်မှာ အတန်ငယ်ဟလျက်ရှိ၏။ မျက်စိအစုံကား ကျွန်တော်နှင့်တကွသော

ပတ်ဝန်းကျင်တစ်ခုလုံးကို မျက်ကွယ်ပြုနေလေ၏။

ဤသို့နှင့်ပင် အဖေသည် အသက် ၆၉ နှစ်အရွယ်တွင် ကျွန်တော်တို့ နေထိုင်ရာ လူ့လောကကို အပြီးအပိုင် စွန့်ခွာသွားလေ၏။

အဖေ့ရုပ်အလောင်းကို ပေးစိုက်ရင်း ကျွန်တော်သည် သေခြင်းတရားကို ဆင်ခြင်နေမိ၏။ သေခြင်းတရားသည် လူသတ္တဝါများ ပြိုင်တူသွားနေကြသော လမ်းပင်ဖြစ်ပေ၏။ သေခြင်းတရား၌ အဆန်းတကြယ်ထင်ဖွယ်ရာ အကြောင်းတစ်စုံ တစ်ရာ မရှိဟု ကျွန်တော် တွေးမိသည်။ သို့သော် ယင်းသေခြင်းတရားတည်း ဟူသော နိဂုံးသို့ မရောက်မီ လူတွေသည် ဘာလုပ်သင့်သနည်းဟု ကျွန်တော် စဉ်တမ်းထုတ်မိပြန်သည်။

အမေသည် ပိုလျက်ရှိ၏။ ကျွန်တော့်နှမသည်လည်းကောင်း၊ အစ်မသည် လည်းကောင်း၊ ကျွန်တော့်ဇနီးနှင့်တကွ ဆွေမျိုးသားချင်းများသည်လည်းကောင်း၊ ငိုကြွေးတသလျက်ရှိကြ၏။ ကျွန်တော်ကား မငိုပေ။

အဖေ့အကြောင်း၊ အဖေ့လှုပ်ရှားမှု၊ လူတစ်ယောက်အဖြစ် အဖေ၏ အကောင်းအဆိုးတွေအားလုံးကို ကျွန်တော် တရိပ်ရိပ် ပြန်လည်မြင်ယောင်နေမိခြင်း ကြောင့်ပင် ဖြစ်ပါသည်။

## (၂)

မြရည်များ လိမ်းကျံထားသည်နှင့်တူလှသော ကောက်ပင်စိမ်းစိမ်းတွေ ကိုင်းညွတ်ဝန်းရံထားသည့် မြစ်ပြင်ကျယ်ကြီးက လည်ဆွဲတန်ဆာပမာ ကွေ့ဝိုက် စီးဆင်းနေသည့် မိချောင်းရဲ ရွာကလေးတွင် အဖေ့ဘဝသည် မြစ်ဖျားခံခဲ့လေသည်။

အဖေသည် လယ်သမား သားသမီးဖြစ်သည်နှင့်အညီ စာကို ဘုန်းကြီး ကျောင်း၌သာ သင်အံခဲ့ဖူးသူဖြစ်၏။ သို့မို့ကြောင့်လည်း အဖေသည် လယ်ကွင်း၌ ကျွမ်းကျင်၏။ မြေအကြောင်းကိုသိ၏။ ဝါဆို ဝါခေါင် ရေဖောင်ဖောင် အခါမျိုး အညာရေဆင်းချိန်၌ ထင်းဆယ်ရသောအလုပ်ကို ခုံမင်၏။ အဖေ့ဝေလေ့ အဖေ့ ဝါသနာသည် မြေကြီးနှင့် ရေမြေတောတောင်တို့နှင့် ရင်းနှီးဆက်စပ်နေသော ဝေလေ့ ဝါသနာများသာဖြစ်၏။ သူ ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်နှင့်ဘဝကို အဖေ မေ့လျော့သည်ဟူ၍မရှိ၊ ထာဝစဉ် သတိရ၏။ သူ့မျိုးရိုး သူ့ဇာတိဖြစ်သော လယ်ကျွန်း



ယာကျွန်း၊ မြေကျွန်တွေ၏ အဖြစ်သနစ်များအတွက် ရင်ထုမနာ ဖြစ်ခဲ့ရရှာ၏။

သို့မို့ကြောင့်လည်း အကြောင်းအားလျော်စွာ မြို့သူနှင့် အိမ်ထောင်ပြုခဲ့ စေကာမူ အဖေသည် သူ့ဘဝမြစ်ဖျားခံရာဒေသသို့ မကြာမကြာ ပြန်တတ်၏။ သူ ချစ်သော၊ သူ ကြင်နာသော သူနှင့်ဘဝတူ လယ်သမားတွေ၊ လယ်ကူလီတွေ အကြားတွင် သွားနေကာ သူတို့အရေးကို စိတ်ဝင်စားခဲ့၏။

၁၇၀၀ ပြည့် အရေးတော်ပုံကြီးတွင် အဖေသည် စိတ်ရောကိုယ်ပါ ပါဝင်ခဲ့၏။ ယင်းအရေးတော်ပုံကြီးအတွက် နယ်လှည့်၍ တရားဟောထွက်သည်။ တောကြို အုံကြားမကျန် အဖေ သွားသည်။ ဝံသာနုရက္ခိတ တရားဟောရင်း အဖေသည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေးအတွက် လှုံ့ဆော်ခဲ့လေ သည်။ ထိုအခါက အဖေ သွားရာနောက်သို့ တကောက်ကောက်လိုက်ရသူမှာ ကျွန်တော် ပင်တည်း။

''ဗမာစာသည် တို့စာ''

''ဗမာစကားသည် တို့စကား''

''ဗမာပြည်သည် တို့ပြည်''

တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံများကို အဖေသည် ကိုယ်တိုင် ကိုယ်ကျ ကြွေးကြော်သည်သာမက အိမ်တွင်လည်း ရေး၍ ကပ်ထားလိုက်သေး၏။

နိုင်ငံရေး၌ နှစ်မြှုပ်ထားသော အဖေသည် သားသမီးတွေများလာသည့် အတွက် စီးပွားရေးတွင်ပါ ပို၍ ဖောက်ချလုပ်လေတော့သည်။ သာမန်ဆိုင်ကလေး အဖြစ် ဖွင့်ထားသော ထမင်းဆိုင်ကို အဖေက တိုးချဲ့သည်။ ကျေးလက်တောရွာ များမှ လာကြသည့် ကုန်ရောင်းကုန်ဝယ်သမားများ၊ အမှုသည်များ၊ အင်းလေလံ သမားများ၊ ဧပါးပွဲစားများအားလုံး သူ့ဆိုင်တွင် တည်းခိုရန်နေရာပေးထားလေရာ အဖေ့စီးပွားရေးလုပ်ငန်းမှာ များစွာအောင်မြင်လေသည်။

အဖေတို့ ဦးစီးကျင်းပသော အမျိုးသားနေ့ အခမ်းအနားများနှင့် ပါတော် မူနေ့အခမ်းအနားများကို ကျွန်တော် အမှတ်ရနေပါသေးသည်။ ဗြိတိသျှအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများမှာ လွန်စွာပြင်းထန်လျက်ရှိလေရာ တစ်မျိုးသားလုံးနှင့် စပ်ဆိုင် သော အခမ်းအနားများ၊ အစည်းအဝေးများကို ကျင်းပရသည်မှာ မလွယ်ကူ။ တစ်ခါတစ်ရံ 'တကောင်းအဘိရာဇာ' အစရှိသော အမျိုးသားသီချင်းကို သီဆိုမည့်

သူပင် မရှိအောင် ဖြစ်နေတတ်၏။

ထိုအခါမျိုး၌ အမျိုးသားသီချင်းကို အဖေနှင့်အတူ ရဲရဲငုံ့ငုံ့သီဆိုသူတစ်ဦး ရှိလေသည်။ ၎င်းကား သခင်ကုလားကြီးပေတည်း။ သခင်ဘငြိမ်း၊ သခင်ကုလားကြီးနှင့် အဖေ အစရှိသော သခင်သုံးဦးမှာ အစိုးရ၏ စုံထောက်များ ခြေရာချင်း ထပ်အောင် အလိုက်ခံနေရသော နိုင်ငံရေးလူဆိုးကြီးများပင် ဖြစ်ပေသည်။

သည်လိုနှင့်ပင် ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက်တောက်လောင်လာတော့သည်။ ကျွန်တော်တို့၏ ဇာတိရပ်မြေဖြစ်သော မအူပင်မြို့မှာလည်း ဗုန်းဒဏ်၊ စက်သေနတ်ဒဏ်တွေ ခံရတော့သည်။ သို့မို့ကြောင့် အဖေသည် သူ၏ ဆိုင်ကို ပိတ်လိုက်ရသည်။ ဂျပန်တွေ တက်လာစဉ်၌ အဖေ၏ နိုင်ငံရေးစိတ်ဓာတ်သည် အရှိန်သေသွားသည်ဟူ၍ မရှိဘဲ ပိုလို့သာ တောက်ပြောင်ထက်မြက်လာသည်။

မြစ်ဝကျွန်းပေါ် စစ်ကြောင်းအတိုင်း ချီတက်လာကြသည့် ဗိုလ်ရန်နိုင်ဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများအတွက် စားနပ်ရိက္ခာနှင့် အဝတ်အထည်များ လုံလောက်စွာ ထောက်ပံ့နိုင်ရန် အဖေသည် မနားမနေ လှုံ့ဆော်စည်းရုံးခဲ့ပြန်သည်။ ယင်း ဂျပန်ခေတ်မှာပင် အဖေသည် သားသမီးများ၏ စားဝတ်နေရေးအတွက် ကြိုးစား၍ အလုပ်လုပ်ရပြန်၏။ ပွဲရုံတစ်ရုံဖွင့်ကာ ပွဲစားလုပ်သည်။ ဗုန်းတွေ စက်သေနတ်တွေအကြားမှာ သားသမီးများအတွက် စီးပွားရှာခဲ့ပြန်သည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်ဆန့်ကျင်ရေး အရေးတော်ပုံကြီးကိုလည်း အဖေသည် လျစ်လျူမပြုနိုင်ချေ။ အသက်အရွယ်အားဖြင့် အတန်ငယ် အိုမင်းရင့်ရော်လာပြီဖြစ်သော်လည်း ကျရာတာဝန်ကိုယူ၍ အလုပ်လုပ်သည်။ ဖက်ဆစ်ဆန့်ကျင်ရေး တပ်သားများကို ဆက်သွယ်ပေးသည်။ အကာအကွယ် လုပ်ပေးသည်။ ဝှက်ထားပေးသည်။ သူ့နယ်ဖြစ်သော ထနီး၊ မိချောင်းရဲ မလက်တို အစရှိသည့် ကျေးရွာများ၌ ပြောက်ကြားအခြေခံစခန်းတွေ ဖွင့်ဖို့အတွက် ကင်ပေတိုင်များနှင့် ဂျပန်သတင်းပေးများအကြားမှ လွတ်အောင်ရှောင်ကာ ဆောင်ရွက်ပေးခဲ့လေသည်။

''အလကား ချွေးတပ်ဆွဲ မုဒိမ်းကျင့်နေတဲ့ ကောင်တွေကို မင်းတို့ ဒီလိုပြန်မချဘဲ မရဘူးကွ''ဟု အဖေ ဆိုလေ့ရှိသည်။

အမျိုးသားရေးနှင့် လွတ်လပ်ရေးလှိုင်းတံပိုးကြီးများအကြား စုန်ချည်ဆန်ချည်ဆိုသလို မျောပါလာခဲ့သော အဖေသည် နိုင်ငံလွတ်လပ်ရေးရလျက်



ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည့် အချိန်မှစ၍ စိတ်ရောကိုယ်ပါ အတန်ငယ် ကျဆင်းရင့်ရော်လာကြောင်း ကျွန်တော် ရိပ်စားမိလေသည်။

၁၉၅၄ ခုနှစ်တွင် သတင်းစာတစ်စောင်၌ အယ်ဒီတာလုပ်နေသော ကျွန်တော့်အား ပြည်ပိုင်အစိုးရမင်းများက နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို အနှောင့်အယှက်ပေးနိုင်သူဟုဆိုကာ ပုဒ်မ (၅)နှင့် ဖမ်းဆီးအကျဉ်းချထားလိုက်လေသည်။

အဖေသည် ကျွန်တော့်ကို ချုပ်နှောင်ထားရာ ရန်ကုန်အကျဉ်းထောင်ကြီးသို့ ထောင်ဝင်စာ လာတွေ့သည်။ ထိုအခါ အဖေမှာ အသက်အရွယ်အားဖြင့် အိုမင်းလျက် ရှိလေပြီ။ ကောင်းစွာလည်း ကျန်းမာဟန်မရှိ။ အိုမင်းခြင်း၊ မကျန်းမာခြင်းများနှင့်အတူ အဖေ့စိတ်ဓာတ်သည်လည်း ကျဆင်းလျက်ရှိပြီကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့မြင်ရပါတော့သည်။

''အဖေ. . .ကိုဗဆွေဆီ သွားမယ်''

ဝန်ကြီးဖြစ်နေသော ဦးဗဆွေကြီးထံ သွားမည်ဟု အဖေက ပြောလေသည်။ ပုဒ်မ (၅) အကျဉ်းသားဘဝဖြင့် တစ်နှစ်ကျော်ကျော် ထောင်သက်ရနေခဲ့ပြီဖြစ်သော ကျွန်တော်က တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုသောအခါ အဖေကပင် ဖွင့်ပြောပြန်လေသည်။

''ပြည်သူ့အရေးတော်ပုံ ပါတီပွဲတုန်းက အဖေအများကြီး အကူအညီပေးခဲ့တာပဲ။ နောက်ပြီး မင်းတို့ကိုယ်တိုင်လည်း လွတ်လပ်ရေးအတွက် အများကြီး လုပ်ခဲ့ကြတဲ့ဥစ္စာ။ အခုလို ပုဒ်မ (၅)နဲ့ ဘာမသိရ ညာမသိရ ချုပ်ထားတာ ဘယ်ကောင်းပါ့မလဲ။ အဲဒီတော့ နောက်ကိုလည်း ဒီနိုင်ငံရေးဆိုတာ ဆက်မလုပ်ပါနဲ့တော့ သားရယ်။ အဖေ ဦးဗဆွေကို သွားတောင်းပန်မယ်''

အမှန်စင်စစ်အားဖြင့် ကျွန်တော်သည် အကျဉ်းထောင်အတွင်း၌ တစ်မိနစ်၊ တစ်စက္ကန့်မျှပင် နေလိုသူမဟုတ်။ သို့ရာတွင် ကျွန်တော့်မှာ အပြစ်တစ်စုံတစ်ရာ မရှိပါဘဲလျက် အဖေက ကျွန်တော့်အတွက် တောင်းပန်မည်ဆိုသောအချက်ကို သဘောမတူနိုင်အောင် ဖြစ်ရသည်။

''အဖေက ဘာဖြစ်လို့ တောင်းပန်ရမှာလဲ''

ကျွန်တော်က ထပ်မေးလိုက်သောအခါ အဖေသည် တွေလျက်ရှိ၏။ အဖေ့နှုတ်ခမ်းအစုံမှာ တဆတ်ဆတ်တုန်လျက်ရှိ၏။

''သားအပေါ်မှာ အထင်လွဲနေတာတွေရှိလည်း ပြေလည်သွားအောင်၊ နောက်ပြီး နောင်ကိုလည်း နိုင်ငံရေးတွေဘာတွေ ဆက်မလုပ်တော့ပါဘူးလို့ ကတိပေးရအောင်''

''မဟုတ်ဘူး အဖေ မဟုတ်ဘူး။ ကျွန်တော့်အပေါ် အထင်လွဲနေတာတွေ ရှိလည်း တောင်းပန်ဖို့မလိုဘူး။ နောင်ကိုလည်း နိုင်ငံရေးဆက်မလုပ်ဘူးဆိုတာ ဖြစ်ကို မဖြစ်နိုင်ဘူး။ ကျွန်တော့်အပေါ် ဘာအကြောင်းမှ မပြနိုင်ဘဲနဲ့ ဒီလိုချုပ်နှောင်ထားတယ် ဆိုတာကိုက ကျွန်တော့်ကို မတရားသက်သက်လုပ်တာ။ ကျွန်တော့်အပေါ် ခွင့်လွှတ်ပါဆိုပြီး ဒီလူတွေကို တစ်ခါထပ်တောင်းပန်ရဦးမယ်ဆိုတော့ အဖေပဲ စဉ်းစားကြည့်လေ။ ရိုးရိုးသားသား နေထိုင် လုပ်ကိုင်စားသောက်ချင်တဲ့ တိုင်းသူပြည်သား တစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာဘယ်မှာကျန်တော့မလဲ''

ကျွန်တော့်စကားကို ကြားသောအခါ အဖေ့မျက်နှာမှာ သိသိသာသာ ပျက်လျက်ရှိလေသည်။ နဖူးပြင်တွင် အတွန့်အရေးများ ထင်းနေအောင်လည်း စဉ်းစားတွေးခေါ်နေပုံရ၏။

''ကိုယ့်မှာ သားနဲ့ မယားနဲ့ဆိုတာလည်း ပြန်စဉ်းစားဦးပေါ့ သားရယ်'' ကျွန်တော်က ဘာမျှမပြောမီ အဖေက ဆက်ပြောပြန်သည်။

''တစ်ချိန်တုန်းကတော့ အဖေလည်း ကိုယ့်တိုင်းပြည်အတွက်ဆိုပြီး နိုင်ငံရေး လုပ်ခဲ့တာပဲ။ အခု လွတ်လပ်ရေးရပြီးတဲ့ အချိန်ကစပြီး ကြည့်စမ်း။ ပြည်တော်သာ ရမည်ဆိုတဲ့ ကြွေးကြော်သံကို စိတ်ထဲက ပါပါ၊ မပါပါ လိုက်အော်နေတဲ့ အချောင်သမားတွေပဲ နေရာကောင်းရပြီး ခေါင်းပေါင်းစတလူလူ လုပ်နေကြတယ် မဟုတ်လား။ ဒါတွေကိုသိပေမဲ့ အသက်ကလည်းကြီးလာပြီဆိုတော့ အေးအေးပဲ နေတော့မယ်လို့ အဖေ ဆုံးဖြတ်ထားတယ်။ အခု မင်းဒီလို ထောင်တန်းကျနေတယ် ဆိုတော့ အဖေ အနေမဖြောင့်ဘူး။ ဒါကြောင့် ရန်ကုန်လိုက်လာတာ''

''အဖေ စိတ်အေးအေးထားပြီး မအူပင်ကို ပြန်သွားပါ။ ကျွန်တော့်အတွက် စိတ်ဒုက္ခမရှာပါနဲ့။ အဖတ်တင်ခံပြီးတော့လည်း သွားတောင်းပန်မနေပါနဲ့။ အချိန်တန်တော့ ကျွန်တော့်ကို လွှတ်ကြမှာပါ''

ကျွန်တော့်အပေါ်၌ စိတ်ပျက်လေသလား သို့တည်းမဟုတ် ခေါင်းမာနိုင်ရန် ကောဟု တွေးလေသလား မသိ။ အဖေသည် လက်လျှော့၍ ပြန်သွားလေတော့သည်။



အကျဉ်းထောင်အတွင်း၌ ၃ နှစ်ကျော်မျှ အချုပ်အနှောင်ခံထားရပြီးနောက် ကျွန်တော် လွတ်မြောက်လာသောအခါ မအူပင်သို့ပြန်၍ အဖေနှင့် သွားတွေ့သည်။ အဖေကား လေဖြတ်ထားသဖြင့် ကိုယ်တစ်ခြမ်းသေလျက် ရှိလေပြီ။

တစ်နေ့တခြား ယိုယွင်းလာသော အဖေ့ကျန်းမာရေးအတွက် ကျွန်တော်သည် အားမလိုအားမရ ဖြစ်သည်မှာ မှန်၏။ သို့သော် သားရေးသမီးရေး စားရေးနေရေးအတွက် ဝန်ထုပ်ဝန်ပိုးများ ဖိစီးနေသည့်အတိုင်း တစ်ခါတစ်ရံမျှသာ အဖေ့ထံသို့ ရောက်နိုင်ခဲ့၏။ တစ်နေ့နေ့တွင် အဖေသည် ကျွန်တော်တို့နှင့်တကွ လူ့လောက တစ်ခုလုံးကိုပါ စွန့်ခွာသွားတော့မည်လောဟု မရဲတရဲတွေးနေမိ၏။

၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလကမူ အဖေ့ထံသို့ ကျွန်တော် တစ်ခေါက်ရောက်ပြန်သည်။

အဖေသည် ထူထူထောင်ထောင် ဖြစ်နေ၏။ သွားသွားလာလာလည်း ရှိနေ၏။ ရပ်ရေးရွာရေးများ၌ မားမားမတ်မတ် မဟုတ်တော့သည့်တိုင်အောင် တတ်အားသမျှ ပါဝင်ဆောင်ရွက်နေပြန်၏။

''ဟော့ ဗိုလ်ချုပ်နေဝင်းပဲဖြစ်ဖြစ်၊ ဗိုလ်မှူးချုပ်တင်ဖေတို့၊ ဗိုလ်မှူးကြီး သန်းစိန်တို့ပဲဖြစ်ဖြစ် ပြောပေးစမ်းပါဦးကွ''

''ဘာပြောရမလဲ အဖေ''

''တို့ဆီမှာ တော်လှန်ရေးအစိုးရတက်လာမှ ရေခွန်တွေ တိုးကောက်တယ်ကွ။ အဲဒါ ထိပ်ပိုင်းက ဗိုလ်ချုပ်ကြီးတို့ ဗိုလ်မှူးကြီးတို့က သိမှာမဟုတ်ဘူး။ ငါက လက်သာလေမဖြတ်လို့ ကောင်းသေးရင် စာရေးပြီးတင်ချင်လိုက်တာ''

ကျွန်တော်က ဘာမျှပြန်မပြောပါ။ အမေကသာ ''ရှင့်မှာလည်း ဒီအသက်အရွယ်ကျမှ. . .''ဟု တီးတိုးရေရွတ်လိုက်၏။

''သူတို့ အုပ်ချုပ်တဲ့ တပ်ရင်း (၄)ဆိုတာ တို့မြို့နဲ့ဆို သွေးရင်းသားရင်းတွေလို နေသွားတဲ့တပ်ပဲကွာ။ ဆိုးဆိုးကောင်းကောင်း တိုင်စရာရှိ တိုင်ရမှာပေါ့ကွ''

အမေ့ရေရွတ်သံကြောင့် ထင်သည်။ အဖေ့လေမှာ ပျော့ကျသွား၏။ ကျွန်တော်ကား မကျန်းမမာ မသန်မစွမ်း ဖြစ်နေသည့်အကြားမှ ရပ်ရေးရွာရေးနှင့် တိုင်းရေးပြည်ရေးအတွက် စိတ်ဝင်စားနေသေးသော အဖေ့ကိုကြည့်ကာ ကြည်ညို စိတ်တွေ ပိုလို့သာ တိုးပွားလျက်ရှိသည်။

"အဖေတို့ တို့ဗမာအစည်းအရုံး ဝင်ကာစက သခင်အောင်ဆန်းလက်မှတ်နဲ့ ထုတ်ပေးထားတဲ့ အစည်းအရုံးဝင်ကတ်ပြား ရှိတယ်။ အဲဒါ တပ်မတော်မော်ကွန်းတိုက်ကို လှူလိုက်စမ်း"ဟု အဖေက ဆက်ပြောလေသည်။

ကျွန်တော်ကား လေဖြတ်ထားသဖြင့် လက်ဆစ်ခြေဆစ်တွေ အရုပ်ကြိုးပြတ်သလို တွဲရရွဲကျလျက်ရှိသော အဖေ့ကို ကြင်နာသောအကြည့်ဖြင့်သာ ကြည့်နေမိ၏။ အဖေသည် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများအတွက် တာဝန်ကို နှစ်ပေါင်းများစွာ မညည်းမညူ ထမ်းဆောင်ခဲ့၏။ အဖေသည် သူ၏ သားသမီးများအတွက်သာမက သူ နေထိုင်ရသော ပတ်ဝန်းကျင်နှင့် လူ့လောကတစ်ရပ်လုံးအတွက်ပါ သူ တတ်နိုင်သည့်အပိုင်းမှ သူ တတ်စွမ်းသမျှ သူ့ကိုယ်သူ စွန့်လှူလျက် အလုပ်အကျွေးပြုခဲ့သည်သာတည်း။

(၃)

အဖေ့ရုပ်အလောင်းကို သုသာန်သို့ ပို့သောနေ့က မိုးသည် သဲသဲမဲမဲ ရွာချလျက်ရှိ၏။ မည်းမှောင်သော မိုးသားတိမ်တိုက်များသည်လည်း အလိပ်လိုက်အခဲလိုက် တက်လာလျက်ရှိ၏။

အဖေ့အတွက် တူးထားသောကျင်းမှာ ခပ်ထုတ်၍မနိုင်လောက်အောင် ရေတွေထွက်လျက်ရှိသည်။ ရွာချနေသောမိုးရေနှင့် မြေထဲ၌ ခိုအောင်းနေသော စိမ့်ရေများကို ကျွန်တော်တို့သည် ခပ်ထုတ်ကြရ၏။ မြေမှာ ရေနှူးနေသဖြင့် စေးပျော့လျက်ရှိသည်။ သစ်ရွက်ဆွေးများ မြေဆွေးများနှင့် ရေများကို သို့ကလို တူးဖော်လျက် အဖေ့ကို မြှုပ်နှံလိုက်ရပါပြီ။

အဖေ၏ခန္ဓာကိုယ် အစုအဝေးတို့သည် ဤမြေဆွေးနှင့် သစ်ရွက်ဆွေးများကဲ့သို့ပင် ဆွေးမြေ့ကြေမွ ပျက်သုဉ်းသွားရပေတော့မည်။ တစ်ဆွေတစ်မျိုးလုံး ငိုကြွေးကြသော်လည်း ကျွန်တော်ကား မျက်ရည်မကျပါ။

အဖေသည် ဆင်းရဲသား လယ်သမားသားသမီးဖြစ်၏။ ဆင်းရဲသား လယ်သမားတွေအကြား၌ မွေ့လျော်၏။ အဖေသည် ခေတ်ပညာတတ်မဟုတ်။ လူကုံထံ ကြေးရတတ်မဟုတ်။ အဖေသည် သူ့နှလုံးသားများအား မြှုပ်နှံထားခဲ့ရာ ဆင်းရဲသားလယ်သမားများ သူ ချစ်သော တောသူတောင်သားများအကြောင်း



သူ တတ်သလောက်၊ သူ နားလည်သလောက် အလုပ်အကျွေး ပြုခဲ့၏။

အဖေသည် သားသမီးတွေ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့အတွင် အချောင်နည်းလမ်းကိုမလိုက်၊ သူ တတ်သော အလုပ်ဖြင့် ထမင်းရောင်း၍ ကျွေးမွေးပြုစုပျိုးထောင်ခဲ့၏။ အဖေသည် ဆင်စွယ်ဗိမာန်အတွင်းမှ စိတ်ကူးယဉ်သူမဟုတ် မြေကိုချစ်၏။ မြေကြီးပေါ်မှ နိဗ္ဗာန်ကို ခံ့မင်၏။ မြေကြီးပေါ်မှ နိဗ္ဗာန်တွင် သူ့လို လူအများစုကြီး နေနိုင်ဖို့အတွက် တစ်သက်တာပတ်လုံး ခွန်အားရှိသလောက် သူ့ အတိုင်းအတာအရ သူ့တာဝန်ကို ထမ်းဆောင်ခဲ့၏။

သစ်ရွက်များလည်း ဆွေးကြမည်။ မြေတွေလည်း ဆွေးကြမည်။ အဖေ၏ ရုပ်ခန္ဓာအစုအဝေးလည်း ဆွေးမြေ့ပေဦးမည်။ လူတစ်ယောက်အဖြစ် လူလို အကောင်းဆုံးနေ၍ လူလို အကောင်းဆုံးကြိုးစားကာ လူ့တာဝန်တွေကို ထမ်းဆောင်သွားသော အဖေ့အတွက် စေးပျော့သော မြေဆွေးများနှင့် မိုးစက်မိုးပေါက်များအကြား၌ ပျားဝပ်ရှိကျိုး ရှိခိုးဦးတိုက်မိသည်မှအပ ကျွန်တော့်မျက်လုံးအိမ်တွင် ကျဆင်းစရာ မျက်ရည်ဟူ၍ မရှိတော့ပါ။

မြဝတီ
မတ်၊ ၁၉၆၅

# လူ့ရင်သွေးနှင့် ငွေရင်သွေး

## (၁)

အချိန်မှာ နံနက် ၈ နာရီခန့်သာ ရှိသေးသော်လည်း မိုးမရွာသည့်အတွက် အိုက်စပ်စပ်ကြီးဖြစ်နေ၏။ နံနက် နေရောင်မှာ အတန်ငယ် နုနေသေးစေကာမူ အပူရှိန်ကား ရှိသင့်သည်ထက် ပိုမိုပြင်းထန်ပုံလည်း ရလေသည်။

မအေးလှသည် နဖူးပြင်၌ ဝဲရစ်သီးစက်နေသော ချွေးပေါက်ကလေးတွေကို ခါးကြားတွင် ညှပ်ထားသည့် လက်ကိုင်ပဝါဖြင့် ယူ၍သုတ်လိုက်ပြီးနောက် နဖူးပြင်ပေါ်မှာပင် ချွေးများနှင့် စေးကပ်နေသည့် ဆံပင်စကလေးတွေကိုပါ သပ်တင်မိလေ၏။ ၈ နာရီထိုးနေရေမည်ဆိုကာ စောစောကထက်ပို၍ ခြေလှမ်းကျဲကျဲလှမ်းသည်။ မအေးလှ၏ ဘယ်ဘက်ပခုံးတွင် ဂျပ်ခုတ်လွယ်အိတ်နီညိုတစ်လုံးကို လွယ်ထားပြီး ညာဘက်လက်တွင်မူကား ဖဲထီးအနက်ကို အရိုးမှနေ၍ ဆုပ်ကိုင်ယူဆောင်လာသည်။

ပြည်ထောင်စုရိပ်သာ လမ်းတစ်လျှောက်တွင် တစ်ခါတစ်ရံ ဖြတ်သန်းမောင်းနှင်သွားသော ကိုယ်ပိုင်ကားများ၏ အသံဗလံမှအပ အခြားမည်သည့် အသံဘလံ ဟူ၍မရှိ။ လူပ်ရှားမှုလည်း မရှိ။ ပကာတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ညကရွာထားသောမိုးကြောင့် လမ်းဘေးရှိ မြက်ပင်တွေမှာ စိမ်းစိုတောက်ပြောင်နေလေသည်။ ပြည်လမ်းဘက်ဆီမှ လွင့်ပါးကပ်ငြိပြီးနောက် ရွှေလျှားရောက်ရှိလာဟန်တူသော စိန်ပန်းပွင့် နီတာတာတို့၏ ရွက်ဖတ်အပိုင်းအစများကိုလည်း တွေ့ရသည်။ ပလက်ဖောင်းဘေးရှိ မြောင်းစပ်၌မူ ခေါင်းပြူနေကြသော မြက်ပင်ကလေးများအကြား၌ အနီရောင် စိန်ပန်းပွင့်ဖတ်များ လွင့်ကပ်နေကြလေ၏။



မအေးလှ၏ ခြေလှမ်းမှာ ပိုလို့သာ သွက်လာသည်။ ပြည်ထောင်စုရိပ်သာလမ်းမှာ ခါတိုင်းထက်ပို၍ ရှည်လျားနေသည်ဟုပင် သူ့စိတ်က တွေးလိုက်မိပါ၏။ အမှန်မှာတော့ စိတ်စောနေခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်။

ခြံဝသို့ရောက်လာသောအခါ မအေးလှ၏ ခြေလှမ်းမှာ အတန်ငယ်စိပ်လာသည်။ ရှည်လျားသော သက်ပြင်းတစ်ချက်ကိုလည်း ချမိသည်။ ခြံ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့ဘက်ဆီသို့ လှမ်းကြည့်မိရာ တံခါးမဖွင့်သေးသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားလေသည်။ ထို့ကြောင့် မအေးလှသည် အိမ်နံဘေးမှကွေ့၍ နောက်ဖေးဘက်သို့ လာခဲ့၏။ တစ်အိမ်လုံးသာမ တစ်ခြံလုံးမှာ တိတ်ဆိတ်လျက်ရှိသည်။

"တော်ပါသေးရဲ့ မနိုးကြသေးဘူး"

မအေးလှ၏ ရင်တွင်းက အထက်ပါစကားကို ရွတ်ဆိုရင်း နောက်ဖေးမှနေ၍ အိမ်ထဲသို့ဝင်လာခဲ့၏။ အမှန်ပင် တစ်အိမ်သားလုံး အိပ်နေကြဆဲပင်တည်း။

မအေးလှသည် သူနှင့်အတူပါလာသော ပစ္စည်းပစ္စယကလေးတွေကို မီးဖိုချောင်ထောင့်ရှိ ထင်းရှူးသေတ္တာအလွတ်ပေါ်တွင် တင်ထားလိုက်၏။ ထို့နောက် မီးဖိုခန်းတံခါးမကို အသာပိတ်ကာ ဝတ်လာသော ပန်းရောင်ပိုးပျော့အင်္ကျီလက်စကကို ထမိရင်မလျှားဘဲ ဤအတိုင်း ချွတ်လိုက်ပြီးနောက် လွယ်အိတ်ထဲမှ သရက်ထည်စဖြင့် ချုပ်ထားသည့် အင်္ကျီလက်တိုအဟောင်းကို ယူဝတ်လိုက်လေသည်။ ထို့မှတစ်ဖန် နံရံဘေးရှိ ချိတ်တွင် ချိတ်ထားသော အဝတ်ဖြူစတစ်ခုကို လှမ်းယူကာ ရှေ့ဘက်တွင် အစချလျက် ကြိုးစများဖြင့် ခါးကိုပတ်ချည်လိုက်၏။

ချက်ချင်းဆိုသလိုပင် မနီးမဝေးရှိ ပန်းကန်ဆေးကြွေဇလုံအတွင်းသို့ မျက်စိရောက်သွားသည်။ ပန်းကန်များဆေးရာ ကြွေဇလုံအတွင်း၌ကား ညက စားကြွင်းစားကျန်များနှင့်အတူ ပန်းကန်တွေ၊ ဖန်ခွက်တွေမှာ စုပုံလျက်ရှိလေ၏။

မအေးလှသည် ကြွေဇလုံအပေါ်မှ ငွေရောင်ရေပိုက်ခေါင်းကို ဖွင့်ချလိုက်ပြီးနောက် ကြွေဇလုံအတွင်း စုပုံနေသည့် ပန်းကန်တွေကို ဆေးလေသည်။ ဆီနှင့်ထောပတ်၏ အစေးအကျန်တွေ ကပ်နေသည်မို့ အချို့သော ပန်းကန်တွေမှာ စေးထန်းထန်းဖြစ်နေ၏။

"ဘယ်လိုများ လုပ်စားထားကြမှန်း မသိဘူး"

ဆေးရင်းကြောရင်း မအေးလှသည် ပါးစပ်မှလည်း အထက်ပါအတိုင်း ညည်းတွားပြောဆိုမိလေသည်။ ညည်းတွားမည်ဆိုလည်း ညည်းတွားလောက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ ဆေးကြောနေရသည့် ပန်းကန်ခွက်ယောက်များမှာ ပေချင်တိုင်းပေ၊ ကျံချင်တိုင်းကျံနေခြင်းကြောင့် ဖြစ်၏။

ပန်းကန်တွေကို ဆေးကြောပြီးစီးသွားသောအခါ မအေးလှသည် ထမင်းစားခန်းသို့ ဝင်သွားမိသည်။ ထမင်းစားပွဲပေါ်၌ကား ဖန်ခွက်များ ကလပ်များနှင့် ဆေးလိပ်ပြာခွက်များမှာ ပြန့်ကြဲလျက်ရှိလေ၏။ သူသည် လုပ်စရာရှိသော အလုပ်တွေကို စက်ရုပ်သဖွယ် ဆက်တိုက်ဆိုသလို မရပ်မနား လုပ်နေမိ၏။

အမှန်အားဖြင့် မအေးလှသည် ကလေးထိန်းအလုပ် လာလုပ်နေသူသာ ဖြစ်၏။ ကလေးရှင်မှာ မြန်မာနိုင်ငံသား မဟုတ်သော ဥရောပတိုက်သား မျက်နှာဖြူ လင်မယားဖြစ်သည်။ သူတို့သည် မအေးလှအပေါ်၌ စာနာထောက်ထားသော စိတ်စေတနာ ထားကြ၏။ မအေးလှကို သူတို့၏ တစ်နှစ်ခွဲသာရှိသေးသော သားကလေးကို ထိန်းပေးဖို့အတွက် လခ ၁၆၀ ပေးထားလေသည်။ ယခုလို ခေတ်ကာလမျိုးတွင် ကလေးထိန်းရုံမျှဖြင့် လခ ၁၆၀ ရသည်မှာ အလွန်ကုသိုလ်ထူးလှစွာ၏ဟု မအေးလှက တွေးမိသည်။ ထို့ကြောင့်လည်း မအေးလှသည် ကလေးထိန်းရုံ သက်သက်မျှ မဟုတ်ဘဲ အခြားဗာဟီရ အလုပ်ကိစ္စဟူသမျှကို လက်လှမ်းမီသမျှ လျှောက်လုပ်ပေးသည်။ သို့ကလို အလိုက် သိခြင်း၊ ပေါ့ပါးသွက်လက်ခြင်း စသော မအေးလှ၏ အရည်အချင်းတွေကို အိမ်ရှင် လင်မယားနှစ်ဦးစလုံးက ကျေနပ်ဟန်တူလေသည်။

မအေးလှမှာ အသက် ၃၅ နှစ်ရှိပေပြီ။ လွန်ခဲ့သောနှစ်က လင်ယောကျ်ား ဖြစ်သူ ကိုမောင်ရှိန် ကွယ်လွန်သွားခဲ့သည့်အတွက် ကလေးသုံးယောက်နှင့် ကျန်နေရစ်သော မုဆိုးမလည်း ဖြစ်လေသည်။ မအေးလှ၏ သမီးအကြီးဆုံးမှာ ၉ နှစ်သမီး၊ အလတ်မှာ ၆ နှစ်ရှိပြီး အငယ်ဆုံးသားလေးမှာ တစ်နှစ်ခွဲခန့်သာ ရှိသေးသည်။

မအေးလှမှာ ဖအေကရင်၊ မအေမြန်မာက မွေးသော မြန်မာကရင်စပ် ဖြစ်ပြီး ကွယ်လွန်သွားသူ ခင်ပွန်းသည် ကိုမောင်ရှိန်ကား ကရင်စစ်စစ်ဖြစ်လေသည်။

ကိုမောင်ရှိန် ရှိစဉ်အခါက အိမ်မှာတွင် ကလေးတွေနှင့်သာ အချိန်ပြည့်နေခဲ့



သော မအေးလှသည် ကိုမောင်ရှိန် တိမ်းပါးသွားသောအခါ၌ ကလေးများနှင့်တကွ မိမိ၏တစ်ဝမ်းတစ်ခါး စားရေးသောက်ရေးအတွက် ဖြစ်သလို ရှာကြံ၍ အလုပ်လုပ်ကိုင်ရလေတော့သည်။

''ဂွတ်ဒ်မောနင်း''

နှုတ်ဆက်သံကြောင့် မအေးလှ၏အတွေးမှာ လွင့်ပါးပျောက်ကွယ်သွားလေသည်။ ''ဂွတ်ဒ်မောနင်း''ဟုလည်း ပြန်နှုတ်ဆက်မိလေသည်။

အိမ်ရှင်မသည် ကလေးကိုပါ ချီလျက် အိပ်ခန်းတွင်းမှ ထွက်လာခြင်း ဖြစ်ပေရာ မအေးလှသည် လုပ်လက်စကလေးတွေကို သိမ်းလိုက်ပြီးနောက် ကလေးကို လှမ်းခေါ်ထားလိုက်လေ၏။ ထိုအခိုက် မရှေးမနှောင်းမှာပင် အိမ်ရှင်ယောကျ်ားပါ နိုးလာလေသည်။ သူတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အရေးတကြီး အိပ်ရာမှ ထလာကြဟန်တူ၏။

မအေးလှ ထင်သည့်အတိုင်းပင် သူတို့သည် သွားစရာတစ်ခုအတွက် ကမန်းကတန်း ပြင်ဆင်ကြလေသည်။ အိမ်ရှင်မျက်နှာဖြူမက 'လေဆိပ်'ဟု ပြောသံကိုလည်း ကြားရသည်။ မအေးလှအဖို့မူ အိမ်ရှင်လင်မယား၏ အဖြစ်အပျက်များ၊ အပြုအမူများမှာ မဆန်းလှတော့ပြီ။ တစ်ခါတစ်ရံ သူတို့သည် အစောကြီးထကာ အပြင်ထွက်သွားတတ်ကြ၏။ တစ်ခါတစ်ရံတော့လည်း နေမြင့်မွန်းတည့်အထိ အိပ်နေတတ်ကြ၏။

ယခုလည်း ထိုလင်မယားသည် နံနက်စာကိုပင် မစားတော့ဘဲ ကမန်းကတန်း မျက်နှာသစ်၊ အဝတ်အစားလဲကာ ကားဖြင့် ထွက်သွားကြလေ၏။

(၂)

မအေးလှသည် လုပ်နေကျထုံးစံအတိုင်း ကလေးကို မျက်နှာသစ်လျက် သူ စားနေကျ နံနက်စာကို ကျွေးလေသည်။ ပေါင်မုန့်ထောပတ်၊ နို့ စသည့် အစားအစာများပင်တည်း။

မိမိကျွေးသည်ကို ပလုတ်ပလောင်း စားနေရှာသော ထိုမျက်နှာဖြူ ကလေးငယ်ကိုကြည့်ရင်း မအေးလှသည် ဟုန်းလင်းကွက်သစ်ဘက်၌ ကျန်ရစ်ခဲ့သော မိမိ၏သားလေးကို ပြန်သတိရနေမိလေ၏။ နံနက်စောစော မိမိအိမ်မှထွက်လာစဉ်

က အငယ်ဆုံးသားလေးကို နို့ဆိပ်ဖျော်၍ တိုက်ခဲ့ရ၏။ သားအလတ်နှင့် သမီးအကြီးတို့ကမူ လမ်းထိပ်ထွက်၍ မုန့်စိမ်းပေါင်း ဝယ်စားကြသည်။

နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ မိမိအလုပ်ဆင်းရချိန်တွင် ၉ နှစ်အရွယ်ရှိ သမီးကြီးကသာ မောင်ငယ်နှစ်ယောက်ကို ထိန်းရသည်။ အိမ်နီးပါးချင်းတွေကိုလည်း အပ်ခဲ့ရသေးသည်။ ထိုအကြောင်းတွေကို ပြန်တွေးမိသောအခါ မအေးလှ၏ရင်တွင်း၌ လှိုင်းတံပိုးများ ရိုက်ခတ်လှုပ်ရှားလာပြန်သည်။ ရန်ကုန်မြို့ ဟုန်းလမ်းကွက်သစ်ဘက်သို့ မရောက်မီ မအေးလှနှင့် ကိုမောင်ရှိန်တို့သည် သုံးကြိုင်ရွာတွင် နေခဲ့ကြ၏။ သုံးကြိုင်ရွာမှာ တွံတေးတူးမြောင်းဝမှထွက်လျှင် မအူပင်မြို့သို့ အရောက် မြစ်ရိုးတစ်လျှောက်၌ စီရရီတည်နေကြသည့် ရွာကလေးများအနက်မှ ရွာတစ်ရွာ ဖြစ်သည်။

မြစ်ဘက်မှကြည့်လျှင် သောင်ပြင်ကျယ်ကြီးများနှင့် သစ်ပင်များ အုံ့ဆိုင်း ညို့မှိုင်းနေသော သုံးကြိုင်ရွာကို သာတောင့်သာယာ တွေ့နိုင်သည်။ ရွာသူရွာသားများမှာ လယ်ယာလုပ်ငန်းအပြင် သားငါးရှာဖွေသည့် လုပ်ငန်းများကိုပါ လုပ်ကိုင်ကြသည့်အတွက် ပင်ပန်းသော်လည်း နေရေးထိုင်ရေး ချောင်ချိကာ ပျော်ရွှင်ကြလေသည်။ ထိုကဲ့သို့သော ဘဝမျိုး၌ ကိုမောင်ရှိန်နှင့် သူ အကြောင်းပါခဲ့ခြင်းဖြစ်လေသည်။ မအေးလှသည် အရှည်သဖြင့် နေရေးစားရေးကို မျှော်တွေးပူပင်တတ်သော မိန်းမသားတစ်ယောက်ဖြစ်သည့်အတိုင်း အိမ်ထောင်ရက်သား ကျလာပြီဆိုသောအခါ ကိုမောင်ရှိန်ကို ရှေ့ရေးအတွက် အဘယ်မျှ စိုးရိမ်ပူပင်ကြောင်း အခါအခွင့်သင့်တိုင်း ပြောတတ်လေသည်။

"အိုကွာ အေးလှကလည်း ပူစရာလိုက်လို့ လူမသေ ငွေမရှားပါဟ"

ကိုမောင်ရှိန်၏အဖြေမှာ ဤနည်းနှင်နှင်သာ ဖြစ်လေသည်။ အမှန်စင်စစ် ကိုမောင်ရှိန်အတွက်မှာမူ လူမသေငွေမရှားဟူသော ဆိုရိုးစကားမှာ မှန်ကောင်းမှန်ဖွယ်ရာ ရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် ကိုမောင်ရှိန်သည် လယ်ကွင်းသို့ ဆင်းသလို မြစ်ဘက်လည်းထွက်ကာ သားငါးရှာတတ်သေး၏။ လယ်ကွက်ထဲမှ လုပ်ငန်းတွေပြီးလျှင် သူသည် အိမ်သို့ ခေတ္တပြန်လျက် ပိုက်ကွန်ကို ကျောပိုးကာ ဘောက်တူတစ်စင်းနှင့် မြစ်ဘက်သို့ ထွက်တတ်ပေ၏။ သူပုန်သူကန်တွေ ထလျက် လယ်လုပ်ငန်းများကို စွန့်ပစ်ရသည့်အချိန်၌ပင်လျှင် သူသည် တာတာပေါ



အထိသွားကာ မအူပင် – ရန်ကုန်အမြန်သင်္ဘောအဆိုက်ကို စောင့်၍ ထမင်းရောင်းသေးသည်။ မအူပင်နှင့် ရန်ကုန်ပြေးသော အမြန်သင်္ဘောနှင့် အခြား ကြားသင်္ဘောများမှာ သုံးကြိုင်ရွာ၌မဆိုက်ဘဲ အောက်ဘက်နားနည်းနည်းကျသည့် တာတာပေါ်၌ သွားဆိုက်လေသည်။ ထို့ကြောင့် သင်္ဘောကို အားကိုး၍လုပ်ရသော အရောင်းအဝယ် လုပ်ငန်းသည် သုံးကြိုင်မှာထက် တာတာပေါ်တွင် ပိုမိုများပြား စည်ကားလေသည်။

ကိုမောင်ရှိန် ရှာသမျှကို ကြိုးကြိုးကုပ်ကုပ် စုဆောင်းလာခဲ့သော မအေးလှသည် သုံးကြိုင်သာမက သုံးကြိုင်ထက်ကြီးသော တာတာပေါ်၊ ကဝက်ကင်း စသည့် ရွာကြီးများတွင်ပါ နေနိုင်ခြင်းမရှိလောက်အောင် ရပ်ရွာဆူပူလာသည့်အချိန်၌ ရန်ကုန်သို့ ပြောင်းရွှေ့ခိုလှုံလာခဲ့ရ၏။ တာတာပေါ်တွင်ပင်နေ၍ ထမင်းရောင်းလိုက်၊ မြုံးထောင်လိုက် လုပ်ဦးမည်ဟု ကြုံးဝါးနေသော ကိုမောင်ရှိန်ကို မရမက ဆွဲခေါ်ခဲ့ရလေသည်။

ရန်ကုန် ဟုန်းလမ်းကွက်သစ်သို့ ရောက်သောအခါ သမီးအကြီးကို မျက်နှာမြင်သည်။ သားအလတ်ကိုလည်း ထိုအတူပင် ဟုန်းလမ်းကွက်သစ်၌ပင် မျက်နှာမြင်လေသည်။ ထိုအချိန်အထိ မအေးလှသည် သူ့ကံကြမ္မာအပေါ် စိုးစဉ်းမျှ အထင်အမြင် လွဲမှားခြင်းမရှိခဲ့။ ဖြစ်သလိုနေ၍ ရတတ်သမျှ ငွေစကလေးကို စိစစ်သုံးစွဲနေခဲ့ရ၏။ ကိုမောင်ရှိန်မှာ ရန်ကုန်ရောက်ချိန်မှစ၍ ကျပန်းအလုပ် လုပ်ရလေသည်။ တစ်ခါတစ်ရံတော့ ကဝက်ကင်းဘက်သို့ ဆင်းသွားပြီး ငါးသလောက်လေး ဘာလေး တင်လာတတ်၏။ သုံးကြိုင်တွင်နေစဉ်က စုဆောင်းချွေတာလာခဲ့သော ခြေစောင့်လက်စောင့် ငွေကြေးအနည်းအကျဉ်းမှာ စားရိတ်စကကြီးလှသည့် ရန်ကုန်မြို့တွင် ခန်းခြောက်ပျောက်ကွယ် သွားခဲ့ရလေတော့သည်။

မအေးလှအတွက် ဖန်တီးလိုက်သော အဖြစ်အပျက်များမှာ ဤမျှနှင့် ရပ်တန့်၍မနေသေးဘဲ တစ်နေ့တခြား ပိုလို့သာ ဆိုးလာသည်။ သားအငယ်ဆုံးလေး မွေးပြီး ၄၊ ၅ လအကြာတွင် ကိုမောင်ရှိန်သည် အပြင်းဖျားကာ ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ရလေ၏။

ထိုအချိန်လောက် တွယ်ရာမဲ့အချိန်၊ ဒုက္ခရောက်ချိန်၊ စိတ်ဆင်းရဲချိန်ဟူ၍ ရှိအံ့မထင်။ လင်သားနှင့်အတူ နေရစဉ်အခါက ဆင်းရဲသော်လည်း အမှတ်မထင် ဖြစ်နေမိ၏။ လက်ထဲတွင် ငွေမရှိစေကာမူ ငွေရှာပေးမည့် လင်သားတစ်ယောက်လုံး ရှိနေသဖြင့် တွေ့ရမည့်ရက်တွေကို ပြုံးတစ်ခါ ရယ်တစ်လှည့်နှင့်ပင် ရင်ဆိုင်သွားနိုင်

ခဲ့၏။ ယခုမူ လင်သားမရှိ။ ငွေဆိုတာလည်း နတ္ထိ။ သို့သော် အခက်အခဲဟူသမျှ အကြားမှ ရုန်းကန်လျက် သားသမီးတွေကို ပြုစုကျွေးမွေးရပေဦးမည်ဟူသော အသိလောက်ကိုဖြင့် ရရှိထားသည့် မအေးလှသည် ငယ်ငယ်ရွယ်ရွယ် မုဆိုးမအဖြစ် ကလေးကို ခါးထစ်ခွင်တင်၍ ချိုရင်း ရပ်ကွက်ထဲ၌ ကြံကလေးရောင်းလိုက်၊ ဗီးသီး ကလေးရောင်းလိုက်ဖြင့် ရာသီအလိုက် ပေါ်သော အစားအစာများကို အကြွေးယူ၍ လည်းကောင်း၊ နေ့ပြန်တိုး ငွေချေး၍သော်လည်းကောင်း၊ ရောင်းချလုပ်ကိုင် စားသောက်ခဲ့ရလေသည်။

ထိုအဖြစ်အပျက်တို့သည် မအေးလှ၏ စိတ်စေတသိက်တစ်ခုလုံးကို ရုပ်ရှင် ပိတ်ကားပေါ်၌ လှုပ်ရှားနေသော အရိပ်များပမာ ဆွဲကိုင်လှုပ်ကစားလျက် ရှိလေ၏။ 'ဟင်း'ဟူသော သက်ပြင်းရှည်တစ်ချက်ကို ချမိပြန်သည်။ သူ ဟင်းချလိုက်သော အသံကို ကြား၍ထင်သည်။ သူ့ရင်ခွင်ထဲရှိ မျက်နှာဖြူကလေးငယ်သည် အပြစ်ကင်း စင်သော မျက်လုံးပြာကြီးတစ်စုံဖြင့် မော်ကြည့်နေသည်ကိုလည်း တွေ့ရ၏။

''စား. . .စား. . .ရော့ အေးဟုတ်ပြီ။ မင်း သိပ်အစားကြီးတဲ့ကောင်ကြီး''

မအေးလှသည် မနက်က နို့ဆီကျဲကျဲကို ဖျော်တိုက်ခဲ့ရသော သူ့ သားကလေး၏ မျက်နှာကို လှစ်ခနဲ ပြန်မြင်ယောင်မိလေ၏။ သူ့သားကလေးမှာ ယခု မျက်နှာဖြူကလေးနှင့်စာသော် များစွာကြုံလှီလေသည်။ အမေ့နို့ကိုလည်း မစို့ရ။ နို့ဆီကို ရေနွေးနှင့်ဖျော်၍ ၉ နှစ်သာရှိသေးသော အစ်မဖြစ်သူက မသေမသပ် ဖြစ်ကတတ်ဆန်း တတ်သလောက် မှတ်သလောက် တိုက်ကျွေးခြင်းဖြင့်သာလျှင် ကြီးပြင်းလာရသည့်အတွက် ကြုံလှီခြင်းဖြစ်ပါလိမ့်မည်။

''ကဲလေ လာ လမ်းလျှောက်ကြဦးစို့''

ကလေးကို ဆွဲခေါ်လာခဲ့လေရာ ကလေးသည် တဒေါက်ဒေါက်နှင့် လျှောက် လိုက်လာ၏။ သူသည်ကလေးကိုလက်ဆွဲလျက် နံနက်တိုင်း ပြုနေကျဝတ္တရားအတိုင်း ခြံဝင်းအတွင်း ဆင်းလာခဲ့လေ၏။

ခြံဝင်းအတွင်း၌ မာလီသည် ပန်းပင်တွေကို ပြုပြင်လျက်ရှိသည်။ စကားဝါ ပွင့်ကြီးတွေလည်း ပွင့်နေကြပြီ။ စိမ်းနုနေသည့် မြက်ခင်းပေါ်၌ စကားဝါပွင့်ဖတ် ကလေးတွေ ကြွေကျလျက်ရှိသည်။ နှင်းဆီပန်းရနံ့ကလည်း သင်းပျံ့လျက်ရှိသည်။ ဤနေရာ ဤပတ်ဝန်းကျင်သည် မိမိအတွက် သာတောင့်သာယာရှိလှသော နေရာ



ဝန်းကျင်ပါတကားဟု မအေးလှစိတ်၌ တွေးမိသည့်အခါမျိုးလည်း ရှိတတ်သေး၏။ သို့သော် ဟုမ်းလမ်းကွက်သစ်အတွင်းမှ တဲပုတ်ကလေးတွင် ကျန်နေရစ်ခဲ့သော သမီးတွေ၏မျက်နှာကလေးများ အစီအရီ ပေါ်လာကြပြန်သောအခါ ပတ်ဝန်းကျင်ကို ကြည်နူးနေသော သူ၏စိတ်မှာ ငှက်ခါးတောင်မိုးသက်တွေ ဆင်လာသည့် ကောင်းကင်ပြင်ပမာ ညှိုမှောင်ညှိုးလျှလာရပြန်သည် သာတည်း။

(၃)

၁၀ နာရီထိုးခါနီး၌ အိမ်ရှင်လင်မယား ပြန်ရောက်လာကြသည်။

မိုးကလည်း သည်းထန်စွာ ရွာသွန်းချလိုက်လေ၏။ မိုးသာမက လေပြင်း ပါ ထန်လျက်ရှိလေရာ တစ်လောကလုံးသည် ဆောက်တည်ရာမရသူပမာ သဲသဲမဲမဲ ငိုကြွေးမြည်တမ်းနေသူနှင့်သာ တူနေသည်။ သို့ကလို မိုးသက်လေပြင်းထန်လေလေ မအေးလှ၏စိတ်သည် ဟုန်းလမ်းကွက်သစ်သို့ ပြန်ရောက်လေလေပင် ဖြစ်ရသည်။ အဘယ့်ကြောင့်ဆိုသော် မိုးတွေလေတွေ လှုပ်စီးမုန်တိုင်းတွေအကြား၌ ကြောက်ရွံ့ အားငယ်နေရှာကြရော့မည့် သားသမီး လူမမယ်များကို သတိရနေခြင်းကြောင့်ပင် ဖြစ်ပါသည်။

''တလောက ကလေးတစ်ယောက် ရေမြောင်းထဲမျောပါပြီး သေသွားရ ပြီးပြီ''ဟုလည်း သူ့ကိုယ်သူ ပြန်ပြောနေမိ၏။ တလောက ဟုန်းလမ်းကွက်သစ်မှ ကလေးတစ်ယောက် ယခုလို မိုးကြီးသည်းထန်နေစဉ် မိုးရေထွက်ချိုးရင်း ရေမြောင်း ထဲ၌ မျောပါသေဆုံးခဲ့ရသော အဖြစ်ဆိုးကို သတိရမိခြင်းကြောင့်ဖြစ်သည်။ ထိုစဉ်က ရင်ဘတ်စည်တီး လူးလိမ့်ငိုကြွေးနေသော မိခင်ကို တွေ့ခဲ့ရဖူး၏။

''ငါ့သားသမီးကလေးများ ဆိုရင်''

မအေးလှသည် ထိုမေးခွန်း၏အဖြေကို မဖြေရဲပေ။ သူ့ဘာသာသူ တွေး လိုက်သောအတွေးမှ ပေါ်ထွက်လာအံ့သော ရလဒ်ကိုလည်း မစဉ်းစားရဲချေ။ သို့သော်လည်း ကံအားလျော်စွာ အိမ်ရှင်မက မအေးလှကိုခေါ်၍ လဝက်အတွက် လစားငွေ ၈၀ ကို ပေးလေသည်။ ပြန်လိုက ယနေ့အဖို့ ပြန်နိုင်ကြောင်း၊ မနက်ဖြန် တွင် တနင်္ဂနွေနေ့ ဖြစ်စေကာမူ မိမိတို့မှာ ဧည့်သည်များအား ဧည့်ခံကျွေးမွေးရန် ရှိသဖြင့် ခေတ္တခဏ အလုပ်ဆင်းပေးစေလိုကြောင်း ရှင်းပြလေသည်။

မအေးလှသည် မိန်းမသားချင်း စာနာဟန်တူသော ထိုအိမ်ရှင်ဥရောပသူ မျက်နှာဖြူအမျိုးသမီးကို ကျေးဇူးတင်သောမျက်လုံးအစုံဖြင့် ကြည့်လျက် ငွေကလေး ၈၀ ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ မီးဖိုဆောင်အတွင်းသို့ ပြန်ဝင်သွားခဲ့လေ၏။

''ဘုရားသခင် စောင်မပါစေ''

အကျီအဝတ်အစားများကို ကမန်းကတန်းလဲရင်း နှုတ်မှလည်း ဘုရားသခင်က စောင်မစေရန် ဆုတောင်းမိလေသည်။ စိတ်ကောင်းစေတနာရှိသော အိမ်ရှင်ဥရောပသူအတွက် ရည်ရွယ်သလော။ သို့တည်းမဟုတ် မိုးကြီးလေကြီးထဲတွင် ထိတ်လန့်အားငယ်နေကြမည့် မိမိရင်သွေးများအတွက် ရည်ရွယ်သလော သူကိုယ်တိုင် ဝေခွဲခြင်းငှာ မစွမ်းနိုင်ပါပြီ။

မအေးလှသည် အိမ်ရှင်ဥရောပသူနှင့် မျက်လုံးပြာပြာ အသားဖြူဖြူ သားကလေးတို့ကို ကမန်းကတန်း နှုတ်ဆက်ကာ ဒေါသမာန်မာနများ ပြွမ်းတီးခက်ထန်စွာဖြင့် အခဲမကျေ အညှိုးတကြီးရွာသွန်းနေသည့် မိုးသက်လေပြင်းများအကြားမှပင် ထီးကလေးကို အားယူဖွင့်ဆောင်းကာ ပြန်လည်ထွက်ခွာလာခဲ့မိလေသည်။

ဘတ်စ်ကားပေါ်ရောက်သည်အထိ သူ့ရင်မှာ တုန်လျက်ရှိသည်။ ရင်သွေးများအတွက် စိုးရိမ်ကြောင့်ကြသော စိတ်သည် ရင်တစ်ခုလုံးကို ပြောင်းဆန်အောင် မွှေနှောက်ထုထောင်းလျက်ရှိသည်။ သားအလတ်က အလွန်ဆော့တတ်သည်။ သမီးကြီးမှာ အရွယ်နှင့်မလိုက်အောင် မအေကို ကူနေရသည်မို့ မောင်အငယ်လေးနှင့်အတူ အိပ်မောကျနေလျှင်လည်း ကျနေမည်။ ထိုကဲ့သို့ အိပ်မောကျနေချိန်မို့ သားအလတ်ကလေး မိုးရေထဲထွက်ဆော့လျှင်. . .

မအေးလှသည် ဆေးကျောင်းထောင့်မှဆင်း၍ ဗိုလ်ချုပ်လမ်းဘက်ဆီသို့ လျှောက်ပြေးနေ၏။ မိုးရောလေပါ ပြင်းထန်လွန်းလှသဖြင့် သူ၏တစ်ကိုယ်လုံး ရွှဲရွဲစိုလျက်ရှိလေသည်။ မိန်းမဆောင်းထီးကလေးမှာလည်း လှိုင်းတံပိုးပြင်းထန်လှသော သမုဒ္ဒရာပြင်ကျယ်၌ နစ်မြုပ်သွားသည့် လှေငယ်ကလေးပမာ အားအရှိန်ကြီးမားပြင်းပြလှသော မိုးစက်မိုးပေါက်များနှင့် ဟိုမှသည်မှ တိုးဝှေ့တိုက်ခတ်နေသော လေကြောင့် ကျိုးပြတ်လွင့်ထွက်လုနီးပါး ဖြစ်နေလေ၏။

သူ့စိတ်ထဲ၌ ဘုရားသခင်ကိုသာ တွင်တွင် တမိလေသည်။ ကလေးတွေ



တော့ တစ်စုံတစ်ခု ဖြစ်လိမ့်မည်ဟု တန်းတန်းစွဲ ယူဆနေမိခြင်းကြောင့်ဖြစ်သည်။ သို့မို့ကြောင့်လည်း ဆေးကျောင်းထောင့်မှတ်တိုင်မှ တစ်ဖန် နံပါတ် ၄ ကားပေါ်သို့ ပြောင်းတက်လိုက်ပါလာခဲ့လေ၏။

ဟုမ်းလမ်းမှတ်တိုင်သို့ ရောက်၍ ကားပေါ်မှဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် နံနက်စောစောက နို့ဆီဗူးအတွင်းမှ အကျန်နို့ဆီနှင့် ဖျော်ကာ ကလေးငယ်အား နို့တိုက်ခဲ့ရသော အဖြစ်ကိုလည်း သတိရမိပြန်သည်။ ထို့ကြောင့် လမ်းထိပ်က ဆိုင်သို့ဝင်လျှက် နို့ဆီ ၃ လုံးကို ကဗျာကသီ ဝယ်လိုက်သေးသည်။ သမီးကြီးနှင့် သားကလေးတွေ အားရပါးရ စားပါစေတော့။

ဝိုက်ဟောမြောင်းကြီးဘက်မှ ရေစီးကျသံကြီးကို ကြားနေရသည်မို့ စိတ်မဖြောင့်နိုင်ဘဲ ကွက်သစ်ထဲသို့ တက်သုတ်ရိုက်၍ ဝင်လာခဲ့သည်၊ ချမ်းလိုက်သည်ကလည်း မေးခိုက်ခိုက်တုန်လာသည်။ သို့သော် သားသမီးအတွက် ရင်တွင်း၌ ဖြစ်ပေါ်လာခဲ့သည့် အနိဋ္ဌာရုံအတွေးများကိုမူ ဤအချမ်းဒဏ်သည် လွှမ်းမိုးနိုင်စွမ်းခြင်းမရှိပေ။

တဲအိမ်ကလေးကို လှမ်းမြင်ရသည်။

''ဘုရားသခင် စောင်မတော်မူပါ''

ရင်တွင်းက ပိုလို့သာ လှုပ်ရှားတုန်ယင်လာသည်။ ဘုရားသခင်၏ အစောင်အမနှင့် သနားကရုဏာတော်ကိုလည်း ထပ်မံတောင်းခံမိပြန်သည်။ လင်သား သေဆုံးစအချိန်က ကဲ့သို့ပင် တွယ်ရာမဲ့စိတ်တွေ လွှမ်းခြုံတုပ်နှောင်ထားခြင်းကို မရှုသာ မရှိုက်သာ ခံနေရလေ၏။

မအေးလှသည် လှုပ်ရှားသောစိတ် တုန်ယင်သောရင် တုန်ယင်သောလက်ဖြင့် ပိတ်ထားသည့် တဲရှေ့ ကဲလားကလေးကို မ တင်လိုက်၏။ သမီးအကြီး၊ သားအလတ်နှင့် သားငယ်ကလေးတို့သည် ပုဇွန်ထုပ်ကလေးများပမာ ပုအောင် ကွေးကာ အိပ်မောကျနေလေ၏။

ထိုအခါ၌ ချမ်းအေးလွန်းသဖြင့် ပြာနေသော မအေးလှ၏နှုတ်ခမ်းအစုံတွင် အပြုံးပန်းသည် လျှပ်လက်သလို ပွင့်ဖူးလာလေ၏။ ကလေးတွေ၏ အနားတွင် နို့ဆီဗူးကလေး သုံးလုံးနှင့် မုန့်ထုပ်ကလေးကို ချကာ အဝတ်ကိုမျှပင် မလဲနိုင်သေးဘဲ ထိုင်ချလိုက်ပြီးနောက် ရင်သွေးကလေး၏ အပြစ်ကင်းစင်သော မျက်နှာကလေးတွေ

ကို စိမ့်စိမ့် ကြည့်နေမိလေ၏။

မိုးရေကြောင့် စိုစွတ်နေသော မိမိ၏ပါးပြင်ပေါ်တွင်လည်း ပူနွေးနေသည့် မျက်ရည်များ ကျဆင်းလာသည်ကိုပင် မအေးလှုတစ်ယောက် သုတ်သင်ဖယ်ရှားရန် သတိမရနိုင်လောက်အောင် ဖြစ်နေလေသည်တကား။

မြဝတီ
အောက်တိုဘာ၊ ၁၉၆၄

# မန္တလေးက ဝိညာဉ်

(၁)

အမှတ်မထင် မန္တလေးသို့ ရောက်ခဲ့ပြီဆိုကာမှ ကျွန်တော်နှင့် မန္တလေး အလှမ်းဝေးနေခဲ့ရသော အချိန်ကာလကို ပြန်လည်တွက်စစ်ကြည့်မိသည်။

၃ နှစ်ခန့်ရှိလေပြီ။

ယခင်ကဆိုလျှင် တစ်နှစ်တစ်ခေါက်လောက် မှန်မှန်ရောက်သည်။ မန္တလေးသို့ ရောက်တိုင်းလည်း ၃၊ ၄ ရက်ထက် ပို၍မနေချင်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ပတ်ဝန်းကျင်ဟု ကျွန်တော် တွက်သည်။ သို့ရာတွင် မန္တလေးသို့ကား မသွားဘဲ မနေနိုင်သည့်အတွက် အလုပ်ခွင်မှ အားလပ်ခွင့်ရပြီဆိုသည်နှင့် တစ်ပြိုင်နက် မန္တလေးသို့ တက်ခဲ့မိသည်သာ ဖြစ်၏။ မန္တလေးတွင် နှစ်ရက် သုံးရက်တန်သည် နေထိုင်ပြီးနောက် ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းသို့ဖြစ်စေ၊ ရွှေဘို၊ မုံရွာဘက်သို့ဖြစ်စေ၊ အလျဉ်းသင့်သလို ခရီးထွက်စမြဲတည်း။

၁၉၆၅ ခုနှစ်တွင် မန္တလေးသို့ ရောက်ခဲ့ပြီးချိန်ကစ၍ အကြောင်းကြောင်းကြောင့် မရောက်နိုင်ခဲ့ဘဲ ယခု ၁၉၆၈ ခုနှစ် ကုန်ခါနီးတွင်မှ မမျှော်လင့်ဘဲ ဖြုန်းခနဲ ရောက်သွားသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်၏ ရာသီဥတုမှာ အေးမြလှသည်။ နှင်းမြူတွေ ဝေဆိုင်းနေသည်။ ရှမ်းကုန်းပြင်မြင့်၏ ညို့မှိုင်းသော တောင်တန်းကြီးများဆီ၌ မြူလွှာတွေ အထပ်လိုက်၊ အတန်းလိုက် ယှက်ဆိုင်းလွှမ်းခြုံထားသည်။ မြောက်ဘက်ဆီမှ တိုက်ခတ်လာသော လေသည် မန္တလေးလွင်ပြင်တဝိုက်ကို ခိုက်ခိုက်တုန်အောင်

အအေးဓာတ်ဖြင့် လွှမ်းပတ်ရစ်ဆိုင်းထားလေ၏။

မန္တလေး၏ အဓိကရလမ်းမကြီးများ၌ ယခင်ကလောက် ဖုန်တထောင်းထောင်း မထတော့ပြီကို ကျွန်တော် သတိထားမိပါသည်။ မြင်းချေးများ၊ နွားချေးများ သိသာလောက်အောင် နည်းပါးသွားသည်။ ပလက်ဖောင်းတွေလည်း သပ်ရပ်လာသည်။ မန္တလေးနန်းတော်ကို ဝန်းပတ်ထားသည့် ကျုံးရေပြင်မှာ စိမ်းမှောင်မှောင်နှင့် ရှိစေကာမူ ဒိုက်များ၊ ရေညှိများ ကင်းစင်လျက်ရှိသည်။

မန္တလေးကား ပြောင်းလဲခဲ့လေပြီ။

ဗဟိဒ္ဓသဏ္ဌာန်တွ ပြောင်းလဲနေပြီဖြစ်သော မန္တလေးတစ်ခွင် ခြေဦးတည့်ရာ လှည့်လည်လည်ပတ်ရင်း မြောက်ပြင်ဘက်သို့ ရောက်ခဲ့သည်။ မြောက်ပြင်ကို ရောက်ချင်စိတ် များနေသည့်အတွက် ထွက်လာခဲ့ခြင်းဖြစ်သည်။ မန္တလေးသည် ကျွန်တော့်ဘဝအတွက် စိတ်ဝင်စားစရာ ကောင်းသောနေရာဖြစ်သည်ဟု ဆိုလျှင် မန္တလေး၏ ရပ်ကွက်တစ်ကွက်ဖြစ်သော မြောက်ပြင်ကား ကျွန်တော့်ဘဝဖြစ်စဉ်မှ အရေးပါလှသော ကဏ္ဍတစ်ရပ်သာ ဖြစ်ပါလိမ့်မည်။

''ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တောင် မြောက်ပြင်ကို တမ်းတမ်းတတ ဖြစ်နေရတာတုံး''

ကျွန်တော်နှင့် အတူပါလာသော မိတ်ဆွေက မေးပါသည်။ ''မြောက်ပြင်ဘက်ကို သွားရအောင်ဗျာ''ဟု တတွတ်တွတ်ပြောနေသော ကျွန်တော့်စကားကို နားမလည်နိုင်သည့်အတွက် မေးမြန်းခြင်းမို့ ကျွန်တော်က သူ့အမေးကို အပြစ်မယူပါ။

''လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က အကြောင်းတွေကို ပြန်တွေးချင်လို့ပါဗျာ''

မြောက်ပြင်၏ ကျုံးထောင့်တွင် ကျွန်တော်တို့ ထိုင်လိုက်ကြ၏။ ကျုံးရေပြင်သည် ကြည်လင်ငြိမ့်လေးလှစွာ၏။ လောကတစ်ခွင်၏ ရှုပ်ထွေးပွေလီလှသော အဖြစ်အပျက်များကို ခွင့်လွှတ်သောနှလုံးသားဖြင့် လျစ်လျူပြုနိုင်၍လော၊ သို့တည်းမဟုတ် ယင်းအဖြစ်သနစ်တွေကို မသိ မမြင်ခဲ့၍လော။

ကျုံးရေပြင်ကို ကျော်၍ကြည့်သော် မြို့ရိုးကိုတွေ့ရသည်။ မြို့ရိုး၏ အတွင်းဘက်၌ကား မန္တလေးတောင်ကြီး တည်ရှိနေကြောင်း ကျွန်တော် ကောင်းစွာသိပါ



သည်။ ကျွန်တော်၏ ကျောဘက်တွင် သူရဲဈေး ရဲဌာနဟု ခေါ်သော ၁၉ မှတ် ရဲဌာန တည်ရှိနေသည်ကိုလည်း ကျွန်တော် သိပါသည်။

မိတ်ဆွေဖြစ်သူက ဆက်မမေးတော့ဘဲ ငေးနေ၍ ကျွန်တော်က ခဲလုံးလေး တစ်လုံးကို ကောက်ယူကာ ကျုံးရေပြင်ထဲသို့ ပစ်ချလိုက်၏။ ကျုံးရေပြင်သည် အတွန့်အယက်ကလေးများဖြင့် လှုပ်ရှားသွားလေ၏။

''၁၄ နှစ်ဆိုတာ ကြာပြီလို့လည်း ပြောနိုင်တယ်။ မကြာသေးဘူးလို့လည်း ဆိုနိုင်တယ်။ ဘာပဲဖြစ်ဖြစ်လေ မန္တလေးရောက်တိုင်း ကျွန်တော်တော့ ဒီအဖြစ်အပျက်တွေကို တရေးရေး ပြန်သတိရမိတာပဲ''

''အတိတ်ကို တ,သခြင်းပေါ့ဗျာ''

မိတ်ဆွေက သို့ကလို ပြောကာ မပွင့်တပွင့်ရယ်လေသည်။ နေညိုစောင်း ရိုပ်ရိုန်မှိုင်း၌ အနားကပ်၍ ကြားနေရသော ဤရယ်သံသည် ကျွန်တော့်ကို ကြက်သီးမွေးညှင်းများ ထစေ၏။ ကျွန်တော့်ရင်ကို တုန်လှုပ်စေ၏။ သို့မို့ကြောင့်လည်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေလိုက်မိသည်။ သူ့ကို စီးကရက်ပေးသောအခါ မသောက်ဟုဆိုပါသည်။

သူကပင် ဆက်ပြောပြန်၏။

''အတိတ်ဆိုတာဟာ တသလို့ကောင်းတာမျိုးလည်း ရှိတယ်။ တသလို့ မကောင်းတာမျိုးလည်း ရှိတယ် ကိုနေဝင်းရေ။ ထားပါတော့လေ ကဲ ခင်ဗျားက ဘာတွေ ကိုများ တရေးရေးပြန်မြင်နေတာတဲ့တုံး''

''ဒီလိုဗျာ လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က ကျွန်တော် မန္တလေးမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေ ပုဒ်မ(၅)နဲ့ အဖမ်းခံရတယ်ဗျ။ ဖမ်းပြီးလို့ ရက်ပိုင်းလောက်အကြာမှာ ဟောဒီမြောက်ပြင်က သူရဲဈေး ရဲဌာနကိုပို့ပြီး ချုပ်ထားတယ်။ ကျွန်တော်ရယ်၊ မြစ်ကြီးနားက ကိုစောလွင်ရယ်၊ မန္တလေးက ကိုစန်းညွန့်ရယ် သုံးယောက်နေရတယ်။ အချုပ်ခန်း ကျဉ်းကျဉ်းလေးထဲမှာ သုံးယောက်သား အတူအိပ် အတူစား ဆင်းရဲဒုက္ခတွေကို အတူခံကြလို့ပေါ့ဗျာ''

''အင်း ကိုစန်းညွန့် ဆုံးသွားရှာပြီနော်''

''ဟုတ်တယ် ကိုစန်းညွန့်ဟာ အချုပ်ကလွတ်ပြီးတဲ့နောက် မကြာခင်မှာပဲ ဆုံးသွားတယ်လို့ ကျွန်တော် ထောင်ထဲကကြားလိုက်ရတယ်။ ကိုစောလွင်နဲ့

ကျွန်တော်လည်း အခုထိ တစ်ခါမှမတွေ့ကြတော့ဘူး''

''ဟုတ်ပြီ ခင်ဗျား တသနေတဲ့ အကြောင်းလေးတွေ အခုမှကို ကျွန်တော် စိတ်ဝင်စားလာပြီဗျာ။ ဆက်စမ်းပါဦး''

ကျွန်တော်သည် စီးကရက်ကို နာနာဖွာရှူလိုက်၏။ အနောက်ဘက် ကောင်းကင်ပြင်တွင် ဝင်လုဆဲ နေရောင်ခြည်သည် ဖျော့တော့သော အားမာန်ဖြင့် လောကတစ်ခွင်ကို နှုတ်ခွန်းဆက်လျက်ရှိလေ၏။

''ကျွန်တော်တို့ သူရဲခေျး ဌာနရဲ့ အချုပ်ခန်းလေးထဲမှာ သုံးလကျော်ကျော် နေခဲ့ကြရတယ်။ ကိုယ့်ကျင်ငယ်ပုံး ကိုယ်သွန်၊ ကိုယ့်သောက်ရေအိုး ကိုယ်ဖြည့်နဲ့ ကိုယ့်ဝန် ကိုယ်ထမ်းပေါ့ဗျာ။ အစပထမတော့ ဒီလို အခန်းကျဉ်းကျဉ်းလေးထဲမှာ ဖုန်တွေ ဂျပိုးတွေ အလူးလူး သေးနံ့တထောင်းထောင်းနဲ့ နေရတာကို အင်မတန် စိတ်ဆင်းရဲမိရိုးအမှန်ပါ။ နောက်တော့လည်း နေသားကျသွားတာပါပဲ။ ဒီလို အချုပ်ခန်း လောကကျဉ်းလေးထဲမှာ ထုသားပေသားကျပြီး နေကျင့်ရလာပြန်တော့ ဟိုလူ နှစ်ယောက်ကိုထားပြီး ကျွန်တော့်ကို မန္တလေးထောင်ကြီးထဲ ပို့လိုက်ပြန်ရောဗျ။
''

''အဲ့ဒီအချိန်တုန်းက မန္တလေးထောင်ထဲမှာ နေရထိုင်ရတာ ဟိုပုံစံခေတ်ကနဲ့ စာရင် အတော်လေးကောင်းလာပြီလို့ ဆိုကြပေမဲ့ အတန်အသင့်တော့ ချို့တဲ့သေး တယ်ဗျာ။ ကော်ဖီလည်း မသောက်ရဘူး။ ထမင်း ဟင်း ပုံစံပြည့်အောင် မပေးဘူး။ ဒန်ပန်းကန်၊ ဒန်ခွက်တွေနဲ့ကျွေးတယ်။ အကျဉ်းခန်းကလေးရဲ့ ဒုက္ခက တစ်မျိုး။ အကျဉ်းကမ္ဘာလေးလို့ ခေါ်လောက်တဲ့ ထောင်ရဲ့ဒုက္ခက တစ်မျိုးပေါ့လေ။ နေသား မကျသေးတော့ အင်မတန် စိတ်ဆင်းရဲတာပေါ့။ ဒါပေမဲ့ အချုပ်ခန်းကျဉ်းကလေး ထက် ထောင်က ပိုကျယ်တယ် မဟုတ်လား။ အဲ. . .ဒီလိုပဲ ပိုပြီးကျယ်ဝန်းများပြားတဲ့ အတွေ့အကြုံတွေကို ရလာပြန်တာပဲ။ လူပေါင်းစုံ၊ အမှုကိစ္စပေါင်းစုံ ပြစ်ဒဏ်ပေါင်းစုံ ပေါ့ဗျာ။ လူဆိုတာ တစ်ခါတလေ ကိုယ့်ထက်ဆင်းရဲဒုက္ခရောက်တဲ့ လူတွေကိုကြည့်ပြီး စိတ်ဖြေရ၊ အားတင်းရတာမျိုး ရှိတယ်နော်။ ရှင်းရှင်းဝန်ခံရရင် ကျွန်တော်ဟာ တစ်သက်နဲ့တစ်ကိုယ် ဘယ်တုန်းကမှ မရောက်ဖူးတဲ့ ထောင်ထဲကိုရောက်သွားရတဲ့ အခါမှာ ကြောက်တယ်၊ အားငယ်တယ်၊ စိတ်ဓာတ်ကျတယ်။ ဒါပေမဲ့ ရွှေဘိုခရိုင်၊ ငပိအိုးရွာက သူကြီးဦးကျော်ခင်တို့ စစ်ကိုင်းနားက ရွာလေးတစ်ရွာက မောင်ထွန်း



ကြည်တို့ရဲ့ ဒုက္ခတွေ အတွေ့အကြုံတွေကို ကြားရ မြင်ရတော့ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်သလို ဖြစ်လာတယ်။ ခင်ဗျားစဉ်းစားကြည့်လေ''

ကျွန်တော့်မိတ်ဆွေသည် ငြိမ်နေ၏။

''သူတို့ဟာ တစ်သက်တစ်ကျွန်းသမားတွေဗျ။ သူတို့လို တစ်သက် တစ်ကျွန်း သမားတွေလည်း အများကြီးပေါ့။ ဒါပေမဲ့ သူတို့က အပြုံးမပျက်ကြဘူး။ ရင်ဆိုင်ရမဲ့အမှုကိစ္စကို ခပ်ပြုံးပြုံးပဲ ရဲရဲရင့်ရင့် ရင်ဆိုင်ကြတယ်။ နိုင်ငံတော် သစ္စာဖောက်မှု၊ ဓားပြမှု၊ လူသတ်မှု၊ လုယက်မှု စသဖြင့် အမှုစုံလူစုံလို့ ဆိုရပေမဲ့ အဲဒီခေတ်တုန်းက ထောင်စကားနဲ့ပြောရရင် နိုင်ငံရေးမှုတွေချည်းပါပဲဗျာ။ ကိုယ်မှန် တယ်ထင်တာ ကိုယ်လုပ်၊ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ပြီး ကျသမျှအပြစ်ဒဏ်တွေကို ရဲရဲခံတဲ့လူတွေလို့ ကျွန်တော် နားလည်လာတယ်။ သူတို့ကို ကျွန်တော် လေးစားတယ်။ ကြည်ညိုတယ်။ ကိုးကွယ်လာမိတယ်ဆိုပါတော့''

''ထားပါလေဗျာ။ အဲဒီ ငပိအိုးသူကြီးဆိုတာ အင်္ဂလိပ်စာ တတ်ချင်တယ် ဆိုပြီး ခင်ဗျားတို့ဆီက အင်္ဂလိပ်စာသင်တယ် မဟုတ်လား''

''ဟုတ်တယ် ဟုတ်တယ်''

''အင်္ဂလိပ်စာကို သင်ချင်ပေမဲ့ တကယ့်အညာသား စစ်စစ်ကြီးလည်းဖြစ်၊ အသက်အရွယ်ကလည်းကြီးတော့ လျှာမသွက်လို့ မပီဘူး။ မပီရကောင်းလားဆိုပြီး တယ် ဒီလောက်နယ်ချဲ့စာမသင်တော့ပါဘူးလို့ စာအုပ်ကိုလွှင့်ပစ်ပြီးကာမှ တစ်ခါ စိတ်လည်လာရင် စာအုပ်ပြန်ကောက်ပြီး ပြန်သင်တဲ့လူကြီးလေ''

''ဟုတ်တာပေါ့ဗျာ''

''ဟို မောင်ထွန်းကြည်ဆိုတာကတော့ ကျုပ် ကွန်မြူနစ်လို့ပြောမိတာနဲ့ ပုံစံပြခံလိုက်ရပြီး ရှေ့သွားနှစ်ချောင်းကျိုးတယ်။ နောက် သာယာဝတီကလေးထောင် ကို ပြောင်းကာနီး ခြေထိပ်လက်ထိပ်တွေ ခတ်လျက်သားနဲ့ ခင်ဗျားတို့ကို အပြုံးမပျက် လာနှုတ်ဆက်သွားတဲ့ သူငယ်လေးမဟုတ်လား''

''ဟုတ်တယ် အဲဒီသူငယ်ပဲ''

''သူတို့အကြောင်း ခင်ဗျားဝတ္ထုရေးတာ ကျွန်တော် ဖတ်ဖူးတယ်လေ ထားပါတော့။ ခင်ဗျားဘာကို ဆိုလိုသလဲဆိုတာသာ ပြောစမ်းပါ''

မိတ်ဆွေ၏ အမိန့်ပေးသံလိုလို စကားကို ကြားရသောအခါ ကျွန်တော်၏

သည် ယှဲ့ယှဲ့မှုပြုံးရင်း စီးကရက်တစ်လိပ်ကို ထပ်ညှိဖွာရှူမိပြန်၏။

"ဒီလိုပါ ငပိအိုးသူကြီးနဲ့ မောင်ထွန်းကြည်လို လူစားမျိုးတွေ အများကြီး ရှိပါတယ်။ အများအားဖြင့် ကျေးလက်ဒေသက တောသူတောင်သား လယ်သမား ယာသမားတွေပေါ့ဗျာ။ ကျွန်တော်တို့ ထောင်သားတွေကို အကျဉ်းထောင်လက်စွဲ ဥပဒေက ခွင့်ပြုထားတဲ့ အခွင့်အရေးတွေ အပြည့်အဝ မပေးဘူးဆိုပြီး တစ်ထောင်လုံး အစာငတ်ခံ ဆန္ဒပြကြရောဗျ။ အသုတ်လိုက် အသုတ်လိုက် တစ်ရက်စီ အစာငတ်ခံကြတာဆိုတော့ အဘညိုတို့ ကိုမြသိန်းတို့ အစရှိတဲ့ နှစ်ကြီးသမားတွေက ကျွန်တော်တို့ကို နောက်အသုတ်မှာမှ အစာငတ်ခံဖို့ အတင်းတိုက်တွန်းကြ၊ စီစဉ်ကြတယ်။ ခင်ဗျားတို့က မြို့သားတွေဗျာ နုနယ်ပါတယ်။ ကျုပ်တို့လောက် အကြမ်းပတမ်း မခံနိုင်ကြပါဘူး။ အဲဒီတော့ နောက်ဆုံးအသုတ်မှ ခံပါဆိုပြီး အကြောင်းပြကြတယ်။ ကျွန်တော်တို့ကလည်း ထောင်ထဲမှာ ဘဝတူပေပဲ။ အတူခံမယ်လို့ ပြောတာ မရဘူး။ အတင်း ကျွန်တော်တို့ကို နောက်ဆုံးအသုတ်ထဲ ထည့်ကြတယ်။ အခုမှ ဒါတွေကို ပြန်စဉ်းစားတော့။ အော် တောသူတောင်သား လယ်သမားကြီးတွေဟာ ရိုးသားတယ်၊ ညာတာတယ်။ အနာခံစရာရှိတာကို ပိုခံနိုင်ကြတယ်။ တို့အပေါ် ညာတာတယ်လို့ ပြန်တွေးမိတယ်ဗျာ။ ကျွန်တော်တို့က မြို့က ပညာတတ်လူတန်းစားတွေ၊ နိုင်ငံရေးစာအုပ်ထူကြီးတွေ ဖတ်၊ ထောင်ထဲရောက်တော့ ကော်ဖီမသောက်ရတာကို မဟာဒုက္ခကြီး ထင်၊ အခုကြည့် လယ်သမားကျောမွဲတွေက ဒီ့ထက်ဆိုးတဲ့ ဒုက္ခတွေကို ခါးစည်းခံရုံတင်မကသေးဘူး ကျွန်တော်တို့ကို ညာလိုက်သေးတယ်။ ကျွန်တော်တို့က အကောင်းစားဘီစကွတ်လေးတွေကို သိမ်းသိမ်းဆည်းဆည်း စားနေတဲ့အချိန်၊ သူတို့က ထန်းလျက်နဲ့ ငှက်ပျောသီးကလေးရတာကို ပြောင်တလင်းခါအောင် ဝေစားမျှစားကြတယ်။ ကျွန်တော်တို့က မရိုးသားဘူး ဉာဏ်များတယ်။ သူတို့က ရိုးသားတယ်၊ စင်းတယ်၊ ညာတာတယ်၊ စွန့်စားတယ်"

"ဟုတ်ပြီ၊ ခင်ဗျား အမြင်မှန်ရလာတာပဲပေါ့"

"သေချာတာပေါ့ဗျာ။ တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေကို သင်ပေးလိုက်ကြတာပေါ့။ အခု ၁၄ နှစ်ရှိလာပြီ။ သူတို့ကို ကျွန်တော် မမေ့ဘူး။ အမြဲသတိရတယ်။ မန္တလေးရောက်ရင် ပိုပြီးသတိရတယ်။ သူကြီး ဦးကျော်ခင်တို့၊ မောင်ထွန်းကြည်တို့ အဘညိုတို့ ကိုမြသိန်းတို့ အခုနေ ဘယ်တွေမှာရောက်ကြလို့



ဘာတွေများ လုပ်နေကြသလဲ။ သူတို့ဘဝတွေ အဆင်ပြေပြေမှ ရှိကြရဲ့လားလို့ စဉ်းစားမိတယ်ဗျာ"

"စဉ်းစားမိရုံပဲလား ကိုနေဝင်း"

"စဉ်းစားမိတာလောက်ပဲ ရှိတယ်လို့ ကျွန်တော် ရိုးရိုးသားသား ဝန်ခံချင်တယ်ဗျာ။ သူတို့ဘဝ အဆင်ပြေကြရဲ့လားလို့ စဉ်းစားမိတာထက် ပိုရင် စိုးရိမ်မိတယ်လို့လည်း ပြောနိုင်ပါရဲ့။ ဒါ့ထက်ပိုလို့တော့ ကျွန်တော်ဘာမှ မတတ်နိုင်သေးဘူးလေ"

"ခင်ဗျား အတွေးခေါင်လှတယ်ဗျာ။ ဒီမယ် ကိုနေဝင်း ပညာဆိုလို့ ဟုတ္တိ ပတ္တိမသင်ခဲ့ဖူးတဲ့ အောက်ဆုံးအလွှာက လူတွေက ခင်ဗျားကျောင်းစာသင်ခန်းထဲမှာ မသင်ခဲ့ရတဲ့ ပညာတွေ၊ သင်ခန်းစာတွေ၊ အတွေ့အကြုံတွေကို သင်ပေးလိုက်ပြီနော်"

"ဟုတ်ပါတယ်"

"အခု ခင်ဗျား ဘာလုပ်နေသလဲ"

"ဗျာ"

သူ့အမေးကို မည်သို့ပြန်ဖြေရမှန်း မသိသော ကျွန်တော်က ဒေါသထွက်ထွက်နှင့် "ဗျာ" ဟုသာ ပြန်မေးလိုက်မိသည်။

"ကျွန်တော် စာရေးတယ်လေ။ စာရေးဆရာပေါ့ဗျ"

"ကောင်းလှပါပြီ စာရေးဆရာကြီးရယ်၊ ခင်ဗျာကို ပညာပေးလွှတ်လိုက်တဲ့ လူတန်းစားတွေကို ခင်ဗျားမမေ့ဘူးဆိုရင် ခင်ဗျားကလောင်ကို အသုံးချပေါ့ဗျ။ အဲဒီလူတန်းစားတွေအတွက် ခင်ဗျားကလောင်က အလုပ်အကျွေးပြုပေါ့ဗျ။ ဒါပေမဲ့ တစ်ခုတော့သတိထားဗျို့။ ခင်ဗျားကလောင်က ဒီလူတန်းစားအတွက် ဝင်ရမယ့် တိုက်ပွဲဟာ အဲဒီကျောမွဲကြီးတွေရဲ့ ဘဝတိုက်ပွဲလို ရေရှည်ဝင်ရမယ့် တိုက်ပွဲဗျ ရေရှည်ခရီးရှည်ပေါ့ ဟား ဟား"

ကျွန်တော်ကား နှုတ်ဆွံ့နေ၏။ တစ်စုံတစ်ရာသော စကားကိုမျှ ပြန်မပြောနိုင်။ ပြောချင်သည့် စကားဟူ၍လည်း ကျွန်တော့်တွင်မရှိ။

"ဒီမှာ သူတို့ကတော့ သူတို့ဘဝမှာ တွေ့ရမယ့် အခက်အခဲတွေ၊ ဒုက္ခတွေကို ခါးစည်းခံပြီး ခရီးရှည်ချီတက်နေကြမှာ သေချာပါတယ်ဗျာ။ ခင်ဗျားတို့ လူတန်းစားတွေကသာ အဲဒီခရီးရှည်မှာ ခါးလည်က ဖြတ်ထွက်လာတာတို့၊ ကိုယ့်

တစ်ယောက်တည်း အကျိုးစီးပွား။ ကိုယ့်တစ်ယောက်တည်း ကောင်းစားရေး ဝဲကယက်မှာ နစ်သွားတာတို့ ဖြစ်နိုင်တာပါဗျာ။ ကဲ . . . နေလည်း ဝင်ပြီ ပြန်မယ်ဗျာ ဟား. . . ဟား. . . ဟား. . ."

ပြန်ရန်အတွက် ကျွန်တော်သည် ထိုင်ရာမှ ထလိုက်၏။ မိတ်ဆွေ၏ရယ်သံသည် ကျွန်တော့်ရင်တွင်း၌ ပြင်းထန်သော လှိုင်းတံပိုးများပမာ ခုန်ပျံနေ၏။ တဟားဟား ရယ်သွားသော မိတ်ဆွေကို ကျွန်တော် ရှာသည်။ မတွေ့။ ကျွန်တော့်အပါးတွင် မည်သူမျှမရှိ။ ကျွန်တော့်ကိုယ်၌ ကပ်တွယ်နေသော ဝိဉာဉ်သာ ရှိ၏။

ချောက်ချားသော ခြေလှမ်းများဖြင့် မြောက်ပြင်ဘက်မှ ပြန်အလာတွင် နေသည် မန္တလေးမြို့တော်ကို မျက်ကွယ်ပြုလိုက်လေပြီ။

မိုးဝေ

မတ်၊ ၁၉၆၉

# လာလော့မုတ်သုန်

## (၁)

ကမ္ဘာလောကကြီးတစ်ခုလုံး အိပ်မောကျနေဆဲအချိန်မျိုး ဖြစ်သော်လည်း ရန်ကုန်ဆိပ်ကမ်းတစ်ဝိုက်မှာမူ အသက်ဝင် လှုပ်ရှားနိုးကြားလျက်ရှိနေလေပြီ။

အနောက်တောင်ဘက်ဆီမှ တိုးဝင်တိုက်ခတ်လျက်ရှိသော လေသည် မိုးသက်မိုးနံ့များကို ယူဆောင်သယ်ပိုးကာ မအိပ်စက်နိုင်လောက်အောင် အလုပ်ရှုပ်နေဟန်တူသော ရန်ကုန်ဆိပ်ကမ်းဆီသို့ အမောတကော ဆိုက်ရောက်လာသည်။ လေသည် အေးမြနေပါသေး၏။ ဆောင်းဥတု၏ အေးမြသောအငွေ့အသက်များသည် တပေါင်း၊ တန်ခူးလများ၏ ပူပြင်းခြောက်သွေ့လှသသည့် နေရောင်ခြည်အောက်၌ ကြေလွင့်ပျောက်ကွယ်သွားသင့်သည်မှာ မှန်လှပါ၏။ သို့သော် ယခု အနောက်တောင်ဘက်ဆီမှ တိုက်ခိုက်လာသောလေမှာလည်း အေးမြသော အတွေ့ကို ပေးဆဲပင်တည်း။

အချိန်မှာ နံနက်မိုးသောက်ယံအချိန်ဖြစ်၏။ မိုးသောက်ယံဟူသော အချိန်မှာ ကမ္ဘာလောကကြီးတစ်ခုလုံး အိပ်စက်၍ကောင်းတုန်း အချိန်မျိုးဖြစ်၏။ ယခုကဲ့သို့ မိုးသက်မိုးနံ့ သင်းပျံ့သောအခါသမယမျိုးတွင် ပို၍ပင် အိပ်စက်နေကြမည်သာဖြစ်၏။ သို့သော် ရန်ကုန်ဆိပ်ကမ်းကား နိုးကြားလှုပ်ရှားလျက်ရှိလေပြီ။

နံနက် ၅ နာရီခွဲသည်နှင့် တစ်ပြိုင်နက် မြစ်ဝကျွန်းပေါ်သွား သင်္ဘောတို့ အစီအရီထွက်ကြပေတော့မည်။ ကျိုက်လတ်၊ ဒေးဒရဲ ဖျာပုံ ဘိုကလေး လပွတ္တာ၊ နေပြည် စသောမြို့များသို့ ထွက်ခွာသွားကြမည့် မီးသင်္ဘောများမှ အင်ဂျင်စက်နှိုးသံ

တွေ ကြားရပြီ။ လျှပ်စစ်မီးပွင့်များ တောက်လင်းလာကြသည်။ ယင်းသို့ လျှပ်စစ်မီးပွင့်များ တောက်လင်းလာသည်နှင့် တစ်ပြိုင်နက် ခရီးသည်များက နေရာယူကြသည်။ ဆိပ်ကမ်းအလုပ်သမားများကလည်း ကုန်ပစ္စည်းမျိုးစုံကို သယ်ကြပိုးကြ၊ နေရာချကြနှင့် အလုပ်ရှုပ်ကြလေတော့သည်။ ရန်ကုန်နှင့် မအူပင်အကြားရှိ ရွာစဉ်များမှ ငါးဒိုင်များအတွက် တင်ပို့ရမည့် ရေခဲအချိန်ပေါင်းများစွာကို သယ်ချကြသည်။ ငါးစည်အလွတ်များ ဆားနယ်ငါးနှင့် ရေခဲရိုက်ငါးသေတ္တာ အလွတ်များကိုလည်း သက်ဆိုင်ရာသင်္ဘောများဆီသို့ ချပေးကြရသည်။

ဤသို့အားဖြင့် မော်တင်ဆိပ်ကမ်း၊ လှည်းတန်းဆိပ်ကမ်း၊ ဘုန်းကြီးလမ်းဆိပ်ကမ်း တစ်ဝိုက်တွင် ညအချိန်ပင် ဖြစ်လင့်ကစား ခရီးသည်များ၊ အလုပ်သမားများ၊ နေ့လုပ်နေ့စား ပုံကျသမားများ၏ လှုပ်ရှားမှုဖြင့် အသက်ဝင်နေခြင်းဖြစ်သည်။

''ဟော့ကောင် တင်ညွှန့် ထကွ. . .မိုးတောင်လင်းတော့မယ်''

ဝင်းမောင်၏ အိပ်ချင်မူးတူးအသံကြောင့် တင်ညွှန့်မှာ အလန့်တကြား နိုးလာ၏။ စောစောက မက်နေလိုက်သော အိပ်မက်ပင်လျှင် အမှုပ်ပြတ်သွားလေ၏။ မှန်သည်။ ညနာရီပြန် ၂ ချက်ကျော်မှ အိပ်လိုက်သော တင်ညွှန့်သည် မနိုးမီအချိန်ကလေးမှာပင် အိပ်မက်တွေမက်နေခဲ့လေသည်။ အိပ်မက်ထဲမှာ သူသည် အရက်မူး နေ၏။ အလုံကမ်းနားဘက် အရောက်တွင် သစ်စက်များဘက်၌ ဆိုက်ကားဆွဲရင်း ပျင်းပျင်းရှိသည်နှင့် အရက်ဝင်သောက်သည်။ အသောက်လွန်သွားသည့်အတွက် အတော်မူလိုက်သည်။ သို့ကလို မူးမူးနှင့်ပြန်လာသောအခါ အေးစိန်နှင့် ပက်ပင်း သွားတိုးနေသည်။ အေးစိန်က အရက်မူးနေသော တင်ညွှန့်ကိုကြည့်ကာ မျက်နှာ မကောင်း. . .။

အိပ်မက်ထဲမှာတွေ့ရသော အေးစိန်၏ ညှိုးလျှသည့် မျက်နှာမှာ သနားဖွယ် အတိပြီးသော မျက်နှာမျိုးဟု တင်ညွှန့် ထင်မိလေသည်။ အေးစိန်၏နားထင်တွင် ဆံစကလေးတွေ ပလူပျံနေ၏။ သွယ်လျလှမျက်နှာမှာ နားထင် နားရင်းများ ပိုကျနေသလားထင်ရ၏။ 'အရက်မူးနေသော ငါ့ကြောင့်'ဟု တင်ညွှန့် အထင်ရောက်လေသည်။ အေးစိန်ကို ချော့မော့ဖျောင်းဖျဖို့အတွက် လှသူလေးပါး အတန်ငယ်ကင်းရှင်းသော ဆန်ကိုဒေါင်နံဘေးသို့ ခေါ်အသွား ဖြူနီဆို ရဲသားတစ်ယောက်နှင့် သွားတိုးနေလေသည်။ ရဲသားသည် သူတို့နှစ်ယောက်ကို သင်္ကာမကင်းသောမျက်စိအစုံဖြင့်



စူးစမ်း၏။ သူ့ကိုလည်း တစ်စုံတစ်ရာ မေးခွန်းထုတ်မည်ကဲ့သို့ အပါးသို့ကပ်လာ၏။ ယင်းအခိုက် နံဘေးမှ ဝင်းမောင်က နှိုးသည့်အတွက် ထိတ်လန့်တကြား နိုးလာခြင်း ဖြစ်လေသည်။

''မင်းကလည်း အလန့်တကြားကွာ. . .''

''ဗျို့အဘ ဘယ်နနာရီထိုးသွားပြီလဲ''ဟု ဝင်းမောင်က မလှမ်းမကမ်းရှိ ဘော့တံတားထိပ် ရေခဲသေတ္တာလွတ်ကြီးပေါ်တွင် စကားကောင်းနေသည့် ဆိပ်ကမ်း အလုပ်သမားကြီး အဘကျော်ထံသို့ လှမ်းမေးလိုက်သည်။

''၅ နာရီထိုးပြီဟ။ ကုလားစုတ်ရ''

အဘကျော်က ပြန်အော်၍ ဖြေလိုက်သည်။ ဝင်းမောင်မှာ ကုလားရှိုး လောက်အောင် အသားမည်းသည့်အတွက် ပေါင်းသင်းနေကျ မိတ်ဆွေအသိအကျွမ်း များက 'ကုးလားစုတ်'ဟု တင်စားခေါ်ဝေါ်ခြင်း ခံရသူဖြစ်သည်။

''အဘနော်. . .ခင်ဗျားကြီး စောစောစီးစီး လက်သီးစာမိချင်တယ် ထင်တယ်။ အလကား တစ်ညလုံး ဒီနားလာထိုင်ပြီး မဟုတ်တန်းတရားတွေပြော၊ လူငယ်တွေကို ပျက်အောင်ဖျက်၊ နောက်ပြီး သူများသားသမီးကို ကုလားစုတ်လေး ဘာလေးနဲ့၊ ကောင်းကောင်းသတိထား''ဟု ဝင်းမောင်က လှမ်းပြောလိုက် သော်လည်း ဖုတ်လေသည့်ငါးပိ၊ ရှိလေသည်ပင် ထင်ဟန်မတူဘဲ သူနှင့်ပေါင်းသင်း ခဲ့ရသည့် မယားတွေ၏ ဇာတ်ထုပ်ကို ပြန်ခင်းနေလေ၏။

သူတို့နှစ်ယောက်သည် လှည်းတန်းဆိပ်ကမ်း ဘော့တံတားထိပ်နားရှိ ရေနံပီပါကြီးများအကြားတွင် အိပ်နေကြခြင်းဖြစ်၏။ လွန်ခဲ့သော သုံးလေးရက် လောက်က၍ ရေနံပီပါကြီးများ ချထားသဖြင့် ယင်းနေရာတစ်ဝိုက်မှာ ရေနံနံ့များ ရောပြွမ်းလျက်ရှိလေသည်။ ညှီစို့စို့ရေနံနံ့နှင့် စိမ်းရွှေရွှေ သံချေးနံ့အပြင်၊ ဓာတ်ဆီနံ့ ရှုပ်ပုပ်နံ့တို့မှာ လုံးထွေးဖက်ပြိုင်လျက်ရှိလေသည်။ အနံ့အသက်က ဆိုးဝါးရသည့်အထဲ တွင် အိပ်ရသောအခိုက်အတန့်ကလေး၌လည်း ဆိုက်ကားပေါ်တွင် ကိုယ်ခန္ဓာကို ခေါက်ကာကွေးကာ၊ တွန့်လိမ်ကာဖြင့် ဖြစ်သလိုအိပ်ရသည့်အတွက် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေသည်ကိုပါ သတိထားမိသည်။

တင်ညွှန့်က ကျိန်းစပ်နေသော မျက်စိနှစ်လုံးကိုပွတ်သပ်ကာ အိပ်ချင် ဇောကို မဖြေဖျောက်နိုင်သေးသည့်လေသံနှင့် ပြောလိုက်၏။

''ဖြည်းဖြည်းပဲ နှိုးတာပါပဲကွ။ မင်းဘာသာမင်း လန့်တာတော့ မတတ်နိုင်ဘူး။ မိုးတောင် လင်းနေပြီလား မသိဘူး''

''မိုးလင်းပြီလား''ဟု တင်ညွန့်က ထပ်မေးရင်း အိပ်ရာမှ ထလိုက်လေ၏။ ပြေနေသောလုံချည်ကို ပြန်ဝတ်ရင်း အဆီပြန်နေသည့် မျက်နှာကို ယင်းလုံချည်ဖြင့် သုတ်နေလေ၏။

''ကဲပါကွာ. . .ကုလားစုတ်ရယ်။ အခုမှ ၅ နာရီရှိပါသေးတယ်။ ကောင်းကောင်းမိပါတယ် သွားစို့''

တင်ညွန့်က သို့ကလို ပြန်ပြောလိုက်သောအခါ ဝင်းမောင်မှာ တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်းမရှိတော့ဘဲ ငြိမ်ကျသွားလေ၏။ သူတို့နှစ်ယောက်သည် အနီးရှိ ရေဘုံဘိုင်သို့ ထသွားကာ ကမန်းကတန်း မျက်နှာကိုသစ်၏။ အာလုပ်ကျင်းရုံမျှ ကျင်း၏။ နောက်ပြီး ဆိုက်ကားကူရှင်တွေကို နေရာတကျပြုကာ ရေနံပီပါကြီးများ အကြားမှ ခက်ခက်ခဲခဲ လမ်းပေါ်သို့ ဆွဲထုတ်ကြသည်။

ဤသို့အားဖြင့် တင်ညွန့်နှင့် ဝင်းမောင်တည်းဟူသော ဆိပ်ကမ်းဆိုက်ကားသမားနှစ်ယောက်သည် တစ်နေ့တာ၏ တစ်ဝမ်းတစ်ခါးကို ဖြည့်တင်းရှာဖွေရန် အလို့ငှာ ကမ်းနားလမ်းအတိုင်း အပြေးကလေးနင်းလျက် အလုံအမှတ်(၁) သစ်စက်များဘက်သို့ ထွက်ခွာလာခဲ့ကြလေ၏။

ရန်ကုန်မြို့၏ အနောက်ပိုင်းတစ်ဝိုက်သည် မာကျူရီမီးရောင်များအောက်တွင် တိတ်ဆိတ်ငြိမ်သက်နေဆဲသာတည်း။

(၂)

''ဒီညတော့ အေးစိန်ဆီတောင် မရောက်ဘူး''

တင်ညွန့်က ဆိုက်ကားကို ပိုးပိုးမြည်အောင် နင်းရင်း လှမ်းပြောသည်။ ဝင်းမောင်သည် တင်ညွန့်၏ အေးစိန်အကြောင်းကို အထူးတလည် စိတ်ဝင်းစားဟန်မတူ။ အဘယ့်ကြောင့်ဆိုသော် တင်ညွန့်နှင့် အေးစိန်တို့၏ ဇာတ်လမ်းကို အပြည့်အစုံ သိထားပြီးသည့်အတွက်ဖြစ်၏။

တင်ညွန့်သည် တာတပေါနယ်သားဖြစ်ပြီး ဝင်းမောင်ကား ဝါးခယ်မဘက်မှ ရန်ကုန်သို့ တက်လာသူဖြစ်သည်။ သူတို့သည် ရန်ကုန်ဆိပ်ကမ်းတစ်ဝိုက်တွင်



ဆိုက်ကားနင်းရင်း အတူတကွကိတ်ထိုး၊ အတူတကွပြိုင်ဆွဲ၊ အတူတကွ မြောက်ပန်းလှန်ရင်း၊ အရက်သောက်ရင်း ကျွမ်းဝင်လာကြသူများ ဖြစ်၏။ နှစ်ယောက်စလုံး တစ်ကိုယ်ရည် တစ်ကာယသမားများ ဖြစ်ကြသည့်အလျောက် သူတို့တွင် နေစရာ အတည်တကျ အိမ်ဟူ၍ မရှိသော်လည်း အထူးတလည် ပူပန်ခြင်းမဖြစ်။ သူတို့နင်းနေသော ဆိုက်ကားသည် သူတို့၏အိမ်ရာ၊ သူတို့၏လုပ်ငန်း၊ သူတို့၏ဘုံဗိမာန်သာ ဖြစ်နေ၏။

ဆိုက်ကား နင်းစားရသော အလုပ်မှာလည်း ရေရာလှသည့်အလုပ်မျိုးမဟုတ်။ တစ်ခါတစ်ရံ သုံးလေးကျပ်မျှသော ငွေရဖို့အတွက် လျှာအလျားသားထွက်မတတ် ဆွဲနင်းရသော်လည်း တစ်ခါတစ်ရံ ၉ ကျပ်၊ ၁၀ ကို လွယ်လွယ်ကလေး ရတတ်သည်လည်းရှိ၏။ တလောကမှ ဆိုက်ကားတာယာနှင့် ကျွတ်တွေ အပြင်ဘက်မှာ ဈေးကောင်းသည်ဆိုကာ၊ ဆိုက်ကားတွေကို မော်တင်ဆိပ်ကမ်းမှာ အဒ္ဓလမြားကွမ်းယာဆိုင်တွင် အပ်ထားလျက် တာယာနှင့် ကျွတ်ရောင်းသော ပြည်သူ့ဆိုင်များ၌ လိုက်တိုးကာ ပြန်ရောင်းသောအလုပ်ကို လုပ်ကိုင်ကြသေးသည်။

ထိုအချိန်ကဆိုလျှင် သူတို့နှစ်ယောက်အတွက် မှန်မြဲတော်တော်ကိုက်ကာ ငွေရွှင်ကြသေးသည်။ တစ်နေ့လျှင် တာယာကျွတ် တစ်စုံလောက်ထုတ်၍ အပြင်ဘက်၌ ပြန်လက်လှည့်ရောင်းရုံမျှဖြင့် ကိုယ့်အတွက် ၁၀၊ ၁၅ ကျပ် ကျန်လေရာ ဆိုက်ကားနင်းရသည်မှာ နေကပူသလောက် ကျောပူခေါင်းပူခံရသည်သာမက ညောင်းညာပင်ပန်းလွန်းလှသည်။ ဤအလုပ်က တွက်သားကိုက်သည်ဆိုကာ ရက်အတန်ကြာမျှ လုပ်နေကြသေးသော်လည်း နောက်ဆုံးတွင် အခြေအနေမပေးတော့သည့်အလျောက် တေးမဦးချ လုပ်ငန်းဖြစ်သော ဆိုက်ကားပေါ်သို့ ပြန်တက်ကြရသည်တော့၏။

''မင်းတို့ကလည်း ယူရင်ယူလိုက်ကြပေါ့ကွာ''ဟု ဝင်းမောင်က တိတ်ဆိတ်စွာ နင်းလာရာမှ လှမ်းပြောလေသည်။

''ဘာဖြစ်လို့လဲ''

တင်ညွန့်က အာခြောက်နေသော အသံကွဲကြီးဖြင့် မေးသည်။

''ဆိပ်ကမ်းတစ်ခုလုံးလည်း သိနေကြပြီဟာ မထူးတော့ဘူးလေ။ သူ့လည်း လင်ရှိတာမဟုတ်။ မင်းလည်း မယားရှိတာမဟုတ်ဆိုတော့ ယူလိုက်ပေါ့ကွာ။

ယူလိုက်ရင် ပြီးတာပဲ မင်းအတွက်ပါ အခြေတကျ ဖြစ်သွားမှာပေါ့''

''အင်း. . .ဒါလည်း စဉ်းစားစရာပေါ့လေ''

တင်ညွန့်က သို့ကလို ပြောပြီးနောက် နှုတ်ဆိတ်သွားပြန်သည်။ တကယ်ဆိုတော့ အေးစိန်၏ အကြောင်းမှာ သူ့ခေါင်းထဲသို့ အပြေးအလွှား ရောက်လာခြင်း ကြောင့်သာ ဖြစ်ပါလိမ့်မည်။

အမှန်အားဖြင့် ဝင်းမောင် ပြောသလိုပင် ယူလိုက်ဖို့သာ ကောင်းတော့သော သူနှင့် အေးစိန်၏ ဇာတ်လမ်းမှာ စိတ်ဝင်စားဖွယ်ရာလည်း ဖြစ်လေသည်။ တွေးလိုက်တိုင်း အေးစိန်အပေါ် သူ ထားရှိသည့် သံယောဇဉ်မှာ ကြီးမားသည်ထက် ကြီးမားလာနေသည်ကိုလည်း သဘောပေါက်မိသည်။

အေးစိန်သည် မုဆိုးမဖြစ်၏။ အသက် ၂၂ နှစ်သာ ရှိသေးသည်။ ကလေးနှစ်ယောက်ကို တစ်ပြိုင်နက်တည်း အမွှာမွေးထားသော အေးစိန်သည် ဒပ်ဖရင်ဆေးရုံ၏ ကုသိုလ်ဖြစ်အခန်း၌ သားသမီးမွေးခြင်း ဒဏ်ရာဒဏ်ချက်များကြောင့် လူးလွန့် ညည်းတွားနေစဉ် သူ့ယောက်ျားဖြစ်သူ မောင်ပွမှာ ကီလီဆိပ်ကမ်း၌ ဆန်အိတ် အတင်အချတွင် ဆန်အိတ်ပိကာ ပွဲချင်းပြီး သေဆုံးခဲ့ရလေသည်။

အေးစိန်သည် မောင်ပွနှင့်အတူ ယှဉ်တွဲလျက် ဆင်းရဲပင်ပန်းခြင်း ဒဏ်ဟူသမျှကို ခါးစည်း၍ခံခဲ့ရသော မိန်းမသားတစ်ယောက်ဖြစ်၏။ စာဆို၍ တစ်လုံးမျှ မတတ်သော သူတို့လင်မယားမှာ ရန်ကုန်ဆိပ်ကမ်းနယ်မြေများတွင် ရေကြည်ရာ မြက်နုရာဆိုသလို လှည့်လည်ရင်း ထမ်းရွက်သယ်ပိုးရင်း အသက်မွေးလာကြသူများ ဖြစ်လေ၏။ တွံတေးတစ်ဖက်ကမ်း ညောင်နှစ်ပင်ရွာမှ ထွက်လာစဉ်က မောင်ပွသည် ရာပါသမ္ဗန်တစ်စင်းကို ရန်ကုန်အထိ ယူလာနိုင်သေးသည့်အလျောက် ဤရာပါ သမ္ဗန်ကို ဆိပ်ကမ်းတွင်ထိုးဆိုက်ကာ အေးစိန်နှင့် တစ်အိုးတစ်အိမ် ထူထောင်ခဲ့သူ ဖြစ်၏။

မောင်ပွ ဆန်အိတ်ပိ၍ သေဆုံးကြောင်းကို ဘဝတူ ပုံးထမ်းကူလီတွေက ဖုံးထားခဲ့ကြသည်။ သို့မို့ကြောင့်လည်း အေးစိန်သည် စိတ်တထင့်ထင့်ရှိလှသည်နှင့် မီးနေရက်မှ မပြည့်သေးမီ ဒပ်ဖရင်ဆေးရုံ၏ ကုသိုလ်ဖြစ်ဆေးခန်းမှ ဆင်းလာခဲ့မိ သည်။

သူတို့၏ ဂေဟာဖြစ်သော သမ္ဗန်သို့ သမီးလေးနှစ်ယောက်ကို ပွေ့ချီကာ



ပြန်လာခဲ့သော အချိန်၌ကား မောင်ပွအတွက် ဖန်တီးပေးလိုက်သော ကံကြမ္မာ၏ ဇာတ်လမ်းကို အေးစိန် သိခွင့်ရလေတော့သည်။ လင်တစ်ယောက်လုံး ခွေးသေ ဝက်သေ သေလေခြင်းဟု အေးစိန်မှာ ယူကျုံးမရဖြစ်မိသည်မှန်၏။ သို့သော် အလောင်းကိုမတွေ့ရ၊ သပိတ်ပင် မသွတ်လိုက်ရသော လင်သားအတွက် ပူဆွေး တမ်းတနေခြင်းအားဖြင့် အေးစိန်၏ဘဝ၊ အေးစိန်၏ တစ်ဝမ်းတစ်ခါးမှာ ဝလာမည် မဟုတ်။ သို့မို့ကြောင့် အေးစိန်သည် နေ့လယ်နေ့ခင်း သမီးကလေးများအိပ်ချိန်တွင် ကျောက်မီးသွေးသွားရွက်ရသည်။ ညဘက်များ၌ သမီးကလေးနှစ်ယောက်ကို သမ္ဗန် ဝမ်းတွင်း၌သိပ်ကာ ခေါင်းရွက်ကုန်ချလိုက်ရသည်။ တစ်နေ့လျှင် သူ့အတွက် အရှိုင် ဆုံးသော ငွေကလေး နှစ်ကျပ် သုံးကျပ်ဖြင့် ဗိုက်သုံးဗိုက်၏ တောင့်တမှုတွေကို ကြိုးစား ဖြည့်တင်းနေခဲ့ရသည်။

ယင်းသို့သော ရေဆန်လေဆန် အခိုက်အတန့်တွင် တင်ညွန့်သည် အေးစိန်ကို သွားတွေ့ရခြင်းဖြစ်၏။

အေးစိန်နှင့် သမီးကလေးများအတွက် မောင်ပွက အမွေပေးခဲ့သော သမ္ဗန်သည် လှည်းတန်းအောက် ဘောတံတားနှင့် လှည်းတန်းအထက် ဘောတံတား အကြားတွင် ထာဝစဉ်ဆိုက်ထား၏။ ဒီရေတက်လျှင် သမ္ဗန်မှာ ရေပေါ်၌ ပေါ်နေ လျက်၊ ရေကျလျှင် နုန်းများပေါ်၌ တင်နေတတ်၏။ နှစ်တွေ လတွေ ရာသီတွေသာ ပြောင်းသော်လည်း အေးစိန်၏ဘဝ၊ အေးစိန်၏ဂေဟာကား မပြောင်း။

ထိုသမ္ဗန်အနီးရှိ ဆိပ်ကမ်းကတ္တရာလမ်း နံဘေးတွင် လာ၍ ဂိတ်ထိုးစခန်း ချသော တင်ညွန့်သည် အေးစိန်၏ဖြစ်အင်ကို မမြင်ချင်၍မရ၊ မတွေ့ချင်၍မရ။ မြင်ရ တွေ့ရ၏။ သို့ကလို မြင်ရတွေ့ရဖန်များလာသောအခါ အေးစိန်အတွက် ကြင်နာတတ်သော သူ့နှလုံးသားမှ အမျိုးအမည်မခွဲခြားနိုင်သည့် စကားလုံးတွေကို ပြောချင်လာ၏။ သည်လိုနှင့်ပင် အေးစိန်ကို ကြိုက်လေရာ၊ တွယ်တာစရာကို ရှာနေသော ငယ်ရွယ်နုပျိုသေးသော အေးစိန်ကလည်း သူ့ချစ်စကား ကြိုက်စကား တွေကို ငြင်းဆိုခြင်းမရှိ။

တင်ညွန့်နှင့် အေးစိန်သည် တစ်စတစ်စ သံယောဇဉ်ငြိတွယ်လာရာ ယခုဆိုလျှင် သမီးရည်းစားမက လင်မယားလည်းမကျသော အဖြစ်မျိုးသို့ အဖြစ်မျိုးသို့ ဆိုက်ရောက်နေလေပြီ။

"မင်းက ယူမယ်ဆိုလည်း ဘယ်သူကမှ သဘောမတူမှာ ကန့်ကွက်မှာ မဟုတ်ပါဘူး။ မင်းတို့နှစ်ယောက်စလုံးအတွက်လည်း ကောင်းတာပဲ။ ဒါ ငါ့အထင်လေးကွာ။ နောက်ပြီး အခုအတိုင်း မင်းက အိပ်ချင်မှ အတူသွားအိပ်တာမျိုး လုပ်နေတော့ အရပ်က ဝိုင်းပြောလာရင် ကောင်မလေးလည်း ရှက်မှာပေါ့။ မင်း စဉ်းစားကြည့်။ ဒါ ငါက နမချင်းစာလို့ ပြောတာ"

"အေး. . .ဟုတ်တယ် မင်းပြောတာမှန်တယ်"

"ဒါပေမဲ့ သေသေချာချာလည်း စဉ်းစားဦးနော်။ သူက ကလေးနှစ်ယောက် ပါမှာ။ နောက်ကျမှ ဒီဘုရားပေးတဲ့ကလေးတွေကို မင်းမလိုချင်လို့ မဖြစ်ဘူး"

ဝင်းမောင်က ထပ်ပြောနေသည်။ သူ ပြောသောစကားလုံးတွေမှာ ရိုင်းသော်လည်း အမှန်တွေချည်းဖြစ်သည့်အတွက် တင်ညွှန့်မှာ အထူးအထွေ တွေးတောနေခြင်းမရှိ။

တင်ညွှန့်က တစ်စုံတစ်ရာသော စကားကို ဆက်လက်ပြောဆိုခြင်း မပြုမီ ဝင်းမောင်ကပင် ဆက်ပြောပြန်သည်။

"တစ်ကိုယ်ရည် တစ်ကာယ နေတယ်ဆိုတာကတော့ ကောင်းတယ်ပေါ့။ အခုကြည့်စမ်း။ မင်းနဲ့ငါနေတာ ဆိုက်ကားနင်းချင် နင်းလိုက်။ မနင်းချင်ရင် အိပ်နေလိုက်။ ဘာမှ ကိစ္စမရှိဘူး။ လွတ်လပ်တယ်။ ဒါပေမဲ့ သိပ်လွတ်အားကြီး တော့လည်း မကောင်းဘူးကွ။ နောက်ပြီး ဒီကောင်မလေးကို ငါ သနားလို့ ပြောတာ။ မင်းအတွက်လည်း အိမ်ထောင်ရက်သားဆိုလို့ မိန်းမနဲ့ဘာနဲ့ဆိုရင် အတည်တကျ ဖြစ်သွားမလားလို့ ကျန်တာကတော့ မင်းသဘောပေါ့လေ"

"အေးစိန်ကတော့ သနားစရာလေးပါကွာ"

"အေး. . .သနားစရာကောင်းတာ အမှန်ပဲ။ ကလေးနှစ်ယောက်နဲ့ လင်သားကလည်းမရှိ အရွယ်ကလည်းကောင်းတုန်းဆို ပျက်စီးဖို့က သိပ်မြန်တာ။ တစ်ဝမ်းတစ်ခါးအတွက် ဖြစ်သလို ရှာကြံစားသောက်နေတာ ကိစ္စမရှိဘူး။ တော်ကြာ ဒီဒုက္ခတွေမခံနိုင်လို့ ပျက်သွားရင်ခက်မယ်။ မင်းစဉ်းစားကြည့်လေ။ ကြက်တွေ ဒါလောက်ပေါနေတဲ့အချိန်မှာ ကြက်ဖြစ်သွားရင် ဘယ့်နှယ့်လုပ်မလဲ"

ဝင်းမောင် ပြောသောစကားကို တင်ညွှန့်က တစ်လုံးတလေမျှ ပြန်လည် ပြောခြင်းမရှိသော်လည်း ခေါင်းတညိတ်ညိတ်လုပ်၍သာ ထောက်ခံနေမိလေ၏။



"ကြက်ဖြစ်သွားရင် ဘယ့်နှယ့်လုပ်မလဲ"ဟူသော ဝင်းမောင်၏စကားလုံးများမှာ သူ့ရင်တွင်း၌ ဘောင်ခတ်လူပ်ရှားနေလေ၏။

သူတို့နှစ်ယောက်သည် အအေးဓာတ်ပါသောလေကို ဖောက်ထွင်းကာ အပြင်းနင်းလာလိုက်ကြရာ အတန်ကြာသည့်အခါ၌ အလုံသစ်စက်ဝင်းဆီသို့ ရောက်လာကြသည်။ ယနေ့မနက် သဘော်ဆင်းမည့်ခရီးသည်များက အော်ဒါခေါ် ထားသည် မဟုတ်လော။

"စောင့်တောင်နေကြပြီ။ ကဲ. . .သူတို့ မြန်မြန်တင်ပြီး သဘော်ဆိပ်ပြန်ပို့ကြ ဦးစို့"ဟု ဝင်းမောင်က လှမ်းပြောလိုက်ရာ တင်ညွှန့်ကမူ "အေး"ဟူသာ လေးတွဲ့စွာ ပြန်ပြောရင်း အေးစိန်၏ ပါးပါးလျလျ မျက်နှာကလေးကိုသာ ပြန်လည်မြင်ယောင် နေမိလေသည်။ ရှည်လျားသော သက်ပြင်းကိုလည်း တိတ်တခိုးချလိုက်မိလေသည်။

(၃)

"အဲဒီ ဆိပ်က လမ္ဘတ္တာဆိပ်ပဲ။ ဟောဟို ညာဘက်အစွန်က ကပ်ထားတာ လမ္ဘတ္တာသဘော်"

လှည်းတန်းအထက် ဘော့တံတားထိပ်နားတွင် ဆိုက်ကားထိုးရပ်ပေးရင်း စီးလာသည့် ခရီးသည်မိန်းမကြီးနှစ်ဦးအား တင်ညွှန့်က ပြောလိုက်ခြင်းဖြစ်သည်။ အလုံသစ်စက်ဝင်းမှ တစ်ဖန် ပြန်နင်းလာရသည့်အတွက် သူ့နဖူးပြင်တွင် ချွေးစက် ချွေးပေါက်များပင် စို့သီးလာကြသည်။ ဝင်းမောင်၏ဆိုက်ကားတွင် ပါလာသည့် ခရီးသည်များကာ ပြည်ဆိပ်သို့ဆင်းကြမည်ဖြစ်သဖြင့် ပြည်သဘော်ဆိုက်ကပ်ရာ ဆိပ်ခံတံတားဆီသို့ လိုက်ပို့ရသဖြင့် လူချင်းတကွဲစီ ဖြစ်သွားကြသော်လည်း တင်ညွှန့် ၏ ခရီးသည်များ ဆင်းသွား၍မှ မကြာမီ ဝင်းမောင်သည် သူ့ဆိုက်ကားနှင့် ပြန်ရောက်လာလေ၏။

"ကီလီဘက်က ငါးဈေးမှာ သွားဆွဲကြဦးစို့ကွာ။ အချိန်ရှိသေးတာပဲ။ ဟင်းရွက်သည်တွေလည်း ရောက်ရောပေါ့။ မင်းလိုက်ဦးမလား"

"မင်းပဲသွားတော့ကွာ ငါ မလိုက်သေးဘူး။ ပုသိမ်အမြန် ဆိုက်ချိန်ကျမှ ပုသိမ်ဆိပ်ကို လာခဲ့မယ်"

ဝင်းမောင်သည် လေအဟုန်ကို ဖောက်ထွင်းကာ ကီလီလမ်းဘက်သို့

နင်းထွက်သွားလေရာ လှည်းတန်းဆိပ်ကမ်း နံဘေးတွင် တင်ညွန့်တစ်ယောက်တည်းသာ ယောင်ချာချာနှင့် ကျန်ရစ်ခဲ့လေ၏။

ထိုအခိုက် လေသည် ပို၍ပြင်းသည်ထက် ပြင်းလာ၏။ အနောက်တောင်ဘက်မှ တိုက်ခတ်လာသော လေမို့ မိုးသက်ရန့်ကို သယ်ဆောင်လာသည်သာမက မိုးရိပ်မိုးငွေ့ကလေးတွေပင် ပါလာသည်ထင်ရ၏။ သေးညွှဲးမှုန်မှုန် မိုးစက်မိုးဖွဲကလေးများလည်း လေပြင်းနှင့်အတူ ရောနှောလိုက်ပါလာလေ၏။ မုတ်သုန်လေသည် လောကဝန်းကျင်ကို အပြိုးတကြီး လွှမ်းခြုံတိုက်ခတ်တော့မည့်အလား ပြင်းသည်ထက် ပြင်းလာ၏။

"ဟေ. . .သောက်ကျိုးနည်း၊ မိုးဖွဲတောင် ပါလာပါလား"ဟူသောအသံ၊ "တောင်လေသာသဟော့"ဟူသော ဆိပ်ကမ်းအလုပ်သမားများ၏ အသံဘလံများကိုလည်း ကြားရသည်။

ယင်းအခိုက်မှာပင် လေသည် ပိုလို့သာ ထန်လာ၏။ ကျယ်ပြောလှစွာသော ရန်ကုန်မြစ် တစ်ရိုးရှိ ချောင်သည် လှိုင်းဘောင်ဘင်ခတ်လာ၏။ ဘော့တံတားသွပ်မိုးများ အဆောက်အဦများနှင့် သင်္ဘောတာရပတ်များမှာ လေ၏ တိုးဝင်ရိုက်ခတ်မှုကြောင့် ဆောက်တည်ရာမရလောက်အောင် လှုပ်ရှားမြည်ဟည်းနေကြ၏။ ကမ်းနားလမ်းတစ်လျှောက်တွင်ကား လေအဟုန့်တွင် တက်လာသည့် မြူမှုန်တွေ စက္ကူစုတ်နှင့် အမှိုက်သရိုက်တွေမှာ ပလူပျံနေကြလေ၏။

ထိုအခိုက် မိုးသည် ဝုန်းဝုန်းဒိုင်းဒိုင်း ရွာချလိုက်ပြန်သည်။ မိုးဦးလေဦးမို့ထင်သည်။ လေကရမ်းသလို မိုးကလည်း ကြမ်းလှပေ၏။ ခရီးသည်တွေနှင့် ဆိပ်ကမ်း အလုပ်သမားတွေမှာ နီးရာ အမိုးအကာများအောက်သို့ ပြေးဝင်ခိုအောင်းကြလေ သည်။

တင်ညွန့်သည် ရုတ်ခြည်းပြောင်းလဲသွားသော လောကလေ့ကို မင်သက်မိသလို ကြည့်နေမိရာက တစ်စုံတစ်ရာကို သတိရသည့်အလား သူ့ဆိုက်ကားအားရေနံပီပါကြီးများအကြားသို့ ထိုးသွင်းလိုက်ပြီးနောက် မလှမ်းမကမ်းရှိ ရေစပ်သို့ ပြေးဆင်းသွားကာ သမ္ဗန်တစ်စင်းပေါ်သို့ လှမ်းတက်လိုက်လေ၏။

"အေးစိန်. . .အေးစိန်"

တင်ညွန့်သည် ကြယ်မြင် လမြင်ဖြစ်နေသော သမ္ဗန်ခေါင်မိုးအတွင်းသို့



ခေါင်းလျှိုးဝင်ကာ အသံပြုလိုက်၏။

"ရှင်. . .ကိုတင်ညွန့်လား"

အေးစိန် ပြန်မေးသံကို ကြားလိုက်ရသည်။ အေးစိန်၏အသံမှာ ချည့်နဲ့အားနည်းလှသော အသံဖြစ်ကြောင်း တင်ညွန့် သတိထားလိုက်မိသည်။

"ကလေးတွေရော. . .စိုကုန်ပြီလား။ နင်ရော နင်ဘာဖြစ်လို့လဲ"

ကဗျာကသီမေးရင်း တင်ညွန့်သည် အေးစိန်တို့သားအမိ နေသည့် သမ္ဗန်ခေါင်မိုးအတွင်းသို့ ဝင်လာခဲ့ပြီးနောက် အေးစိန်အပါးတွင် ထိုင်ချလိုက်သည်။

"ကျွန်မ နေမကောင်းဘူး။ ကလေးတွေတော့ စိုများကုန်ပြီလား မသိဘူး ကျွန်မ ထလို့မရဘူး"

"ဟင် နင်ကိုယ်တွေ သိပ်ပူပါလား။ အေး စောင်လေးခြုံထား ကလေးတွေအတွက် ငါ လုပ်ပေးမယ်"ဟုဆိုကာ တင်ညွန့်က ခေါင်းရင်းဘက်ရှိ တာရပတ်အစုတ်ကြီးကို ဆွဲယူလိုက်ပြီးနောက် ခြင်ထောင်အမိုးပေါ်တွင် ဖြန့်တင်လိုက်သည်။ အေးစိန်၏သမီး လူမယ်ကလေးနှစ်ယောက်မှာမူ မုတ်သုန်လေထန်နေသော အပြင်လောက၏ အဖြစ်သနစ်ကို မသိနိုင်လောက်အောင် အိပ်မောကျနေဆဲဖြစ်၏။

တင်ညွန့်သည် အေးစိန်၏နဖူးပြင်ကို သူ့လက်ဖဝါးကြမ်းဖြင့်တင်၍ စမ်းပြန်၏။ အေးစိန်၏နဖူးပြင်မှာ ခြစ်ခြစ်တောက် ပူပြင်းနေလေသည်။

"မနေ့ နေ့လယ်က ကျောက်မီးသွေးသွားရွက်ပြီး ပြန်လာတည်းက ဖျားတာ တစ်ကိုယ်လုံးကို ရိုက်ထားသလိုပဲ။ ထလည်း မထနိုင်ဘူး"

"ငါ. . .မသိလို့ပါဟာ မနက်ကျတော့ ဆေးရှာပေးမယ်။ နေကောင်းသွားမှာပေါ့"

တင်ညွန့်က ပြောလိုက်သော်လည်း အေးစိန်ကား ဘာမှပြန်မပြောဘဲ တစ်ဖက်သို့ လှည့်နေလေ၏။

"ဘာဖြစ်သလဲ အေးစိန်. . ."

တင်ညွန့်က အေးစိန်၏ပါးပြင်ကို လက်ဖဝါးဖြင့်မှုတ်လိုက်သောအခါ ပါးပြင်တစ်ခုလုံး စိုရွှဲနေသည့် မျက်ရည်စများကို စမ်းမိသည်။

"အေးစိန် ဘာဖြစ်သလဲ ငါ့ကိုပြောစမ်း။ ငိုမနေနဲ့၊ ငိုနေရင် ပိုခေါင်းကိုက်မယ်။ ဖြစ်တာကိုသာ ပြော"

သည့်အခါ၌ အေးစိန်သည် တရှုတ်ရှုတ် ငိုနေပြန်၏။ "မိုးကလည်းကျလာပြီ။ သမွန်ကိုလည်း မိုးရဦးမယ်။ အလုပ်လုပ်ရတာက ဒီကလေးတွေကလည်း တစ်ဖက်နဲ့ ခက်ပါတယ် ကိုတင်ညွန့်ရယ်"ဟု အသံတိမ်ကလေးနှင့် မပွင့်တပွင့် ပြောရင်း ထပ်ငိုသည်။

"အိုကွာ. . .အေးစိန်ကလည်း ငါ့စိတ်ငါ ပိုင်းဖြတ်ပြီးပါပြီဟ။ နင့်ရှေ့ရေးအတွက် မပူနဲ့။ ငါတစ်ယောက်လုံး ရှိသေးတဲ့ဉစ္စာ။ သမွန်ခေါင်မိုးလည်း မိုးပေးမယ် သိလား။ ဒီမှာကြည့်စမ်း အေးစိန် ငါ နင့်ကို ယူမယ်။ နင်ကပါတဲ့ သမီးကလေးတွေဟာလည်း ငါ့သမီးလေးတွေပေါ့။ မဟုတ်ဘူးလား။ နင်ကျောက်မီးသွေးရှက်ရတာလည်း ပင်ပန်းလှတယ်ဟာ. . .ငါဆိုက်ကား နင်းကျွေးပါ့မယ်။ တို့သမီးလေးတွေကိုပါ လူတန်းစေ့အောင်တော့ ကျွေးထားနိုင်မှာပါ။ မဟုတ်ဘူးလား။ ငိုမနေပါနဲ့။ မနက်ကျရင် လူမှုမှုလုံ့ရေး ဆေးရုံသွား။ ငါ့ဆိုက်ကားနဲ့ လိုက်ပို့ပေးမယ်။ တိတ်တိတ် . . ." ဟု တင်ညွန့် ကရား ရေလွှတ်သလို တတွတ်တွတ်ပြောရင်း အေးစိန်ကို အားပေးလိုက်၏။ ဒယ်အိုးကင်းမဲ့ ပူလောင်နေသော အေးစိန်၏ခန္ဓာကိုယ်ကိုလည်း တယုတယ ပွေ့ဖက်ထားလိုက်မိလေ၏။

တင်ညွန့်နှင့် အေးစိန်တည်းဟူသော လူသားနှစ်ဦး၏ ရင်မှဖြစ်သော ကြင်နာခြင်းမေတ္တာတေးသည် ကြမ်းချင်တိုင်းကြမ်း၍ ရမ်းချင်တိုင်း ရမ်းနေသော အပြင်လောကမှ မုတ်သုန်မိုးနှင့် မုတ်သုန်လေတို့ကို အံတုပြိုင်နေသည့်သဖွယ်ပင် ဖြစ်နေ၏။

ထိုအချိန်တွင် ရန်ကုန်ဆိပ်ကမ်းတစ်ဝိုက်သည် ပင်ပန်းနွမ်းနယ်ရအုံသော၊ အားခဲရုန်းကန်အုံသော တစ်နေ့တာကို စောင့်စားကြိုဆိုလျက် ရှိနေပြီးသား ဖြစ်ပါသတည်း။

မြဝတီ
မေ၊ ၁၉၆၆

# ခေတ်အဆက်ဆက် သော့ကိုင်ထားသူ

## (၁)

သခင်တောက်တဲ့က "ဘယ့်နှယ့်လဲ ကိုယ့်လူ စာရေးနေတာပဲလား"ဟု ပြုံးကာ ရယ်ကာ လှမ်းမေးလေသည်။ သခင်တောက်တဲ့၏ အပြုံးမှာ တောက်ပရွှန်းလက်သော အပြုံးဖြစ်ကြောင်းကို ကျွန်တော် သတိထားမိသည်။

"ဟုတ်တယ် သခင်တောက်ရဲ့။ အခုထိတော့ စာရေးတဲ့အလုပ်နဲ့ ထမင်းစားနေတာပဲ"

"တော့စ်ဆိုလား ဘာလား။ ရုရှား သတင်းဌာနမှာ အယ်ဒီတာလုပ်သေးတယ်ဆို"

"ဟုတ်တယ်။ တော့စ်သတင်းဌာနမှာ အယ်ဒီတာ ၁လုပ်သေးတယ်လေ။ ထွက်လိုက်တာ ၄ နှစ်နီးပါး ရှိနေပြီ။ အဲဒီအချိန်ကစပြီး စာရေးနေတာပါပဲ"

"စာရေးတာ သက်သက်လောက်နဲ့ စားလောက် သောက်လောက်ရဲ့လားဗျာ"

သခင်တောက်တဲ့က မျက်မှောင်ကြုတ်ကာ မေးနေလေသည်။ နဖူးကြောကြီးများပင် ထနေ၏။ ကျွန်တော့်ကိုယ်ရေးကိုယ်တာ ပြဿနာအပေါ်၌ ဤမျှစိတ်ဝင်စားဖော်ရသော သခင်တောက်တဲ့ပါတကားဟု တွေးကာ ကျေးဇူးတင်ရမည့်ကဲ့သို့ ဖြစ်နေပါသည်။

"မဆိုးလှဘူးလို့ ပြောရမှာပေါ့ဗျာ။ တစ်ခါတလေတော့လည်း ကသီလင်တနိုင်တာပေါ့။ စာရေးတယ်ဆိုတာက" ကျွန်တော့်စကားမဆုံးမီပင် သခင်တောက်တဲ့က

ကြားဖြတ်၍ ဝင်ပြောသည်။

''အင်းလေ စာရေးတယ်ဆိုတာ ဦးနောက်အလုပ်ပေကိုး။ ဦးနောက်ကလည်း ထွက်ဦးမှ လူကိုယ်တိုင်ရဲ့ ကျန်းမာရေးလေးဘာလေးကလည်း ကောင်းဦးမှ အဆင်ပြေမယ့်အလုပ်ပေပဲ။ ဒီလိုပေါ့လေ အဆင်ပြေအောင် ကြည့်လုပ်ကြရမှာပေါ့ မဟုတ်ဘူးလား''

သခင်တောက်တဲ့နှင့် စကားမပြတ်မီ အစည်းအဝေးကျင်းပတော့မည် ဖြစ်သည့်အတွက် ပြောလက်စ စကားတွေကို ရပ်လိုက်ကြရသည်။ တကယ်ဆိုလျှင် ဤလိုနေရာမျိုး အစည်းအဝေးမျိုး၌ သခင်တောက်တဲ့နှင့် တွေ့နိုင်သည်ကို မဆွကပင် ကျွန်တော် စဉ်းစားမိပြီး ဖြစ်လေသည်။ သို့ရာတွင် ဤမျှ တော့တော့ဆိုင်ဆိုင် မြန်မြန်ဆန်ဆန် တွေ့ရလိမ့်မည်ဟုကား ကျွန်တော် မမျှော်မှန်းခဲ့ပါ။

ကျွန်တော့်သားအကြီး ပြောင်းရွှေ့သင်ကြားရသော အလုံဘက်မှ အစိုးရ အထက်တန်းကျောင်းတစ်ကျောင်း၏ ဆရာမိဘ အစည်းအဝေးသို့ သွားတက်စဉ် မမျှော်လင့်သော သခင်တောက်တဲ့နှင့် တွေ့ဆုံမိခြင်းဖြစ်၏။

အစည်းအဝေးခန်းမအတွင်း၌ နေရာယူလိုက်ပြီးသောအခါ ကျွန်တော်သည် အစည်းအဝေး အစီအစဉ်စာရွက်ကို ဖတ်နေမိလိုက်၏။ သို့သော် ကျွန်တော် ဖတ်နေသော အစည်းအဝေးအစီအစဉ်များ ငွေစာရင်းရှင်းတမ်းများတွင် စိတ်ပါဝင်စားခြင်းမရှိ၊ ကျွန်တော့်စိတ်သည် စောစောက အမှတ်မထင်တွေ့လိုက်ရသော သခင်တောက်တဲ့ဆီသို့သာ ရောက်နေ၏။ သခင်တောက်တဲ့အကြောင်းကို တွေးသော အတွေးသည်သာ ကျွန်တော့်အား ချုပ်ကိုင်ဖမ်းစားထား၏။

သူ့အကြောင်းကို ကျွန်တော် တွေးမိပါသည်။ အဘယ်ကြောင့် တွေးသနည်း။ တွေးသင့် တွေးထိုက်သော လူတစ်ယောက်ဖြစ်နေခြင်းကြောင့်တည်း။

''သခင်''ဟူသော ဝေါဟာရကို နာမည်၏ရှေ့တွင် တပ်ထားသည့်အတွက် သခင်တောက်တဲ့မှာ နိုင်ငံရေးသတ္တဝါတစ်ဦးဖြစ်ကြောင်း အထူးအထွေ ဖော်ပြ ရှင်းလင်းရန် လိုမည်မထင်တော့ပါ။ တကယ်တမ်းဆိုလျှင် သခင် ဟူသောနာမည်ကို ဦးတောက်တဲ့တစ်ယောက် မည်သို့မည်ပုံ ရယူလာသနည်းဆိုသည့် ဇာစ်မြစ်အား ကျွန်တော်မသိပါ။ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ ဗမာပြည်သည် တို့ပြည်ဟူသော ကြွေးကြော်သံဖြင့် တိုင်းလုံးညံအောင် လျှမ်းလျှမ်းတောက်



တိုက်ပွဲတွေ ဝင်ခဲ့သော တို့ဗမာအစည်းအရုံး ခေတ်ကာလကစ၍ ဦးတောက်တဲ့ တစ်ယောက် သခင်ဖြစ်ခဲ့သလော၊ မဖြစ်ခဲ့သလောဆိုသည်ကိုလည်း ကျွန်တော် မသိပါ။

သို့ရာတွင် ကျွန်တော်နှင့် တွေ့ဆုံသိကျွမ်းရရှိနိုင်မှု သူ့နာမည်မှာ ''သခင် တောက်တဲ့''ဟူ၍ ထင်ရှားနေ၏။ သို့မို့ကြောင့် ကျွန်တော်ကလည်း သူ့ကို သခင် တောက်တဲ့အဖြစ်ဖြင့်သာ သိကျွမ်းခဲ့ရပေ၏။

(၂)

၁၉၄၉ ခုနှစ်၊ စက်တင်ဘာလကုန်ခါနီး။ ကျွန်တော်သည် နိုင်ငံရေး ဝဲဂယက်များအကြားမှ ရုန်းထွက်ကာ မပြီးပြတ် မပြည့်စုံသေးသော ပညာရေး အတွက် ရန်ကုန်သို့ ထွက်ခွာလာခဲ့၏။

''စစ်ပြီးလို့ရှိရင် မင်းပညာဆက်သင်ပါ့မယ်ဆိုလို့ ငါတို့ ဘာမှမပြောခဲ့ဘူး။ မင်းလုပ်ချင်ရာ လျှောက်လုပ်နေရတာကို ကြည့်နေခဲ့တယ်။ အခုအထိ မင်းပညာ ရေးကို စိတ်မဝင်စားဘူး။ ပြည်သူ့ရဲဘော် လုပ်သားလုပ်ရဲ့၊ ကျောင်းသားသမဂ္ဂ တွေလုပ်လားလုပ်ရဲ့၊ ကရင်တွေနဲ့ သွားတိုက်လား တိုက်ရဲ့၊ မင်း တရှူးထိုး အကုန် လျှောက်လုပ်နေခဲ့တာကြာပြီ။ မင်းပညာရေးအတွက် မင်းသဘောပဲ။ မင်းကြိုက်သလို ဆက်လုပ်ပေတော့။ ပညာဆက်သင်ချင်သေးရင်လည်း သင်။ မသင်ချင်လို့ မင်းနိုင်ငံရေးတွေပဲ ဆက်လုပ်ချင်သေးတယ်ဆိုလည်း လုပ်။ မင်းဘာသာမင်း နဖူးပေါ်လက်တင် စဉ်းစားပြီး ကြိုက်ရာရွေးပေတော့''

အိုးပစ်၊ အိမ်ပစ်၊ မိဘပစ်၊ ပညာပစ် စသည်ဖြင့် ထင်ရာစိုင်းနေသည်ဟု အထင်ရောက်နေသော အမေက မမြဲသိပ်နိုင်တော့သည့်အဆုံး သို့ကလို ပြောလေသောအခါ ကျွန်တော့်မှာ တစ်စုံတစ်ရာ ပြန်၍ဆင်ခြေတက်လိုသည့် ဆန္ဒမရှိသည့် အလျောက် ရန်ကုန်သို့ ထွက်ခွာလာခဲ့ခြင်းဖြစ်၏။

ရန်ကုန်သို့ ခြေဦးတည့်ရာ သဘော်ဖြင့် ထွက်လာခဲ့သော ကျွန်တော်သည် ကော်မရှင်နာလမ်း အနောက်ပိုင်းဘက်တွင် သူငယ်ချင်းတွေနှင့် သွားနေလိုက်၏။ အလွတ်ပညာသင်ကျောင်းတက်လျက် တက္ကသိုလ်ဝင်တန်းတော့ ဖြေလိုက်မည်ဟု စိတ်ကူးလာ၏။ မအူပင်တွင် ဂျပန်ခေတ် တစ်ခေတ်လုံးနှင့် ကက်စဘီခေတ်

တစ်ခေတ်လုံး ရေးသားခဲ့သည့် ဝတ္ထုတိုတွေ ဆောင်းပါးတွေ ကဗျာတွေကို တမွေ့တပိုက်ကြီး ယူလာခဲ့၏။

ရန်ကုန်တွင် သူငယ်ချင်းများ၏ ကျေးဇူးကြောင့် အလွတ်ပညာသင်ကျောင်းသို့ကား တက်နိုင်ခဲ့၏။ တကူးတက ယူဆောင်လာခဲ့သော စာမူများကို မဂ္ဂဇင်းတိုက်များသို့ ပို့၏။ သို့သော် တစ်စုံတလေမျှ မစွံ။ အပယ်ခံရသည်သာ ဖြစ်၏။

ထိုအခိုက် ရပ်ကွက်က ဖွင့်ထားသော စေတနာ့ဝန်ထမ်း ညကျောင်းတွင် မြန်မာစာပြပါဟု မိတ်ဆွေတွေက ပြောသည့်အတွက် စေတနာ့ဝန်ထမ်း မြန်မာစာပြဆရာ ဝင်လုပ်ပေးရသည်။ ရပ်ကွက်ညကျောင်းကလေးတွင် စာကြည့်တိုက်လည်း ဖွင့်ထားရာ ကျွန်တော်သည် စာအုပ်များနှင့် ကျောင်းသားငယ်များအကြားတွင် ပျော်မွေ့နေမိပြန်လေ၏။

"အဲဒါပေါ့ဗျ။ သခင်တောက်တဲ့ဆိုတာ"

အလားတူ စေတနာ့ဝန်ထမ်း ဆရာတစ်ဦးဖြစ်သော ကိုတင်ဆွေက မေးငေါ့ကာပြသဖြင့် သခင်တောက်တဲ့ကို ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်တော် မြင်ဖူးခဲ့ခြင်း ဖြစ်သည်။

"သူက ဘာတုံး"

ကျွန်တော်က မေးလိုက်၏။

"ဟိုတုန်းက အလံနီလို့ ပြောတာပဲ။ နောက်ပိုင်းကျတော့ ပြည်သူ့ရဲဘော်လိုလို ဘာလိုလိုနဲ့။ အခု ဖဆပလ ဖြစ်နေတယ်။ ကျွန်တော်တို့ ရပ်ကွက်က ဖဆပလ လူကြီးပေါ့ဗျာ။ ကျွန်တော်လည်း သေသေချာချာတော့ မသိပါဘူး။ ဒီရပ်ကွက်ကို ရောက်လာတော့ ကျွန်တော့်ရဲ့ ရဲဘော်တွေက ပြောကြတာ ကြားရဖူးတာပါ"

"အော်. . .အော်"

ကျွန်တော်တို့ ကျောင်းကလေးသို့ သခင်တောက်တဲ့သည် လာခဲလှ၏။ တစ်ရပ်ကွက်တည်း ဖြစ်စေကာမူ ဤစာကြည့်တိုက်နှင့် ကျောင်းကလေးသို့ လာလေ့မရှိသော သခင်တောက်တဲ့ကို ကျောင်းက ကျင်းပသည့် စကားရည်လုပွဲများ၊ သီတင်းကျွတ်မီးထွန်းပွဲများနှင့် ပညာထူးချွန်သည့် ကျောင်းသူကျောင်းသားကလေး



များအား ချီးကျူးပွဲများသို့ တက်ရောက်လာသည့်အခါ၌သာ လူချင်းတွေ့ခွင့် ရလာရသည်။

သခင်တောက်တဲ့တစ်ယောက်မှာ ကျောင်းကလေးသို့သာ အလာနည်းသည်မဟုတ်။ ရပ်ကွက်အတွင်းရှိ အိမ်နီးပါးချင်းများဆီသို့လည်း များစွာ သွားလေ့သွားထ ရှိသူမဟုတ်ကြောင်း ကျွန်တော် အကဲခတ်မိလေသည်။ သို့ဖြစ်စေကာမူ ရပ်ရွာနှင့် စပ်ဆိုင်သော ပွဲလမ်းသဘင်များ၊ အခမ်းအနားများတွင်ကား သူ့ကို ခေါင်းပေါင်းစ တလူလူနှင့် တွေ့ရတတ်လေသည်။ ဤသည်မှအပ သူ၏ အခြားသော အလုပ်အကိုင်နှင့် နေရေးထိုင်ရေး ပြဿနာမှန်သမျှကို ကျွန်တော် မသိပါ။ သိအောင်လည်း မကြိုးစားပါ။

ဤရပ်ကွက်၏ ငယ်မွေးခြံပေါက်ဖြစ်သော သတင်းထောက် ကိုမြင့်စိုးကမူ သခင်တောက်တဲ့အကြောင်း စကားစပ်မိတိုင်း တံတွေးကို ပစ်ခနဲ မြည်အောင် ထွေးရင်း. . .

"အလကား ဖွတ်ကျားပါဗျာ။ ကျုပ်က ဒီလူကြီးအကြောင်းကို ဂျပန်ခေတ်ကတည်းက သိတာ။ ဂျပန်ခေတ်မှာ ကုန်တိုက်တွေဖောက်တယ်။ တဖြည်းဖြည်း သူ့ကုန်တိုက်ဖောက်ဂိုဏ်းက ကြီးလာတော့ ဂျပန်က ဒီအတိုင်းထားလို့မဖြစ်ဘူးဆိုပြီး လိုက်ဖမ်းလို့ ခြေရာပျောက် ထွက်ပြေးသွားရော။ နောက် ဂျပန်ပြေးပြီး ကက်စဘီ အစိုးရခေတ်ရောက်တော့ သူ ပြန်ရောက်လာတာပဲ"

ကျွန်တော်တို့၏ ကျောင်းကလေးတွင် ညဉ့်နက်သန်းခေါင်အထိ စကားဝိုင်းဖွဲ့၍ ပြောလေ့ရှိကြ၏။ လက်ဖက်ရည်ဖျော်သောက်ကြ၊ လက်ဖက်နှင့် ရေနွေးကြမ်းစားကြသောက်ကြရင်း ရောက်တတ်ရာရာ စကားဝိုင်ပြောကြသည့်အချိန်တိုင်း ကိုမြင့်စိုးလည်း ရောက်လာတတ်၏။ ကိုမြင့်စိုးသည် စစ်ကြိုခေတ်၊ ဂျပန်ခေတ်နှင့် စစ်ပြီးခေတ် စသော ခေတ်သုံးခေတ်စလုံးတွင် သတင်းထောက်အဖြစ် အသက်မွေးနေခဲ့ပြီး အခုထိလည်း မြန်မာသတင်းစာကြီးတစ်စောင်တွင် နိုင်ငံရေးသတင်းထောက်လုပ်နေသူ ဖြစ်လေသည်။

ကိုမြင့်စိုးက ဆက်ပြောပြန်၏။

"အဲ့ဒီအချိန်တုန်းက သူ့လက်သုံးစကားတစ်ခု ရှိတယ်ဗျ။ တော်လှန်ရေးတုန်းက၊ တော်လှန်ရေးတုန်းက ဆိုတာ သူ့လက်သုံးစကားပေါ့။ ဒီစကားလုံးကို

တွင်တွင်သုံးပြီး တစ်ဖက်မှာ ကက်စဘီအုပ်ချုပ်ရေးပိုင်းက အကောင်တွေနဲ့ လှည့်ပေါင်းပြီး ကန်ထရိုက်တာလုပ်တာပဲဗျာ။ လွတ်လပ်ရေးတိုက်ပွဲအရှိန်က သိပ်ကြီးလေလေ တော်လှန်ရေးတုန်းကဆိုတဲ့ သူ့စကားသံဟာ ပိုကျယ်လေလေပဲ။ ဒါပေမဲ့ ခက်တာက ဒီလိုလူမျိုးတွေကိုချည်း အပြစ်တင်လို့ မဖြစ်ဘူးလေ။ ကျုပ်တို့နိုင်ငံရဲ့ အပြစ်တင်ရမယ့်စာရင်းထဲမှာ ခေါင်းဆောင်လုပ်နေသူတွေလည်း ပါတယ်ဗျ။ လူတစ်ယောက်ရဲ့ အတိတ်ကြောင်းဟာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အရေးမကြီးဘူး။ ခေါင်းဆောင်တွေနားကို ရောက်အောင်ကပ်၊ ကုလားထိုင်လေး၊ ဖျာလေးခင်းပေး။ အဲဒီ့ခေါင်းဆောင်တွေရဲ့ အကြိုက်ကို လိုက်ပြော။ ဒါဟာ အရေးကြီးဆုံးပဲ။ အခု ခင်ဗျားတို့ ဝေးဝေးမကြည့်နဲ့ သခင်တောက်တဲ့ကိုပဲကြည့်။ တပ်နီတွေ သိပ်အရေးပါနေတုန်းက သူဟာ တပ်နီ၊ အလံနီတွေ အားသာပြန်တယ်လည်း ဆိုရော အလံနီ ဖြစ်နေပြန်ရော။ နောက်ကျတော့ ဘာပဲပြောပြော ပြည်သူ့ရဲဘော်တွေက ဗိုလ်ချုပ်အောင်ဆန်းမျက်နှာနဲ့ လူထုကြားမှာ စနီးပွင့်ပြန်တော့ သူလည်း ပြည်သူ့ရဲဘော် ဖြစ်နေပြီ။ ဟော အခု လွတ်လပ်ရေး ဒီဘက်ခေတ်ကျတော့ နေရာတကာမှာ ဖဆပလ မဟုတ်လား။ သူလည်း ဖဆပလလုပ်ရမှာပေါ့။ မလုပ်ရင် ဘယ်ဖြစ်ပါ့မလဲ။ ဟုတ်တယ် မဟုတ်လား။ အခု သူဟာ ဖဆပလ စစ်စစ်ကြီးလေဗျာ''

ကျွန်တော်သည် ကိုမြင့်စိုး ပြောသမျှကို ခေါင်းတညိတ်ညိတ်လုပ်ကာသာ နားထောင်နေမိ၏။ ကိုမြင့်စိုးလည်း ခေသူမဟုတ်၊ အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များနှင့် အလွန်တရာ ရင်းနှီးကျွမ်းဝင်သူ ဖြစ်ကြောင်း ကျွန်တော် သိပေ၏။

''ဒီလိုလူမျိုးတွေ အများကြီးဗျ။ သူတို့မှာ ချီးမွမ်းစရာကောင်းတဲ့ အရည်အချင်းတစ်ရပ်ရှိတယ်။ အဲဒါဘာလဲ သိလား။ ခေတ်အဆက်ဆက် လက်ထဲမှာ သော့ကိုင်ထားနိုင်တဲ့ အရည်အချင်းဗျ''

ဤစကားကို ကျွန်တော်က နားမလည်ကြောင်း ရိုးသားစွာ ဝန်ခံလိုက်ပါသည်။

''ခင်ဗျားက သိပ် နားဝေးတဲ့လူပဲဗျာ''

ကိုမြင့်စိုးက ကျွန်တော့်အား လှောင်လေသည်။

''ဘယ်သော့လဲ ကိုမြင့်စိုး။ ကျွန်တော် တကယ်နားမလည်လို့ပါ''



ကိုမြင့်စိုးက ရယ်နေလေ၏။

''အိုးပဲင်းဆက်စမီဆိုတဲ့ သော့ပေါ့ဗျ''

ဆရာ ကိုတင့်ဆွေက ဝင်ထောက်လိုက်သည်။ ကိုမြင့်စိုးကမူ နှုတ်ခမ်းအစုံကို လက်ဝါးဖြင့်သပ်ကာ ဆေးပေါ့လိပ်တိုကို အားပါးတရ ဖွာရှိုက်ရင်း. . .

''ဆရာကိုတင့်ဆွေပြောတာ မှန်လှသဗျာ။ ခေတ်ကာလအလျောက် အထက်ကိုတက်လာတဲ့ ခေါင်းဆောင်တိုင်း အဖွဲ့အစည်းတိုင်းရဲ့ တံခါးပေါက်ကို ဖွင့်နိုင်တဲ့ သော့ဗျ။ ဟောဒီ့ ကိုနေဝင်းဆိုတဲ့လူက မအူပင်သားလို့ မပြောရဘူး။ မအူမလည်ကို နိုင်လွန်းတယ်''ဟု ဝင်ပြောလိုက်ပြီးနောက် တဟားဟား ရယ်နေလေ၏။

''အေးဗျ။ ကိုမြင့်စိုးပြောမှ ကျွန်တော် တစ်ခု သဘောပေါက်လာတယ်''

ကိုတင့်ဆွေက ဆိုသည်။

ကိုတင့်ဆွေသည် ဗညောင်တုန်းနယ်သားဖြစ်၏။ ဂျပန်တော်လှန်ရေး ကာလက လက်ကို သေနတ်မှန်ရာ အချိန်မီ ကောင်းစွာဆေးဝါးကုသခဲ့ခြင်း မရှိသည့်အတွက် ဒဏ်ရာက ရင်းကာ ရိုးတွင်းချဉ်ဆီ လိုက်သွားသဖြင့် လက်တစ်ဖက် နှင့် ကိုယ်တစ်ခြမ်း အကြောသေခဲ့ရသူ ဖြစ်လေသည်။

''ဘာများတုံးဗျ''

ကိုမြင့်စိုးက မေးသည်။

''တခြားမဟုတ်ဘူးဗျ သခင်တောက်တဲ့လို လူအကြောင်း စကားစပ်မိတော့ ကျွန်တော်တို့အဖြစ်ကို ပြန်သတိရလို့ပါ။ ကျွန်တော့်ကို ထားဗျာ၊ တော်လှန်ရေး ကပေးလိုက်တဲ့ ဒဏ်ရာတွေနဲ့ လူစဉ်မမီအောင် အခုဖြစ်နေလို့ သုံးမရတော့ဘူး ဆိုပါတော့။ ဟောဒီလူကတော့ အခု ရန်ကုန်ကို မရောက်လာခင်ဘဲ အစိုးရဘက်က နေပြီး တိုက်ခဲ့ရသေးတယ်ဗျ။ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး သူပုန်ပေါင်းစုံထပြီး ကေအင်ဒီအိုတွေက ပတ်ချာလည်ဝိုင်းထားတဲ့အချိန် အစိုးရမှာ အရှုံးမီးပိုင်းဖြစ်နေတဲ့ အချိန်မှာ ဒီလူတွေက လက်နက်ကိုင်ပြီး တကယ်တိုက်ခဲ့တာပဲ။ ဒါပေမဲ့ တိုင်းပြည် အတွက်လို့ ဆိုဆို ဘာအတွက် ညာအတွက်ပဲ ဆိုဆိုပေါ့ဗျာ။ ထမ်းစရာ တာဝန်တွေလည်း ကုန်ရော။ ပညာလည်း တစ်ပိုင်းတစ်စဖြစ်၊ အလုပ်လည်းမရှိ၊ ဘယ်သူကမှလည်း ဆေးဖော်ကြောဘက်မလုပ်။ စေတနာ့ဝန်ထမ်း ကျောင်းဆရာ

လေး လုပ်နေရတာမျိုး''

''အဲဒါ သိလား။ သူ့မှာ သော့မရှိလို့ပေါ့''ဟု ကိုမြင့်စိုးက ဝင်ပြောလိုက်၏။ ''တက်လာတဲ့ အစိုးရ တို့အစိုးရ၊ အာဏာရတဲ့ နိုင်ငံရေးပါတီ တို့ပါတီဆိုတဲ့ ကြွေးကြော်သံကို အမြဲဆောင်ထားတဲ့ သခင်တောက်တဲ့လို လူမျိုးကျတော့ ခေတ် အဆက်ဆက် အောင်မြင်ခြင်းသော့ကို လက်ထဲမှာ အမြဲကိုင်ထားတာဗျ။ ခင်ဗျားတို့ မယုံရင်ကြည့်''

ကျွန်တော်တို့က ကိုမြင့်စိုးပြောပုံကို သဘောကျလှသည့်အတွက် တဟား ဟား ပိုင်းရယ်ကြ၏။

တကယ်ဆိုတော့လည်း ကိုမြင့်စိုးပြောခဲ့သည့် စကားမှာ သွေးထွက်အောင် မှန်လှပေ၏။ ပမညတ ဟူသော နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် ပေါ်လာသောအခါ တိုးတက်သည့် နိုင်ငံရေးအမြင်ရှိသည့် အဖွဲ့ဟု ထင်မှတ်ထားသော ကျွန်တော်တို့ လူသိုက်သည် ပမညတ တရားပွဲများသို့ အခါအားလျော်စွာ သွားရောက်နားထောင် လေ့ ရှိ၏။ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်လုပ်ကိုင်ခြင်းကား မရှိ။

နောင်သောအခါ ကျွန်တော်တို့၏ ကျောင်းကလေးနှင့် စာကြည့်တိုက်ကိုပါ ပမညတနှင့် မကင်းဟုဆိုကာ ဖဆပလအာဏာပိုင်တွေက မြူနီစပယ်အက်ဥပဒေ တွေကို အသုံးပြုလျက် ဆွဲဖျက်ပစ်လေတော့သည်။ သခင်တောက်တဲ့ကား ခြေသွက် လှပေ၏။ ရပ်ကွက်အတွင်း ရိုးရိုးနေ၍ မှန်ရာပြောကာ မှန်ရာလုပ်မည့်သူကို သူ မထားလို။ ထို့ကြောင့် ကျွန်တော်တို့ လူငယ်တစ်သိုက်၏ ရိပ်မြုံပမာဖြစ်သော စာကြည့်တိုက်ကလေးကို ဆွဲဖျက်အောင် ခြေပုန်းခုတ်ခဲ့ခြင်းဖြစ်ရာ အာဏာဟူ၍ တစ်ရွေးသား မရှိ၊ အထက်တက်ကပ်ရအောင်လည်း အစွမ်းအစ တစ်ပြားသားမျှ မရှိသော ကျွန်တော်တို့၏ စာကြည့်တိုက်ကလေးမှာ မြူနီစပယ်အမှိုက်ကားပေါ်တွင် တစ်ပိုင်းတစ်စစီ ပါသွားရလေတော့သည်။

စာကြည့်တိုက်အဆောက်အဦကလေး အဖျက်ခံလိုက်ရသည့်အတွက် ယင်းအဆောက်အဦတွင်း၌ ဖွင့်ထားသော စေတနာ့ဝန်ထမ်း ညကျောင်းကလေး လည်း ပျက်ရတော့၏။ ညကျောင်းပျက်သွားရသည့်အတွက် ကလေးသူငယ် လူမမယ် ၆၀ ကျော်တို့မှာလည်း စာသင် ပျက်ကြရပြန်၏။

သခင်တောက်တဲ့ကား ဤမျှဖြင့် မရပ်သေး။ ဖဆပလ လူကြီးဖြစ်လာပြန်



၏။ တစ်ဖန် ဖဆပလ မြူနီစပယ်လူကြီးအဖြစ် အရွေးခံရန် ကြိုးစားသေး၏။ သို့သော် ဘာကြောင့်ဟူ၍မသိ၊ အရွေးမခံဖြစ်၊ ထိုမျှသာလော မဟုတ်သေး။ ဖဆပလ နှစ်ခြမ်းကွဲသောအခါ သူသည် လတ်တလော အရေးသာနေသည့် နုတင်ဘက်သို့ ရောက်နေခဲ့၏။ လွှတ်တော်အတွင်း၌ မဲခွဲ၍ နုတင်နိုင်ပြီဆိုသောအခါ သခင် တောက်တဲ့တစ်ယောက် ယခင်ဝန်ကြီးချုပ်၏ လမ်းမတော်မီးထွန်းပွဲ အခမ်းအနားက ကဲ့သို့ပင် ခေါင်းပေါင်းစ တလူလူဖြင့် ဥဒဟို သွားနေသည်ကိုတွေ့ရ၏။

သခင်တောက်တဲ့သည် ဤသို့အားဖြင့် တကယ်သန့်ရှင်းသော သန့်ရှင်း ကြီးဖြစ်နေပြီး တည်မြဲတွေကို ဘယ်တော့မှ မတည်မြဲဟု လက်ညှိုးငေါက်ငေါက် ထိုးနေလေ၏။ ရွှေဝါရောင်ဂျာနယ်ကို လက်တွင် အမြဲကိုင်ထားတတ်၏။ သို့ရာတွင် သခင်တောက်တဲ့၏ နည်းပရိယာယ်တွေမှာကား ကြွယ်ဝလွန်းလှပါ၏။ 'ကြက်ဥ အရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်'ဆိုသော စကားလာအတိုင်း အာဏာရ အသိုင်းအဝန်းနှင့် မင်းစိုးရာဇာများ၏ အရိပ်အကဲကို အဖမ်းရ လွန်စွာခက်သော် လည်း သခင်တောက်တဲ့ကား ချက်ဆို နားခွက်က မီးတောက်သူမျိုး ဖြစ်လေသလား မသိ။ တိုင်းရေးပြည်ရာကို ပိုင်ပိုင်နိုင်နိုင် နားလည်အကဲဖမ်းတတ်သူသာ ဖြစ်ချေ သည်။

ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရအဖွဲ့က တရားမျှတသော ရွေးကောက်ပွဲ ကြီး ကျင်းပပေးတော့မည်ဟု ကြေညာသည်နှင့် တစ်ပြိုင်နက် သခင်တောက်တဲ့သည် သန့်ရှင်း၏အနွယ် ပထစ မဟုတ်တော့ဘဲ တည်မြဲအနွယ် ဖဆပလ ဖြစ်နေသည်ကို ကျွန်တော် တအံ့တသြ တွေ့ရပြန်၏။ ဖဆပလက 'နိုင်ခြေ'ရှိသည်ဟု အကြောင်း ကြောင်းကို တွက်ချင့်ကာ ဤသို့ အရေခွံလဲလာခြင်းဖြစ်မည်မှာ ယုံမှားဖွယ်ရာ မရှိပါ။ သို့ရာတွင် ဖဆပလသည် ဤတစ်ပွဲတွင် ပထစတို့၏ အလဲထိုးခြင်းကို ခံလိုက်ရ၏။ ပြည်လုံးကျွတ်ရွေးကောက်ပွဲကြီး၌ ပထစက နိုင်သွားသည့်အတွက် သခင်တောက်တဲ့တစ်ယောက် မှန်းခြေမကိုက် ဖြစ်သွားရသည်။ သူသည် အာဏာ လက်မဲ့ ဖဆပလတွင် ကာလအတန်ကြာမျှ ငြိမ်ချက်သားကောင်းနေလိုက်သေး၏။ အာဏာလက်မဲ့ဖြစ်စေကာမူ သူ ယုံကြည်ရာ အဖွဲ့အစည်းတွင် နိုင်နိုင်မြဲမြဲ လုပ်နေ လေပြီဟု ကျွန်တော် တွေးလိုက်မိပါသေးသည်။

ကျွန်တော့်အတွေးကား နုံချာလှပါ၏။ အဘယ့်ကြောင့်ဆိုသော် မကြာမီ

သခင်တောက်တဲ့တစ်ယောက် ပထစ၏ ရပ်ကွက်ဆိုင်ရာ အဖွဲ့အစည်းများတွင် ခေါင်းတပြုပြု ပြန်ပေါ်လာသည်ကို တွေ့ရခြင်းကြောင့်ဖြစ်ပါသည်။

''နိုင်ငံရေးဆိုတာ မီးစင်ကြည့်ကရတဲ့ အလုပ်မျိုးဗျ။ တစ်ယူသန် လျှောက်လုပ်နေရင် တစ်ဖက်စောင်းနင်း အလွန်အကျွံသမားပဲ ဖြစ်မှာပေါ့။ ဒါ ကိုယ့်လူကို ရဲဘော်ရဲဘက်တစ်ယောက်လို သဘောထားလို့ပြောတာ သိလား။ ကိုယ့်လူ က ငယ်သေးတော့ လူငယ်ပီပီ စိတ်လိုက်မာန်ပါ သိပ်လုပ်ချင်တာ ကိုယ်တို့လို အရွယ်လည်းရ အတွေ့အကြုံလည်း စုံလာတဲ့အခါကျတော့ ကိုယ်ပြောတာ မှန်မမှန် သိလိမ့်မယ်''

သခင်တောက်တဲ့က ကျွန်တော့်အား ယင်းသို့ ဩဝါဒပေးဖူးလေသည်။

''ရပ်ရွာအရေး တိုင်းပြည်အရေး လုပ်လာတာကြာပြီလေ။ ဆံပင်လည်း ဖြူလာပြီ။ အေးအေးလူလူနဲ့ အနားယူဖို့ အချိန်ကျပြီ။ ဒါပေမဲ့ အရေးဆို ကိုယ်ပဲရှိတော့ လာလာခေါ်နေကြတာမို့ မနေသာလို့ လိုက်လုပ်နေရသေးတယ်ဗျာ'' ဟုလည်း ညည်းတွားပါသေးသည်။

ကျွန်တော်ကား အမျှော်အမြင် လိမ္မာလှသော သခင်တောက်တဲ့၏ အတွေး အခေါ်ကို တအံ့တဩ ငေးမောနားထောင်နေလိုက်မိပါ၏။

(၃)

''ကိုယ့်လူ ပြန်လိုက်ဦးမယ်။ ရောက်တဲ့အခါ လာဦးပေါ့။ အလုံမှာ ကိုယ် အခုနေတာပဲ''

အစည်းအဝေးအပြီး ကျောင်းပရဝုဏ်မှ ပြန်အထွက်တွင် ငေးတိငေးငိုင် ဖြစ်နေသည့် ကျွန်တော့်အား သခင်တောက်တဲ့က သို့ကလို နှုတ်ဆက်သွားလေသည်။

''နိုင်ငံရေးဆိုတာ မီးစင်ကြည့်ကရတဲ့ အလုပ်မျိုးဗျ'' ဟူ၍ သူ တစ်ခါက ပြောဖူးသည့်စကားလုံးသည် ကျွန်တော့်နားတွင်းသို့ အသစ်တစ်ဖန် ပြန်၍ ဝင်ရောက် လာ၏။

သတင်းစာတိုက် ပိတ်လိုက်ရသဖြင့် အလုပ်ပြုတ်ကာ သတင်းထောက်တဝ မှ ရပ်ကွက်မူလတန်းကျောင်းကလေးရှေ့တွင် ယခုဈေးရောင်းနေသော ကိုမြင့်စိုးက သခင်တောက်တဲ့နှင့် စပ်လျဉ်း၍ ခေတ်အဆက်ဆက် အောင်မြင်ခြင်းသော့ကို



လက်ထဲတွင် ကိုင်ထားသူဟု ပြောဖူးသည်ကို လှစ်ခနဲ သတိရမိ၏။ ဤမှာဘက်တွင် နံနေ အ နေသေးသော ကျွန်တော်သည် သခင်တောက်တဲ့ ကိုင်ထားသည်ဆိုသော သော့ကို မဲကြုတ်ဖောင်းအိသော သူ၏လက်အစုံအတွင်း၌ ရှာကြည့်မိပါသေး၏။

- သို့သော် သခင်တောက်တဲ့၏ လက်ထဲမှသော့ကို ကျွန်တော် ရှာမတွေ့ပါ။ အဘယ့်ကြောင့်ဆိုသော် ဤသော့ကို သူ့လက်ထဲ၌ မထားဘဲ သူ့ဦးနှောက်ထဲ၌သာ သိုဝှက်သိမ်းဆည်းထားခြင်းကြောင့် ဖြစ်ပါသတည်း။

မိုးဝေ

မတ်လ၊ ၁၉၆၈

# သူရဲကောင်း သုံးယောက်

(၁)

'သူရဲကောင်း သုံးယောက်'ဟု အစချီလိုက်ရစေကာမူ သူတို့သည် ဆရာကြီးရွှေဥဒေါင်း ဘာသာပြန်ခဲ့သော 'သူရဲကောင်း သုံးယောက်'မဟုတ်ပါ။ ဆရာကြီးရွှေဥဒေါင်း ဘာသာပြန်ခဲ့သည့် သူရဲကောင်းသုံးယောက် ဝတ္ထုကြီးထဲမှ ဒါးတညံ၊ ပေါသိုး၊ အားသိုး စသော လူစွမ်းကောင်းကြီးများလည်း မဟုတ်ပါ။

ဒါးတညံ၊ ပေါသိုး၊ အားသိုး စသည့် သူရဲကောင်းကြီးများသည် ၁၈ ရာစု ခေတ် ပြင်သစ်ပြည်ကြီးတွင် သေနတ်ကို သေနတ်ချင်း၊ ဓားကို ဓားချင်းသာ ယှဉ်ပြိုင်ရမည်ဆိုလျှင် နိုင်မည့်သူ၊ ပြိုင်မည့်သူ မရှိလောက်အောင် အထိုးအခုတ်၊ အတိုက်အခိုက်နှင့် သတ္တိဗျတ္တိတို့တွင် ကြွယ်ဝကျွမ်းကျင်သူများဖြစ်၏။ ချမ်းသာကြွယ်ဝသော မင်းဆိုးရာဇာ မှူးမတ်မျိုးနွယ်တို့ဘက်မှ မလိုက်ဘဲ ဆင်းရဲမွဲတေသော မျက်နှာငယ်များ၊ ကျောမွဲများဘက်မှ မားမားရပ်သည့် သူရဲကောင်းများဖြစ်၏။

သူတို့သည် မြင်းစီးအတတ်တွင် ကျွမ်းကျင်လှ၏။ လှံထိုးဓားခုတ်ပညာ၌ တစ်ဖက်ကမ်းခတ်၏။ တစ်ယောက်ကောင်းသော် တစ်သောင်းမိုလ်ခြေ ညက်ညက် ကြေစေနိုင်စွမ်းရှိသည့် လူစွမ်းကောင်းများ ဖြစ်ကြပါပေ၏။ ဒါးတညံ၊ ပေါသိုးနှင့် အားသိုးစသည့် ပြင်သစ်ဂန္ထဝင်စာပေမှ သူရဲကောင်းသုံးယောက်သည် အလျှံပယ် ပေါကြွယ်သော ရွှေငွေပစ္စည်းဥစ္စာနှင့် ကျောက်သံပတ္တမြားစသည့် အဖိုးထိုက် အဖိုးတန် ရတနာတွေကို ဂရုစိုက်ကြသည် မရှိ၊ မတရားစိုးမိုးအုပ်ချုပ်သော မှူးမတ်များ၊ မင်းညီမင်းသားများကို သူတို့ ဆန့်ကျင်၏။ တရားသောအမှု၊ မှန်သောအမှု၌



မွေ့လျော်၏။ သူတို့သည် လက်ရုံးရည် နှလုံးရည်ရောပါ ပြည့်စုံကြသည့် စစ်သည် တော်များလည်း ဖြစ်ပါသေး၏။

သို့သော်. . .

ကျွန်တော် သိသော သူရဲကောင်းသုံးယောက်ကား ဒါးတညံ၊ ပေါသိုးနှင့် အားသိုးတို့ မဟုတ်ပါ။ ၁၈ ရာစုခေတ်၏ ပြင်သစ်ပြည်မှ သူရဲကောင်းကြီးတွေ မဟုတ်ပါ။ သူတို့၏ နာမည်များသည်ပင်လျှင် ဒါးတညံ၊ ပေါသိုး၊ အားသိုး စသည့် သူရဲကောင်းသုံးယောက်၏ နာမည်များနှင့် လားလားမျှ ဆင်တူရိုးမှားမတူပါ။

ကျွန်တော့် သူရဲကောင်းသုံးယောက်၏ နာမည်မှာ ဇော်တူး၊ အဝိန်နှင့် ချွတ်ကရားတို့ ဖြစ်ပါသည်။

ဇော်တူး၊ အဝိန်နှင့် ချွတ်ကရား စသော ကျွန်တော်၏ သူရဲကောင်း သုံးယောက်သည် ပြင်သစ်ဂန္ထဝင်စာပေမှ ဒါးတညံ၊ ပေါသိုးနှင့် အားသိုး စသော သူရဲကောင်းသုံးယောက်တို့နှင့် လားလားမျှမတူ တစ်မူထူးခြားကြသည်သာ ဖြစ်သည်။ သူတို့သည် အသက်အရွယ်အားဖြင့် ၈ နှစ်၊ ၉ နှစ် ပတ်ဝန်းကျင်၌သာ ရှိကြဦးမည် ဖြစ်လျက် ပိန်ပိန်သေးသေး ကြုံကြုံလိုလို လူမမယ်ကလေးများသာ ဖြစ်ပါ၏။ သူတို့ ကျင်လည်ကျက်စားရာ အရပ်မှာ ဒါးတညံတို့၊ ပေါသိုးတို့၊ အားသိုးတို့ ကျင်လည်ကျက်စားရာ ပြင်သစ်နိုင်ငံ၏ ရွှေနန်းဆောင်များ၊ ခံ့ညားထည်ဝါသော မှူးကြီးမတ်ရာတို့၏ ညှော့ခန်းဆောင်များ၊ ကြမ်းတမ်းခက်ထန်သော စစ်မြေပြင်များ မဟုတ်။ လေတဖြူးဖြူး တိုက်ခတ်နေသည့် ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်း၏ ကတ္တ ရာလမ်းမတစ်ဝိုက်သာဖြစ်၏။ ကျွန်တော့် သူရဲကောင်းသုံးယောက်သည် ပြင်သစ် သူရဲကောင်းသုံးယောက်ကဲ့သို့ ဓားခုတ် လှံထိုး မြင်းစီး စသော အတတ်များကို ကျွမ်းကျင်ကြသူများမဟုတ်။ ပြင်သစ်သူရဲကောင်းများကဲ့သို့ ရွှေငွေ ကျောက်သံ ပတ္တမြား စီခြယ်အပ်သော ဓားလွယ်ကို လက်တွင် အမြဲမကိုင်။ ကျွန်တော့် သူရဲ ကောင်းများလက်တွင် အမြဲကိုင်ထားလေ့ရှိသည်မှာ ကစားစရာတစ်ခုခု အချိုအချဉ် စားစရာတစ်ခုခုနှင့် ကားသုတ်အဝတ်စ တစ်ခုခုသာ ဖြစ်ပါသည်။

ဤသို့လျှင် တစ်မျိုးတစ်ဖုံ ထူးခြားလျက်ရှိသော ကျွန်တော်၏ သူရဲကောင်း သုံးယောက်အကြောင်းကို အကျဉ်းချုပ်၍ ပြောပြပါမည်။

## (၂)

ပန်းဆိုးတန်းဆိပ်ကမ်းရှိ 'နန်းသီတာ' ပျော်ပွဲစားရုံရှေ့တွင် ကားထိုးရပ်မိသော တစ်ညနေခင်း၌ သူတို့နှင့် ကျွန်တော် ပထမဦးစွာ မျက်နှာချင်းဆိုင်မိခြင်းဖြစ်သည်။

''ဟေ့ကောင် ဒါငါ့ကားကွ''

''ဟေ့ အေး မဟုတ်ပါဘူး။ ငါ့ကားပါ''

ကားတံခါးကိုဖွင့်ကာ ဆင်းမည်ပြုသည်နှင့် တစ်ပြိုင်နက် သူတို့အသံကို ကျွန်တော် ကြားလိုက်မိသည့်အတွက် မဆင်းသေးဘဲ ကားထဲမှာပင် ထိုင်ရင်း ကျွန်တော့်ကားနားကပ်ကာ သူ့ကားငါ့ကားဆို၍ လုနေသည့် လူမမယ်နှစ်ဦးကို ကျွန်တော်က ကြည့်နေမိသည်။

''ငါ့ကားကွာ''ဟု ပထမသူငယ်က ထပ်ပြောရာ ဒုတိယသူကလည်း ''ငါ့ကားပါကွ''ဟု ထပ်ပြောပြန်သည်။ ပထမသူငယ်မှာ မြန်မာရုပ်ပေါက်နေသော်လည်း ဒုတိယသူငယ်ကား တရုတ်ကပြားရုပ် ပေါက်နေသည်။ သို့သော် နှစ်ယောက်စလုံးမှာ သက်တူရွယ်တူတွေသာဖြစ်၏။ သူတို့သည် ကားတံခါးဖွင့်ထားသော်လည်း မဆင်းသေးဘဲ ထိုင်နေသော ကျွန်တော့်ဆီသို့ မကြည့်။ သူတို့အချင်းချင်းသာ ကားလုနေကြ၏။ ထို့ကြောင့် ကျွန်တော်ကလည်း သူတို့ရှေ့ဆက် ဘာပြောဘာလုပ်ကြမည်ကို သိလိုဇောဖြင့် ဆက်လက်၍သာ အကဲခတ်ရင်း ထိုင်နေလိုက်ပါသည်။

''အကောင်းပြောနေတာကွ အဝိန် ဒါငါ့ကား''

''တွေ့တဲ့ကားတိုင်း မင်းကားချည်းလုပ်လို့ ရမလား''ဟု အဝိန်ဟု အခေါ်ခံရသော ဒုတိယလူငယ်က ပြန်ပြောသည်။

''အိုကွာ မလိုချင်ဘူး။ ငါ့ကားဆို ငါ့ကားပဲ''

ပထမသူငယ်က ကျွန်တော့်ကားကို သူ့ကားဆိုမှ သူ့ကားဖြစ်ကြောင်း အတိအလင်း ကြေညာနေပါတော့သည်။

''စောစောက ဟိုဘက်နားရပ်တဲ့ လင်္ဂိုက်ဗာတုန်းကလည်း မင်းပဲယူတာပဲ။ အခုလည်း မင်းပဲယူတာပဲ။ ဒီကားတော့ ငါ မပေးနိုင်ဘူး။ ဟိုဘက်က ဝင်လာကတည်းက ငါ ပြေးလာတာ''



''ဒါပေမဲ့ ဒီကားနားကို ငါ အရင်ရောက်တာ မဟုတ်ဘူးလား''

''ဒါတော့ ငါက သုံးဘီးကားကို ရှောင်နေရသေးတာကိုကွ။ လုပ်ပါကွာ ဒီကား ငါယူပါရစေ။ နောက်တစ်ကားလာတော့ မင်းယူပေါ့''

နှစ်ယောက်သား ကျွန်တော့်ရှေ့တံခါး၏ မှန်ပေါက်နားတွင်ရပ်ကာ ငြင်းခုံနေကြခြင်းဖြစ်သည့်အတွက် သူတို့နှစ်ယောက်၏ မျက်နှာအမူအရာနှင့် ရုပ်အသွင်အပြင်ကိုပါ ကျွန်တော် ကောင်းစွာ တွေ့နေရပေသည်။ အဝိန်အမည်ခံ ဒုတိယသူငယ် မှာ ပထမသူငယ်ထက်စာသော် အရပ်အတန်ပို၍ရှည်ပုံရ၏။ အသားအရည်ကား မတိမ်းမယိမ်းပင် ရှိကြသည်။ ပထမသူငယ်မှာ စကားပြောရာ၌ အသံတိုးသော်လည်း ပြတ်သည်။ အဝိန်၏အသံမှာ စွာသလောက် ကျယ်လည်းကျယ်၏။

''ဟေ့ကောင်တွေ ဘာငြင်းနေကြတာလဲကွ''

ထိုအခိုက်မှာပင် တစ်ဖက်သော ကားတန်းများအကြားမှ သူငယ်တစ်ယောက် ရောက်လာပြန်သည်။ သူကား ပထမသူငယ်နှစ်ယောက်ထက် အတန်ငယ် ပို၍ညှက်သည် ငယ်သည် ထင်ရသော ကုလားလေးပေတည်း။

''ဟော ချွတ်ကရား လုပ်ပါဦးကွ၊ ဒီကားလည်း ဇော်တူးက သူ့ကားလို့ပြောနေတယ်''ဟု အဝိန်က လှမ်းပြောသည်။ ထို့ကြောင့် ပထမသူငယ် မြန်မာကလေး၏ နာမည်မှာ ဇော်တူး။ တရုတ်ကလေး၏နာမည်မှာ အဝိန်နှင့် နောက်ဆုံးရောက်လာသော ကုလားကလေး၏နာမည်မှာ ချွတ်ကရားဖြစ်ကြောင်း ကျွန်တော် သိရပါပြီ။

''ဟုတ်တယ်လေ ငါ့ကားပဲဟာ''

ဇော်တူးက မျက်စိတစ်ဖက်ကို ထောင့်သို့စွေလျက် မကျေမချမ်း ရေရွတ်နေပြန်သည်။ စွပ်ကျယ်အင်္ကျီသာ ဝတ်ထားသည့်အတွက် အတန်ငယ်ရှုသော သူ့ဗိုက်ကလေးသည် အသက်ရှူလိုက်တိုင်း ဖောင်းလိုက်ပိန်လိုက် ဖြစ်နေ၏။

''မင်းတို့ မငြင်းနဲ့ကွာ''ဟု ချွတ်ကရားက ဖြန်ဖြေလေသည်။ ချွတ်ကရားသည် သူတို့အထဲတွင် တရားသူကြီးလုပ်တော့မည့်ပုံ ပေါ်နေ၏။

''ငါ ငြင်းတာမဟုတ်ဘူး ချွတ်ကရားရ။ ငါ အမှန်အတိုင်းပြောတာ။ မင်းက ဘာမသိ ညာမသိနဲ့''

ဇော်တူးသည် ကျွန်တော့်ကား၏ ကောနက်ပေါ်တွင် လက်ဖဝါးနှစ်ဖက်ကို တင်ကာ ပွတ်သပ်နေရင်း တရားသူကြီးအဖြစ် ဖြန်ဖြေတော့မည့် ချွတ်ကရားကို

မကျေမနပ် ပြန်ပြောလိုက်လေ၏။

"ငါလည်း မငြင်းဘူး။ အမှန်အတိုင်းပြောတာ"ဟု တရုတ်ကလေး အဝိန်က မျက်စိမှေးမှေးအစုံကို အတန်ငယ် ပြူးပြူးကျယ်ကျယ်ဖွင့်ကာ ပြန်၍ ချေပလေသည်။ သို့နှင့်ကြောင့် နောက်မှ ရောက်လာသော တရားသူကြီးချွတ်ကရားမှာ ဆုံးဖြတ်ပေးဖန်ရန် ခက်ခဲနေသည့်အလား နှပ်တရှုံ့ရှုံ့ လုပ်နေလေ၏။

ကျွန်တော် ကိုယ်တိုင်မှာလည်း ဤသူငယ်သုံးဦး၏ အဖြစ်ကို ငေးကြည့်ရင်း ရယ်ချင်သလိုလို၊ စိတ်ဝင်စားလာသလိုလို ဖြစ်လာမိသည်။ အမှန်စင်စစ် သူတို့သည် ပန်းဆိုးတန်းဆိပ်ကမ်း နန်းသီတာတစ်ဝိုက်သို့ လာကြသော ကားများကို စောင့်ကြပ်ပေးကာ သဒ္ဓါကြေး ပေးသမျှ ကမ်းသမျှကိုယူလျက် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်၏။ သူတို့ကို အခါအားလျော်စွာ တွေ့ဖူး မြင်ဖူးသော်လည်း ယခုကဲ့သို့ သုံးယောက်စလုံးကို တစ်ခါတည်းနှင့် နီးနီးကပ်ကပ် တစ်ကြိမ်မျှ မတွေ့ဖူးသေးချေ။

နောက်ဆုံး၌ သူတို့သုံးယောက် ငြင်းခုံပွဲ၏အဖြေကို မစောင့်ဆိုင်းနိုင်တော့သည့်အဆုံး ကျွန်တော်သည် ကားပေါ်မှဆင်းလိုက်မိပါ၏။

"ဒီမှာဦးလေး သူတို့နှစ်ယောက် ဦးလေးကားနားကို ဘယ်သူအရင်ရောက်သလဲ"

တရားသူကြီး ချွတ်ကရားက မျက်မြင်သက်သေဖြစ်သော ကျွန်တော့်အား မေးခွန်းထုတ်နေပြန်ပါပြီ။

"ငါလည်း အမှတ်တမဲ့ပဲကွ"

ချွတ်ကရားသည် ကျွန်တော့်တွက်ချက်ကို နှစ်သက်ဟန်မတူ။ ဘဝင်ကျပုံမရ။

"အဲဒါခက်တာပဲ"ဟုပင် သူက ထပ်မံ ညည်းတွားနေလိုက်ပြန်ပါသေးသည်။ ကျွန်တော်ကား အကြံအိုက်နေပုံရသော တရားသူကြီး ချွတ်ကရားကိုလည်းကောင်း၊ ကျွန်တော့်ကား၏ ဘောနက်ပေါ်တွင် လက်ဖဝါးနှစ်ဖက်တင်ကာ ပွတ်နေသော ဇော်တူးကိုလည်းကောင်း၊ ကားတံခါးကိုမှီရင်း မျက်စိပေကလပ် ပေကလပ် လုပ်နေသော အဝိန်ကိုလည်းကောင်း တစ်လှည့်စီကြည့်ကာ ရယ်ချင်စိတ်ပေါက်လာစေကာမူ မရယ်မိစေရန် မျိုးသိပ်ချုပ်တည်းထားလိုက်သည်။



"နေစမ်းပါဦး။ ဘာဖြစ်လို့လဲကွ"

ကျွန်တော်က မသိချင်ဟန်ပြုကာ ထပ်မေးလိုက်သည်။ ချွတ်ကရားက မျက်စိတစ်ဖက်ကိုမှေးကာ "ဗြော် ဦးလေးကားကို ကြည့်ထားရမယ်မဟုတ်လား။ ဒီလိုကြည့်ထားရမယ်ဆိုတော့ ဦးလေးကားကို သူအရင်ရတာ၊ ငါအရင်ရတာဆိုပြီး ငြင်းကြတာပေါ့"ဟု ရှင်းပြသည်။

"ဒါဖြင့် နေစမ်းပါဦးကွ။ ငါ့ကားကို ဘယ်သူရသလဲ။ သူလား သူလား"

ကျွန်တော်က ဇော်တူးနှင့် အဝိန်ထံသို့ ညွှန်ကာ မေးလိုက်သည်။ ကာယကံရှင်နှစ်ဦးစလုံးမှာ ကျွန်တော့်ကိုလော။ သို့တည်းမဟုတ် သူတို့အချင်းချင်းကိုလောမသိ။ စိတ်ပျက်နေဟန်ရှိသည့်အပြင် စကားလည်း ပြောချင်ပုံမရ။ သို့သော် ဘာတစ်ခုကိုမျှ အဆုံးအဖြတ်မပေးနိုင်သည့် တရားသူကြီး ချွတ်ကရားကသာ ကြားမှဝင်၍ အဖြေပေးပြန်သည်။

"ဒီကောင်ကလည်း သူ ရတယ်ပြောတယ်။ ဒီကောင်ကလည်း သူရတယ်ပြောတယ်။ အဲဒါ ဘယ်သူအရင်ရသလဲ ကျွန်တော်ကလည်း မသိဘူး။ ဒီလိုပဲဦးလေးရေ၊ ဒီကောင်နှစ်ကောင်ဟာ သိပ်ငြင်းတာပဲ။ ကျွန်တော်လည်း ပြောလို့မရဘူး။ ဦးလေး ဘီယာသွားမသောက်ဘူးလား"

"ညွှေ့သည်တစ်ယောက်နဲ့ ချိန်းထားတယ်။ အထဲမှာ သွားရှာကြည့်ဦးမယ်ကွာ။ တကယ်လို့ အဲဒီညွှေ့သည်ရောက်နေရင် ကြာဦးမယ်။ ဟုတ်လား။ ညွှေ့သည်မရှိရင် ချက်ချင်းပြန်ထွက်လာခဲ့မယ်။ မင်းတို့ပြဿနာ မင်းတို့ရှင်းထားနှင့်ပေါ့။ ရန်လည်း မဖြစ်နဲ့နော်။ မင်းက တရားသူကြီးဆိုတော့ သေသေချာချာ အဆုံးအဖြတ်ပေးလိုက်ပေါ့ကွာ"

ကျွန်တော်သည် ပြဿနာကြီးတစ်ရပ်ကို ဖြေရှင်းရေးအတွက် ခေါင်းချင်းရိုက်လျက် ရှိကြသော လူသုံးဦးကို ထားခဲ့ကာ နန်းသီတာသို့ ဝင်ခဲ့၏။ ချိန်းထားသော မိတ်ဆွေညွှေ့သည်ကို ရှာသည်။ ရှာမတွေ့။ သို့နှင့်ကြောင့် ပြန်ထွက်လာကာ စောစောက ကားရပ်ထားသောနေရာသို့ ပြန်လျှောက်လာခဲ့မိသည်။

"ဦးလေး မြန်လှချည်လား။ ဘီယာဆိုတာ ဖိမ်နဲ့သောက်ရတာ"

"အေးကွ ညွှေ့သည်မတွေ့တာနဲ့ ပြန်ထွက်လာတာ၊ ဒီကပဲ ခဏစောင့်ကြည့်ဦးမယ်လေ။ ဒါထက်နေပါဦး။ မင်းလူနှစ်ယောက်ရော ဘယ်ရောက်သွားကြပြီလဲ"

ကားနားသို့ ပြန်အရောက်တွင် တရားသူကြီးအဖြစ် တာဝန်ယူသော ချွတ်ကရားတစ်ယောက်တည်းကိုသာ တွေ့ရသည်။ ဖော်တူးနှင့် အဝိန်တို့ကို မတွေ့ရတော့။ ကျွန်တော်က အထက်ပါအတိုင်း မေးလိုက်သောအခါ ချွတ်ကရားသည် ဝါကျင့်ကျင့် သွားကျဲကလေးများ ပေါ်သည်အထိ ပြုံးနေလေ၏။

"တခြားကားတွေဆီ သွားတယ်"

"နို့ သူတို့ကိစ္စရော ပြီးသွားပြီလား"

"ဟုတ်ကဲ့"

"ဘယ်လိုပြီးသွားတာလဲကွ ဝါ့ကားကို ဘယ်သူပိုင်သွားပြီလဲ။ ဖော်တူးလား အဝိန်လား"

"ကျွန်တော်က ဖော်တူး ပိုင်တယ်လို့ ပြောတာကို အဝိန်က မကျေနပ်ဘူး။ အမှန်ကတော့ ဖော်တူးက ဦးလေးကားနားကို အရင်ရောက်တာ။ ဒါပေမဲ့ အဝိန်ဆိုတဲ့ကောင်က သိပ်အငြင်းသန်တာ ဦးလေးရဲ့။ နောက်ဆုံးကျွန်တော်က ကဲ မင်းတို့ ဒီလောက်အငြင်းသန်ရင် ငါပြောမယ်။ ဟောဒီလက်ဖဝါးပေါ်က တံတွေးကို ငါ့လက်ဖဝါးစောင်းနဲ့ခွဲမယ်။ တံတွေးများများစင်တဲ့ကောင် ရမယ်ဆိုတော့ သူတို့နှစ်ယောက်စလုံးက တံတွေးနဲ့ခွဲတာကို သဘောမတူဘူး။ ခေါင်းပန်းလှန်နိုင်းတယ်။ ခေါင်းပန်းလှန်လိုက်တော့ ဖော်တူးအနိုင်ရတယ် ဦးလေးရဲ့။ ဒါပေမဲ့ အဲဒီလို ငြင်းနေရတာနဲ့ ကားသုံးလေးစီးလောက် လွတ်သွားတယ်။ တော်တော်ဆိုးတဲ့ ကောင်တွေ"

"ဒါထက် နေပါဦးကွ ချွတ်ကရားရေ မင်းတို့ ဒီမှာအလုပ်လုပ်တာ ကြာပြီလား"

"သိပ်မကြာသေးဘူး ဦးလေး ဘာဖြစ်လို့လဲ"

"ဩော် ဘာမှမဖြစ်ပါဘူးကွာ။ သိချင်လို့ပါ။ မင်းတို့ တစ်နေ့တစ်နေ့ကို ဘယ်လောက်ရကြသလဲ"

"ကားစောင့်ခကတော့ သိပ်မရပါဘူး ဦးလေးရာ၊ ကားလေးဘားလေး များများပေါလစ်ရှ် လုပ်ပေးရတယ်။ ရေဆေးပေးရတယ်ဆိုမှ တော်တော်လေးရတာပါ။ ဟိုတုန်းကတော့ ကျွန်တော်တစ်ယောက်တည်း ဒီအလုပ်လုပ်နေတာ။ နောက် တော်တော်ကြာတော့ အဝိန်ရောက်လာတယ်။ သူ ပြီးတော့တစ်ခါ ဖော်တူးရောက်



လာတယ်။ သူတို့လည်း ပိုက်ဆံလိုချင်တယ်။ အလုပ်လုပ်ချင်တယ် ဆိုတော့ ဒီမှာပဲ ကျွန်တော်နဲ့အတူ လုပ်နေကြတာပဲ"

ချွတ်ကရားက သူတို့သုံးယောက်၏ စီးပွားရေးလုပ်ငန်းကြီးအကြောင်းကို ပြန်ပြောင်းပြောပြသည်။ ရန်ကုန်မြစ်ဘက်ဆီမှ လေသည် တဟူးဟူး တိုးဝင်တိုက်ခတ်လျက်ရှိ၏။ ပန်းဆိုးတန်းဆိပ်ကမ်းတစ်လျှောက် ကတ္တရာလမ်းများနှင့် ဆိပ်ခံဘော့တံတားများတွင် အညောင်းပြေ လမ်းလျှောက်သူများ၊ လေညှင်းခံသူများနှင့် ပြည့်လျှမ်းလျက်ရှိသည်။ ဒလဘက်သို့ ပြန်ကူးကြမည့် ခရီးသည်တွေမှာလည်း ကမ်းနားရေစပ်၌ ဖောက်သည်ကို တကြော်ကြော်အော်ဟစ်၍ ခေါ်နေကြသည့် ကူးတို့ သမ္ဗန်ငယ်များနှင့် လုံးလားထွေးလား ဖြစ်နေကြသည်။

"ဟိုတုန်းက ကျွန်တော်တစ်ယောက်တည်း လုပ်နေတုန်းက တစ်နေ့ကို ၉ ကျပ် ၁၀ ရတယ် ဦးလေးရဲ့။ အခုတော့ ကျွန်တော်တို့ တစ်ယောက် တစ်ယောက်ကို သုံးလေးကျပ်ရအောင် မနည်းရှာရတယ်"

"မင်းက ကျောင်းမတက်ဘူးလား"

"ကျွန်တော်လား။ ကျွန်တော် ကန်တော်လေးက ကုလားကျောင်းမှာ စာဖတ်တယ်"

"မင်း အမေအဖေ ရှိသလား"

"အဖေမရှိဘူး။ ဘင်္ဂလားပြန်သွားပြီ။ အမေနဲ့ နေတယ်။ အမေက ဘီလူးမဈေးမှာ ငရုတ်သီးမှုန့် မဆလာရောင်းတယ်။ မနက်ဘက် ဈေးမှာ အမေနဲ့ ကူရောင်းပြီး ကျောင်းမှာ စာသွားဖတ်တယ်။ ညနေ ၃ နာရီထိုးရင် ဒီနန်းသီတာမှာ လာတာပဲ။ ဦးလေးညှိသည် မလာသေးဘူးလား"

"မလာသေးဘူးကွ။ မလာလည်း ကိစ္စမရှိပါဘူး။ ပြန်မှာပေါ့။ ဒါထက် မင်း သူငယ်ချင်းတွေအကြောင်း ပြောစမ်းပါဦး။ သူတို့ကရော ဘယ်ကလဲ၊ ဘယ်လိုလုပ် သိကြတာလဲ"

ချွတ်ကရားက အမေးအမြန်းထူလှသော ကျွန်တော့်အား စိတ်ပျက်လေသလားတော့မသိ။ သူ့ခေါင်းကို ကုတ်နေ၏။

"ဖော်တူးဆိုတဲ့ကောင်က ဒီကိုလာပြီး လုပ်နေတာ မကြာသေးဘူး။ ဟိုဘက် သန်လျင်ဘက်ကမ်းက သူ့အမေပြောင်းလာတာ။ သူလည်း ကျွန်တော့်လိုပဲ

အဖေမရှိဘူး။ ကျွန်တော့်အဖေကတော့ ဘင်္ဂလားပြန်သွားတာ။ သူ့အဖေကတော့ သေသွားတာ။ ဟောဟိုက သင်္ချိုင်းကြီးတွေမှာ ဆန်အိတ်သယ်တယ်လေ ဆန်အိတ် ပိသေသွားသတဲ့။ ဦးလေး သတင်းစာထဲ မတွေ့လိုက်ဘူးလား''

''အေး ဆန်အိတ်ပိသေတဲ့သတင်း တွေ့မိလိုက်သလိုလိုပဲကွ''

''အဲ အဲဒါ ဇော်တူးအဖေပေါ့။ အခုတော့ သူ့အမေက သန်လျင်ဘက် ပြောင်းပြီး ဗိုလ်တထောင်စာပို့ကြီးဆိပ်ကမ်းမှာ ကူလီထမ်းတယ်။ ဇော်တူးကို ကျောင်း မထားနိုင်ဘူး။ ဟိုအဝိန်ဆိုတဲ့ တရုတ်ကတော့ သူ့အဖေက အရက်ဆိုင်မှာ ခေါက်ဆွဲ ကြော်တယ်။ ဟိုတုန်းက အရက်ဆိုင်မှာ မြေပဲတို့ ပါပလာတို့ ရောင်းတာပဲ။ အခု အရက်ဆိုင်တွေကို ပြည်သူ့ပိုင်သိမ်းလိုက်လို့ အလုပ်မရှိတာနဲ့ ဒီလာလုပ်တာ။ နန်းသီတာ ညနေ ၃ နာရီမှ ည ၉ နာရီပိတ်တော့ ကျွန်တော်တို့ အလုပ်လုပ်ရတဲ့ အချိန်က နည်းနည်းလေးဖြစ်နေတယ်။ နောက်ပြီး ဟိုတုန်းကလို တစ်ယောက်တည်း မဟုတ်တော့ဘူး။ ကားစောင့်တဲ့လူက သုံးယောက်ဆိုတော့ ပိုက်ဆံကို ဝေယူရသလိုပေါ့။ ဘယ့်နှယ့်လုပ်မလဲ ဦးလေး။ မုန့်စားဖို့၊ ဘိုင်စကုတ်ကြည့်ဖို့ ကျွန်တော်လည်း ပိုက်ဆံလိုချင်တယ်။ သူတို့ကလည်း လိုချင်တယ်။ အဲဒီတော့ ဒီလိုပဲ လုပ်ကြပေါ့''

''အေးပေါ့ကွာ အလုပ်အတူတူ လုပ်ကြတာ ကောင်းပါတယ်။ ရန်လည်း မဖြစ်ကြနဲ့ပေါ့။ ကဲ ငါ့ကားအတွက် ဘယ်လောက်ပေးရမလဲဟေ့။ ညှိသည်လည်း မလာဘူး။ ပြန်မယ်''

''ဦးလေး ပေးချင်သလောက် ကြည့်ပေးသွားပါ။ ကျွန်တော် ဇော်တူးကို ပေးလိုက်ပါ့မယ်''

''ကဲ ရော့ကွာ အကြွေမရှိဘူး။ တစ်ကျပ်ပဲ ယူထားလိုက်။ ဇော်တူးကို ငါးမူးပေး မင်းနဲ့အဝိန်က တမတ်ယူပေါ့''ဟု ပြောဆိုနေခိုက် ဇော်တူးနှင့် အဝိန်တို့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာကြသည်။

''ဒီမှာဟေ့ ငွေတစ်ကျပ်၊ ဇော်တူးက ငါးမူးယူ၊ ကျန်တာကို ချွတ်ကရားနဲ့ အဝိန်က ခွဲယူကြ ဟုတ်လား။ မင်းတို့ ရန်လည်း မဖြစ်နဲ့နော်''

''ဟုတ်. . .ဟုတ်ကဲ့ဦးလေး''ဟု ဇော်တူး ကဗျာကသီ ပြန်ပြောသည်။ သို့သော် သူ့အမူအရာမှာ ကျွန်တော့်စကားကို စိတ်ဝင်စားပုံမရ၊ တစ်စုံတစ်ခုသော အကြောင်းအတွက် ရတက်မအေးသည့်ပုံမျိုး ဖြစ်နေလေသည်။



''ဟေ့ကောင် ဟိုမှာလာနေပြီ'' ဇော်တူးက ချွတ်ကရားကို လက်တို့ကာ ဆိပ်ကမ်းဘက်ဆီသို့ မေးငေါ့ပြသည်။ ဆိပ်ကမ်းရဲနှစ်ယောက် လမ်းလျှောက်လာ သည့်ကို ညွှန်ပြခြင်းဖြစ်သည်။

- ''လာ ပန်းခြံဘက်ပြေးစို့''ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ သုံးယောက်သည် ကျွန်တော့်ကိုပင် လှည့်၍မကြည့်နိုင်တော့ဘဲ ရပ်ထားသော ကားများအကြားမှ လျှိုဝင်ကာ ပန်းခြံဘက်သို့ ထွက်ပြေးပျောက်ကွယ်သွားကြလေ တော့သည်။

(၃)

ကျွ န်တော်ကား ပန်းဆိုးတန်းဆိပ်ကမ်းဆီမှ ပြန်ထွက်လာခဲ့မိစေကာမူ ချွတ်ကရား၊ အဝိန်၊ ဇော်တူးစသော လူသားသုံးယောက်၏ နုနယ်သော အရွယ်နှင့် ခက်ထန်ကြမ်းကြုတ်သည့် ဘဝတို့ကို နှိုင်းယှဉ်တွေးဆလာမိရင်း မည်သည့် အကြောင်းကြောင့်ဟူ၍ကား ရေရေရာရာ မသိ၊ ရင်ထဲတွင် မှိုင်းပြအုံ့ဆိုင်းလျက် ရှိနေပါတော့သည်။

မိမိတို့၏ တစ်ဝမ်းတစ်ခါးနှင့် မုန့်ဖိုးပဲဖိုးကလေးများအတွက် တတ်သမျှ ပညာကို အိတ်သွန်ဖာမှောက် အသုံးချကာ စီးပွားရေးလုပ်နေကြရသည့် ကျွန်တော့် မိတ်ဆွေ သူရဲကောင်းသုံးယောက်တို့သည် အခကြေးငွေယူ၍ ကားစောင့်ခြင်း အလုပ်ကို တားမြစ်ထားမှန်း သိကြသည့်အလျောက် ဆိပ်ကမ်းရဲများ၏ အရိပ် အယောင်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဖနောင့်နှင့် တင်ပါး တသားတည်း ကျအောင် ထွက်ပြေးပုန်းလျှိုးနေကြလေပြီ။

အတန်ကြာလျှင် ဤသူရဲကောင်းသုံးယောက်သည် သူတို့၏ တကယ့် စွန့်စားခန်းကြီးလည်းဖြစ်၊ စီးပွားရေးလည်းဖြစ်၊ အားကိုးအားထားရာလည်းဖြစ်သော မော်တော်ကားတန်းများအကြားမှ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန်အတွက် အပြစ်ကင်းစင်သော မျက်နှာငယ်ကလေးများဖြင့် ပုန်းလျှိုးကွယ်လျှိုး ပြန်ထွက်လာ ကြပေဦးတော့မည်။

**ငွေတာရီ**

**အောက်တိုဘာ၊ ၁၉၆၆**

# ကျွန်တော့်အမြိုက်တရား

(၁)

နေဝင်လုပြီမို့ အခန်းကလေးအတွင်း၌ အမှောင်ရိပ်များ ယှက်သန်းလာကြလေသည်။ ညနေစောင်းလာစဉ် တကျိုကျို တကျာကျာ မြည်အော်လျက် ရှိကြသော စာကလေးများ ဆက်ရက်ကလေးများ၏ အသံဘလံများသည်ပင်လျှင် အတန်ငယ် ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

အခန်းငယ်ကလေးအတွင်း၌ အမှောင်ရိပ်များသည် တိုးဝှေ့ဝင်ရောက်လျက်ရှိ၏။ တစ်ခါတစ်ရံ အပြင်ဘက်မှ သစ်ရွက်ကြွေသံကိုလည်းကောင်း၊ အိမ်တန်းရှာသော ငှက်အချို့၏ စကားသံကိုလည်းကောင်း ကြားတတ်သေးသည်၊ အခြားမှဲ၌ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်ခြင်းကသာ ကြီးစိုးလွှမ်းမိုးလျက်ရှိလေ၏။

သရက်ပင်များ၊ ကုက္ကိုပင်များ၊ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အေးချမ်းတိတ်ဆိတ်လှသော ကျောင်းသခ်မ်း၊ ပရဝုဏ်အတွင်းမှ အစီအရီ ဆောက်လုပ်ထားသည့် ကမ္မဋ္ဌာန်းကျောင်း အဆောက်အဦကလေးများသည်လည်း အသက်ကင်းမဲ့နေသော လောကဝန်းကျင်ပမာ တိတ်ဆိတ်ငြိမ်နေကြပြီဖြစ်၏။ ကမ္မဋ္ဌာန်းကျောင်းဆောင်များ အဖြစ် အုတ်တိုက်ကလေးများကို စီတန်းဆောက်လုပ်ပေးထားသည့်အနက် တစ်ခုသော အုတ်တိုက် ကမ္မဋ္ဌာန်းကျောင်း၏ အစွန်ဘက်အခန်းငယ်ကလေးအတွင်း၌ သံဃာတော်တစ်ပါးသည် ခုတင်ပေါ်တွင် တင်ပလ္လင်ခွေထိုင်ကာ လက်ဖဝါးနှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်တွင် ဖြန့်ချထားရင်း အသက်ကို မှန်မှန်ရှူလျက် တရားအားထုတ်



နေလေသည်။

သူကား ဦးပဍ္ဍင်း အရှင်ဝိသုတဘွဲ့ခံ ကျွန်တော်ပင်တည်း။

ကျွန်တော့်ဝမ်းဗိုက်သည် ပိန်လိုက်ဖောင်းလိုက် ဖြစ်နေ၏။ အသက်ရှူသံမှာ ပြင်းသည့်အခါ ပြင်းလာ၍ သိမ်မွေ့သည့်အခါ သိမ်မွေ့၏။ အသက်ရှူသွင်းလိုက်သောအခါ ဝမ်းဗိုက်သည် ဖောင်းသွားပြီး အသက်မှုတ်ထုတ်လိုက်သည့်အခါ၌ကား ဝမ်းဗိုက်သည် ပိန်ချပ်သွားလေ၏။ ကျွန်တော်၏ စိတ်အစဉ်မှာ ထင်ရာသို့ အတိုင်းအဆမရှိ ပျံ့လွင့်နေသည်ကိုလည်း သတိထားမိ၏။ တင်ပလ္လင်ခွေထိုင်နေသည့်အတွက် ခြေမျက်စိများ၊ ခြေသလုံးသားများ၊ ဒူးဆစ်များ ပူလာပြီးနောက် ညောင်းညာတောင့်တင်းလာ၏။ ခန္ဓာကိုယ်တွင် တွေ့ထိဖြစ်ပေါ်လာသော ဝေဒနာကို မြင်အောင်ရှု။ သိအောင်ရှုဟူသော အဆုံးအမအတိုင်း ညောင်းညာတောင့်တင်းလာသော ရုပ်ခန္ဓာကြီးကို မှတ်သည်။

ခြေသလုံးတွေ၊ ခြေမျက်စေ့တွေနှင့် ဒူးဆစ်တွေမှာ ညောင်းညာတောင့်တင်းလာသည်သာမက ထုံကျင်ကိုက်ခဲလာ၏။ ရုပ်ခန္ဓာတွင် ဝေဒနာတည်လေပြီဟူသော အသိကို ယူလျက် ယင်းဝေဒနာကို သိအောင် မှတ်သားမိပြန်သည်။ အတန်ကြာသောအခါ ထိုဝေဒနာတွေမှာ ခန်းခြောက်ပျောက်သွားသည်ဟု ထင်ရသည်။ အညောင်းအညာ အတောင့်အတင်းနှင့် ထုံကျင်ကိုက်ခဲမှုတွေမှာလည်း လွင့်စင်ပျောက်ကွယ်သွားလေတော့သည်။

ယင်းအခိုက်မှာပင် အပြင်လောကမှ ကျေးငှက်အော်သံ၊ ခွေးဟောင်သံစသည်တို့ကို ကြားရသည်။ သောတအာရုံ၌ ထင်ဟပ်လာသော အကြားတွေကို မှတ်ထားလိုက်သည်။

တရားပေးဆရာတော်က ဥပါဒါနက္ခန္ဓာ ငါးပါးရုပ်နာမ်တရားတို့ကို ဖြစ်တိုင်း မပြတ်ရှုရမည်ဟု မိန့်ကြားသည်ကိုလည်း သတိရလေသည်။ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသည်မှာ မြင်ခိုက်၊ ကြားခိုက်၊ နံသိခိုက်၊ စားသိခိုက်၊ ထိသိခိုက်၊ ကြံသိခိုက်ဟူသော ဤခြောက်ပါးတို့၌ အထင်အရှား တွေ့နေရသော တရားများကို ဆိုလိုကြောင်း ဆရာတော်က ရှင်းပြခဲ့ပေ၏။

ကျွန်တော်သည် ဆရာတော်၏ မိန့်ကြားချက်တွေကို တစ်ခုစီ ခွဲခြမ်းစိတ်ဖြာကြည့်၏။ မြင်ခိုက်၌ မြင်ရသော အဆင်းရုပ်ကိုလည်းကောင်း၊ မြင်ခြင်းကို ဖြစ်ပေါ်

စေသော မြင်ရာဌာနဖြစ်သော မျက်စိအကြည်ဓာတ်ရုပ်ကိုလည်းကောင်း၊ ကျွန်တော် မှတ်ထားရသည်။ အဆင်းအာရုံကို မြင်သိခြင်းတည်းဟူသော စက္ခုဝိညာဏ်၊ ခံစားခြင်းတည်းဟူသော ဝေဒနာ၊ မှတ်သားခြင်းတည်းဟူသော သညာ၊ မြင်ရအောင် အားထုတ်ခြင်းတည်းဟူသော သခါရစသည့် အသိနာမ်တရားစုတွေကိုလည်း မြင်နိုက်မှာပင် မြင်အောင်ရှုဖို့ ကြိုးစားသည်။ သို့ကလိုပင် နားဖြင့်အသံကိုကြားခိုက်၊ နှာခေါင်းဖြင့် အနံ့ကိုသိခိုက်၊ လျှာဖြင့် အရသာကိုစားသိခိုက်၊ ကိုယ်ဖြင့် အတွေ့အထိကို ထိသိခိုက်၊ နှလုံးဖြင့် သဘောအာရုံကို ကြံသိခိုက် စသည့် အခိုက်အတန့်ကလာတို့၌လည်း ရုပ်နာမ်တရားတို့၏ ထင်ရှားပုံကို သိမှတ်အပ်သည်ဟုဆိုသည်။

ရုပ်နာမ်နှစ်မျိုးတို့တွင် ရုပ်သည် နာမ်ထက်သာ၍ ထင်ရှားသည့်အတွက် ရုပ်ကိုသာ ရှုရမည်ဟု ဆရာတော်က အဆုံးအမပေးပါသည်။ ရုပ်အမျိုးမျိုးရှိသည့် အနက် မြင်ရ၊ ကြားရ၊ နံသိရ၊ စားသိရသော ဥပါဒါရုပ်တို့ထက် တွေ့ထိရသော ဘူတရုပ်တို့က သာ၍ထင်ရှား၏။ သို့မို့ကြောင့် မိမိကိုယ်ထဲ၌ တွေ့ထိရသော ရုပ်ကို စ၍ ရှုရမည်ဟု ညွှန်ကြားထားလေသည်။

အသက်ရှူလိုက်သည့်အခါတိုင်း ကျွန်တော့်ဝမ်းဗိုက်ထဲ၌ ဖောင်းချည် ပိန်ချည် လှုပ်ရှားလျက် တွေ့ထိနေရသောရုပ်ကို ဂရုစိုက်မှတ်ရှုသည်။ ကျွန်တော်၏ စိတ်သတိသည် ဝမ်းဗိုက်တွင် စူးစိုက်လျက်ရှိ၏။ ထိုအခါ၌ ကျွန်တော်၏ဝမ်းဗိုက်သည် ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်နှင့် လှုပ်ရှားလျှက် ဗိုက်ထဲ၌ တွေ့ထိမှုများ မပြတ်ဖြစ်နေသည်ကို သတိထားမိသည်။ ကျွန်တော်သည် အသက်ကို မှန်မှန်ရှူလျက် ရှိသဖြင့် ကျွန်တော့်ဝမ်းဗိုက်မှာလည်း ဖောင်းလိုက်ပိန်လိုက်ဖြင့် မှန်မှန်ဖြစ်ပေါ်နေသည်ကိုလည်း သတိထားမိသည်။

ယင်းအခိုက်မှာပင် ကျွန်တော့်စိတ်သတိသည် ဖောင်းပိန်နေသော ဝမ်းဗိုက်ဆီမှ တခြားသို့ထွက်သွားသည်ကို သတိထားမိပြန်၏။ ကျွန်တော်သည် စိတ်တခြားသို့ ထွက်သွားသည်ထင်သဖြင့် စိတ်ကိုထွက်သည်ဟု ရှုလိုက်၏။ တစ်စုံတစ်ရာသော အကြံကို ကြံသည်ဟုထင်သဖြင့် ကြံသည်ဟုရှုလိုက်၏။ တစ်ခုခုကို စဉ်းစားမိသည်ဟု ထင်သောကြောင့် စဉ်းစားမိသည်ဟု ရှုလိုက်ပြန်၏။

ကျွန်တော် ဖြတ်သန်းခဲ့ရသော ဘဝခရီးမှ အဖြစ်အပျက်တွေ၊ အတွေ့အကြုံတွေမှာ ဝိတ်ကားပေါ်တွင် ပေါ်လာသော ရုပ်ရှင်မြင်ကွင်းများပမာ တစ်ခုပြီး



တစ်ခု တရိပ်ရိပ် ပေါ်ထွက်လာကြပြန်သည်။ စိတ်ဆိုးစရာ၊ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ ချစ်စရာ မုန်းစရာတွေကို တစ်ခုစီသော်လည်းကောင်း၊ ရောနှော၍သော်လည်းကောင်း တွေ့ရသည်။ တစ်ကြိမ်သောအခါက အကြီးအကျယ် ရန်ငြိုးဖွဲ့ခဲ့ဖူး သူတစ်ဦး၏ ရုပ်ပုံလွှာကို ပြန်မြင်ရသည်။ ထိုသူ၏အကြောင်း ထိုသူ၏ရုပ်ပုံလွှာသည် ကျွန်တော့်အသိဉာဏ်၊ မှတ်ဉာဏ်များထဲမှ လွင့်စဉ်ပျောက်ကွယ်နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေလေပြီ။ ယခုမှပင် မှတ်မှတ်ရရ သူ့မျက်နှာသည် ကျွန်တော့်မျက်စိထဲ၌ တရေးရေးပေါ်လာလျက်ရှိ၏။

သူ့မျက်နှာကို မြင်လိုက်ရခိုက်တွင် မြင်သည်၊ မြင်သည်ဟု ရှုမှတ်နေစဉ် ကျွန်တော့်ခါးကြောကြီးမှာ တောင့်လာပြန်၏။ ဒူးကောက်ကွေးများဆီမှ နာကျင်ကိုက်ခဲလာပြန်သည်။ ကျွန်တော်၏ ရုပ်ခန္ဓာအတွင်းမှ ဒုက္ခဝေဒနာများပါတကား။

ယင်းဒုက္ခဝေဒနာတွေကို ညောင်းသည်၊ ညောင်းသည်၊ ပူသည်၊ ပူသည်၊ နာသည်၊ နာသည် စသဖြင့် ကျွန်တော် ရှုသည်။ ဒုက္ခဝေဒနာများသည် ပျောက်သွားကြ၏။ သို့ကလို ပျောက်သွားသောအခါတွင် ဖောင်းလိုက် ပိန်လိုက်ဖြစ်နေသော ဝမ်းဗိုက်ဆီသို့ စိတ်ပြန်ရောက်သွားသည်။ ကျွန်တော်၏ ခန္ဓာကိုယ်သည် ပေါ့ပါးနေ၏။ ဝမ်းဗိုက်ပြင်သည် ခါးဘက်ရှိ ကျောရိုးနှင့်ကပ်နေသည်ဟု ထင်ရသည်။ ကျွန်တော့် ခန္ဓာကိုယ်နှင့် စိတ်စေတသိက်တစ်ခုလုံးတွင် ကပ်ရောက်လျက်ရှိသော ဝေဒနာများ တွေ့ထိမှုများ အားလုံးကို ကျွန်တော်သည် ချုပ်ကိုင်ထားနိုင်ပြီဖြစ်၏။ ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်း၊ ချစ်ခြင်း၊ မုန်းတီးခြင်း စသော စိတ်စေတသိက်၏ လှုပ်ရှားမှုတွေ ကျွန်တော့်ဆီမှာ မရှိတော့သည့်အဖြစ်ကိုလည်း သတိရသည်။ ကျွန်တော့်စိတ်သတိသည် ရုပ်ခန္ဓာ၏အတွင်းမှာ ချည်မနေ၊ ရုပ်ခန္ဓာ၏ အပြင်ဘက်မှာလည်း မနေ၊ ကျွန်တော့် သမထအာရုံဝင်စားမှု၌သာ စွဲမြဲနေလေပြီ။

## (၂)

လွန်ခဲ့သော သကြံန်ကာလအတွင်းက ကျွန်တော်သည် ဒုလ္လဘရဟန်း ဝတ်ခဲ့လေသည်။

ဒုလ္လဘရဟန်းအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာ ကျောင်း၏ စည်းကမ်းအတိုင်း ကမ္မဋ္ဌာန်းတရား အားထုတ်ရသည်။ ရဟန်းတော်တို့၏

များပြားလှစွာသော သိက္ခာပုဒ်များကို လေ့လာမှတ်သားရသည်။

ကျွန်တော့်အတွက်ကား တရားနည်းပြဆရာတော်၏ သင်ကြားပို့ချချက်များ အားလုံးမှာ စိတ်ဝင်စားဖွယ်ရာချည်းသာ ဖြစ်နေ၏။ တရားအားထုတ်ရသည်မှာ သိမ်မွေ့နူးညံ့အလုပ်ဖြစ်သည်ဟု ထင်မိ၏။ ရဟန်းတော်များသာမက ဝတ်ကြောင်နှင့် တရားအားထုတ်သော လူယောဂီများစွာတို့လည်း ရှိကြသေးသည်။ အချင်းချင်း စကားအပြောအဆို နည်းနိုင်သမျှနည်းရသည်။ အိပ်ရင်း၊ စားရင်း၊ လမ်းလျှောက်ရင်း၊ ဝေယျာဝစ္စလုပ်ကိုင်ရင်း တရားအသိကိုရအောင် ဆင်ခြင်ကျင့်ကြံရသည်။

ကျွန်တော်သည် ဒုလ္လဘရဟန်းအဖြစ်နေခိုက် ရက်ပိုင်းအတွင်း၌ ကျွန်တော် မသိဖူး မရောက်ဖူးသေးသော တရားလောကသို့ ဝင်ကြည့်မည်ဟု စိတ်နှလုံး ဒုန်းဒုန်းချထားခဲ့ပြီးဖြစ်၏။

လူတစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်း အလုပ်မျိုးစုံတွင် ကျင်လည်ခဲ့ပြီးလေပြီ။ အိမ်ထောင်ရှင် အိမ်ထောင်ဦးစီးပီပီ ဇနီးဖြစ်သူနှင့် ကလေးလေးတစ်ယောက်၏ တာဝန်ကို မနားမနေ ကျွန်တော် ကြိုးပမ်းဆောင်ရွက်ခဲ့လေပြီ၊ ကျွန်တော်၏ ချစ်လှစွာသော ဖခင်မှာ ဆုံးပါးကွယ်လွန်ခဲ့လေပြီ။ ကျွန်တော်သည် မက်မောလောက်သောဝင်ငွေကို နှစ်ပေါင်းများစွာ ရယူခဲ့ပြီးလေပြီ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အတွေ့အကြုံမှာ ရာဇဝင်အတိုင်းအတာအားဖြင့် ချိန်ထိုးသည်ရှိသော် အလွန်တရာ တိုတောင်းသေးငယ်လှသော်လည်း ယင်းဘဝမျိုးစုံနှင့် အတွေ့အကြုံမျိုးစုံကိုမူ တွေ့ရ ရင်ဆိုင်ခဲ့ရဖူးလေပြီ။

သက်တမ်းတစ်လျှောက်တွင် ဝမ်းနည်းခဲ့ဖူးသလို ဝမ်းသားခဲ့ဖူးသည့် အကြိမ်ပေါင်းလည်း မရေမတွက်နိုင်တော့။

သို့မို့ကြောင့် အေးငြိမ်းချမ်းမြေ့သော အမြိုက်တရား၏ ရင်ခွင်းတွင်းသို့ တိုးဝင်ကြည့်ချင်စိတ်တွေ ပေါ်လာခဲ့သည့်အတိုင်း ကျွန်တော်သည် ဤအေးချမ်းသော သူတော်စင်တို့ဒေသသို့ အရောက်လာခဲ့လေသည် မဟုတ်ပါလော။

ဝိနည်းသိက္ခာပုဒ်တွေကို ထိန်းသိမ်းရသော ရဟန်းတစ်ပါးအဖြစ် ကျွန်တော်သည် တရားအားထုတရန် ကြိုးပမ်းလေသည်။ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းသည် ဆင်းရဲခြင်း၏ အဆုံးစွန်သော နိဗ္ဗာန်သို့ရောက်၍ အိုခြင်း၊ သေခြင်း စသည့် ဆင်းရဲခြင်းများမှ လွတ်မြောက်ရန်အလို့ငှာ ကျင့်ကြံကြိုးစားခြင်း



မည်ပေသည်။

သတ္တဝါတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိတဲ့ ဆင်းရဲဒုက္ခကိုလည်း မတွေ့ရဘဲ အမြဲတမ်း ချမ်းသာလျက်သာ နေလိုကြသည်သာဖြစ်၏။ ဤသည်မှာ ကျွန်တော် အပါအဝင် လူသတ္တဝါအားလုံး၏ အလိုပင်ဖြစ်၏။ သို့သော် ထိုအလိုရှိသည့်အတိုင်း မဖြစ်မူ၍ ဘဝသည် အိုလည်းအိုရ၊ နာလည်းနာရ၏။ ဘေးဒုက္ခအမျိုးမျိုးနှင့်လည်း တွေ့ရ၍ စိုးရိမ်ပူဆွေးရ၏။ ငိုကြွေးရ၏။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း အမျိုးမျိုးကိုလည်း တွေ့ရ၏။ အဆုံးစွန်၌ ဘဝသည် ချုပ်ငြိမ်းရသေး၏။ တရားတော်၏ အလိုအရဆိုလျှင် ယင်းသို့ ချုပ်ငြိမ်းရုံနှင့်လည်း မပြီးပြတ်သေး၊ ဘဝ၌ ခင်မင်တွယ်တာမှု မကင်းသေးသူတို့မှာ ဘဝသစ်၌ တစ်ဖန်ဖြစ်ကြရပြန်၏။ ဘဝအသစ် အသစ် ဖြစ်ပေါ်နေသမျှ အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဆင်းရဲများ ရှိနေသည်သာဖြစ်၏။ ဘဝသစ်ဟူသည်မှာလည်း သက်ရှိဘဝ၌ ခင်မင်တွယ်တာသော တဏှာရှိနေသောကြောင့်သာလျှင် ဖြစ်ပေါ်လာနိုင်၏။ သို့မို့ကြောင့် ဘဝတဏှာကို ကင်းငြိမ်းအောင် အားထုတ်ကျင့်ကြံရမည်ဟူသော အဆိုအမိန့်ကို ကျွန်တော် အာရုံစူးစိုက်လိုက်ပါသည်။

ယင်းအာရုံစူးစိုက်ခြင်းဖြင့် တရားအားထုတ်ရသည်။

တရား၏ အရိပ်အာဝါသကား အေးမြလှချေ၏။ ကျွန်တော့်စိတ်သည် အကြောင့်ကြမဲ့သော တည်ငြိမ်အေးချမ်းသော ဘုံတစ်ခုခုတွင် ရစ်ခိုနားနေလေပြီဟု ထင်ရ၏။ အလုံးစုံသော တရားကို အကြွင်းမဲ့မသိစေကာမူ လတ်တလော ကျင့်ကြံရသည့် ကိုယ်စိတ်နှလုံး ထိန်းသိမ်းမှုများကြောင့် ကျွန်တော့်တစ်ကိုယ်လုံးမှာ သန့်စင်အေးမြလျက်ရှိ၏။ ကိလေသာနယ်၏ အညစ်အကြေးများ ကင်းစင်လျက် လောဘ၊ ဒေါသ အနိုးအလှုံ့တွေ တလူလူဝေနေသော အဖြစ်မှ ရုန်းထွက်ကာ အေးချမ်းသည့် တရားနယ်နိမိတ်၏ အစွန်းအနားတွင် ကျွန်တော် ဝဲရစ်၍ နေလေပြီ။

တပ်မက်ခြင်းတဏှာတွေ အထပ်ထပ် ရစ်ပတ်နေသော လူတစ်ယောက်အဖြစ် လှမ်းခဲ့သော လမ်းကြောင်းကို ကိုယ့်ဘာသာကိုယ် ပြန်မြင်လာသည်။ ယင်း တပ်မက်ခြင်းတဏှာတို့သည် ဘဝဆိုင်ရာ ရုပ်၊ နာမ်တို့၏ အပြစ်ကိုမသိမြင်ခြင်း၊ ထိုဘဝဆိုင်ရာ ရုပ်၊ နာမ်တို့ထက် သာလွန်ကောင်းမြတ် တင့်တယ်လှစွာသော နိဗ္ဗာန်တရားကို မသိမြင်ခြင်းစသည့် အကြောင်းရင်းခံများ၌ မြစ်ဖျားခံလျက်ရှိလေ

သည်။ သို့မို့ကြောင့်လည်း ရုပ်၊ နာမ်တို့၏အပြစ်ကို မြင်အောင်ရှုရသည်။ ကိုယ့်ကိုယ်တိုင်ပင်လျှင် အစိုးမရသော ယင်း ရုပ်၊ နာမ်တို့၏ ဖောက်ပြန်မှုတွေကို နားလည်အောင် ကြိုးစားရသည်။ ဘဝ၌ ခင်မင်တွယ်တာသော တဏှာမီးကို တရားရေအေးဖြင့် ငြိမ်းသတ်ဖို့ အားထုတ်ရသည်။

သည်လိုနှင့်ပင် ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ အမြိုက်တရားရွတ်ဆိုသံများအကြား၌ ခေတ္တခဏမျှသာ ဖြစ်စေကာမူ ကျွန်တော်သည် မေ့လျော့ဖို့ ကြိုးစားနေမိသည်သာတည်း။

(၃)

"ဘယ်နှယ့်လဲ တရားထိုင်တာ။ တော်တော်လေး ခရီးရောက်ရဲ့လား"

ဒုလ္လဘရဟန်းအဖြစ်မှ လူဝတ်လဲကာ အိမ်သို့ပြန်ရောက်လာသောအခါ ဇနီးဖြစ်သူက မေးလေသည်။

ကျွန်တော်သည် ရုတ်တရက်အားဖြင့် မည်သို့အဖြေပေးရမည်မသိ ဖြစ်နေ၏။ ကျွန်တော့်သားသုံးယောက်နှင့် သမီးတစ်ယောက်မှာ ကျွန်တော့်အပါးတွင် ဝိုင်းလာကြလေ၏။ သူတို့သည် ရက်သတ္တတစ်ပတ်ခန့်မျှ ခွဲခွာနေရသောအဖေ ပြန်လာသည်မို့ ပျော်ရွှင်မြူးတူးနေကြ၏။ ကျွန်တော်ကလည်း အပါးတွင်ဝိုင်းလာကြသော သားသမီးတွေကို တစ်လှည့်စီ တစ်ယောက်စီ အားပါးတရ ကြည့်နေမိလိုက်၏။ ကျွန်တော့်သားအကြီးမှာ ၁၃ နှစ်ရှိပေပြီ။ သားအလတ်မှာ ၁၀ နှစ်၊ သမီးက ၇ နှစ်၊ သားအထွေးဆုံးက ၃ နှစ် စသည်ဖြင့် ထွားထွားရွှားရွှား သားသမီးတွေမို့ သူတို့ကိုကြည့်ကာ ကြည်နူးလာမိသည်။

ဇနီးသည်ကား မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း ဘာသာတရား၌ ကိုင်းရှိုင်းသူဖြစ်၏။ သို့မို့ကြောင့်လည်း ဒုလ္လဘရဟန်းဝတ်ကာ ဝိနည်းတော်များ သိက္ခာပုဒ်များကို ထိန်းသိမ်းနေနိုင်ခဲ့သည့် ကျွန်တော့်အပေါ်၌ များစွာ စိတ်ဝင်စားနေခြင်းဖြစ်၏။

"တရားထိုင်တာ ဘယ့်နှယ့်လဲ။ ခရီးရောက်ရဲ့လား။ ဉာဏ်စဉ်အထိ မတက်ခဲ့ဘူးလား"

ဇနီးဖြစ်သူက သိလိုဇောပြင်းထန်နေသည့်အတွက်ကြောင့် ထင်ပါသည်။



ဤမေးခွန်းကိုပင် ထပ်မေးနေလေ၏။

"ဉာဏ်စဉ် ဘယ်ရပ့်မလဲကွာ။ ဒီလောက်ရက်လေးနဲ့။ ဒါပေမဲ့ စိတ်ရောကိုယ်ပါ တော်တော်လေး အေးချမ်းသာ။ အခိုက်အတန့်တော့ တို့ပတ်ဝန်းကျင်တွေ၊ တို့လောကတွေကို မေ့လို့ရတာပေါ့လေ"

ကျွန်တော်က အမှန်အတိုင်းပင် ဖြေလိုက်ပါသည်။ "အင်းလေ ကောင်းပါတယ်။ တတ်နိုင်သလောက် အားထုတ်ကြည့်တယ်ဆိုတာ အပြစ်မရှိပါဘူး။ ကဲ သားတို့ရေ မင်းတို့ဖေဖေ့နားမှာ ကပ်နေလို့ မပြီးသေးဘူး။ ဒီနေ့ ဆီထုတ်ဖို့ရက် မဟုတ်လား။ သားကြီးက သွားကွယ်။ ပြည်သူ့ဆိုင်သွားပြီး ဆီလက်မှတ်ထပ်ထား။ တော်တော်ကြာနောက်ကျနေလို့ နောက်တစ်ပတ်မှ ထုတ်နေရဦးမယ်။ ဆီလက်မှတ်ထပ်ထားပြီးတော့ အဲဒီဆိုင်က ဦးလေးကိုမေးကြည့် ကြက်သွန်နဲ့ ငြုပ်သီးရော တစ်ခါတည်းရမလားလို့နော်"

"ဆီလက်မှတ်ထပ်ပြီး တန်းစီနေတယ်ဆိုရင်ကော ကျွန်တော် စီနေရမလား မေမေ" သားကြီးက ပြန်မေးလိုက်၏။ "အေးကွယ် စီနေပေါ့။ ကောင်းကောင်းစီနော်။ တခြား ကိုယ့်ထက်အရင်ရောက်နေတဲ့ လူတွေရှေ့ကို ကျော်တက်လား ဘာလား မလုပ်နဲ့သိလား။ ဆိုင်ကလူကြီးတွေကို မေးရင်စမ်းရင်လည်း ကောင်းကောင်းမွန်မွန် ယဉ်ယဉ်ကျေးကျေးမေး သိလား"

"ဟုတ်ကဲ့ မေမေ" ဟုဆိုကာ သားကြီးသည် ဆီချိုင့်ကိုဆွဲကာ ပြည်သူ့ဆိုင်ဘက်သို့ ထွက်သွားလေ၏။

"ဟောတော့ သားကြီးက ဆီလက်မှတ်မေ့သွားပြန်ပြီ။ ကဲ သားလတ်က လိုက်ပေးစမ်းပါဦးကွယ်။ တော်တော်ကြာ မင်းကိုကို တစ်ခေါက်ပြန်လာနေရဦးမယ်နော်။ ငါ့သားက လိုက်ပေးလိုက်။ အဝတ်လျှော်ဆပ်ပြာရော ရမလားဆိုတာပါ ကြည့်ခဲ့ဟုတ်လား"

သားလတ်သည် ဘီရိုပေါ်တွင်တင်ထားသော ဆီလက်မှတ်ကိုယူကာ သူ့အစ်ကိုနောက်သို့ လိုက်သွားလေ၏။

ထိုအခါ၌ သားအထွေးသည် ကျွန်တော့်ပေါင်ပေါ်တွင် လာထိုင်ပါသည်။ ဆော့ကစားထားသည့်အတွက် သူ့နဖူးပြင်နှင့် နှုတ်ခမ်းတစ်ဝိုက်တွင် ချွေးစီးချွေးစက်ကလေးများ တွဲရရွဲနှိုလျက် ရှိလေသည်။ သူသည် ချူချာလှ၏။ မကြာခဏ အအေးမိ

ကာ ဖျားတတ်၏။

"တော်ပါသေးရဲ့ သားကလေးက အခုတလော တော်တော့်ကို ကျန်းမာနေလို့။ ဒါပေမဲ့ ဖေဖေ ပြန်လာရင် သူ့ကို သေနတ်တစ်လက်ဝယ်ပေးရမယ်ဆိုပြီး ပြောပြောနေတယ်"

"ဟုတ်လား ငါ့သားက သေနတ်လိုချင်လို့လား"

"အင်း"

"သေနတ်တိုတိုက တစ်ခု၊ ရှည်ရှည်က နှစ်ခု"ဟု မပီကလာ ပီကလာ ပြောသည်။ သေနတ်တိုတိုတစ်ခုဟုဆိုကာ လက်လေးချောင်းသာ ထောင်ပြပြီး သေနတ်ရှည်ရှည် နှစ်ခုဟုဆိုကာ လက်တစ်ချောင်းသာ ထောင်ပြလေသည်။

"အေးကွာ သားကို ဖေဖေက ဝယ်ပေးမှာပေါ့နော်။ သေနတ်တိုတိုရော ရှည်ရှည်ရောနော်"

ကျွန်တော်က သားလေး၏နဖူးပြင်ကို ညင်သာစွာပွတ်ကာ ချွေးစက်ချွေးပေါက်ကလေးများအား သုတ်ဖယ်ပေးလိုက်သည်။

"အင်း အဖေလုပ်တဲ့လူပြန်လာတော့ သားတွေ၊ သမီးတွေက ဟိုဟာဝယ်နိုင်းမယ် ဒီဟာဝယ်နိုင်းမယ်နဲ့ ကျောင်းလခတွေကလည်း ပေးရဦးမယ်။ မီတာခလည်း ဆောင်ရဦးမယ်။ ကိုယ်တော့ စိတ်မောစရာဖြစ်နေမှာပဲ။ ဒီလိုဖြစ်မဲ့အတူတူ တရားထိုင်နေတာ ကောင်းသားလို့ မထင်မိဘူးလား"

ဇနီးဖြစ်သူက သို့ကလိုပြောရင်း ကျွန်တော့်အား အကဲခတ်သလို လှမ်းကြည့်နေသည်။

"ကျောင်းလခတွေက ဖွင့်စဆိုတော့ နှစ်လခစီပေါ့နော်။ အားလုံးပေါင်း ဘယ်လောက်ကျမလဲ။ တွက်ကြည့်စမ်းကွာ"

"နှစ်လခစီဆိုတော့ သုံးယောက်ပေါင်းအတွက် ၉၀ ကျမယ်။ စာအုပ်ဖိုးနဲ့ အဝတ်အစားပါဆို ၁၅၀ ကျော်မယ်ထင်တာပဲ။ အိမ်လခတို့၊ သတင်းစာဖိုးတို့ပါဆို စုစုပေါင်း ၂၅၀ လောက်ကုန်မယ်"

သို့ကလို ပြောပြီးနောက် ကျွန်တော်တို့သည် ဆိတ်ငြိမ်လျက်ရှိ၏။ အတန်ကြာ ငြိမ်သက်နေပြီးမှ ဇနီးဖြစ်သူက ဆက်ပြောပြန်ပါသည်။

"ဘယ့်နှယ့်လဲ တရားထိုင်ရတာ အေးချမ်းသလောက် အိမ်ပြန်ရောက်



လာတော့ စိတ်ရှုပ်ရပြီမဟုတ်လား"

သူ့အမေးမှာ သွေးတိုးစမ်းသော အမေးမျိုးဖြစ်သော်လည်း တိကျသည်။ မှန်ကန်သည်။ ဒုလ္လဘရဟန်းဘဝတွင် တရားထိုင်ကာ စိတ်၏အေးချမ်းသာယာမှုတွေကို ရှာဖွေကြည့်သော ကျွန်တော့်အတွက် ရဟန်းဘဝမှထွက်၍ ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် ရှုပ်ထွေးများပြားသော အိမ်ထောင်သည်ဘဝ၏ ပြဿနာတွေကို ရင်ဆိုင်ရတော့မည်ဟူ၍ မဆွကပင် စဉ်းစားခဲ့မိပြီးဖြစ်၏။

"အခု သုံးစရာပိုက်ဆံ ဘယ်လောက်ရှိသေးသလဲ"

သူ့အမေးကို မဖြေသေးဘဲ ကျွန်တော်က ပြန်၍မေးလိုက်၏။

"ဟိုစာအုပ်တိုက်ကရထားတဲ့ ငွေတစ်ရာလည်း သားလေးဆေးဖိုးနဲ့ ဟိုဟာဝယ်ရ ဒီဟာဝယ်ရနဲ့ အစိတ်လောက်ပဲ ကျန်တော့တယ်။ သားလေးက ချူချာတော့ ဆေးဖိုးကလည်း သိပ်ကုန်တာပဲ။ ပြောတောင် မပြောချင်ပါဘူး။ အိမ်ပြန်ရောက်ရောက်ချင်း ဦးနှောက်ရှုပ်နေမှာစိုးလို့"

ပြောရင်းဆိုရင်းနှင့်ပင် ဇနီးသည်မျက်နှာမှာ အတန်ငယ် ပြုံးလျလာသည်ကို သတိထားမိလေသည်။ ကျွန်တော့်အတွေးများကား မိနစ်ပိုင်းအတွင်းမှာပင် အရှိန်ပြင်းစွာ ဝင်ချည်ထွက်ချည် ဖြစ်နေကြ၏။ ကျွန်တော်သည် သောက အေးငြိမ်းသောဘဝကို ရှုစမ်းခဲ့သည်မှာ မှန်၏။ သို့သော် ကျွန်တော် မျက်မှောက်ပြုနေရသော လက်တွေ့ဘဝကား အလုံးစုံသော သောကတို့ အေးငြိမ်းရာ ဘဝမဟုတ်၊ အခက်အခဲတွေ ခလုတ်ကန်သင်းတွေ ထူပြောသည့်ဘဝသာဖြစ်၏။ ကျွန်တော့်သားသမီးများ စားဝတ်နေရေးအတွက် ယင်းအခက်အခဲတွေကို ကျော်လွှားဖြတ်သန်းကာ ရုန်းကန်လှုပ်ရှားရဦးမည့် ဘဝသာဖြစ်၏။ သို့မို့ကြောင့်လည်း နုနယ်၍ အပြစ်ကင်းစင်သော သားနှင့်သမီးတို့ကိုလည်းကောင်း၊ ကောင်းတူဆိုးဘက် လောကဓံလှိုင်းကံမုန်တိုင်းတို့၏ ထုထောင်းရိုက်ပုတ်ချက်ဟူသမျှကို မှုတခံယူတတ်သော ဇနီးသည်ကို လည်းကောင်း ရှုန်းရှုန်းစားစားကြည့်ရင်း ပြောလိုက်မိပါသည်။

"စိတ်ပျက်စရာ ဦးနှောက်ရှုပ်စရာ မလိုပါဘူးကွာ။ လူ့ဘဝအသိုက်အမြုံထဲမှာ ရောက်နေပြီပဲဟာ။ အခက်အခဲတွေကြားမှာပဲ ကိုယ်တို့ လူ့ဘဝတာဝန်ကို ဦးထမ်းပဲ့ထမ်း ထမ်းလာကြပြီမဟုတ်လား။ ကိုယ်က ဒီတာဝန်ကို ခေါင်းရှောင်ပြီး

ကိုယ့်တစ်ယောက်တည်း အေးရာအေးကြောင်း သွားနေရင် တရားပါ့မလား။ ကိုယ်လွတ်ရုန်းထွက်ရာ မရောက်ဘူးလား။ သားလေးတွေ၊ သမီးလေးတွေရဲ့ တာဝန်ကို ဘယ်လောက်ပဲ အခက်အခဲရှိရှိ ဆက်ထမ်းဆောင်ရမှာပေါ့။ ကိုယ်တို့တာဝကို ကိုယ်တို့ ခြေအစုံပေါ်မှာ ခိုင်ခိုင်မာမာရပ်ဖို့ ကြိုးစားရမယ်လေ။ အဲဒါဟာ ကိုယ့်အတွက် အမြိုက်တရားပေါ့။ မဟုတ်ဘူးလားဟင်''

ကျွန်တော့်အမေးကို ဇနီးသည်က ပြန်လည်ဖြေကြားခြင်းမပြုပါ။ သို့သော် သူ့နှုတ်ခမ်းအစုံတွင်မူ အပြုံးပန်းကလေးများ ဖူးပွင့်စပြုနေသည်ကိုကား မှုချ ဆက်ဆက် ကျွန်တော် တွေ့လိုက်ရပါသတည်း။

ငွေတာရီ
မတ်လ၊ ၁၉၆၅

# လောကကို အလှခြယ်

## (၁)

အမှန်စင်စစ်အားဖြင့် တစ်နေ့တာလုံးလုံး မနားမနေ အလုပ်လုပ်ရခြင်း ဆိုသည်မှာ ပင်ပန်းရိုးအမှန်ပင်ဖြစ်၏။ ကျောတောင့် ခါးတောင့် စသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများ၏ ပင်ပန်းနွမ်းနယ်ခြင်းသာမက ဟိုအရေး တွေးရ၊ သည်အရေး တွေးရသော စိတ်ဓာတ်၏ ပင်ပန်းနွမ်းနယ်မှုကပါ ပူးပေါင်းနှိပ်စက်ပြန်သည်။ သို့မို့ ကြောင့်လည်း ကျော်ခင်သည် ဆိုက်ကားကို အရိပ်ကောင်းကောင်းရသော လမ်းဘေး တစ်နေရာတွင် ထိုးရပ်လိုက်ပြီးနောက် နဖူးပြင်တွင် သီးစက်နေသည့် ချွေးစများ ကို သိမ်းသပ်ရင်း ခေတ္တခဏမျှ နားနေမိခြင်းဖြစ်၏။

ရန်ကုန်နေမှာ အစွမ်းကုန်ပူပြင်းတောက်လောင်လျက် ရှိသည်။ တွေ့တွေ့ သမျှ သက်ရှိသက်မဲ့ အရာဝတ္ထုတိုင်းကို ကြမ်းတမ်းခက်ထန်သော အပူရှိန်ဖြင့် ရိုက်ပုတ် ညှဉ်းပန်းနေသည်ဟု ထင်ရသည်။ လွန်ခဲ့သော တစ်ရက် နှစ်ရက်အတွင်းက မိုးတစ်ပြိုက် နှစ်ပြိုက်မျှ ရွာပြီးသည်မှာ မှန်၏။ မိုးရွာစဉ်အခါကဆိုလျှင် မိုးသက်လေ ၏ အေးမြသော အတွေ့အထိကို နှစ်လိုဖွယ်ရာ ပွေ့ဖက်ရသေးသည်။ သို့သော် ရန်ကုန်ကဲ့သို့သောမြို့ကြီး၌ နေထွက်လာသည်နှင့် တစ်ပြိုင်နက် နေ၏အပူရှိန်တွင် ကတ္တရာလမ်းများ၊ တိုက်တာအဆောက်အအုံများမှ ထုတ်လွှတ်သော အပူရှိန်တို့ ရောနှောမိကာ လောကတစ်ခုလုံးကို ပိုမို၍ပူပြင်းတောလောင်အောင် ဖန်တီးသည်သာ ဖြစ်လေသည်။

သို့မို့ကြောင့်လည်း ကျော်ခင်သည် တငွေ့ငွေ့ ပူနေသော သားရေဖင်ထိုင်ခုံ

ပေါ်မှဆင်းကာ ခွေးရွဲနေသည့် လုံချည်ကို လှည့်၍ဝတ်လိုက်ပြီးနောက် ခါးကြောကို ဆန့်နေမိ၏။

သူ့ဆိုက်ကားရပ်ထားသော နေရာမှာ ခရေပင်အရိပ်များ စီးမိုးလျက်ရှိသည့် နေရာဖြစ်သဖြင့် အေးမြလေသည်။ အဝေးတွင် နိုင်ငံတော်ညွှန့်ဂေဟာ၏ အဝင်ဝ သံတံခါးကြီးကို လှမ်းမြင်ရသည်။ ခရေပင်များ စီတန်းကာပေါက်နေသည့် လမ်းဘေးတစ်ဖက်တစ်ချက်၌လည်း တိတ်ဆိတ်ငြိမ်သက်သော အိမ်ကြီးအိမ်ကောင်းများ အစီအရီ ရပ်နေကြသည်။

ကျော်ခင်သည် ခါးကြောနှင့် ခြေသလုံးကြောများကို အားပါးတရ ဆန့်ပြီးသောအခါ ဆိုက်ကားကူရှင်ပေါ်သို့ တက်ထိုင်လျက် အပူငွေ့အပူရှိန်တွေ ရိုက်ခတ်ခုန်ပျံနေသည့် လမ်းမပေါ်သို့ အဓိပ္ပာယ်ကင်းမဲ့စွာ ကြည့်နေမိ၏။ အတန်ငယ်လှမ်းသော ပြည်ထောင်စုရိပ်သာလမ်းမပေါ်တွင် တစ်ခါတစ်ရံ ကားကြီးကားငယ်တွေ ဖြတ်သန်းသွားကြသည့်အခါ၌ ပေါ်ထွက်လာသော စက်သံ၊ ဟွန်းသံမှအပ အခြားမည်သည့် အသံဗလံ ဟူ၍မျှ မရှိအောင် တိတ်ဆိတ်အေးမြသော နေရာပင်ဖြစ်လေရာ သူသည် နောက်ကူရှင်ကို ခါးအောက်၌ခံရင်း ကျောဆန့်နေမိပြန်၏။

''ဒီညတော့ စောစောပဲသိမ်းခဲ့ပါ ကိုကျော်ခင်ရယ်''

အေးရှင်၏အသံက ကျော်ခင့်နားဝမှာ လာရောက်ရိုက်ခတ်လေသည်။ အေးရှင်သည် လောဘကြီးသော မယားဖြစ်၏။ ပိုက်ဆံတွေ အများကြီး ရချင်၊ လက်ထဲ၌ ပိုက်ဆံများများကိုင်ချင်သော မိန်းမဖြစ်၏။ အေးရှင်၏ ငွေကြေးရမ္မက်ကို ကျော်ခင်က မနှစ်သက်ရိုးမှန်သည်။ သို့သော် အေးရှင်ကို သူ ချစ်၏။ ငွေမက်သည် ငွေရချင်သည်၊ ချောင်ချောင်လည်လည် နေချင်သည်မှအပ အေးရှင်သည် သူ့အပေါ်၌ အလွန်ဝတ္တရားကျေပွန်သော မယားဖြစ်သည် မဟုတ်ပါလော။

''ကြည့်သေးတာပေါ့ကွာ။ လဆန်းရက်ဆိုတော့ နည်းနည်းများ ပိုဆွဲလို့ ကောင်းမလားမသိဘူး''

''အင်း. . .လဆန်းရက်တော့ လဆန်းရက်ပဲ။ ဒါပေမဲ့ ကျွန်မများ သိပ်ဗိုက်နာနေမလားလို့ စိုးရိမ်လို့ပြောတာပါတော်။ သိပ်ဗိုက်နာနေရင် အိမ်မှာ ကလေးတွေနဲ့ချည်းဆိုတော့ ခက်သားလား''



အေးရှင်မှာ ကိုယ်ဝန်နေ့စေ့လစေ့ ဖြစ်နေပြီ။ သိပ်ဗိုက်နာမည်လားဟု စိုးရိမ်သောကြောင့် မိမိအား စောစောပြန်ခဲ့ဖို့ အေးရှင်က မှာခြင်းဖြစ်သည်။ ထိုအခါက ကျော်ခင်က ''အေးလေ. . .စောစောပဲ သိမ်းလာခဲ့မယ်''ဟု ပြောခဲ့လေသည်။

ဗိုက်နာမှာစိုးသည့်အကြောင်းကို တွေးမိသောအခါ ကျော်ခင်သည် လှစ်ခနဲ သူ့အဖြစ်ကို သူ ပြန်ပြောင်းစဉ်းစားမိသည့်အတွက် ရှည်လျားလေးတွဲ့စွာ သက်ပြင်းတစ်ချက်ချလေသည်။

''အင်း. . .နောက်တစ်ယောက်. . .နောက်တစ်ယောက်''

ကျော်ခင်၏ ရင်တွင်း၌ ပဲ့တင်ထပ်သွားသော စကားလုံးများဖြစ်သည်။ ဤစကားလုံးများနှင့်အတူ သူ့ရင်တွင်း၌လည်း တုန်ယင်လှုပ်ရှားသွားသည်။ သားသမီးတွေ တပြွတ်ပြွတ်မွေးလာချည်ရဲ့ဟုလည်း အေးရှင်ကို အပြစ်တင်မိသည်။ ဘာဖြစ်လို့များ သားသမီးတွေ ဒါလောက်ရပါလိမ့်ဟုလည်း ကျိတ်မနိုင် ခဲမရ တွေးမိသည်။ သားသမီး ခဏခဏမွေးသည့်ကိစ္စနှင့် ပတ်သက်၍ ကျော်ခင်နှင့် အေးရှင်တို့သည် အကြိမ်ပေါင်းများစွာ ရန်ဖြစ်ခဲ့ရသည်၊ စကားများခဲ့ရသည် မဟုတ်ပါလော။

''ဟုတ်တယ်. . .ကျုပ်က မွေးချင်လို့မွေးနေတာ. . .မွေးချင်လို့ မွေးနေတာကဲ သိပြီလား''

တစ်ကြိမ်က သူနှင့်အေးရှင်တို့ စကားများကြလေရာ အေးရှင်က အထက်ပါအတိုင်း ပြန်၍ရန်တွေ့ခဲ့သည်။ သားသမီးမရလိုသော အေးရှင်ကလည်း ကိုယ်ဝန်ရှိပြီထင်လျှင် သူ တတ်သလောက် မှတ်သလောက် ဆေးမြီးတိုတွေနှင့် သားသမီးမရအောင် ကုစားသည်။ သို့သော် ဤသို့ပြုလုပ်နေသည့်အကြားမှာပင် အကြီးဆုံးသမီးက ၈ နှစ်၊ အလတ်သမီးက ၆ နှစ်၊ နို့သွားယောကျ်ားလေးက ၃ နှစ် ရှိလာကြပြီး ယခုတစ်ဖန် တစ်ယောက်မွေးရပြန်ဦးတော့မည့်အဖြစ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့ရသည်။

''တခြားမဟုတ်ပါဘူးကွာ သားသမီးတွေ သိပ်များတော့ ကသီလင်တနိုင်လွန်းလို့ ပြောတာပါ။ ငါက မင်းကို အားအားရှိ ကလေးတွေ မွေးနေရမလားလို့ အပြစ်တင်နေတာ မဟုတ်ပါဘူး။ အခုကြည့်စမ်း ကလေးသုံးယောက်နဲ့တောင် ဘယ်လောက်ကသီသလဲ။ လင်မယားနှစ်ယောက်ရဲ့ ဗိုက်ဝဖို့ မနည်းကြိုးစားနေရတာ

အခု သားသမီးသုံးယောက်ရှိလာတော့ ပိုပြီး ကသီလင်တဖြစ်တယ် မဟုတ်လား။ ဒါတောင် အငယ်ကောင်ကို ကျောင်းလေးဘာလေး မပို့ရသေးဘူး။ နောက် တစ်ယောက်သာ ရလာဦးမယ်ဆိုရင်တော့. . .အင်း''

''ဒီတော့လည်း ရောက်ယားပေါ့တော်ရယ်။ ဘယ်တတ်နိုင်ပါ့မလဲ''

သူ ပေးလိုက်သော ဆင်ခြေဆင်လက်အားလုံးမှာ အေးရှင်၏ နိဂုံးချုပ်ချက် တွင် အရည်ပျော်ကျရသည်သာ ဖြစ်လေသည်။

''အေးလေကွာ. . .ရောက်ယားလို့ပဲ ပြောရတော့မှာပေါ့''

ဤစကားကို အေးရှင်က မကျေနပ်ချေ။ မျက်စောင်းတစ်ချက်ထိုးကြည့် သော်လည်း မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်းမရှိတော့ဘဲ ငေးငိုင်၍သာ နေလေသည်။ အမှန်အားဖြင့် ကျော်ခင်ကိုယ်တိုင်ကလည်း ''အေးလေကွာ ရောက်ယားလို့ပဲ ပြောရတော့မှာပေါ့''ဟူသော စကားကို ဆိုလိုက်သည့်မှာ မကျေမနပ်နှင့် ဆိုလိုက်ခြင်း ဖြစ်၏။ ဘာရယ်ညာရယ်ဟု ကွဲကွဲပြားပြား ဝေခွဲစဉ်းစားခြင်းမရှိ သိလည်း မသိစေ ကာမူ သားသမီးတွေကို တစ်ယောက်ပြီးတစ်ယောက် မွေးနေသည့်အတွက်ကား ကျော်ခင်မှာ ရင်လေးနေမိသည်သာ ဖြစ်၏။

သို့မို့ကြောင့် အရိပ်ကောင်းကောင်းတွင် ကျောဆန့်အပန်းဖြေနေသော ကျော်ခင်သည် နောက်ထပ် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြန်၏။

ယနေ့အဖို့ရာ၌ သူသည် နံနက် ၉ နာရီလောက်ကစ၍ ဆိုက်ကား ဂိတ် ထိုးခဲ့သည်။ ထိုဂိတ်မှာ ကီလီလမ်းနှင့် ကမ်းနားလမ်းဆုံရာအနီးတွင် ရှိသည်။ ဤဒေသတစ်ဝိုက်မှာ သူလိုငါလို နေ့လုပ်နေ့စားတွေ၊ ဈေးတောင်းခေါင်းရွက်တွေ၊ ကူလီတွေနှင့် သင်္ဘောအတက်အဆင်း ခရီးသည်တွေ ပေါများသောဒေသဖြစ်သဖြင့် ဆိုက်ကားသမားများအတွက် ဝင်ငွေထိုင်းသော နေရာမျိုးဖြစ်သည်။ ကူလီများ အထမ်းသမားများနှင့် နေ့လုပ်နေ့စားသမားများ ဈေးတောင်းခေါင်းရွက်များကလည်း ဆိုက်ကားဆိုသည်မှာ ဈေးကြီးသောယာဉ်ဟု သတ်မှတ်ကြလေသမားမသိ။ အစီး နည်းလှ၏။ သင်္ဘောအဆင်းအတက် ခရီးသည်တွေကို စောင့်ဆွဲပြန်သောအခါ၌ လည်း များစွာသော ခရီးသည်တို့မှာ ဆိုက်ကားထက် သုံးဘီးကားကို ပို၍အသုံးများ ကြပြန်၏။ သုံးဘီးကားမရ၍ မတတ်သာလွန်းသောအခါမှသာလျှင် ဆိုက်ကားစီးလေ့ ရှိကြသည်။ သို့ကလို စီးပြန်သောအခါ ဆိုက်ကားဦးရေကများပြီး ခရီးသည်ဦးရေက



နည်းနေတတ်ပြန်သည်။

ကျော်ခင်သည် အိတ်ထောင်အတွင်း၌ ထည့်ထားသော ပိုက်ဆံကိုထုတ်၍ ရေလေသည်။ ကျပ်တန်က ၄ ရွက်၊ အကြွေက ပြား ၅၀။

''အင်း. . .မဆိုးလှဘူး''

၄ ကျပ်ခွဲမျှသော အသပြာကို ရေတွက်ကြည့်ပြီးနောက် အိတ်ထဲသို့ ပြန်ထည့်ရင်း နှုတ်က ရေရွတ်မိသည်။

ထိုအခိုက်မှာပင် နံနက်စာမစားရသေးသော သူ့အဖြစ်ကို ဖျတ်ခနဲ သတိရလေသည်။ နံနက်စာစားလိုက်လျှင် အနည်းဆုံး ပြား ၅၀ လောက်တော့ လျော့သွားဦးမည်။ နံနက်စာနှင့်မှ မပြီးနိုင်သေးဘဲ လက်ဖက်ရည်တစ်ခွက်လောက် သောက်ဦးမည်ဆိုလျှင်တော့ ငွေ ၄ ကျပ်ပြည့်အောင်ပင် ကျန်တော့မည်မဟုတ်ဟု တွေးမိပြန်သည်။

ဤသို့လျှင် ရှုပ်ထွေးများပြားလှသော အတွေးများအကြားမှ အေးမြ တိတ်ဆိတ်သည့် ပတ်ဝန်းကျင်၏ အတွေ့အထိကြောင့်လားမသိ ကျော်ခင်မှာ မှိန်း တစ်ဝက် နိုးတစ်ဝက် မှေးစက်ငိုက်မျဉ်းနေမိသည်။

(၂)

ကျော်ခင့်အသက်မှာ ၃၁ နှစ်ရှိချေပြီ။ အေးရှင်နှင့် အိမ်ထောင်ကျစဉ်က ဆိုလျှင် ကျော်ခင်က အသက်၂၀ ကျော်ကျော်ရှိပြီး အေးရှင်က အသက် ၂၀ ပြည့် ခါစ အရွယ်ကောင်း အချိန်ကောင်းဖြစ်ခဲ့သည်။

ကျော်ခင်သည် ဇလွန်နယ်သားဖြစ်၏။ ဇလွန်နယ်တွင် အခြေအနေ မငြိမ်မသက်ဖြစ်နေချိန်၌ မနေရဲတော့သည့်အတွက် ရန်ကုန်သို့ လာရောက်နေထိုင် သူဖြစ်၏။ ရန်ကုန်ရောက်စတွင် သူသည် ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်ကာ ပါလာသမျှ ငွေစကြေးစကလေးတွေကို ဖြုန်းတီးပစ်ခဲ့ပြီးနောက် အလုပ် မရှိတော့သည့်အဆုံးတွင်မှ ကမန်းကတန်း ဆိုက်ကားတစ်စီးကို နေ့စားအငှားယူ၍ နင်းခြင်းဖြစ်၏။

ယင်းသို့ ဆိုက်ကားနင်းစဉ် အခိုက်အတန့်တွင် ကျော်ခင်သည် ညောင်ပင် လေးဈေး၌ ဈေးရောင်းနေသော အေးရှင်နှင့် မျက်မှန်းတန်းမိခြင်းဖြစ်သည်။ အေးရှင်

ကား ဆူးကလပ်ရေကျော်ဘက်မှ ရန်ကုန်သို့ လာရောက်နေထိုင်သူဖြစ်သည်။ အမေအိုနှင့်အတူ ဒိုးတူဘောင်ဘက် ဈေးတောင်းခေါင်းရွက် လုပ်ကိုင်စားသောက်နေသူလည်းဖြစ်သည်။ အေးရှင်သည် ဈေးရောင်းလျှင်လည်း၏။ သွက်လက်ချက်ချာ၏။ ဝမ်းရေးအတွက် လုပ်ကိုင်ရာတွင် လာဘ်မြင်သူလည်းဖြစ်၏။ မင်းမနိုင်ကွက်သစ်ရှိ အိမ်တွင် အမေလုပ်သူနှင့် အတူနေရင်း ညောင်ပင်လေးဈေးသို့ လာကာ ပျံကျကုန်ကောက်၍ ရောင်းသည်။ ကုန်သယ်ရင်း ဟိုပို့သည်ပို့ ပို့ရင်း ကျော်ခင်နှင့် သိစွမ်း ကျွမ်းဝင်လာခြင်းဖြစ်သည်။

ကျော်ခင်ကား သွက်လက်ချက်ချာသော အေးရှင်ကို မြင်မြင်ချင်း ချစ်ကြိုက်မိလေသည်။ သို့သော်လည်း ဈေးသည်ပီပီ ဖတ်ဖတ်ကြဲနိုင်လှသော အေးရှင်ကို ဖြုန်းခနဲ ဖွင့်ပြောရမှာလည်း ခက်နေသည်။ အကယ်၍ ဖွင့်ဟပြောဆိုလိုက်သည့်အခါ၌ အေးရှင်က ကျေနပ်လျှင်တော်သေး၏။ မကျေနပ်၍ အမျက်ဒေါသာန်ပွားလျှင် ခက်ရချည်ရဲ့ဟုတွေးကာ တော်တော်နှင့် မပြောဖြစ်ဘဲ အောင့်အည်းမျိုးသိပ်ထားခဲ့လေသည်။

ဤသို့နှင့်ပင် ကျော်ခင်သည် ဖလွှန်မြို့တွင် ကျန်နေသောမိဘထံသို့ ပို့ရမည့် ငွေစကလေးတွေကို တစ်ကိုယ်ထီးတည်းလည်း သုံးဖြုန်းနေမိလေ၏။ ဆိုက်ကားနင်း၍ရသမျှ ပိုက်ဆံကို မျောက်ပန်းလှန်သည်။ ခေါင်းပန်းလှည့်သည်။ အရိပ်ကောင်းသော ဆိပ်ကမ်းကိုထောင်များနံဘေးတွင် ကြေးကြီးကြီးလောင်း၍ ကျားထိုး အဆင်သင့်လျှင် အရက်ကလေး ဘာကလေး သောက်လိုက်သေးသည်။ သို့ကလို စည်းမဲ့ကမ်းမဲ့သုံးဖြုန်း၍ ကုန်ပြီဆိုလျှင် သူသည် ဖောက်သည်ဖြစ်နေသော အေးရှင်ထံမှ ပိုက်ဆံချေးလေတော့သည်။ ချေးသမျှပိုက်ဆံကို ဆိုက်ကားစီးခများဖြင့် နှိမ်ပါဟု သူက ပြောသော်လည်း အေးရှင်က မနှိမ်ချေ။

''ရှင့်ပိုက်ဆံတွေ ဘယ်ရောက်ကုန်ပြီလဲ''ဟုပင် အေးရှင်က မေးတတ်သည်။ ထိုအခါမျိုး၌ ကျော်ခင်သည် ယောင်တီးယောင်တလုပ်ကာ ဝေ့လည်ကြောင်ပတ် အဖြေတွေကိုသာ ပေးလေတော့သည်။

သူ့အဖြေတွေကို အေးရှင်က ယုံမယုံတော့ မသိ။ ကျော်ခင်တောင်းသော ပိုက်ဆံကိုမူ ပေးလေ့ရှိ၏။

ညောင်ပင်လေးဈေးမှာ အရောင်းအဝယ်ကောင်းသော ဈေးကွက်တစ်ခု



ဖြစ်သည့်အတွက် အေးရှင်မှာ ထိုအချိန်က ငွေစရွှင်နေလေသည်။ တစ်စထက်တစ်စ ရင်းနှီးကျွမ်းဝင်လာသောအခါ အကွက်ကောင်းစောင့်နေသည့် ကျော်ခင်က အေးရှင်အား ချစ်စကား ကြိုက်စကား ပြောသည်။ အေးရှင်ကလည်း ငြင်းဆိုခြင်း မပြုပေ။

ဤသို့နေခဲ့စဉ် အေးရှင်၏မိခင်ကြီးမှာ ကွယ်လွန်ခဲ့လေရာ မိခင်မရှိသည့်နောက်ပိုင်း၌ တစ်ကောင်ကြွက်ဖြစ်နေသော အေးရှင်ကို ကျော်ခင်သည် ယူလိုက်လေ၏။ သူတို့သည် မင်္ဂလာအခမ်းအနားဟူ၍ ကြီးကြီးကျယ်ကျယ် ပြုလုပ်ခြင်းမရှိဘဲ ကျော်ခင်၏ အပေါင်းအသင်းဖြစ်သော ဆိုက်ကားသမားအချို့နှင့် အေးရှင်၏ အပေါင်းအသင်းဖြစ်သော ဈေးသည်အချို့ကိုဖိတ်၍ လက်ဖက်ရည်နှင့် မုန့်နှင့် ညှိခံကာ လက်ထပ်ပွဲကြီးအား ပြီးမြောက်စေခဲ့သည်။

ညားကာစဆိုလျှင် ကျော်ခင်ရော အေးရှင်ပါ ပျော်မွေ့မိကြ၏။ ဘဝအတွက် အလုပ်ကျယ်ကျယ်နှင့် ရှည်ရှည်ဝေးဝေးတွေးမနေ။ နောင်ရေးဆိုသည်ကို မစဉ်းစား။ သွေးတက်စ နုပျိုစ အချစ်စိတ်တွေ ပွင့်လန်းစအရွယ်တွေပီပီ။ သွားလိုက် လာလိုက် စားသောက်လိုက်နှင့်သာ အချိန်ဟူသမျှကို ဖြုန်းတီးခဲ့ကြလေ၏။ အရာရာတိုင်းသည် သူတို့အတွက် ပျော်စရာ အတိသာဖြစ်၏။ ပျော်ပွဲရွှင်ပွဲတွေ ပေါလှသော သွားစရာလာစရာများလှသော ရန်ကုန်မြို့တော်ကြီး၌ သူတို့၏အိမ်ထောင်ရေးမှာ အပူအပင်ဆိုတာ ကင်းမဲ့လှသည့် အိမ်ထောင်ရေးမျိုးသာ ဖြစ်ခဲ့၏။

ညောင်ပင်လေးဈေးသည်လည်း တိမ်ကောသွား၏။ မင်းမနိုင်ကွက်သစ်မှ တစ်ဆင့် သူတို့သည် ပရွက်ဆိတ်ကုန်းသို့ ပြောင်းရွှေ့လာကြရ၏။ အေးရှင်မှာလည်း သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် ရလာပြီဖြစ်သည့်အတိုင်း ဟိုစဉ်ကလို ဈေးမရောင်းနိုင် ကျော်ခင်သည်လည်း အိမ်ထောင်ကျကာစ ဆိုက်ကားနင်းသည့် အလုပ်ကိုပစ်၍ အေးရှင်နှင့်အတူတူ ပျော်ပျော်ကြီး သုံးခဲ့လေရာမှ ယခု ငွေစကြေးစများ ခမ်းရုံမျှမက အခြားတစ်ပါးသောအလုပ်ကို မရွေးချယ်နိုင်တော့သည့် အားလျော်စွာ မူလဆိုက်ကားနင်းသည့် အလုပ်ကိုသာ ပြန်လည်လုပ်ကိုင်ရလေတော့သည်။

''ကလေးတွေ လက်လွှတ်ရရင်တော့ ဈေးကလေး ဘာလေး ပြန်ရောင်းဦးမှပါ''

တစ်နေကုန် တစ်နေခန်း ဆိုက်ကားနင်းနေသော ကျော်ခင်အတွက် မကြည့်နိုင်သည့်အလား အေးရှင်ကပြော၏။

''ကိစ္စမရှိပါဘူးကွာ ငါ နင်းနိုင်ပါတယ်''

''နင်းတော့ နင်းနိုင်တာပေါ့လေ။ ဒါပေမဲ့ ကျွန်မပါ ဈေးရောင်းရင် ပိုပြီး ချောင်လည်အောင်လို့ပါ''

''မင်းညွှာက ပြောသာ ပြောနေရတယ်။ ကလေးကလည်း တစ်ယောက် လက်လွှတ်ရမယ်ကြံလိုက် တစ်ယောက်လာတော့တာပဲ။ တစ်ယောက်နဲ့ တစ်ယောက် ဆက်နေတာနဲ့ မင့်မလည်း မအားရပါဘူးကွာ။ အဲဒီတော့ မထူးပါဘူး ဈေးရောင်းဖို့လည်း စိတ်မကူးနဲ့''

''ဈေးမရောင်းတော့ ပိုက်ဆံက ရှင်နင်းတာပဲရတာပေါ့။ ဈေးရောင်တော့ ပိုက်ဆံပိုရမှာပေါ့''

''ဒီပိုက်ဆံစကားပဲ ပြောနေတာပဲ အချိန်တန်တော့လည်း ပိုက်ဆံဆိုတာ ရဦးမှာပေါ့ကွာ။ မင်းတို့ဟာ နည်းနည်းတော့ လောဘထွက်လွန်းအားကြီးတယ်''

ကျော်ခင့်စကားကို အေးရှင်က မခံနိုင်ချေ။

''လောဘထွက်တယ်လို့ ရှင်ကပြောတာကို။ စားတဲ့ပါးစပ်ပေါက်တွေ တိုး လာတာရော တွက်ဦးမှပေါ့။ ဟိုတုန်းက တစ်နေ့ကို သုံးလေးကျပ်မဲ့ရဦး ရသော်ရော ဗိုက်မှောက်အိပ်နေလို့ရတယ်။ အခု ရှင့်ဒီဟာလေးတွေက အဲဒီလို ရသော်ရော ဗိုက်မှောက် အိပ်မယ့်ဟာလေးတွေ မဟုတ်ဘူး။ အချိန်တန်ရင် မုန့် အချိန်တန်ရင် ထမင်း တစ်မျိုးပြီးတစ်မျိုး''

ကျော်ခင်သည် ဘာမျှဆက်မပြောတော့ဘဲ အတန်ကြာမျှ ငြိမ်သက်နေ၏။ သူ့ရင်တွင်း၌ လှိုင်းဂယက်ရိုက်ခတ်သလို အတွေးများ စိတ်ကူးများ ခုန်ပျံလူးလိမ့် လှုပ်ရှား၏။ အေးရှင်ပြောသော စကားတွေ မှန်ပါကလားဟု ရုတ်ချည်း သဘော ပေါက်နေမိ၏။ သို့သော် တစ်စုံတစ်ခုကိုမူ စိတ်တွင်းက မကျေမနပ်ဖြစ်နေသေး၏။

''အေးလေ. . .ဒီကလေးတွေကလည်း တစ်ကောင်ပြီး တစ်ကောင် ထွက် ထွက်နိုင်လွန်းတယ်''

ကျော်ခင်၏ မကျေနပ်ချက်မှာ ပေါက်ကွဲ၍ ထွက်လာသည်။ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရလာသည်ကို သူ မကျေနပ်ခြင်းဖြစ်သည်၊ အေးရှင်၏



အတွင်းစိတ်ကိုမူ ကျော်ခင့်မှာ သိနိုင်သည့်အစွမ်းသတ္တိ မရှိချေ။

''ဒါကတော့ ဘယ့်နှယ့်လုပ်မလဲ ကိုကျော်ခင်ရယ်''ဟု အေးရှင်က တီးတိုး ညည်းတွားလေသည်။ ထိုအခါ ကျော်ခင့်မှာ အေးရှင်အပေါ်၌ သနားမိပြန် သည်တည်း။

(၃)

''ဆိုက်ကားဆရာ အားသလား''

''ဟုတ်. . .ဟုတ်ကဲ့ အားပါတယ်''

ကျော်ခင်က အိပ်မက်ထဲမှာလို ကယောင်ကတန်း ပြန်ဖြေရင်း မျက်စိ ဖွင့်ကြည့်သောအခါ သူ့ဆိုက်ကားနား၌ လူတစ်ယောက်ရပ်နေသည်ကို ဝိုးတဝါး တွေ့ရလေ၏။

''ဒါဖြင့် မြန်မြန်လုပ်စမ်းဗျာ။ ကျုပ်ကို ဒပ်ဖရင်ဘက်ပို့ပေးစမ်းပါ နီးသား ပဲ''

ကျော်ခင်သည် ထိုလူကိုတင်ကာ နင်းထွက်လာ၏။ သစ်ပင်ရိပ်များမှာ အတန်ငယ် ရှည်လျားနေကြလေပြီ။ အပူရှိန်သည်လည်း စောစောကထက် လျော့ပါး သွားသည်ကို သတိထားမိလိုက်လေသည်။

''ဘယ်နှနာရီလောက် ရှိပြီလဲမသိဘူး''

''၄ နာရီထိုးတော့မယ်။ အေးဗျာ. . .ခပ်သုတ်သုတ်ကလေး နင်းပေးစမ်း ပါ။ ကျုပ်မိန်းမက ဗိုက်နာတယ်ဆိုပြီး ဆေးရုံတင်ထားရတာ ၄ ရက်ရှိသွားပြီး ဒီနေ့များ မွေးမလားမသိဘူး။ အရေးထဲကျမှ အိမ်ကကားကလည်း ဝပ်ရှော့ပို့ထားရ တယ်။ ခက်လိုက်ပုံများနော်''

ထိုအခါကျမှပင် ကျော်ခင်သည် နာရီအတော်ကြာမျှ အိပ်ပျော်သွားကြောင်း သိရလေတော့သည်။ ယင်းသို့သိသည်နှင့် တစ်ပြိုင်နက် သူ့ရင်တွင်းမှာ ဘလောင် ဆူလာပြန်သော်လည်း ကိုယ့်သောကကို မစဉ်းစားအားသေးဘဲ မိန်းမဗိုက်နာနေသည် မှာ ၄ ရက်ရှိပြီဆိုသော၊ ကားကို ဝပ်ရှော့ပို့ထားရသည်ဆိုသော မိမိနံဘေးမှ ခရီးသည်၏အလိုကျဖြစ်စေရန် အားတိုက်ခွန်တိုက် နင်းလာခဲ့လေသည်။

''ကျေးဇူးပဲ ရော့ဗျာတစ်ကျပ်ယူ''

ထိုခရီးသည်မှာ သားနားသပ်ရပ်သော အဝတ်အစားများဝတ်ထားသည်။ အဝတ်အစား အဆင်အပြင်နှင့် ပြောပုံဆိုပုံကို ထောက်ချင့်ရခြင်းအားဖြင့် အတန်ငယ် အထက်တန်းကျသူဟု ထင်ရသည်။ ယခုလည်း ပြား ၅၀ မျှသာ တန်သော ခရီးအတွက် ငွေတစ်ကျပ် ပေးနေသည်။

ထိုခရီးသည်ပေးသွားသော ငွေတစ်ကျပ်ကိုယူကာ ကျော်ခင်သည် ကမန်းကတန်း ပြန်ထွက်လာသည်။ ဗိုက်နာနေမည်စိုးသည်ဟု မှာလိုက်သော အေးရှင်ကိုလည်း လှစ်ခနဲ ပြန်သတိရလာသည်။ မိမိရထားသော ပိုက်ဆံကလည်း စောစောက တစ်ကျပ်ပါထည့်ပေါင်းမှ ၅ ကျပ်ကျော်ကျော်မျှသာ ရှိသေးသည်။

ကီလီလမ်းအတိုင်း နင်းလာပြီးနောက် ဝမ်းထဲမှာ ဘလောင်ဆူနေသော ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို မခံနိုင်တော့သည့်အဆုံး ရေခဲစက်နားရှိ ကုလားထမင်းဆိုင်တစ်ဆိုင်သို့ဝင်၍ ကမန်းကတန်း ထမင်းမှာစားလိုက်သည်။ ဝမ်းပြည့်သွားသောအခါ စောစောက ခရီးသည်၏အကြောင်းသည် သူ့ဦးနှောက်အတွင်းသို့ ဝင်လာပြန်၏။ မိန်းမဗိုက်နာနေသဖြင့် ရေကြီးသုတ်ပျာ ဆေးရုံသို့သွားသော ထိုအမည်မသိ ခရီးသည်အကြောင်းကို ရောက်တတ်ရာရာ လျှောက်စဉ်းစားနေမိရင်း သူ့အတွေးများသည် လျင်မြန်သော မြှားတံပမာ ရွေ့လျားပြေးလွှားနေလေ၏။

''အေးရှင်များ ဗိုက်နာနေမလား''

ဤအမေးကို သူ့ဘာသာသူမေးပြီး သူ့ဘာသာသူလည်း မဖြေတတ်ချေ။ ဗိုက်နာလျှင် မိမိအနားမှာရှိဖို့လိုသည်။ အနားမှာရှိဖို့အတွက် ပြန်ရအောင်ကလည်း တစ်နေ့တာအတွက် ငွေကမရသေး။ အုံနာခန့်တတ်လျှင် အများဆုံးကျန်လှ ကိုယ့်အတွက် ၃ ကျပ်ပဲ ကျန်မည်။

နောက်ဆုံး၌ အတွေးများဒဏ်ကို မခံနိုင်တော့သည့်အလား ကျော်ခင်သည် ဆိုက်ကားအပ်နေကျအိမ်တွင် ဆိုက်ကားကို အပ်ထားခဲ့ပြီးနောက် မြောက်ဥက္ကလာသို့ ကားစီး၍ပြန်လာခဲ့လေတော့သည်။

''ရှင်. . .စောလှချည့်လား''

အိမ်ထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အေးရှင်က ဆီးပြောသည်။ သမီးအကြီးမှာ မီးဖိုချောင်တွင် ဟင်းအိုးနွှေးနေပြီး သမီးအလတ်နှင့် နို့ညှာသားကလေးတို့မှာ အိမ်ရှေ့တွင် ဖုတ်အလူးလူးဖြင့် ကစားနေကြလေ၏။



''မင်း ဗိုက်နာသေးလား''

အေးရှင်၏အမေးကို မဖြေဘဲ အေးရှင်ကိုသာ သူက မေးလိုက်သည်။ အမောတကောဖြစ်နေသော ကျော်ခင်ကိုကြည့်ကာ အံ့အားသင့်နေသည့် အေးရှင်က သင်ဖြူးဖျာထက်တွင် လဲလျောင်းနေရင်း. . .

''အင်း. . .နည်းနည်းနာတယ်''

''မင်း ဆေးရုံကို သွားမလား။ ဒပ်ဖရင်ကိုလေ. . .ငါလိုက်ပို့ပေးမယ်''

အေးရှင်သည် သူ့ယောက်ျားအား ထူးဆန်းသောသတ္တဝါတစ်ကောင်ကို တွေ့မြင်ရသလို ကြည့်နေမိ၏။ သမီးအကြီးမှစ၍ အားလုံးသော ကလေးများကို အိမ်မှာသာ လက်သည်ဖြင့်မွေးခဲ့သည်ကို ကျော်ခင်ကောင်းစွာသိပါလျက်နှင့် အဘယ့်ကြောင့် ယခုမှ ဆေးရုံသွားမလား ဘာလားဖြင့် မေးနေရပါသနည်း။

''ရှင်ကလည်း ဘာဖြစ်လာတာလဲ။ အိမ်မှာ မွေးနေကျဥစ္စာ''

အေးရှင်က စိတ်မရှည်တော့သလို ပြောလေသည်။

''အေးလေ. . .ဘာမှမဖြစ်ပါဘူး။ မင်း သိပ်များနာနေသလားလို့ပါ။ ဒါဖြင့် ငါဆရာမ သွားခေါ်လိုက်မယ်လေ''

''နေပါစေ. . .စောစောက တစ်ခေါက်လာသွားပြီးပြီ။ တော်ကြာမှ ပြန်လာလိမ့်မယ်။ ဒီည မွေးမယ်တဲ့ ပြောသွားတယ်။ နို့ ဒါထက်နေပါဦး။ ရှင်သိမ်းလာတာ စောလှချည့်လား''

''အေး. . .မင်း သိပ်ဗိုက်နာနေမှာစိုးလို့''

ကျော်ခင်က လေအေးအေးနှင့် ဖြေလိုက်သည်။ အေးရှင်ကမူ ထူးထူးခြားခြားဖြစ်လာသော သူ့လင်အား ငေးစိုက်နေဆဲပင်တည်း။

ညဦးပိုင်းကစ၍ အေးရှင် ဗိုက်နာလေတော့သည်။ ဆရာမလည်း ရောက်လာသည်။ ကျော်ခင်မှာမူ ကလေးသုံးယောက်ကို နေရာချပေးရ တောက်တိုမယ်ရ လုပ်ရနှင့် အလုပ်ရှုပ်လျက်ရှိ၏။ ခါတိုင်း ဗိုက်နာပြီဆိုလျှင် လျှောလျှောရှုရှု မွေးလေ့ရှိသော အေးရှင်မှာ တစ်ညလုံးလုံး ဗိုက်နာပြီးနောက် မိုးလင်းခါနီးမှပင် မွေးလေတော့သည်။

''ယောက်ျားလေး မောင်ကျော်ခင်ရေ. . . နည်းတဲ့အကောင်ကြီး မဟုတ်ဘူး''

မိုးနေခန်းအဖြစ်လုပ်ထားသော အိပ်ခန်းတွင်းမှ ဆရာမ၏အသံ ပေါ်ထွက်လာသောအခါ ကျော်ခင့်နှလုံးသွေးများသည် ပို၍အခုန်မြန်လာကြ၏။ ဝမ်းသာသလား။ ဝမ်းနည်းသလား စသည်ဖြင့် ရေရေရာရာ ဝေခွဲ၍မရသော စိတ်ကလည်း သူ့တစ်ကိုယ်လုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိ၏။

အခန်းအတွင်းသို့ ဝင်လာခဲ့သည်။ အေးရှင်သည် ဖျော့တော့အားနည်းသော မီးရောင်အောက်တွင် နွမ်းနယ်လှသည့် မျက်လုံးအစုံဖြင့် လှမ်းကြည့်လျက်ရှိသည်ကို ကျော်ခင်တွေ့ရ၏။ ထိုအခိုက် မိုးပြေးကလေး တဖြောက်ဖြောက် ရွာချလာလေသည်။ မုတ်သုန်ဦး၏ တေးကို ဟစ်ကြွေးရင့်ကျူးသော မိုးပြေးကလေးပင်ဖြစ်ပါလိမ့်မည်။ ထိုမိုးပြေးကလေး တဖြောက်ဖြောက်နှင့်အတူ မိုးသက်လေလည်း လိုက်လာ သည်။ ကျော်ခင်သည် တုန်ယင်လှုပ်ရှားနေသော ရင်ကို ရှင်းလင်းကြည်လင်စေရန်အလို့ငှာ သက်ပြင်းတစ်ချက်ကို မသိအသာ ချလျက် အေးရှင်၏အပါး၌ ဝင်ထိုင်လိုက်သည်။

"သားက တကယ့်လူထွားကြီးပဲနော်"

အေးရှင်က လေသံယဲ့ယဲ့ဖြင့် ပြောသည်။ ကျော်ခင်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ မွေးကင်းစကလေး၏ မျက်နှာကိုတစ်လှည့်၊ အေးရှင်၏ ဖျော့တော့နွမ်းလျသော်လည်း ပြုံးနေသောမျက်နှာကိုတစ်လှည့် ကြည့်နေမိလေ၏။ သူ့ရင်တွင်း၌လည်း တုန်ယင်လှုပ်ရှားလျက်ရှိ၏။

"ကျွန်မတို့တော့ သားတစ်ယောက်မွေးပြန်ပြီ. . ."ဟု အေးရှင်ကဆိုသည်။

"အိုကွာ. .. မွေးတာ ဘာဖြစ်လဲ၊ ကောင်းတာပေါ့ကွ။ ဒါမှ တို့မှာ သားသမီးတွေ တပြုံကြီးနဲ့ ဘယ်လောက်များ ပျော်စရာကောင်းမလဲ။ ဝင်ငွေပိုလာအောင် ငါ ပိုပြီးကြိုးစားမှာပေါ့"

ကျော်ခင်က နှစ်သိမ့်စကားပြောလိုက်ရသည်။ ဤစကားသည် အေးရှင်ကျေနပ်နှစ်သိမ့်စေရန် အတွက်လောက်သာ ပေါ်ထွက်လာသော စကားမဟုတ်။ ကျော်ခင်၏ ရင်တွင်းနှလုံးသားတွင်းမှ အန်ထွက်ပွင့်ကျလာသော စကားဖြစ်သည်ကို အေးရှင်က ရိပ်စားမိလေသလားမသိ နွမ်းနယ်သည့် အကြားမှပင် သူ၏ ဖျော့တော့သော နှုတ်ခမ်းအစုံတွင် အပြုံးပန်းကို ဖူးပွင့်ထားစေလေသည်။ ကျော်ခင်ကလည်း အေးရှင်၏လက်ဖဝါးကို အသာအယာ ဆုပ်ကိုင်ထားလိုက်ကာ ပြုံးနေမိ၏။



အပြင်ဘက်၌မူ မိုးတဖွဲဖွဲကျနေရာမှ သည်းလာသော မိုးစက် မိုးပေါက်များက မုတ်သုန်တေးဖြင့် လောကကို အလှတစ်မျိုး ခြယ်နေလေပြီ။

မြဝတီ
ရှလိုင်၊ ၁၉၆၅

# ရှာပနတေးသံ

## (၁)

တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့နေမိသော ကိုသောင်းချစ်၏ရှေ့တွင် ခေတ္တခဏမျှဖြစ်စေ ထိုင်နေရဦးက်၊ ကျွန်တော့်တစ်ကိုယ်လုံးမှာ ကြိုးနှင့်တုပ်နှောင်ထားခြင်းခံရသူပမာ အနေကြပ်လျက် ရှိလေသည်။ ရင်တွင်း၌လည်း ပင်ပန်းနွမ်းနယ်နေသည်။

သို့မို့ကြောင့်လည်း ထပြန်အံ့ဟု ဖင်တကြွကြွလုပ်ကာ နှုတ်ဆက်တိုင်း ကိုသောင်းချစ်က လက်ကာရင်း "နေစမ်းပါဦးဗျာ ခင်ဗျားကလည်း လောလိုက်တာ။ တခြားဘယ်တွေများ သွားစရာရှိနေလို့လဲ။ သွားစရာမရှိရင် အေးအေးဆေးဆေး ထိုင်စမ်းပါဦး၊ စကားပြောရတာ အားမရလို့ပါ"ဟု အတင်းအကြပ် တားမြစ်နေသည့်အတွက် ကျွန်တော့်မှာ မထိုင်ချင် ထိုင်ချင်ဖြင့်ပင် သူ့ရှေ့တွင် ဆက်ထိုင်နေရလေ၏။

ပြောင်လက်တောက်ပသော စားပွဲကြီးပေါ်တွင် ဖြန့်ခင်းထားသည့် မှန်သည်အရောင်တလက်လက် ထွက်လျက်ရှိ၏။ ရုံးသုံးစာတွဲများထည့်ရာ စာခြင်းငယ်များကို စားပွဲ၏ နံဘေးတစ်ဖက်တစ်ချက်တွင် စီချထားသည်။ မင်းစေခေါ် ခေါင်းလောင်းကတစ်ခု၊ ကလောင်စိုက် ဖန်အိုးငယ်တစ်ခု၊ ဗီအေအေ၊ လေယာဉ်ကုမ္ပဏီ၏ အမှတ်တံဆိပ်ပါသော ဆေးလိပ်ပြာခွက်နှင့် တယ်လီဖုန်းနက်ကြောတစ်လုံးကို သူ့စားပွဲပေါ်တွင် တွေ့ရသည်။ သူထိုင်နေသော ဆုံလည်ကုလားထိုင်၏ အနောက်တက်နားမှ သူ့ တက်ထရက် အနက်ရောင်တိုက်ပုံအင်္ကျီကို အင်္ကျီချိတ်ဖြင့် ကျကျနနဖြန့်ချိတ်ထားသည်။

တိုက်ပုံအင်္ကျီနံဘေးတွင် လုပ်ငန်းအခြေအနေ တိုးတက်မှုကို ပြသသော



ဇယားကတစ်ချပ်၊ လုပ်ငန်း၏ ဖွဲ့စည်းပုံဇယားက တစ်ချပ်၊ ယှဉ်လျက်သာ ကပ်ထားသည်။ မျက်နှာကျက်ဆီမှ ပန်ကာမှာ လည်သည်ဆိုရုံမျှ နှေးနှေးမှန်မှန်လည်ကာ လေပြေလေညှင်း တိုက်ခတ်ပေးနေသည်။

ကျွန်တော်သည် ခမ်းနားထည်ဝါလှသော အဆောင်အယောင်များကြားမှ ကိုသောင်းချစ်ကို တအံ့တသြ ငေးမောအကဲခတ်နေမိသည်။ ကိုသောင်းချစ်၏ အသားအရေမှာ ဟိုစဉ်ကလို မည်းညစ်ညစ်မဟုတ်ဘဲ နုမျိုလန်းဆန်းလျက်ရှိ၏။ ငွေရောင်လှိုင်းထနေသော ဆံပင်ဖြူတွေကို သူ့ဦးခေါင်း၌ တွေ့ရသည်။

ယင်းအခိုက်မှာပင် ကိုသောင်းချစ်သည် စားပွဲရှိ ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။ မင်းစေတစ်ယောက် ဝင်လာသည်။

"လက်ဖက်ရည်လုပ်ကွာ ကဲ ကိုနေဝင်း လက်ဖက်ရည်မဟုတ်လား။ အေး မောင်မိုရေ လက်ဖက်ရည်ကတစ်ခွက် ငါ့ဖို့တော့ ကော်ဖီကျကျ တစ်ခွက် ယူလာကွာ။ အဲဒီမှာ ဘာမုန့်ရမလဲမသိဘူး။ ဆိတ်သားပတ်ဖ်ရရင် ပိုကောင်းတယ်ဟေ့။ ဟုတ်လား။ ကဲသွားသွား မြန်မြန်လည်း ပြန်ခဲ့"

မင်းစေသည် ခေါင်းတညိတ်ညိတ်လုပ်ကာ ပြန်လှည့်ထွက်သွားလေ၏။

"နေစမ်းပါဦး။ အခုမှ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရဦးက် စကားလေးဘာလေး ဝအောင်ပြောကြရအောင်လား။ ကျွန်တော် ဟောဒီဟာလေးတစ်ခု ထိုင်ရေးလိုက်ပြီးရင် အချိန်ရပါပြီ ခင်ဗျားခဏလေး ထိုင်ဗျာနော်"

"လုပ်ပါလေ ကျွန်တော် ထိုင်နေပါ့မယ်။ ခင်ဗျား လုပ်စရာရှိတာကိုသာ ပြီးအောင်လုပ်"

ကျွန်တော်က သို့ကလို အဖြေပေးလိုက်ပြီး နောက်ပိုင်း၌ ကိုသောင်းချစ်သည် အရေးတကြီးရေးစရာရှိသည်ဆိုသော စာတစ်စောင်ကို ရုံးသုံးစာရွက်ပေါ်တွင် ရေးသည်။ တစ်ချိန်တည်းမှာပင် ထူထဲသော သူ့မှတ်တမ်းစာအုပ်ကိုဖွင့်ကာ ဖတ်သည်။ ဖတ်လိုက်ရေးလိုက်နှင့် အလုပ်ရှုပ်နေသော ကိုသောင်းချစ်ကို တစေ့စေ့ကြည့်ရင်း ကျွန်တော့်အတွေးသည် လွန်ခဲ့သော ၁၅ နှစ်ခရီးဆီသို့ အလျဉ်စလိုပြန်လည်ပြေးလွှားလျက် ရှိလေ၏။

၁၅ နှစ်။

၁၅ နှစ်တည်းဟူသော ကာလသည် ကြာပြီဟု ဆိုနိုင်သလို၊ မကြာ

သေးသော မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှ ကာလဟုလည်း ဆိုနိုင်ပါသေး၏။

အတိတ်၏ မှုန်ဝါးရီသော ကားချပ်ကလေးများသည် ကျွန်တော့်မျက်စိအာရုံ၊ စိတ်အာရုံတွင် ပြန်လည်ထင်ဟပ်လာကြ၏။ အချို့က ဆေးရောင်မှိန်မှိန် မှုန်ဝါးဝါး အချို့က တောက်တောက်ပပ ထင်ထင်ရှားရှား။

ထိုစဉ်က ကျွန်တော်သည် အလုပ်ဟူ၍ မယ်မယ်ရရ မရှိ၊ အိမ်ထောင်ကျကာစ အိမ်ထောင်ရှင်အဖြစ် ဘဝကို နေ့စဉ်နှင့်အမျှ ရုန်းကန်တိုက်ခိုက်ရင်း ရပ်တည်နေနိုင်အောင် ကြိုးစားနေရသော အခိုက်အတန့်ဖြစ်သည်။ ဝတ္ထုလေးအစ ကဗျာလေးအဆုံး၊ ဆောင်းပါးအတိုအထွာလေးများ အပါအဝင် ရေးတတ်သမျှ ရေး၍ မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်များ၌ ကူးချည်သန်းချည်လုပ်ကာ ရတတ်သမျှ ဝင်ငွေ အနည်းငယ်ဖြင့် မြီးမြိုနေထိုင်ရသော ကျွန်တော်သည် ကိုသောင်းချစ်နှင့် တွေ့ဆုံသိကျွမ်းခွင့်ရလာခဲ့လေ၏။

ကိုသောင်းချစ်မှာ ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ(ခ)တန်း တက်နေသည်ဟု ကျွန်တော် သိရသည်၊ ကျွန်တော်ကား တက္ကသိုလ်သို့ ရောက်ချင်ပါလျက် မရောက်နိုင်ခဲ့။ ကိုယ်ရေးကိုယ်တာ အကြောင်းအမျိုးမျိုးကြောင့် အထက်တန်း ပညာရေးကို ပင်လျှင် ဆက်လက်မသင်ကြားနိုင်တော့ဘဲ တစ်ဝမ်းတစ်ခါးအတွက် ကိုယ့်ဝမ်းကိုယ်ကျောင်းနေရသူသာ ဖြစ်လေရာ တက္ကသိုလ်ပညာတတ်လည်းဖြစ် ကျွန်တော်နှစ်သက်သော အကြောင်းအရာများ အတွေးအခေါ်များတွင် ပိုင်နိုင်ကျွမ်းကျင်သူလည်း ဖြစ်သော ကိုသောင်းချစ်ကို ကျွန်တော် အထူးတလည် ကြည်ညိုလေးစားမိခဲ့လေသည်။

သို့ကလို ကြည်ညိုလေးစားမိသည့်အလျောက် ကိုသောင်းချစ်ကို ကျွန်တော် လေ့လာ၏။ အကဲခတ်၏။ သူ့နည်းနာကိုယူကာ သူ့အတုခိုး၏။ ကိုသောင်းချစ်သည် ကျွန်တော့်ကို စည်းရုံးလှုံ့ဆော်သူသာမက၊ ကျွန်တော်၏ ကိုးကွယ်ရာလည်း ဖြစ်လာခဲ့လေ၏။

''ကိုနေဝင်းခင်ဗျားက သိပ်စိတ်ပျော့တဲ့လူကိုးဗျ။ စာရေးဖို့ ကဗျာရေးဖို့ လောက်သာ စိတ်ကူးနေတဲ့ လူဆိုတော့ အတွေးယဉ်ယဉ်ကလေးတွေ တွေးတာ သဘာဝပါပဲ။ ဒါပေမဲ့ လူတွေရဲ့ လက်တွေ့ဘဝကျတော့ စိတ်ကူးဘဝနဲ့ ပဋိပက္ခ



ချည်းပဲဗျို့။ ဒါကို မျက်ခြေပြတ်လို့မဖြစ်ဘူး။ လူ့ဘဝဆိုတာဟာ တိုက်ပွဲပဲဗျ။ အရာရာဟာ တိုက်ပွဲပုံစံနဲ့ ပေါ်ထွက်လာတာချည်းပဲ။ တိုက်ပွဲအဆက်မပြတ်ဖြစ်ရမယ်။ ဖြစ်အောင်လည်း လုပ်ရမယ်။ ဒါမှ ဘဝဟာ အသက်ဝင်မယ်''

ကိုသောင်းချစ်၏ အဘိဓမ္မာကို ကျွန်တော် သဘောကျမိ၏။ စာအုပ်ဟူ၍ မယ်မယ်ရရ မဖတ်ဖူးဘဲ ဘဝအတွေ့အကြုံဟူ၍လည်း ပြောပလောက်အောင် မရှိသော ကျွန်တော်က တိုက်ပွဲမီးတောက်မီးလျှံများဖြင့် လျှမ်းလျှမ်းတောက်နေသည့် ကိုသောင်းချစ်၏ အတွေးအခေါ်ကို ကိုးကွယ်မိပါသည်။

''ခင်ဗျားက သူတောင်းစားကို သနားလို့ ပိုက်ဆံတစ်ပြားတစ်ချပ် ပေးလိုက်တာ ကိစ္စမရှိဘူး။ ဒါပေမဲ့ ဒီအပြုအမူကို နိုင်ငံရေးဝိဇ္ဇာအမြင်နဲ့ကြည့်ရင် ခွင့်မလွှတ်နိုင်တဲ့အမှားလို့ မြင်ရမယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကြည့်လေ၊ သူတောင်းစားကိုသနားလို့ ပိုက်ဆံပေးလိုက်တာနဲ့ ဒီသူတောင်းစားဟာ တောင်းစားနေတဲ့ဘဝက လွတ်ရောလား။ ဝေးသေးသဗျာ ဘယ်လွတ်ပါ့မလဲ။ ရလေ တောင်းလေ၊ ပိုတောင်းလေ ပိုရလေ။ ပိုရလေ ပိုတောင်းလေနဲ့ တောင်းစားရတဲ့ဘဝမှာ သံသရာလည်နေမှာပဲ။ သူ့လူတန်းစား လွတ်မြောက်ရေး သူ့ဘဝလွတ်မြောက်ရေး မဟုတ်တော့ဘူး။ တောင်းစားရတဲ့ဘဝက လွတ်အောင် ဒီသူတောင်းစားကို လူတန်းစားတိုက်ပွဲထဲ အပါဆွဲသွင်းနိုင်ရမယ်''

''အေးဗျာ အဲဒီအချက်တော့ ကိုသောင်းချစ်ပြောမှ ကျွန်တော်လည်း သတိထားမိတာပဲ။ လူတန်းစားပြဿနာကို ကျွန်တော် မမြင်မိဘူး''

''ဒါ အရေးကြီးဆုံးပေါ့ဗျ။ လူတန်းစားအမြင်မရှိရင် လူ့အဖွဲ့အစည်းကို ကြည့်တဲ့နေရာမှာ ဘယ်တော့မှ အမှန်ကို မမြင်နိုင်ဘူး ကိုနေဝင်းရေ၊ ဒီအမြင်ကို မြင်ဖို့ အဒီကလိုအပ်နေတဲ့ လူတွေ ဘယ်သူတွေလည်း သိလား။ ခင်ဗျားတို့ ကျွန်တော်တို့လို ပညာတတ် လူတန်းစားတွေပါပဲ။ ပစ္စည်းမဲ့တွေရဲ့ တော်လှန်ရေးတစ်ရပ်ကို ပစ္စည်းမဲ့တွေ ကိုယ်တိုင်ဆင်နွှဲရမယ်။ အဲဒီပစ္စည်းမဲ့တော်လှန်ရေးထဲကို ပညာတတ် လူတန်းစားက တိုးဝင်နိုင်အောင် ပညာတတ်လူတန်းစားကိုယ်တိုင် ပစ္စည်းမဲ့အမြင်ကို တပ်ဆင်ဖို့လိုပြန်တယ်။ တပ်လည်း တပ်ဆင်ရမယ်။ ပစ္စည်းမဲ့လူတန်းစားအမြင်တပ်ဆင် ကိုယ့်ကိုယ်ကိုယ် ပစ္စည်းမဲ့အဖြစ်ရောက်အောင် ပုံလောင်းသွန်းပြီး ပစ္စည်းမဲ့လူတန်းစားရဲ့ လွတ်မြောက်ရေးတိုက်ပွဲထဲကို တိုးဝင်ကြရတာကိုး''

"ဟုတ်တယ် ကိုသောင်းချစ်ပြောတာ သိပ်မှန်တယ်။ ကျွန်တော်တို့ဟာ ပစ္စည်းမဲ့လူတန်းစားကို ကိုယ်ချင်းစာပြီး သနားတာပဲရှိတယ်။ အဲဒီလူတန်းစားရဲ့ ဘဝလွတ်မြောက်ရေးတိုက်ပွဲကို ဖော်ထုတ်မပေးဘူး။ ပေါ်လာပြန်တော့လည်း ကိုယ်တိုင်ကိုယ်ကျ မဝင်ဘူး"

ယင်းကာလက ကျွန်တော်သည် လင်းယုန်ဂျာနယ်တွင် ဝတ္ထုပေး၊ ဆောင်းပါးပေးရင်း ဂျာနယ်တိုက်သို့ နေ့စဉ်လိုလို ရောက်လေ့ရှိရာ၊ ဂျာနယ်တိုက်တွင် အဝင်အထွက်များပြားလှသော စာရေးဆရာများ၊ စာရေးစာချီ အမှုထမ်းများ၊ ကျောင်းသားများနှင့် မျက်မှန်းတန်းမိခဲ့သည်။ ၎င်းတို့အနက် ကိုသောင်းချစ်နှင့် ကျွန်တော် ပို၍ရင်းနှီးလာရသည်။

"အဲဒါဟာ ဘာလဲသိလား။ နေရှင် ပေါက်စ ဉာဉ်၊ ပညာတတ် လူတန်းစား ဉာဉ်ပေါ့။ ဒီဉာဉ်ကို မစွန့်ပစ်နိုင်သမျှ ပစ္စည်းမဲ့လူတန်းစားရဲ့ တိုက်ပွဲနဲ့ ဝေလာဝေးပေါ့ဗျာ။ ဒီမယ် ကျွန်တော် တစ်ခုပြောမယ် ကိုနေဝင်း။ နေရှင်ပေါက်စ ပညာတတ် လူတန်းစားရဲ့ အခြေခံလက္ခဏာဟာ ဘာလဲသိလား။ သူဟာ တစ်ချိန်မှာ တိုးတက်တဲ့ လက္ခဏာဆောင်ပေမဲ့ တစ်ချိန်မှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားလေ့ရှိတယ်ဗျ။ သူတို့ရဲ့ အခြေခံသဘောက အလားအလာကိုကြည့်ပြီး အလုပ်လုပ်တယ်၊ သာယာ စီးတယ်။ ယိမ်းယိုင်တွေဝေတယ်။ လူတွင်ကျယ်လုပ်တယ်။ အရင်းရှင်တွေက အခွင့်သာနေရင် အရင်းရှင်ဘက်ကိုကူးပြီး အလုပ်သမားဘက်က အခွင့်သာနေရင် အလုပ်သမားဘက်ကူးတာပဲ။ သူတို့ဟာ ပင်ကိုအားဖြင့် စိတ်မချရဘူး။ သစ္စာ မရှိဘူး။ ဒါပေမဲ့ အဲဒီလိုလူတွေက ပစ္စည်းမဲ့အလုပ်သမား လူတန်းစားအသိကို ပိုင်ပိုင်နိုင်နိုင် ခံယူသွားတဲ့လူဆိုရင်တော့ လူတန်းစားသဘာဝဟာ ပြောင်းလဲသွား နိုင်တာပေါ့ဗျာ။ ဒါ ရှင်းနေသားပဲ"

"နို့ ပစ္စည်းမဲ့လူတန်းစား သဘာဝစစ်စစ်ကကောဗျာ"

"ဒီလိုလေ အလုပ်သမားလယ်သမား စတဲ့ ပစ္စည်းမဲ့လူတန်းစား စစ်စစ် ဆိုတာက ပင်ကို သဘာဝမှာကို အဖိနှိပ်ခံရတယ်။ အချယ်လှယ်ခံရတယ်။ အနိုင်ကျင့်တာ သွေးစုပ်ခေါင်းပုံဖြတ်တာ ခံရတယ်။ ဒါကြောင့် သူတို့ရဲ့ ပင်ကို ဗီဇက မတရားမှုကို အင်မတန် ရွံမုန်းလေ့ရှိတယ်ဗျ။ ဖိနှိပ်ချုပ်ချယ်မှု၊ ချယ်လှယ်မှု၊ သွေးစုပ် ခေါင်းပုံဖြတ်မှုတွေကို ဆန့်ကျင်ပြီး သူတို့က ဆင်နွှဲတဲ့ တိုက်ပွဲဆိုတာဟာ



လည်း အခြေခံဆိုတာက တရားတဲ့အခြေခံ၊ တော်လှန်ဖြောင့်မတ်တဲ့အခြေခံ ရှိနေတာကို။ ဒါကြောင့် ဒီလူတန်းစားမှာ ပင်ကိုသဘာဝအားဖြင့် စရိုက်ကောင်း တယ်။ ယုံကြည် မိတဲ့အရာကို စွဲမြဲတယ်။ ရိုးသားတယ်"

ခေါင်းတညိတ်ညိတ် နားထောင်နေသော ကျွန်တော့်အား ကိုသောင်းချစ်က စာအုပ်တွေ ရှာဖွေပေးကာ ဖတ်စေသည်။ စတာလင်ရေးသော ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ(ဗော်လ်ရှီဗစ်)သမိုင်း၊ အိန်ဂျယ်ရေးသော 'ဒရှုးရင်းဆန့်ကျင်ရေး' ရစ်ဖောက်နှင့် ခရစ္စတိုဖာကော့ဒ်ဝဲလ်တို့၏ တိုးတက်သော စာပေအနုပညာဆိုင်ရာ ကျမ်းများ၊ ကိုမင်းဖောင်က ထုတ်ဝေသည့် 'ထာဝစဉ်ငြိမ်းချမ်းရေးနှင့် ပြည်သူ့ဒီမို ကရေစီရေး' စာစောင်များ စသည်တို့ဖြစ်ပါသည်။

၁၉၅၄ ခုနှစ် လူထုသတင်းစာ၌ လက်ထောက်အယ်ဒီတာဝင်လုပ်ခိုက်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေပုဒ်မ ၅(က) ၁(ခ)ဖြင့် ကျွန်တော် အဖမ်းခံရ သောအခါတွင်မှ ကိုသောင်းချစ်နှင့်ကျွန်တော် အဆက်အသွယ်ပြတ်သွားခဲ့သည်။

ထောင်တွင်း၌ ၄ နှစ်နီးပါးမျှ နေထိုင်ခဲ့ရပြီးနောက် အပြင်လောကသို့ လွတ်လူအဖြစ်ဖြင့် ကျွန်တော် ပြန်ရောက်လာချိန်၌ကား ကိုသောင်းချစ်တစ်ယောက် မရှိတော့ပါ။ ကိုသောင်းချစ်အကြောင်းကို ကျွန်တော် လက်လှမ်းမီသရွေ့ စုံစမ်းကြည့်မိ ပါသေးသည်။ အချို့က သူ့ဇာတိဖြစ်သော မြေလတ်ပိုင်းမြို့တစ်မြို့သို့ ပြန်သွားပြီဟု ပြောပြီး၊ အချို့ကမူ မြေလျှိုးမိုးပျံ့သွားပြီဟု အတည်လိုလို၊ နောက်ပြောင်သလို ပြောကြသည်။ သားသမီးသုံးယောက်၏ ဖခင်ဖြစ်လာသော ကျွန်တော်လည်း အိမ်ထောင့်တာဝန်တွေကို ထမ်းရွက်ရပြန်ပါတော့သည်။ သို့မို့ကြောင့် ကျွန်တော် အလွန်တရာ လေးစားခင်မင်ခဲ့သော ကိုသောင်းချစ်အကြောင်းကို အမှတ်မထင်ပင် မေ့မေ့လျော့လျော့ နေလိုက်မိလေ၏။

ယခု မမျှော်လင့်ဘဲတွေ့ချင်တော့ ကိုသောင်းချစ်ကို ဤခမ်းနားသော အဆောင်အယောင်များ၏အလယ်မှာ တာဝန်ကြီးမားသည့် အရာရှိကြီးတစ်ဦးအဖြစ် ကျွန်တော် တွေ့နေရပေပြီ။

"ကဲ ဟော့လူ သောက်ဦး။ လက်ဖက်ရည်တွေချသွားတာ ကြာလှပြီ။ အေးကုန်တော့မယ်။ ဘာတွေများ ဒီလောက်တောင် အတွေးနက်နေတာတုံး"

ကျွန်တော်သည် အိပ်ရာမှလန့်နိုးလာ၏။ ကျွန်တော် ယက်ယှက်နေခဲ့သော

အတွေးပင့်ကူအိမ်သည်လည်း ပျယ်လွင့်လေပြီ။

"ကျွန်တော်လည်း ခင်ဗျားနဲ့ သိပ်တွေ့ချင်နေတာဗျသိလား။ အလုပ်တွေက များပြီး တွေ့ချိန်ကိုမရဘူး။ ဒီလိုဗျ ခင်ဗျားနဲ့ကျွန်တော် လူချင်းကွဲသွားပြီး ကျွန်တော်လည်း ကိုယ်ယုံကြည်ရာ နိုင်ငံရေးတွေ ဆက်လုပ်သေးတယ်ဗျ။ ရူးတုန်းမိုက်တုန်း သွေးဆူတုန်းအရွယ်ဆိုတော့ တဇွတ်ထိုးလုပ်တာပေါ့ဗျာ။ ဒါပေမဲ့ တဖြည်းဖြည်း စိတ်တွေက ကျလာတယ်ဗျ။ ကျွန်တော် ဘယ်လောက်အနစ်နာခံခံ အလကားပဲ။ ငါ့ရှေ့တက်လမ်းအတွက်လည်း ကြည့်ဦးမှဆိုပြီး နိုင်ငံရေးကို စွန့်လိုက်တာ ကနေ့အထိပဲ။ အခု ဒီနေရာဝင်လုပ်နေရတာ ကောင်းပါတယ်။ ကျွန်တော်နဲ့လည်း အဆင်ပြေပါတယ်။ ရုံးက ပင်ပန်းသမျှ ညနေကျတော့ ရေကူးကန်သွား။ ဘီယာလေး ဘာလေးသောက်၊ ဘီလီယက်ထိုး။ ရေကူးဝတ်နဲ့ အမျိုးသမီးတွေထိုင်ကြည့်၊ အိမ်ပြန်တော့ မူးမူးနဲ့ အိပ်ပေါ့ဗျာ။ ဟား ဟား။ ကျွန်တော်တို့မှာ ဒီလောက် ထွက်ပေါက်ကလေးလည်း ထားပေဦးမှဗျ။ လူ့သက်တမ်းက တိုတယ်မဟုတ်လား"

ကျွန်တော်သည် ကိုသောင်းချစ်၏ မျက်နှာကို မရဲတရဲ လှမ်းကြည့်မိ၏။ တမင်နောက်ပြောင်၍ ပြောနေသလား။ ကျွန်တော့်ဘဝအဖြစ်မှန်ကို အကဲခတ်လိုသော သဘောဖြင့် ပျော်စေပျက်စေ စကားတွေကိုများ လျှောက်ပြောနေသလား။ စိတ်ဂယောက်ဂယက်များ ဖြစ်နေလေသလား စသည်ဖြင့် မေးခွန်းပေါင်းစုံကို ကျွန်တော့်ဘာသာ ကျွန်တော် မေးမိသည်။ မေးခွန်းတစ်ခုကိုမျှ ကျွန်တော် မဖြေတတ်။

ထိုအခိုက် မင်းစေ ဝင်လာသည်။

"ဆရာ လျှောက်လွှာသမားတွေ စောင့်နေတယ် တဖြည်းဖြည်း လူများလာပြီ"

ကိုသောင်းချစ်က ခေါင်းကုတ်နေ၏။ ထို့နောက် လက်မှနာရီကိုကြည့်သည်။

"အေး တစ်ယောက်စီသာ သွင်းလိုက်"

ထို့နောက် ကျွန်တော့်ဘက်သို့ လှည့်၍. . .

"အဲဒါသာကြည့်ဗျာ။ အေးအေးဆေးဆေးကို စကားပြောချိန်မရဘူး။ တစ်နေ့တစ်နေ့ ဒီလျှောက်လွှာတွေနဲ့ချည်း နပန်းလုံးနေရတာပဲ"

အသက် ၄၀ ခန့် ရှိမည်ထင်ရသော မိန်းမတစ်ယောက် လျှောက်လွှာ



စာရွက်ကို ဖြန့်ကိုင်ကာ ဝင်လာသည်။ စာရွက်ကို ကိုသောင်းချစ်ရှေ့တွင် ဖြန့်ချပေးရင်း မတ်တပ်ရပ်နေသည်။ ကိုသောင်းချစ်က လျှောက်လွှာကိုသာ ကြည့်နေသည်။ ထိုင်ပါဟု စကားမဆို။

"နေစမ်းပါဦး ခင်ဗျားတို့က ကုန်ကြမ်းပစ္စည်းတွေကို ဒီလောက် ပိုပို လျှောက်တာ ဘာလုပ်ဖို့လဲ။ ရောင်းစားဖို့ မဟုတ်လား"

"မဟုတ်ပါဘူး ဆရာရယ်။ ကျွန်မတို့ အမှန်လိုအပ်တာကို လာလျှောက်တာပါ"

"အင်း ပြောလိုက်ရင်တော့ ဒီအတိုင်းချည်းပဲ။ နောက်တော့သာ ထုတ်ရောင်း ထုတ်ရောင်း ခင်ဗျားတို့ သိပ်ခြေရှုပ်တယ်။ မလိုချင်ဘူး။ ခင်ဗျား လျှောက်တဲ့ပစ္စည်းရဲ့ တစ်ဝက်ပဲ ပေးနိုင်မယ်"

"ဆရာရယ်"

"ဆရာရယ်တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ဗျာ။ ကျုပ် မသိတာမှတ်လို့။ ရော့. . .ဟောဒီမှာ တစ်ဝက်ပဲပေးမယ်။ ခင်ဗျားလျှောက်လွှာ ပြန်ယူသွား။ တစ်ဝက်ပဲ ပေးလို့ မကျေနပ်ဖူးဆို ထားခဲ့"

ကိုသောင်းချစ်က ဆောင့်ကြီးအောင့်ကြီး လက်မှတ်ထိုး၍ ပြန်ပေးသော လျှောက်လွှာကို မိန်းမကြီးသည် မျက်နှာသေဖြင့် ယူကာ ပြန်ထွက်သွား၏။ နောက်တစ်ယောက်။ ထို့နောက် အခြားတစ်ယောက်။

ကျွန်တော်ကား ကိုသောင်းချစ်၏ရှေ့မှောတွင် ဆက်လက်နေထိုင်ရန် အစွမ်းအစ မရှိတော့ပါပြီ။

ဆုံလည်ကုလားထိုင်ပေါ်မှထိုင်ရင်း ဝင်လာသူတိုင်းကို သူ ပြောနေသည့် မာကြောခက်ထန်လှသော စကားများအား ကျွန်တော် မျက်နှာပူလှပြီမို့ အတင်း အမွှန်းတိုက်ဆက်ကာ ထပြန်ရန် ဟန်ပြင်ရပါတော့သည်။

"အေးဗျာ တစ်နေ့တစ်နေ့ ဒီလိုချည်းပဲ အားရင်လာပါဦးဗျာ။ စကားလေး ဘာလေး ပြောကြရအောင်။ ခင်ဗျားစာအုပ်ကလေး ဘာလေးလည်း ဆွဲခဲ့ဗျာ။ ကျွန်တော့် ဆီကလည်း ပေးမယ်။ အီယန်ဖလင်းမင်းတို့ ဟာရိုလ်ရိုဘင်တို့ဟာတွေ တော့ တစ်ပုံကြီးပဲ။ ခင်ဗျားစိတ်ဝင်စားရင်ပေါ့လေ"

ကျွန်တော်သည် ကိုသောင်းချစ်၏အပါးမှ ချောက်ချားသောခြေလှမ်းများ

ဖြင့် ထလာခဲ့လေ၏။ ၃ နှစ်ခန့်ကာလအတွင်း ဦးစောက်ကျွမ်းပြန် ပြောင်းလဲသွားသော အသိမိတ်ဆွေတစ်ဦး၏အကြောင်းကို ကျွန်တော်၏ တုန့်ယင်နေသော ရင်အတွင်းမှ ဖယ်ရှားဖို့ ကြိုးပမ်းပါသည်။ သို့သော် မရ။

စာထဲ၌သာ ဖတ်ဖူးလျက် ကိုယ်တိုင်ကိုယ်ကျ မကြားဖူးသေးသော ဗိသိုဇင်၏ ရှာပနတေးသံဆိုသည်ကို ငိုရအခက်၊ ရယ်ရအခက်နှင့်ပင် မဆီမဆိုင် သတိရမိတိုင်း မိုးရေစက်များဖြင့် ဖွေးဖွေးလှုပ်နေသည့် ကတ္တရာလမ်းမပေါ်၌ တရွေ့ရွေ့ လျှောက်လာမိလေတော့၏။

မိုးဝေ

အောက်တိုဘာ၊ ၁၉၆၈

# ရွှေခဲငွေခဲ ပုလင်းကွဲ

## (၁)

သူတို့နေထိုင်ရာ အနောက်လမ်းမှ ကြည့်လိုက်သည်ရှိသော် သခင်မြပန်းခြံနှင့် လူမှုဖူလုံရေးဆေးရုံ အဆောက်အအုံတို့ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်လေသည်။ ယခင်ကမူ သခင်မြပန်းခြံမှာ မြက်ရိုင်းများ ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးပြည့်လျှမ်းနေပြီး အနီးအပါးရပ်ကွက်တို့က အမှိုက်တွေ လာသွန်ထားကြသည့်အတွက် မြက်တော ချုံတော အမှိုက်တောကြီးမျှသာ ဖြစ်လေသည်။

နှင်းမြူများကွဲစမို့ နံနက်ခင်း၏ နေရောင်မှာ ပိုမိုတောက်ပလျက်ရှိသည်။ ညက နှင်းကျထားသည့်အတွက် ကုက္ကိုရွက်စိမ်းများတွင် နေရောင်ခြည်ပက်ဖျန်းလိုက်သောအခါ ရောင်မျိုးစုံတို့ ထွန်းလက်နေကြသည်။

ငွေစိန်သည် သယာလှပသော နံနက်ခင်းကို အမှတ်မထင် လှမ်းကြည့်ရင်း မီးဖိုပေါ်၌တည်ထားသည့် ထမင်းအိုးကို ဝါးယောင်းမဖြင့် တစ်ချက်မျှ မွှေလိုက်ပြီးနောက် မီးအရှိန်ပိုကောင်းစေရန်အတွက် ပါးနှစ်ဖက်ဖောင်းလာသည်အထိ မှုတ်ပေးနေလေ၏။ မီးမှုတ်ရင်း မီးခိုးငွေ့များ မျက်စိအတွင်းသို့ ဝင်နေလေရာ မီးမှုတ်လိုက်၊ မျက်ရည်ကို လက်ဖမိုးဖြင့် သုတ်လိုက် စသည်ဖြင့် ငွေစိန်တစ်ယောက် အလုပ်များနေရသည်။

ထမင်းအိုးကို မီးပြင်းပြင်းထိုးပြီးသောအခါ ငွေစိန်သည် တောင့်တင်းနေသောခါးကို ကော့ကာရပ်လိုက်၏။ ညက ညအဆိုင်းအလုပ်ဆင်းထားသည့် အတွက် ခါးရိုးတစ်ခုလုံး တောင့်နေသည်။ တစ်ညလုံးလိုလို အိပ်ရေးပျက်ထားသဖြင့် မျက်လုံး

တွေဖန်ကာ အပြင်လောကကကို ကြည့်ရသည်မှာပင် ကျိုးစပ်စပ်ဖြစ်နေလေသည်။

ကီလီလမ်းသည် ရန်ကုန်မြို့၏ အနောက်ပိုင်းတွင် တည်ရှိ၏။ သစ်စက်များ သစ်ဆိုင်များနှင့် ကပ်လျက်သားဖြစ်သည်မို့ သစ်ခွဲသံတွေကို တရှဲရှဲကြားရသည်။ ရန်ကုန်မြစ်အတွင်းမှ ဝင်လာသော ချောင်းငယ်ကလေး၏အဖျားသည် ငွေစိန်တို့ နေထိုင်ရာ တဲတစ်စု၏ နောက်ဘက်နားတွင် တည်ရှိပြီး ဒီရေတက်ချိန်၌ ချောင်းတွင်း ၌ ရေတိုးသော်လည်း ဒီရေကျချိန်တွင်မူ ရေခမ်းလုခမန်း ဖြစ်နေတတ်သည်။ ရေပြည့်သည်ဖြစ်စေ၊ ရေကျသည်ဖြစ်စေ၊ ဤချောင်းသည် ထာဝစဉ် နောက်ကျိ ညစ်နွမ်းလေ့ရှိ၏။ စောက်မတ်သော ကမ်းပါးတို့၌ နုံးများ၊ အမှိုက်သရိုက်များဖြင့်သာ ပြွမ်းတီး၏။ တစ်ခါတစ်ရံ သစ်စက်များအတွက် မျှောယူလာသော သစ်တုံးတွေမှာ နုံးညစ်ရေစပ်တွင် ပြွတ်သိပ်ကာ တင်နေကြလေ၏။

ငွေစိန်သည် ခါးဆန့်၍ ရပ်နေရာမှ ပွက်ပွက်ဆူနေပြီဖြစ်သော ထမင်းအိုး ကို ကြမ်းပေါက်အောက်သို့ ထမင်းရည်ငှဲ့ချလိုက်ပြီးနောက် မီးဖိုပေါ်ပြန်တင်ကာ နှပ်ထားရင်း ထမင်းအိုးနားတွင် ငုတ်တုတ်ထိုင်နေမိသည်။

''ဘာချက်ရမှန်းလည်း မသိဘူး''

တစ်ကိုယ်တည်း တီးတိုးရေရွတ်မိသည်။ ယနေ့နံနက်စာအတွက် ဟင်းမရှိ သေးသည်ကို သတိရလာသောကြောင့် ဖြစ်လေသည်။ ပဲပြုတ်ဝယ်ကျွေးလိုက်မည်ဟု စိတ်ကူးမိသေးသည်။ ပဲပြုတ်သည်၏အော်သံကိုလည်း မကြားရ။ အတန်ငယ်မို့ နေမြင့်သွားပြီဆိုလျှင် ပဲပြုတ်သည်တို့ မလာကြတော့ချေ။ ဈေးသွားရန်အတွက်ကိုမူ ငွေစိန် စိတ်မကူးပါ။

ဈေးသွားရသည်ဆိုလျှင် ပိုက်ဆံကုန်လှသည်ဟု ငွေစိန်တွက်လေ့ရှိသည်။ တစ်ပိဿလျှင် ၁၂ ကျပ်၊ ၈ ကျပ် စသည်ဖြင့် ဈေးကြီးလှသော ကြက်သားတို့ ဝက်သားတို့ကို အပထား၊ ငါးသေး ငါးဖျင်းများသည်ပင်လျှင် ၅ ကျပ်၊ ၆ ကျပ် ဈေးရှိနေ၏။ သားငါးကို ဖယ်ကာ အသီးအရွက်ချည်း အားကိုးစားလျှင် တော်သေး သည်ဟု ဆိုနိုင်သော်လည်း ချဉ်ပေါင်ရွက်၊ ရုံးပတီသီး၊ နံနံပင်၊ ခရမ်းချဉ်သီး စသည်တို့၏ ဈေးကလည်း သက်သာလှသည်တော့ မဟုတ်။ သူတို့သားအမိ သုံးယောက်စာအတွက် အနည်းဆုံး ဈေးတစ်ခါသွားလျှင်၂ ကျပ် ၃ ကျပ်မျှ ကုန်ရသည်။



''ဟော့ကောင်တွေ ထကြစမ်း၊ ဘယ်အချိန် ရှိပြီလဲ''

ငွေစိန်သည် ထမင်းအိုးကိုချကာ တဲထဲသို့ ပြန်ဝင်လာ၏။ အိပ်ရာတွင် ဖောက်ထိုးပြောင်းပြန် အိပ်နေကြသော သားနှစ်ယောက်ကိုလည်း နှိုးလိုက်၏။

အမေ့အသံကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ငွေခဲသည် နိုးလာ၏။ ငွေခဲကား အကြီးဖြစ်သူနှင့်မတူ တက်ကြွဖျတ်လတ်၏။ ထက်ထက်မြက်မြက် ရှိပေ၏။ အကင်းပါး၏။ ပြောလိုက်လျှင် နားလည်လွယ်၏။

''အစ်ကို အစ်ကို၊ ထ ထ''

သူ ထလာသောအခါ အစ်ကိုကိုပါ နှိုးလိုက်သေး၏။

''ရွှေခဲရေ. . .ထ၊ နေမြင့်လှပြီ။ မင်းတို့ ကျောင်းနောက်ကျနေဦးမယ်''

ရွှေခဲကား မျက်လုံးကိုပွတ်သက်ကာ ဖွင့်ကြည့်ရင်း တစ်ဖက်သို့စောင်း၍ ပြန်အိပ်နေလေ၏။

''ဟော့ကောင် ထလို့ဆို၊ ကျောင်းနောက်ကျနေတော့မယ်''

ငွေစိန်က သားအကြီးကိုထပ်နှိုးလိုက်ပြီးနောက် မနေ့ကကျန်နေသော ဘူးသီးတစ်လုံးကိုဆွဲကာ မီးဖိုဘက်သို့ ပြန်ထွက်လာခဲ့သည်။

အတန်ကြာမှ ရွှေခဲလည်း ထလာပြီးနောက် အိပ်ချင်မူးတူးနှင့် မျက်နှာ သစ်လေ၏။ ''ဒီမနက် မင်းတို့စားစရာ ဘာမှမရှိဘူး၊ ညကလည်း ထမင်းကြမ်း မကျန်ဘူး၊ အမေ ချက်ထားလိုက်မယ်၊ ပြန်လာမှ ထမင်းအဝစားကြ ဟုတ်လား၊ အခုကျောင်းသွားရင် ပိုက်ဆံတစ်ယောက် ၅ ပြားစီယူသွား၊ ကြားလား''

''၅ ပြား''

ရွှေခဲက မျက်နှာမှ ရေစတွေကို လက်ဖဝါးဖြင့်ပွတ်ရင်း ပြန်မေးလိုက်၏။

''ဟုတ်တယ် ၅ ပြား၊ ၅ ပြား''

''၅ ပြားနဲ့ မဝဘူး အမေရဲ့၊ ဘာမှလည်း စားလို့မရဘူး''

ငွေစိန်သည် ထောင်းခနဲ ဒေါသထွက်လာ၏။ အငယ်ကောင်ကား ၅ ပြား ပေးလျှင်လည်းယူ၏။ တစ်ပြားမှမပေးလျှင်လည်း တစ်စုံတစ်ရာ ပြန်ပြော သည်မရှိ၊ ဘာမျှမစားဘဲ အိမ်ပြန်ရောက်လျှင် ထမင်းကို အဝအပြဲသာ ကျုံး၍ စားတတ်၏။ သို့ရာတွင် အကြီးကောင်သည် မအူမလည် တော်တော်စကားပြောတတ် သည်သာ မက အရိုးများသလေး ချေးခါးသလေး အပေါက်မျိုးတွေလည်း လုပ်တတ်

၏။ ဇီဇာကြောင်၏။

"ငါ မားပြားနဲ့ ကောက်ရိုက်လိုက်ရ။ ကာလနာတိုက်သွားတော့မယ်။ ငွေခဲက ဘာမှမပြောဘူး။ နင်ကချည်း သိပ်ဂျီးထူတာပဲ။ သွား ၅ ပြားပဲယူ၊ ၅ ပြားနဲ့ လောက်အောင်စား။ ဒါပဲ နောက်ထပ်လျှာမရှည်နဲ့"

ရွှေခဲက ဒါကို ကျေနပ်ပုံမရ။ ပေကတ်ကတ်ရပ်ကာ ပြူးကြောင်ကြောင် မျက်လုံးအစုံဖြင့် သူ့အမေကို ကြည့်နေ၏။ ထိုစဉ်တွင် အငယ်ကောင်ငွေခဲမှာ ညစ်ထေးထေး ကျောင်းလွယ်အိတ်ကိုလွယ်ကာ ကျောင်းသွားရန် အသင့်ဖြစ်နေလေသည်။

ရွှေခဲက ထပ်၍ အထွန့်တက်ပြန်၏။

"ကျောင်းမှာ ၅ ပြားဆို ဇီးသီးနဲ့ မရမ်းပေါင်းပဲရတယ် အမေရဲ့။ ခေါက်ဆွဲ တစ်ခွက်တောင် ၁၅ ပြားပေးရတာ တစ်လုပ်စာပ`ရှိတယ်"

"နင့်ဘာသာနင် တစ်လုပ်စာပဲရှိရှိ၊ နှစ်လုတ်စာပဲရှိရှိ။ ၅ ပြားနဲ့ လောက်အောင်စား။ ငါ့မှာ ပိုက်ဆံမရှိဘူး"ဟု ပြောလိုက်ပြီးနောက် ငွေစိန်သည် ဘူးသီးကို ပါးပါးလှီးနေ၏။

"မလောက်ဘူး အမေ"

ရွှေခဲက ထပ်ပြောသောအခါ စိတ်မရှည်နိုင်တော့ပြီဖြစ်သော ငွေစိန်သည် လျှပ်တစ်ပြက်အတွင်း နေရာမှထကာ ရွှေခဲ၏ကျောပြင်ကို တအုံးအုံး ထုရိုက်၏။ ခေါင်းကိုလည်း တဒေါင်ဒေါင်မြည်အောင် အချက်ပေါင်းများစွာ ခေါက်ချလိုက်မိ၏။ "ကဲ လျှာရှည်ဦးဟဲ့။ ရှာရှည်ဦးဟဲ့"ဟုလည်း နှုတ်က တတွတ်တွတ် ရေရွတ်လိုက်သည်။

ထိုအခါကျမှပင် ရွှေခဲသည် မျက်ရည်ရွှဲဖြင့် ကျောင်းလွယ်အိတ်ရှိရာသို့ သွားလေတော့သည်။

"ရော့ တစ်ယောက် ၅ ပြားယူ ငွေခဲကို ၅ ပြားပေးလိုက်နော် ကြားလား အဲဒါ စကားကြောရှည်တဲ့အကျိုးပေါ့။ နောက်ကို ငါက ပြောရင် ပြောတဲ့အတိုင်းလုပ် သွား သေနာကျ"

ငွေစိန့်ပါးစပ်မှ သေနတ်ပစ်သလို ရွှေတ်သံတွေ အဆက်မပြတ် ပေါ်ထွက်လာလေသည်။ ရွှေခဲသည် နှပ်ညှစ်လိုက်၊ မျက်ရည်သုတ်လိုက်ဖြင့်ပင် လွယ်အိတ်



လွယ်ကာ ထွက်သွား၏။ ငွေခဲကလည်း နောက်မှလိုက်သွားလေရာ သည်တော့မှပင် ငွေစိန်သည် သက်ပြင်းရှည်တစ်ချက်ရရင်း တဲကလေးအတွင်း၌ မောဟိုက်စွာ ကျန်ရစ်လေတော့သည်။

ဘူးသီးဟင်းကို ဆီကျန်ရေကျန် ချက်လိုက်ပြီးနောက် ငွေစိန်သည် တဲကလေး၏ အရှေ့ပိုင်းကြမ်းပြင်တွင် အားလျားမှောက်ကာ အညောင်းဖြေပြန်၏။

"၅ ပြားနဲ့ မလောက်ဘူးအမေ"ဟူသော ရွှေခဲ၏အသံသည် ငွေစိန်၏ နားထဲသို့ ဖုန်မှုန့်များနည်းတူ ပျံ့လွင့်ဝင်ရောက်လာပြန်၏။ တကယ်စဉ်းစား ကြည့်သောအခါ ရွှေခဲသည် အမှန်ကိုပြောနေခြင်းမျှသာ ဖြစ်ကြောင်း သိပါသည်။ ကျောင်းတွင် သွားရည်စာ စားရသည်မှာ မဝဟု တစ်ခါတစ်ရံ သားလေးတွေ ပြောနေသံ ကြားဖူးသည်။ မဆလာလိမ်းကျံထားသော မရမ်းချိုချဉ်၊ သရက်ချိုချဉ် ကလေး နှစ်ဖတ်သုံးဖတ်လျှင် ၅ ပြား။ လက်နှစ်သစ်ခန့်သာရှိသော မားလိုးမုန့် ကလေး တစ်ရုပ်လျှင် ၅ ပြား။ ဤမျှသော အာဟာရဖြင့် နေ့တစ်ဝက်လုံးလုံး သူတို့အဘယ်ပုံ နေနိုင်ရှာကြမည်နည်း။

ထိုအတွေးကို စေ့စေ့တွေးမိသော ငွေစိန်သည် 'ဟင်း'ခနဲနေအောင် သက်ပြင်းချပြန်၏။ ရွှေခဲကို လျှာကြောရှည်လှသည့်အတွက် စိတ်လိုက်မာန်ပါ ထရိုက်မိသော်လည်း ယခုမူ ငွေစိန်မှာ စိတ်မကောင်းသလိုလို ဖြစ်နေရလေသည်။ တကယ်ဆိုတော့ ဤသားကလေးနှစ်ယောက်သည် ငွေစိန်၏ ဆင်းရဲဖော် ဆင်းရဲ ဖက် ဖြစ်ချေသည် မဟုတ်လော။

"ငါ့သားက တော်တယ်ကွ"

သူတို့အဖေရှိစဉ်က သို့ကလို ပြောခဲ့ဖူးပေ၏။ သူတို့အဖေသည် သား နှစ်ယောက်အနက် အငယ်ကောင်ငွေခဲကို ထက်မြက်သည်ဟု ယုံကြည်ပုံရသော် လည်း အကြီးကောင်ရွှေခဲကိုမူ "လူရိုးလူကောင်းကြီးပါကွ"ဟု ဆိုလေ့ရှိပေသည်။

ရွှေခဲက ၁၀ နှစ်၊ ငွေခဲက ၈ နှစ်စီ ရှိကြပေပြီ။ သူတို့အဖေသည် သားတွေ အရွယ်ရောက်လျှင် ပညာကောင်းကောင်း သင်ပေးမည်ဟု အားခဲကာ၊ အလုပ်ကို စူးစိုက်၍လုပ်ခဲ့ပေ၏။ ပထမ ကြည့်-ပုလိုင်းတွင် ဘတ်စ်ကားမောင်းသည်။ ထိုစဉ်က သူတို့သည် ကြည့်မြင်တိုင်နတ်စင်လမ်းတွင် နေခဲ့ကြ၏။ ၃ ပင် ၂ ခန်း ဝါးထရံကာ မမမတိုင် ခနိမ့်အိမ်ဖြင့် နေနိုင်ခဲ့၏။ သို့ရာတွင် ၁၀ နှစ်ကျော်ကျော်မျှ

တစ်နေ့လျှင် နံနက် ၅ နာရီမှ ည ၁၀ နာရီအထိ ကားပေါ်ကမဆင်းခဲ့သော ဒဏ်ရာ ဒဏ်ချက်များကြောင့် မျက်စိတွေဝေလာသည်။ ခါးတောင့်လာသည်။ ဆီးကိုက်သည်။ နောက်ဆုံး သူတို့အဖေမှာ ဆီးရောဂါ၊ အသားဝါရောဂါ၊ သွေးကျရောဂါများ၏ စုစည်းဖမ်းစားခြင်းကို ခံရပြီးနောက် လွန်ခဲ့သော ၈ လ ခန့်က ကွယ်လွန်ခဲ့ရလေသည်။

အသက်အရွယ်အားဖြင့် ၃၅ နှစ်မပြည့်တပြည့်ဖြစ်သော ငွေစိန်ကို အိမ်နီးပါးချင်းတွေ၊ အသိအကျွမ်းတွေက နောက်အိမ်ထောင်ပြုရန်ကြပါသည်။ ငွေစိန်ကား ဤနားချချက်တွေကို နားမဝင်ချေ။ နတ်စင်လမ်းတွင်လည်း မနေတော့ဘဲ ကီလီလမ်းရှိ ဤတဲကလေးသို့ ပြောင်းလာပြီးနောက် ရန်ကုန်အနောက်ပိုင်းမှာပင်ရှိသော အမှုန့်ကြိတ်စက်တွင် အလုပ်ဝင်လုပ်လေသည်။

သူတို့အဖေက သားတွေကို ကျောင်းထားစေချင်သော ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် ရွှေခဲနှင့် ငွေခဲကို သူ ကျောင်းဆက်ထားသည်။ အနောက်လမ်းမှနေ၍ ၃ လမ်းခန့် ကျော်လိုက်လျှင် အစိုးရမူလတန်းကျောင်း တစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် ကျောင်းထားလိုက်သည်။

ငွေစိန် အလုပ်လုပ်နေသည့် စက်ရုံမှာ ပဲများကြိတ်နေသည်။ ငွေစိန်မှာ တခြားသော မိန်းမအလုပ်သမားများနည်းတူ နေ့စားလရှင်းဖြစ်၏။ တစ်နေ့လျှင် ၃ ကျပ် ၁၅ ပြားရသည်။ သို့သော် တစ်လလျှင် ၈၂ ကျပ်ထက် ပို၍မရ။ ယင်းသို့ တစ်လလုံးအတွက် ၈၂ ကျပ်မျှ ပုံသေသွားကိုက်စေရန် သက်ဆိုင်ရာ မန်နေဂျာက အလုပ်ဆင်းရမည့်ရက်နှင့် မဆင်းရသောရက်တွေကို ကန့်သတ်ပေးလေ့ရှိသည်။ ပုံမှန်အားဖြင့် တစ်လလျှင် ခွင့်ရက် ၁၀ ရက်ရလျှင် အဆိုပါ ခွင့်ရက်အတွက် နေ့တွက်မရ။

ထို့ကြောင့် ငွေစိန်သည် သာမန်အားဖြင့် တစ်နေ့လျှင် ၃ ကျပ် ၁၅ ပြားနှုန်းဖြင့် လစဉ် ရက်ပေါင်း ၂၀ အလုပ်ဆင်းရက်ရ၏။ ရက်ပေါင်း ၂၀ အလုပ်ဆင်းရက်ရလျှင် သူ့အတွက် ၆၃ ကျပ်မျှ ရလေသည်။ အလုပ်ပါးသောအခါများတွင် စက်ရုံကပေးထားသည့် ခွင့်ရက် ၁၀ ရက်သည် လစာလည်း မရသော အလုပ်လက်မဲ့သဘောလည်းဖြစ်သော အားရက်ဖြစ်နေတတ်လေသည်။ တစ်ခါတစ်ရံ ပဲအိတ်အရောက်များ၍ စက်မနိုင်ဟုဆိုလျှင် ခွင့်ရက် ၁၀ ရက်ထဲမှ အလုပ်ဆင်းခိုင်း၏။



သို့ကလို ဆင်းရသောအခါမျိုး၌လည်း တစ်လအတွက် ၈၂ ကျပ်ထက် လုပ်ခလစာ မပိုစေရအောင် ခန့်ခွဲပေးထားသည်။

ငွေစိန်၏ နေ့စားလရှင်း လုပ်ခလစာသည် ၆၃ ကျပ်နှင့် ၈၂ ကျပ် အကြားတွင် ရှိပေ၏။ လူမှုဖူလုံရေးအတွက် ၈၅ ပြားထည့်ဝင်ရသေးသည်။ ပဲအိတ်တွေကို ရွက်သယ်ပေးရသည်။ ဆန်ကောတွင်ထည့်ကာ ပြာရလေ့ရှိသည်။ ကြိတ်စက်တွင်းသို့ လောင်းပေးရသည်။ အလွန်အမင်း ပင်ပန်းတကြီး အလုပ်မျိုးမဟုတ်စေကာမူ သက်သက်သာသာရှိလှသည့် အလုပ်မျိုးမဟုတ်ကြောင်း ငွေစိန်သဘောပေါက်ပါ၏။

သို့ရာတွင် ဤအလုပ်၌ ငွေစိန် မပျော်ပိုက်၍ မဖြစ်ပါ။ အလုပ်ကို ရွေးနေ၍လည်းမဖြစ်။ မိမိ၏ဝမ်းဗိုက်နှင့် သားငယ်နှစ်ယောက်၏ ဝမ်းဗိုက်များအရေးက ရှိသေးသည်။

တကယ်တမ်းဆိုရလျှင် ၈၂ ကျပ် အပြည့်အဝရသည်ထားပါဦး။ လောက်ငလှသည်မရှိ။ တလောက ဆန်ဈေးတွေကြီးချင်တိုင်း ကြီးလိုက်စဉ်ကဆိုလျှင် ဆန်ဖိုးအတွက် သူ ရှာစာနှင့် မလုံလောက်သဖြင့် ရွှေခဲရော ငွေခဲပါ ထွက်၍စီးပွားရှာကြသေးသည်။ ကမ်းနားဘက်ရှိ ငါးဈေးကြီး ဆိပ်ကမ်းတွင် မြစ်ဝကျွန်းပေါ်သို့ ရေခဲတင်သည့် သင်္ဘောများ ဆိုက်ကပ်လေ့ရှိရာ ရေခဲတုံးကြီးများကို သင်္ဘောပေါ်သို့ လျှောတိုက်၍ တင်ကြသည်။ ရေခဲအကျိုးအပဲ့တွေကို ရွှေခဲနှင့် ငွေခဲက သွပ်ပုံးကိုယ်စီဖြင့် လိုက်ကောက်ကာ ရေဆေးပြီးနောက် ရှာလပတ်ရည် ရေခဲရည် ရောင်းသူများထံ တစ်ဆင့်ပြန်သွင်းလေသည်။ ထိုလုပ်ငန်းအတွက် ညီအစ်ကိုနှစ်ယောက်က တစ်နေ့လျှင် တစ်ကျပ်ခွဲ၊ နှစ်ကျပ်စီ အမြဲထံ ပြန်ပေးနိုင်ကြသည်။

"ကျွန်တော်တို့ ညနေတိုင်း ရေခဲသွားကောက်မယ်အမေ"ဟု ငွေခဲက ပြောသေးသည်။

စီးပွားရှာလိုသော ငွေခဲကို ငွေစိန်က တားမြစ်ခဲ့လေသည်။ ယခု ငွေစိန်၏ စိတ်အာရုံတွင် သားနှစ်ယောက်က ရှာဖွေပေးခဲ့သော ငွေစကလေးများကို သတိရနေမိသည်။ ထိုမျှသာမက ဤလတွင် စက်ရုံသို့ ပဲအရောက်နည်းလေရာ ရက် ၂၀ မျှသာ အလုပ်ဆင်းရမည့် အလားအလာသာ များနေ၏။

လကလည်း ကုန်တော့မည်။ တစ်လကုန်၍ တစ်လဆန်းလျှင် တဲငှားခ

ငွေတစ်ဆယ်ပေးရမည်။ တန်ဆောင်တိုင်ပွဲ မတိုင်မီက ပြည်သူ့ဆိုင်က ထုတ်ပေးခဲ့သော မုဒ်လုံချည်တစ်ထည်နှင့် အင်္ကျီစကလေးတစ်စကို ရတုန်းရခိုက်ကို ဝယ်လိုက်ဦးမည်ဟူသော ဇောဖြင့် တစ်အိမ်ကျော်ရှိ စက်ချုပ်ကြယ်တံ တပ်စားသူမအေးကျင်ထံမှ ငွေ ၁၅ ကျပ်ချေး၍ ဝယ်ခဲ့သေးသည်။ ယခု ထိုငွေမှာလည်း ကြာလှပြီ။ ပြန်ဆပ်ဖို့ကောင်းပြီဟု တွေးမိလေသည်။ ငွေရပေါက် ရလမ်းကိုစဉ်းစားသေးသည်။ သို့သော် လမ်းမမြင်ချေ။ သားတွေမွေးစကဆိုလျှင် သူတို့အဖေက အကျိုးပေးမည့်သားတွေဟု ပြောခဲ့ဖူးသည်။

"ဒီသားနှစ်ယောက်မွေးမှ တို့ ရွှေတွဲလဲ ငွေတွဲလဲ ဖြစ်မှာ။ ဒါကြောင့် ငါ့သားတွေဟာ ရွှေခဲတွေ ငွေခဲတွေကွ"ဟု သူတို့အဖေက ဆိုခဲ့ဖူးလေသည်။ သူတို့အဖေသည် သားနှစ်ယောက်အတွက် အယူသည်းခဲ့၏။ ဗေဒင်ကြည့်သည်။ ယကြာချေသည်။ ထီထိုးသည်။ ပစ္စည်းဟောင်း ပြန့်ဝင်ကိန်းရှိသည်။ ရွှေငွေ ဝင်ကိန်းရှိသည်။ ထီပေါက်ကိန်းရှိသည် စသည်ဖြင့် ဗေဒင်ဆရာပြောသမျှကို ယုံကာ သားနှစ်ယောက်အတွက် သူ အားတက်ခဲ့သည်။

ယင်းအတွေးများနှင့်ပင် ငွေစိန်သည် မောဟိုက်နွမ်းနယ်စွာ အိပ်မောကျသွားလေ၏။

အိပ်မောကျခိုက် ငွေစိန် အိပ်မက်မက်သည် အိပ်မက်ထဲတွင် ငွေစိန်သည် ကြည်နူးနေ၏။ တကယ်ဆိုရလျှင် ကြည်နူးလောက်စရာ အိပ်မက်လည်းဖြစ်၏။ အိပ်မက်ထဲ၌တွေ့မြင်ရသော သူတို့အဖေ ကိုလှကြိုင်မှာ ဝဖြိုးဖြိုး ဖြစ်နေသည်။ သူတို့နေရသောအိမ်မှာ ခမ်းနားသပ်ရပ်သည်။ ၄ ပေ ၃ ခန်း ပေ ၂၀ အိမ်ကြီးဖြစ်လေသည်။ သားကြီးရွှေခဲရော သားငယ်ငွေခဲပါ အလုပ်ကြီးအကိုင်ကြီး ရာထူးဌာနန္တရကြီးတွေ ကိုယ်စီနှင့် ဖြစ်နေကြပြီမို့ ငွေစိန်တို့လင်မယားမှာ မပူမပင်မကြောင့်မကြ နေကြရသည်။

စက်ရုံမန်နေဂျာကြီးဖြစ်သော ငွေခဲသည် စက်ရုံမှ သိမ်းလာသည့် ငွေအထပ်လိုက်ကို မိမိလက်သို့လာအပ်၏။ အားလုံးပေါင်း ၂၀၀၀ ကျော်မျှရှိသည်။ ငွေစိန်က သားငယ်အပ်သောငွေကို သိမ်းပြီးသောအခါ ကိုလှကြိုင်သည် မှန်ကားကို အသင့်ပြင်လျက် "ဗိုလ်တထောင်ဘုရား သွားရအောင်"ဟု မိမိအားခေါ်လေသည်။ ကိုလှကြိုင်နှင့်အတူ မှန်ကားဖြင့်ထွက်လာစဉ် ကိုလှကြိုင်က ကားတစ်စီးကိုအရှောင်



ဘတ်စ်ကားတစ်စီးနှင့် ဝင်တိုက်အံ့ဆဲဆဲဖြစ်သွားရာ "ဖြည်းဖြည်းမောင်းပါတော်"ဟု အလန့်တကြား ပြောလိုက်မိသည်။

ထိုအခိုက်မှာပင် ငွေစိန်သည် လန့်နိုးလေ၏။ အိပ်မောကျသွားသည်မှာ မည်မျှကြာသွားသည်မသိ။ ရင်တွင်း၌လည်း တုန်ယင်သလို ဖြစ်နေ၏။

"အမေ အိပ်နေသလား"ဟူသော ငွေခဲ၏အသံကိုလည်း ကြားရသည်။ သားတွေ ကျောင်းမှပြန်လာကြလေပြီ။

## (၂)

"ထမင်းစားကြစို့ မင်းတို့ဆာရောပေါ့" သားအမိသုံးယောက် ထမင်းစားကြသည်။ ဘူးသီးဆီပြန်ရေကျန် ဟင်းတစ်ခွက်၊ ငံပြာရည်တစ်ခွက်။

"အမေ နေမကောင်းဘူးလား"ဟု ရွှေခဲက မေးလေသည်။ ကျောင်းမှ ပြန်ရောက်စမို့ သားကလေးနှစ်ယောက်၏ မျက်နှာတွင် ချွေးစီးများ ရစ်သန်းလျက်ရှိလေသည်။ ရွှေခဲသည် နှာစေးနေသဖြင့် နှပ်တရှုတ်ရှုတ်လုပ်နေ၏။ ငွေခဲ၏ နှာခေါင်းဝနားတွင်ကား နှပ်ရည်သုတ်ထားသော်လည်း မစင်သည့်အတွက် ခြောက်ကပ် အစင်းထင်နေလေ၏။ "ကောင်းပါတယ်။ ညက အိပ်ရေးပျက်ထားလို့" ငွေစိန်က မတင်မကျသာ ဖြေလိုက်သည်။ သို့ရာတွင် ငွေစိန်မှာ ခါတိုင်းကဲ့သို့ ရွှင်ရွှင်လန်းလန်း မရှိ။ ငွေရေးကြေးရေးတွေကို စဉ်းစားမိသည်က တစ်ကြောင်း။ ဂယောက် ဂယက်မက်လိုက်သော အိပ်မက်နှင့် မတော အိပ်ရေးကြောင့်တစ်ကြောင်း မအီမသာ ဖြစ်နေရလေသည်။

"ကျွန်တော်တို့ အလုပ် လုပ်မယ်အမေ"

ရွှေခဲက မပြောစဖူး ပြောလိုက်သည်။ ငွေခဲကမူ ထမင်းကိုသာ အားပါးတရစားနေ၏။

"ဘာအလုပ်လဲသားရယ်။ ရေခဲကောက်ဖို့လား။ မကောက်ပါနဲ့ကွယ်. . . အန္တရာယ်များလှတယ်"

"မဟုတ်ဘူး အမေ။ ရေခဲမကောက်ဘူး"

"ဒါဖြင့် ဘာလုပ်မှာလဲ"

"ပုလင်းကွဲတွေ ကောက်မယ်။ ရေခဲကောက်ရတာက ကိုယ့်ထက်ကြီးတဲ့

လူကြီးတွေနဲ့ လုကောက်ရတာ အမေရဲ့။ မကောင်းဘူး။ ပုလင်းကွဲလိုက်ကောက်ရတာက အေးအေးဆေးဆေး ကောက်လို့ရတယ်။ ပုလင်းကွဲတွေရရင် စုထားရော အမေရာ၊ နောက်ရေစင်အောင်ဆေးပြီး ဝယ်တဲ့လူတွေရှိတယ် အမေရဲ့။ တစ်ပိဿာကို ပြား ၄၀ ရတယ်။ ကျွန်တော်တို့ကျောင်းက တချို့ကောင်တွေ အဲဒီအလုပ် လုပ်နေတာပဲ။ ကျွန်တော်တို့ နေ့ခင်းကျောင်းလွှတ်ရင် လမ်းကြားတွေ၊ မြောင်းတွေမှာ လိုက်ကောက်မယ်အမေ၊ ကြီးတဲ့လူတွေနဲ့လည်း လုကောက်ဖို့မလိုဘူး။ မြူနီစပယ် တန်းလျားနားသွားရောင်းရင် ရတာပဲ အမေရာ။ ကျွန်တော်တို့ ကျောင်းမုန့်ဖိုးလေး ဘာလေး ပိုရတာပေါ့။ အမေ နေမကောင်းလို့ အလုပ်မဆင်းနိုင်လဲ ဘာအရေးကြီးသလဲ နော်. . .အမေ နော်''

သားကြီးရွှေခဲနှင့် သားငယ်ငွေခဲတို့က ယခု ပုလင်းကွဲကောက်၍ စီးပွားရှာမည်ဟုဆိုသောအခါ ငွေစိန်သည် နင်နေသော ထမင်းလုတ်ကို အားယူမျို၍ လိုက်ရပြီးနောက် တိတ်ဆိတ်စွာ နေလိုက်မိ၏။ ငွေစိန်က သို့ကလို တိတ်တိတ်နေလိုက်ခြင်းသည် မတတ်သာတော့သဖြင့် သဘောတူလိုက်ခြင်းဖြစ်သည်ကိုကား ပုလင်းကွဲကောက်မည့် ရွှေခဲနှင့် ငွေခဲတို့ မသိနိုင်ကြချေတကား။

ငွေတာရီ
ဖေဖော်ဝါရီ၊ ၁၉၆၈